
လျှို့ဝှက်ဆန်းကြယ်စာရေးဆရာကြီး

# ဂါရဂါဏီ

လူသူတော်သျှောင်ထားစောင်း နှင့်

# အာသာဝတီရွှေဓား



BURMESE CLASSIC

အ သစ် စက် စက် လုံး ချင်း ဝ တ္ထု ရှည် ၈ / ဆုံး

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၀၆၀၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၆၆၀၀၇

ထုတ်ဝေသူ

ဦးကျော်ဆန်း(ရဲအောင်ကျော်ဆန်း) (မြ-၀၉၃၂)

ရဲအောင်စာပေတိုက်၊

အမှတ်(၂)၊ ချုန်းလမ်း(၁)

မင်္ဂလာတောင်ညွန့်မြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ

ဦးဇော်မင်းအေး (မြ-၀၇၁၂၅) ဇော်ပုံနှိပ်တိုက်၊

အမှတ်-၃၈၆၊ အင်ကြင်းမြိုင်လမ်း ၂၃-ရပ်ကွက်၊

သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ။

တန်ဖိုး - ၉၀၀ ကျပ် အုပ်ရေ - ၅၀၀

အဲဒီစိန်လက်စွပ်နဲ့အရည်အသွေးအမျိုးအစားတူတဲ့
စိန်အပွင့်တစ်ရာကျော်လောက်ကို...
လက်ငင်းဝယ်ယူနိုင်တဲ့ဓါက်သည်မျိုး
ရှာပေးပါလား...ဦးမြဝင်း။

မောင်မိုးကြိုး

www.burmeseclassic.com

## ထူးဆန်းသောမောင်မိုးကြိုးအိမ်နိမ့်များ

ရန်ကုန်မြို့၏ ကမ်းနားလမ်းပေါ်၌တည်ရှိနေသောမြဝင်းပွဲရုံကြီးသည် မော်တင်သင်္ဘောဆိပ်နှင့်နီးကပ်စွာတည်ရှိနေကာပွဲရုံပိုင်ရှင်သူဌေးကြီးဦးမြဝင်းသည်ဆက်ဆံရေးကောင်းမွန်သူဖြစ်ပြီး အရောင်းအဝယ်လုပ်ငန်းများကိုလည်း ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်နေသူဖြစ်သောကြောင့် မြစ်ဝကျွန်းပေါ်ဒေသမှကုန်သည်များသည် ဦးမြဝင်း၏ပွဲရုံကြီးတွင် ရင်းနှီးစွာဖြင့်ရောင်းဝယ်လုပ်ကိုင်နေကြလေသည်။

မြဝင်းပွဲရုံသည်နှစ်ထပ်တိုက်ကြီးဖြစ်ကာအောက်ထပ်တွင်



ကုန်ပစ္စည်းများကိုထားရှိပြီး တိုက်အပေါ်ထပ်တွင်နယ်မှအရောင်းအဝယ်ကိစ္စဖြင့်ရောက်လာကြသောကုန်သည်များ ညအိပ်ညနေတည်းခိုနိုင်ရန်အတွက်အိပ်ခန်းများဖွဲ့စည်းပေးထားလေသည်။ မြဝင်းပွဲရုံကြီးနှင့်ဆက်……ရောင်းအဝယ်လုပ်ကိုင်နေကြသောကုန်သည်ပွဲစားများသည် သင်္ဘောဆိုက်ကပ်သည်နှင့်မြဝင်းပွဲရုံသို့တိုက်ရိုက်ရောက်ရှိလာကြကာ ကုန်ပစ္စည်းများခေတ္တအပ်နှံထားပြီးမှ တိုက်အပေါ်ထပ်ရှိအိပ်ခန်းတွင်ရေမိုးချိုးအနားယူကာစိတ်အေးလက်အေးအရောင်းအဝယ်ပြုလုပ်နိုင်ကြသဖြင့် မြဝင်းပွဲရုံနှင့်ဆက်ဆံရောင်းဝယ်ရခြင်းကို အလွန်သဘောကျကျေနပ်နေကြလေသည်။

ပွဲရုံပိုင်ရှင်သူဌေးကြီးဦးမြဝင်းမှာ အသက်လေးဆယ့်ငါးနှစ်အရွယ်ခန့်ရှိပြီး ကိုယ်လုံးကိုယ်ပေါက်ထွားကြိုင်းသန်မာလှသူတစ်ဦးဖြစ်ကာ အသားအရည်မှာကြမ်းတမ်းညိုမောင်းနေသဖြင့် ဦးမြဝင်းအားမြင်လိုက်သည်နှင့်ငယ်စဉ်ကကြမ်းတမ်းပင်ပန်းစွာနေထိုင်လုပ်ရှားခဲ့သူတစ်ဦးဖြစ်ကြောင်းကိုသိရှိနိုင်ပေသည်။

ဦးမြဝင်းသည် လွန်ခဲ့သောငါးနှစ်ခန့်ကမှမြဝင်းပွဲရုံကြီးကိုစတင်တည်ထောင်ခဲ့သူဖြစ်ပြီး ပွဲရုံကြီးကိုတည်ထောင်ပြီး၍ခြောက်လမျှကြာသောအခါတွင်မှ မညိုလေးဆိုသည့်အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိသောမိန်းမချောလေးအားခမ်းနားစွာလက်ထပ်ယူခဲ့ခြင်းဖြစ်မေသည်။

BURMESE CLASSIC
www.burmeseclassic.com

မညိုလေး၏မိဘများသည်လည်းငွေကြေးပြည့်စုံကြွယ်ဝသောကုန်သည်ပွဲစားများပင်ဖြစ်ကြကာ သမီးငယ်မညိုလေးထက် အသက်နှစ်ဆခန့်ပိုကြီးနေသောဦးမြဝင်းနှင့်လက်ထပ်ရန်ကိစ္စကို မူလကသဘောမတူကြသော်လည်း . . သူဌေးကြီးဦးမြဝင်းက မြဝင်းပွဲရုံကြီးနှင့်ကပ်လျက်တည်ရှိနေသောနှစ်ထပ်တိုက်သစ်ကြီးအားဝယ်ယူလိုက်ကာ စိန်တစ်ဆင်စာနှင့်ထိုတိုက်သစ်ကြီးအားမင်္ဂလာခန်းဝင်ပစ္စည်းအဖြစ်တင်တောင်းလိုက်သောကြောင့် သမီးငယ်လေးကောင်းစားရေးအတွက် သဘောတူလိုက်ကြခြင်းဖြစ်ပေသည်။

ဦးမြဝင်းတို့ဇနီးမောင်နှံသည် ပွဲရုံကြီးနှင့်ကပ်လျက်ရှိနေသောတိုက်သစ်ကြီးတွင်နှစ်ယောက်တည်းနေထိုင်ကြပြီး တိုက်ကြီး၏တံခါးမကြီး၏အနီးတွင် ဂေါ်ရခါးလူမျိုးအစောင့်တစ်ဦးကတူမီးသေနတ်ကြီးဖြင့်အမြဲစောင့်ကြပ်လျက်ရှိနေပေသည်။

ကုန်သည်ပွဲစားကြီးများလောကတွင် ပြောစမှတ်ပြုနေကြရသောသူဌေးကြီးဦးမြဝင်း၏ထူးခြားချက်တစ်ခုမှာ . . ဦးမြဝင်းဆိုသောပုဂ္ဂိုလ်ကြီးကို မြဝင်းပွဲရုံကြီးမဖွင့်မီအချိန်ကာလက ရန်ကုန်မြို့၏စီးပွားရေးလောကတွင်မည်သူမျှတွေ့မြင်ဖူးခြင်းမရှိခဲ့ကြဘဲ ဦးမြဝင်းသည် . . မိုးကျရွှေကိုယ်လူသားတစ်ဦးအလား စီးပွားရေးလောကတွင်ရုတ်တရက်ပေါ်ပေါက်လာကာ ပွဲရုံလုပ်ငန်းကိုစတင်လုပ်ကိုင်ခဲ့ပြီး . . ယင်းနောက်ပိုင်းတွင်ကျိုက်လတ်၊ ဖျာပုံ၊ ဒေးဒရဲမြို့များ၌ဆန်စက်များဝယ်ယူကာ လုပ်ငန်းများစွာတိုးချဲ့လုပ်ကိုင်



နေသူတစ်ဦးဖြစ်ကာ ဦးမြဝင်း၏လုပ်ငန်းများမှာအလွန်အောင်မြင်နေပြီး ဦးမြဝင်းသည်လုပ်ငန်းများကိုတစ်ခုပြီးတစ်ခုထပ်မံတိုးချဲ့လုပ်ကိုင်နေနိုင်သဖြင့် ဦးမြဝင်း၏ငွေကြေးချမ်းသာကြွယ်ဝသည့်ပမာဏကို မည်သူကမျှခန့်မှန်း၍ပင်ပြောဆိုနိုင်ခြင်းမရှိကြတော့ပေ။

ယနေ့နံနက်ပိုင်းတွင် ဖျာပုံသင်္ဘောကြီးဆိုက်ကပ်လာသဖြင့် မြဝင်းပွဲရုံ၏အပေါ်ထပ်တွင်သင်္ဘောကြီးပေါ်မှဆင်းသက်လာသောကုန်သည်လေးဦးအား တည်းခိုနိုင်ရန်နေရာချထားပေးရလေသည်။ ထိုကုန်သည်လေးဦးထဲတွင် . . ထူးထူးခြားခြားပင်အသက်နှစ်ဆယ်ခန့်သာရှိသေးသည့်ကုန်သည်လေးတစ်ဦးလည်းပါဝင်နေသဖြင့် . . ဧည့်သည်များအားနေရာချထားပေးရန်တာဝန်ယူရသည့်ပွဲရုံစာရေးကြီးဦးဘချိုမှာ မိမိထက်အသက်ထက်ဝက်ခန့်ငယ်သောကုန်သည်လေးအား အခန်းတစ်ခန်းတွင်နေရာချထားပေးလိုက်ပြီးလျှင် . . သူဌေးဦးမြဝင်းအား အကျိုးအကြောင်းကိုတင်ပြအစီရင်ခံရမည်ဖြစ်၍ ထိုကုန်သည်လေး၏အကြောင်းကိုလိုက်လံစုံစမ်းစပ်စုရလေတော့သည်။

ထိုကုန်သည်လေးမှာ ဥပဓိရုပ်အလွန်ကောင်း၍ဝတ်ဆင်ထားသည့်အဝတ်အစားများမှာလည်း . . ရိုးကုမ္ပဏီတွင်သာဝယ်ယူရရှိနိုင်သည့် အင်္ဂလန်နိုင်ငံမှတိုက်ရိုက်မှာယူရောင်းချသောဘလေဇာကုတ်အင်္ကျီ၊ ဘောင်းဘီနှင့်ဖိနပ်များကိုဝတ်ဆင်ထားကာ လက်

BURMESE CLASSIC
www.burmeseclassic.com

တွင်ပတ်ထားသည့်ရွှေသားစစ်စစ်ဖြင့်ပြုလုပ်ထားသည့်ရိုးလက်(စ) နာရီနှင့် ဘယ်ဖက်လက်သူကြွယ်တွင်ဝတ်ဆင်ထားသည့်ခဲရောင် ဖိတ်ဖိတ်လက်လက်ထနေသည့် အဖိုးတန်စိန်လက်စွပ်ကြီးတို့၏ အရှိန်အဝါကြောင့်. . ပွဲရုံစာရေးကြီးဦးဘချိုအနေဖြင့် ကုန်သည် လေးအားတိုက်ရိုက်မေးမြန်းစုံစမ်းခြင်းမပြုဝံ့ဘဲ ဖျာပုံသင်္ဘောဖြင့် လိုက်မပါလာသော. . မိမိနှင့်ရင်းနှီးနေသည့်ကုန်သည်ကြီးဦးစိုးမြ အားသွားရောက်မေးမြန်းရလေသည်။

"ဘိုဝတ်စုံသားသားနားနားဝတ်ထားတဲ့ကောင်လေးဟာ ဘာပစ္စည်းတွေအရောင်းအဝယ်လုပ်တဲ့ကုန်သည်မှန်းလည်းမသိ ပါဘူး ဦးစိုးမြရယ်။ ဒီကောင်လေးဟာ. . ဖျာပုံမြို့ကလိုက်လာတာ ပဲလား. ."

ကုန်သည်ကြီးဦးစိုးမြသည် ခေါင်းကုတ်၍စိတ်ရှုပ်နေသော စာရေးကြီးဦးဘချိုအားသဘောကျစွာပြုံး၍ကြည့်နေလိုက်ပြီး. .

"ဟုတ်ဖ. . မောင်ဘချိုရယ်။ ဖျာပုံကနေသင်္ဘောစထွက် ကတည်းကပါလာတာပါ။ သင်္ဘောပေါ်မှာတုန်းကတော့. . သူဌေး သားတစ်ယောက်လို့ပဲထင်နေတာဗျ။ ကျုပ်တို့နဲ့လိုက်လာပြီး ပွဲရုံ အပေါ်ထပ်မှာတည်းဖို့ပြင်နေတော့မှ. . အရောင်းအဝယ်သမား ကုန်သည်မှန်းသိရတော့တယ်။ စတိုင်ထွားထွား၊ လူ့မလိုင်သားသ မီးပုံစံနဲ့ဒီမောင်ရင်လေးက ဘာပစ္စည်းတွေကိုအရောင်းအဝယ် လုပ်သလဲဆိုတာတော့ ကျုပ်လည်းမသိဘူးဗျ။ ကျုပ်တို့ဖျာပုံဘက်



ကကုန်သည်ပွဲစားလောကထဲမှာတော့ ဒီမောင်ရင်လေးကိုတစ်ခါ မှမမြင်ဖူးတာအမှန်ပဲ. ."

စာရေးကြီးဦးဘချိုသည် သူ၏ရှုပ်ပွနေသောဦးခေါင်းကို တဗျင်းဗျင်းမြည်အောင်ကုတ်လိုက်ပြန်ပြီးလျှင်. .

"စိတ်ရှုပ်ဖို့ကောင်းလိုက်တာဗျာ. .။ မြစ်ဝကျွန်းပေါ် ဘက်ကကုန်သည်တွေထဲမှာ. . ဒီလိုသူငယ်နုပ်စားအရွယ်နဲ့စတိုင် ကျကျဝတ်စားတတ်တဲ့ကုန်သည်မျိုးမရှိပါဘူး။ သူဌေးကိုအကျိုး အကြောင်းပြောပြလိုက်ပြီး. . သူဌေးကိုယ်တိုင်တွေ့ကြည့်ဖို့ပဲ ပြော လိုက်ပါတော့မယ်. ."

စာရေးကြီးဦးဘချိုသည် ကုန်သည်လေးတည်းခိုနေသော အခန်းအားလှမ်းကြည့်လိုက်ရာ အခန်းတံခါးပိတ်ထားသည်ကို သာတွေ့ရပြီး. . မည်သည့်အသံမျှမကြားရဘဲတိတ်ဆိတ်နေသဖြင့် အောက်ထပ်ပွဲရုံသို့ပြန်ဆင်းလာကာ ကုန်ပစ္စည်းအရောင်းအဝယ် လုပ်ငန်းများကိုဆက်လက်လုပ်ဆောင်နေတော့ရာ အလုပ်များပြား လွန်းလှသဖြင့်. . ထူးဆန်းသောကုန်သည်လေးအကြောင်းကို ဦး နှောက်ထဲ၌မေ့ပျောက်၍သွားလေတော့သည်။

သူဌေးကြီးဦးမြဝင်းသည်. . နေ့စဉ်ပြုလုပ်နေကျထုံးစံအ တိုင်းနံနက်ဆယ်နာရီတိတိတွင် ပွဲရုံနှင့်ကပ်လျက်တည်ရှိနေသော သူ၏တိုက်သစ်ကြီးပေါ်မှဆင်းကာ ပွဲရုံကြီးထဲသို့ဝင်ရောက်လာ လေသည်။ သူ၏နံဘေးတွင်ကား. . ဦးမြဝင်း၏လူယုံတော်စိုးကြီး

သည် မီးခိုးရောင်အနောက်တိုင်းဝတ်စုံကိုဟန်ပါပါဝတ်ဆင်ကာ ဇွတ်လုမ်းခြင်းလှမ်းရင်းလိုက်ပါလာသည်ကိုတွေ့မြင်နေရပေသည်။ စိုးကြီးဆိုသူမှာအသက်သုံးဆယ်ကျော်ခန့်သာရှိသေးပြီး ကိုယ်လုံးကိုယ်ပေါက်မှာပိန်ပိန်သွယ်သွယ်နှင့်မျက်နှာစုတ်ချွန်းချွန်းဖြစ်နေကာ သူ၏မျက်လုံးများမှာကြမ်းတမ်းရက်စက်မည့်အရိပ်အငွေ့များ ယှက်သန်းနေပေသည်။

သတင်းကြားရသလောက်ဆိုလျှင် စိုးကြီးသည်ကျိုက်လတ်မြို့တွင်. . လူတိုင်းဖိန့်ဖိန့်တုန်အောင်ကြောက်ရွံ့ကြရသည့်လူမိုက်တစ်ဦးဖြစ်ကာ ဦးမြဝင်းကစိုးကြီးအားသဘောကျသဖြင့်သူ၏လူယုံတော်အဖြစ်အနီးတွင်ခေါ်ယူထားပြီး သူသွားလေရာတွင်လိုက်ပါခိုင်းထားခြင်းသာဖြစ်ပေသည်။

ဦးမြဝင်းသည် ပွဲရုံထဲရှိသူ၏စားပွဲကြီးတွင်ဝင်ထိုင်လိုက်ပြီးလျှင် စာရေးကြီးဦးဘချိုဘက်သို့လှည့်ကြည့်လိုက်ပြီး. .

"ဒီမနက်ဖျာပုံသင်္ဘောဆိုက်တာ ကျုပ်တို့ကုန်သည်တွေပါလာကြသေးလားဦးဘချို. ."

"ကုန်သည်လေးယောက်ပါလာလို့ အပေါ်ထပ်မှာနေရာချထားပြီးပါပြီဆရာကြီး။ သုံးယောက်ကတော့. . လူဟောင်းတွေပါ။ ထူးထူးခြားခြားပြောစရာဆိုလို့ လူသစ်တစ်ယောက်အကြောင်းပဲရှိပါတယ်. ."

"အဲဒီလူသစ်တစ်ယောက်က ဘာတွေများထူးခြားနေလို့



လဲဦးဘချို. ."

စာရေးကြီးဦးဘချိုသည် ဦးမြဝင်း၏စားပွဲကြီးရှေ့၌ဝင်ထိုင်လိုက်ပြီးလျှင် သူတွေ့မြင်ခဲ့ရသည့်ကုန်သည်လေးအကြောင်းကို ခရေစေ့တွင်းကျပြန်လည်ဖေါက်သည်ချလိုက်လေသည်။

ဦးမြဝင်းသည်လည်း အတန်ငယ်မျှခေါင်းရှုပ်သွားဟန်ဖြင့် နဖူးကြောများရှုံ့သွားအောင်စဉ်းစားနေလိုက်ပြီးမှ. .

"ခင်ဗျားပြောတဲ့သူငယ်မျိုးက ကျုပ်ရဲ့အသိအကျွမ်းတွေထဲမှာလုံးဝမရှိပါဘူးဗျာ။ သူ့မှာ. . ဘာကုန်ပစ္စည်းတွေများရောင်းဖို့ပါလာသလဲ. ."

"ကျွန်တော်လည်း. . ဘာမှ တိတိကျကျမသိသေးပါဘူးဆရာကြီး။ သူနဲ့အတူပါလာတဲ့ကျွန်းသေတ္တာကြီးတစ်လုံးကိုတော့ အထမ်းသမားတွေကို သူ့အိပ်ခန်းထဲအထိသယ်သွားခိုင်းပါတယ်။ သူ့ပုံစံက. . အတော်ချမ်းသာကြွယ်ဝတဲ့လူတစ်ယောက်ရဲ့ပုံစံမျိုးမို့ ဆရာကြီးနဲ့ပတ်သက်နေတဲ့လူဖြစ်နေရင် အားနာစရာကောင်းလို့ ကျွန်တော့်အနေနဲ့. . ဘာမှမမေးသေးတာပါ. ."

ဦးမြဝင်း၏စိတ်ထဲတွင် ထိုကုန်သည်လူငယ်အားအလွန်စိတ်ဝင်စားနေမိသဖြင့်. .

"ကောင်းပြီလေ။ ကျုပ်ကိုယ်တိုင်ပဲ. . အဲဒီသူငယ်နဲ့သွားတွေ့ပြီးမေးလိုက်ပါတော့မယ်. ."

ဦးမြဝင်းကပြောပြောဆိုဆိုဖြင့်ပင် ထိုင်ရာမှထလိုက်ပြီး

www.burmeseclassic.com

တိုက်အပေါ် ထပ်သို့တက်ရန်ပြင်လိုက်လေရာ လူယုံတော်စိုးကြီးသည်လည်း ဦးမြဝင်း၏အနောက်မှကပ်၍လိုက်ပါသွားလေတော့သည်။

* * *

"ဒေါက်. . ဒေါက်. . ဒေါက်. . "

စိုးကြီးကအခန်းတံခါးကိုခေါက်လိုက်ရာ. . တံခါးကပွင့်မလာဘဲ အခန်းထဲမှအသံမာမာဖြင့်မေးမြန်းလိုက်သည့်စကားသံကို သာကြားလိုက်ရလေသည်။

"ဘယ်သူလဲဟေ့. . ။ ဘာကိစ္စရှိလို့လဲ. . "

"ကျုပ်က. . ဒီပွဲရှုံပိုင်ရှင်ဦးမြဝင်း. . ကုန်သည်အသစ်တစ်ယောက်လာတယ်ကြားလို့ နှုတ်ဆက်ဖို့ရေ လာတာပါ. . "

တံခါးချက်ဖြုတ်သံကိုကြားလိုက်ရပြီးလျှင် အခန်းတံခါးကအနည်းငယ်မျှပွင့်ဟလာကာ. .

"ကျွန်တော်က. . ဦးမြဝင်းတစ်ယောက်တည်းနဲ့တွေ့ဆုံပြီး အရောင်းအဝယ်ကိစ္စပြောချင်တာပါ။ ဦးမြဝင်းတစ်ယောက်တည်းပဲဝင်လာခဲ့ဖို့ မေတ္တာရပ်ခံပါတယ်. . "

လူယုံတော်စိုးကြီးသည် စိတ်ထဲ၌အတော်မကျေမနပ်ဖြစ်သွားသဖြင့် တစ်စုံတစ်ရာပြန်လည်ပြောကြားရန်ဟန်ပြင်လိုက်စဉ်



ဦးမြဝင်းကပခုံးကိုလက်ဖြင့်လှမ်းတို့လိုက်ပြီး. . တိတ်တိတ်နေရန် အမူအရာဖြင့်ပြလိုက်သောကြောင့် ရေငုံနှုတ်ပိတ်နေလိုက်ရလေတော့သည်။

"မောင်ရင်လေးအရောင်းအဝယ်လုပ်တဲ့ပုံစံက. . တစ်မျိုးပါလားကွယ့်။ အေးလေ. . ကျုပ်တအိမ်ရှင်ဆိုတော့ ဧည့်သည်ရဲ့စိတ်ကြိုက်ကိုလိုက်လျှောပေးရမှာပေါ့။ ကျုပ်တစ်ယောက်တည်းပဲဝင်ခဲ့ပါ့မယ်လေ. . "

ဦးမြဝင်းကရယ်မော၍ပြောဆိုလိုက်ရင်း. . ခပ်ဟဟဖွင့်ပေးထားသည့်အိပ်ခန်းလေးထဲသို့လှမ်းဝင်လိုက်လေသည်။

အခန်းထဲတွင်စားပွဲနှင့်ထိုင်ခုံနှစ်လုံးခင်းကျင်းပေးထားလေရာ ဦးဘချို့ပြောခဲ့သည့်အတိုင်းသားနားထည်ဝါစွာဝတ်ဆင်ထားသောလူငယ်အားတွေ့မြင်လိုက်ရသည်နှင့် ဦးမြဝင်းကဘိုဆန်ဆန်လက်ဆွဲနှုတ်ဆက်လိုက်လေသည်။

"ကျုပ်ကတော့. . မြဝင်းပွဲရုံပိုင်ရှင်ဦးမြဝင်းပါ။ မောင်ရင်လေးရဲ့နာမည်နဲ့လုပ်ငန်းကိုလည်းပြောပြပါဦး။ ကျုပ်ဆီကိုလာနေကျကုန်သည်ပွဲစားတွေက မောင်ရင်လေးနဲ့မတွေ့ကြတာမို့ ကျုပ်စိတ်ထဲမှာအံ့ဩနေမိတာအမှန်ပါပဲ. . "

"နာမည်ကျော်သူဌေးကြီးဦးမြဝင်းနဲ့ ခုလိုတွေ့ဆုံခွင့်ရတာဝမ်းသာပါတယ်။ ကျွန်တော့်နာမည်က. . မောင်မိုးကြိုးပါ။ ကျွန်တော့်မိဘတွေကတော့ ဖျာပုံမြို့ကနေဆယ်မိုင်လောက်သွား

www.burmeseclassic.com

ရတဲ့ ကျုံကဒွန်းရွာကြီးမှာနေထိုင်ခဲ့ကြတာပါ။ ကျွန်တော့်မိဘတွေ ကစပါးအရောင်းအဝယ်လုပ်ငန်းတွေလုပ်ကြတော့ ဦးမြဝင်းရဲ့ပွဲရုံ နဲ့ပဲဆက်သွယ်လုစ်ကိုင်ခဲ့ကြတယ်လို့သိရပါတယ်။ ကျုံကဒွန်းရွာ ကြီးကဦးလှမောင်၊ ဒေါ်မေခတို့ဆိုရင်. . ဦးမြဝင်းသိလိမ့်မယ်ထင် ပါတယ်။ ဖေဖေနဲ့မေမေတို့ဟာ ကုန်သည်ကြီးဦးကြိုင်ကတစ်ဆင့် ဦးမြဝင်းရဲ့ပွဲရုံနဲ့ဆက်သွယ်လုပ်ကိုင်ခဲ့ကြတာပါခင်ဗျာ. . ”

ဦးမြဝင်းသည် ဖျာပုံမြို့ပေါ်မှကုန်သည်ကြီးဦးကြိုင်နှင့် ကောင်းစွာရင်းနှီးသိကျွမ်းသော်လည်း. . ကျုံကဒွန်းရွာကြီးမှဦးလှ မောင်နှင့်ဒေါ်မေခဆိုသူတို့ကိုကား. . လုံးဝသိကျွမ်းခြင်းမရှိသလို အမည်ကိုပင် ကြားဖူးခြင်းမရှိခဲ့ပေ။ သို့သော်လည်း. . ကုန်သည် ပွဲစားကြီးပီသစွာ ဟန်ဆောင်၍ပြုံးရယ်လိုက်ကာ. .

“သြော်. . ဦးကြိုင်ပြောပြောနေတဲ့ ကျုံကဒွန်းရွာကြီး ကဦးလှမောင်နဲ့ဒေါ်မေခတို့ကိုပြောနေတာနဲ့ ပါရဲ့။ သူတို့နဲ့ က. . လူခြင်းမမြင်ဖူးပေမယ့် ဦးကြိုင်ကတစ်ဆင့်ဆက်သွယ်လုပ် ကိုင်ခဲ့ဖူးပါတယ်ကွယ်။ ဦးလှမောင်နဲ့ဒေါ်မေခတို့ရော ကျန်းကျန်း မာမာရှိကြပါရဲ့လား. . ”

မောင်မိုးကြိုး၏မျက်နှာမှာ စိတ်ထိခိုက်ကြေကွဲသည့်အမူ အရာများအထင်အရှားပေါ်လွင်လာပြီးလျှင်. .

“လွန်ခဲ့တဲ့သုံးလကျော်ကျော်လောက်က. . အိမ်ကိုဓားပြ တွေဝင်တိုက်ကြရာမှာ သူတို့လိုချင်တဲ့ပစ္စည်းတွေမပေးလို့ဆိုပြီး



ဖေဖေနဲ့မေမေ့ကိုသတ်ဖြတ်သွားကြပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်ဟာ အိန္ဒိယနိုင်ငံကဒါဂျီလင်မြို့မှာကျောင်းသွားတက်နေ ခဲ့တာမို့. . ဖေဖေနဲ့မေမေတို့ရဲ့ဈာပနကိုတောင်မမီနိုင်ခဲ့ပါဘူး။ လွန်ခဲ့တဲ့တစ်လကျော်ကမှ. . ရန်ကုန်ကိုပြန်ရောက်လာတာပါ”

ဦးမြဝင်းအနေနှင့် မောင်မိုးကြိုး၏မိဘများအကြောင်း ကိုစိတ်မဝင်စားသော်လည်း. . မောင်မိုးကြိုးနှင့်ပတ်သက်၍အတော် စိတ်ဝင်စားနေမိသောကြောင့် ဧည့်ထောက်ခံစကားကိုဆက်လက် ပြောဆိုနေရလေသည်။

“သြော်. . ဦးလှမောင်နဲ့ဒေါ်မေခတို့တောင် ဆုံးပါးသွား ကြပြီကိုး။ ဦးတောင်. . သတင်းမကြားလိုက်ရဘူးကွယ့်။ ခုလိုပြန် ကြားရတော့လည်း. . စိတ်မကောင်းဘူးကွယ်။ ဓားပြတွေက ဘာ ကြောင့်များ. . လူကိုပါသတ်သွားကြပါလိမ့်ကွယ်. . ”

“အဲဒီအကြောင်းတွေကြောင့်လည်း ဦးမြဝင်းဆီကိုကျွန် တော်ရောက်လာရတာပါခင်ဗျာ။ ကျွန်တော်ဟာငယ်ငယ်လေးက တည်းကဒါဂျီလင်မြို့ကကျောင်းမှာပဲနေခဲ့ရတော့ အခုလိုအချိန်မျိုး မှာ ကျွန်တော့်ပစ္စည်းတွေကိုဘယ်လိုရောင်းရမလဲဆိုတာကိုတောင် သိတော့ဘူးခင်ဗျာ။ ရန်ကုန်မြို့ပေါ်မှာအဆက်အသွယ်ကလုံးဝ မရှိလေတော့ ကျွန်တော့်ပစ္စည်းတွေရောင်းချဖို့ကိစ္စမှာဖေဖေတို့ နဲ့စီးပွားဘက်လုပ်ကိုင်ခဲ့တဲ့ဦးမြဝင်းကို အဆက်အသွယ်ရှာဖို့ လာပြီးအကူအညီတောင်းတာပါ။ ဖျာပုံမြို့ပေါ်ကကုန်သည်ကြီး

www.burmeseclassic.com

တွေကိုအတူအညီတောင်းဖို့ကလည်း. . သူတို့ကို သိပ်မယုံကြည်တာကတစ်ကြောင်း၊ အရောင်းအဝယ်လုပ်မယ့်ငွေကြေးပမာဏကို တတ်နိုင်မယ့်လူကလည်းမရှိတာ့ကတစ်ကြောင်းမို့ ဦးမြဝင်းလို သူဌေးကြီးကိုပဲ တိုက်ရိုက်လာဆက်သွယ်တာပါခင်ဗျာ. . ”

အရောင်းအဝယ်လုပ်မည့်ငွေကြေးပမာဏမှာ ဖျာပုံမြို့မှ သူဌေးကြီးများပင်မတတ်နိုင်လောက်အောင်များပြားသည်ဆိုသော စကားကြောင့် ဦးမြဝင်းအလွန်စိတ်ဝင်စားသွားလေသည်။

“အရောင်းအဝယ်ထုံးစံအတိုင်း ပေးရမယ့်ပွဲခပွဲညွှန့်တွေကိုလည်း. . ကျွန်တော့်ဘက်ကအပြည့်အဝပေးမှာပါဦးမြဝင်း. . ”

မောင်မိုးကြိုးကား ဘာမျှနားမလည်သည့်ကလေးဆိုးကြီးတစ်ယောက်သဖွယ် သူဖြစ်ချင်သည့်ကိစ္စများကိုသာ ဇွတ်အတင်းပြောဆိုနေလေသည်။

“နေပါဦး. . မောင်မိုးကြိုးရဲ့။ မောင်ရင်လေးရောင်းချင်တဲ့ပစ္စည်းကဘာပစ္စည်းမျိုးလဲဆိုတာကိုတောင်. . ဦးကမသိရသေးဘူးလေ။ ပစ္စည်းအကြောင်းသိရမှ. . ဦးဘက်ကကူညီလို့ [illegible]နိုင် မဖြစ်နိုင်ဆိုတာကို ဆုံးဖြတ်လို့ရမှာပေါ့ကွယ်. . ”

မောင်မိုးကြိုးဆိုသောလူငယ်သည် မိမိဆန္ဒစောနေသည့် အဖြစ်ကိုယခုမှရိပ်မိသွားဟန်ဖြင့် သူ့ဘာသာကျိတ်၍ပြုံးလိုက်ပြီးလျှင်. .

“ဆောရီးပဲ. . ဦးမြဝင်း။ [illegible]နော်ဘက်က စိတ်ဆန္ဒစော



သွားတယ်။ ဒီပစ္စည်းတွေအကြောင်းမပြောခင်မှာ. . ဦးမြဝင်းကို တစ်ခုတော့ကြိုပြီးတောင်းပန်ထားချင်ပါတယ်။ ဒီပစ္စည်းတွေအကြောင်း. . မလိုအပ်တဲ့လူတွေကိုလုံးဝမပြောပါနဲ့ဦးမြဝင်းရယ်။ ဖေဖေနဲ့မေမေတို့ဓားပြသတ်လို့သေခဲ့ရရှာတာဟာလည်း ဒီပစ္စည်းတွေကြောင့်ပါပဲ။ အခုလည်း. . ဒီပစ္စည်းတွေကြောင့် ကျွန်တော့်အသက်ကိုရန်ရှာခံရမှာကြောက်လို့ပါခင်ဗျာ. . ”

ဦးမြဝင်းကိုယ်တိုင်သည်လည်း အလွန်စိတ်ဝင်စားနေပြီဖြစ်သောကြောင့်. .

“အင်းပါ. . မောင်မိုးကြိုးရယ်။ ကျုပ်တို့စီးပွားရေးသမားကြီးတွေဟာ မလိုအပ်တဲ့ဘာစကားမှမပြောတတ်ပါဘူး. . ”

မောင်မိုးကြိုး၏မျက်နှာတွင်ပြုံးရောင်သမ်းသွားပြီးလျှင် ဘယ်ဖက်လက်သူကြွယ်တွင်ဝတ်ဆင်ထားသော ခဲသားရောင်စိန်လက်စွပ်ကြီးကိုချွတ်၍ ဦးမြဝင်းထံသို့ကမ်းပေးလိုက်ကာ. .

“ဟောဒီစိန်အရည်အသွေးနဲ့ ဒီအပွင့်လောက်ရတီချိန်ဆိုရင်. . တစ်ပွင့်ကိုဘယ်လောက်တန်ဖိုးရှိနိုင်သလဲဦးမြဝင်း. . ”

ဦးမြဝင်းသည် စိန်လက်စွပ်ကြီးအားအလင်းရောင်တွင်ထောင်၍ သေချာစွာကြည့်ရှုလိုက်ပြီးလျှင်. .

“ရှေးစိန်ဆိုတော့. . သွေးထားတဲ့လက်ရာ နည်းနည်းညံ့ပေမယ့်စိန်အမျိုးအစားကသိပ်ကောင်းလွန်းတာမို့ တစ်ပွင့်ကိုရွှေဒင်္ဂါးသုံးဆယ်လောက်တော့ အနည်းဆုံးရနိုင်လောက်ပါရဲ့. . ”

www.burmeseclassic.com

မောင်မိုးကြိုးကသဘောကျစွာပြုံးလိုက်ပြန်ပြီးလျှင်. .

"အဲဒီစိန်လက်စွပ်နဲ့အရည်အသွေးအမျိုးအစားတူတဲ့ စိန်အပွင့်တစ်ရာကျော်လောက်ကို. . လက်ငင်းဝယ်ယူနိုင်တဲ့ဖေါက်သည်မျိုးရှာပေးပါလားဦးမြဝင်း. ."

"ဟေ. ."

မောင်မိုးကြိုး၏စကားကြောင့် သူဌေးကြီးဦးမြဝင်းကဲ့သို့ ချမ်းသာကြွယ်ဝသောသူဌေးကြီးသည်ပင် နှုတ်ဖျားမှအာမေဋိတ်သံထွက်ပေါ်သွားလေသည်။

ဤမျှအရည်အသွေးကောင်းမွန်လှသော စိန်အပွင့်တစ်ရာကျော်၏တန်ဖိုးမှာများပြားလွန်းလှသဖြင့် တော်ရုံချမ်းသာကြွယ်ဝသူများအနေဖြင့်အနားသို့ပင်မကပ်နိုင်သောငွေကြေးပမာဏဖြစ်နေသလို ဤစိန်မျိုးအလုံးတစ်ရာကျော်တစ်စုတစ်စည်းတည်းပိုင်ဆိုင်ထားဖို့ဆိုသည်မှာလည်း ဖြစ်နိုင်ရန်ခက်ခဲလွန်းသောကိစ္စမျိုးပင်ဖြစ်သည်။

"အရောင်းအဝယ်ဖြစ်ရင်. . ဦးမြဝင်းကို ပွဲခတစ်ဆယ်ရာနိုင်နှုန်းပေးမှာပါခင်ဗျာ။ ကျွန်တော့်ကိုအကူအညီပေးနိုင်မှာလားဦးမြဝင်း. ."

ဦးမြဝင်းသည်အံ့သြတကြီးဖြစ်နေရာမှ. . စိတ်ပြန်လည်တည်ငြိမ်လာပြီဖြစ်၍ မောင်မိုးကြိုးအားပြုံး၍သာကြည့်နေလိုက်တော့သည်။



မောင်မိုးကြိုးကဲ့သို့သော မလောက်လေးမလောက်စားအရွယ်ချာတိတ်ကလေး၅. . ဤမျှတန်ဖိုးကြီးမားလှသောစိန်များသာပါလာသည်ဆိုလျှင် ~~ရောင်းအဝယ်ဖြစ်ပြီးမှရရှိမည့်တစ်ဆယ်ရာနိုင်နှုန်းဆိုသောပွဲခမှာ သူ့အတွက်ဘာမျှစာဖွဲ့လောက်သောငွေကြေးမဟုတ်တော့ပေ။ သူနှင့်ထိုက်တန်၍ရောက်ရှိလာသောစိန်အားလုံးသည်သူ့ကိုယ်ပိုင်သာဖြစ်ရပေမည်ဟုတွေးရင်း လောဘစိတ်ရိုင်းများက. . ဦးမြဝင်း၏ရင်ထဲတွင် တလိမ့်လိမ့်တက်လာလေတော့သည်။ ဦးမြဝင်း၏မျက်နှာသည်. . လောဘအရောင်ကြောင့်တောက်ပြောင်၍လာပြီးလျှင်. .

"မောင်မိုးကြိုးအကူအညီတောင်းတဲ့ကိစ္စကို. . ဦးအနေနဲ့ကူညီနိုင်ပါတယ်ကွယ်။ လက်ငင်းဝယ်နိုင်တဲ့စိန်ဘာဘူသူဌေးကြီးတွေလည်း ဦးမိတ်ဆွေတွေထဲမှာအဆင်သင့်ရှိပါတယ်။ အရောင်းအဝယ်လုပ်ကြရမယ့်ငွေကြေးပမာဏက သိပ်များလွန်းနေတာမို့အရောင်းအဝယ်ထုံးစံအရ ဟိုဘက်ကလူတွေကိုမဆက်သွယ်ခင်မှာ. . ဦးအနေနဲ့ပစ္စည်းတွေကို အကြမ်းဖျင်းလောက်တော့ကြည့်ထားမှဖြစ်မယ့်ကွယ့်. ."

မောင်မိုးကြိုးသည်. . ကလေးလေးတစ်ယောက်ကဲ့သို့ရယ်မောလိုက်ပြန်ပြီးလျှင်. .

"ဟင်း. . ဟင်း။ ဦးမြဝင်းက. . ကျွန်တော့်မှာစိန်တွေပါလာရင် ဟိုဘက်မှာသွားစပ်ထားပြီးမှအရှက်ကွဲနေမှာကိုကြောက်

www.burmeseclassic.com

လို့မဟုတ်လား။ ရပါတယ်. . ဦးမြဝင်းရယ်။ ကျွန်တော့်စိန်တွေကို ပြပါ့မယ်။ ဒီစိန်တွေကို ဖေဖေနဲ့မေမေတို့ကလျှို့ဝှက်သိမ်းဆည်းထားခဲ့ကြပြီး စိန်တွေဖွက်ထားတဲ့နေရာကိုကျွန်တော့်တစ်ယောက်တည်းကိုသာပြောပြထားခဲ့လို့လည်း ဓားပြတွေလက်ထဲပါမသွားခဲ့တာပေါ့ခင်ဗျာ. . ”

မောင်မိုးကြီးသည်ရယ်မောရှ်ပြောဆိုနေရင်း သူ၏ဘလေဇာကုတ်အင်္ကျီအတွင်းအိတ်ထဲမှရှည်မျောမျောသံဘူးလေးကိုထုတ်ယူလိုက်ကာ. . အဖုံးကိုလှည့်၍ဖွင့်လိုက်ပြီးလျှင် ဘယ်ဘက်လက်ဖဝါးပေါ်သို့သံဘူးလေးကိုစောင်းချလိုက်လေသည်။

“ဂျလောက်. . ဂျလောက်”

သံဘူးလေးအတွင်းမှ သွေးပြီးသားစိန်လုံးချောအလုံးနှစ်ဆယ်ခန့်ထွက်ကျလာချိန်တွင် ဘယ်ဘက်လက်ဖဝါးပေါ်၌ပြည့်လျှံသွားသဖြင့် သံဘူးကိုပြန်တည့်လိုက်လေသည်။

မောင်မိုးကြီးက ဘယ်ဘက်လက်ကိုဦးမြဝင်း၏မျက်နှာအနီးသို့တိုးကပ်ပေးလိုက်ပြီးလျှင်. .

“စိတ်တိုင်းကျစစ်ဆေးကြည့်ပါ. . ဦးမြဝင်း။ ဒီဘူးလေးထဲမှာ. . စိန်လုံးရေတစ်ရာတစ်ဆယ့်နှစ်လုံးတိတိပါလာတယ်. . ”

အခန်းလေးထဲသို့တိုးဝင်နေသောနေရောင်အောက်တွင် မောင်မိုးကြီး၏ဘယ်ဖက်လက်ပေါ်မှစိန်များမှာတဖျတ်ဖျတ်လက်နေသလိုပင် ဦးမြဝင်း၏လောဘမီးတောက်မှာလည်းတစ်ရှိန်ညီး



ညီးတောက်လောင်လျှက်ရှိနေတော့သည်။ ဦးမြဝင်းသည် စိန်များကိုရယူပိုင်ဆိုင်နိုင်ရန်သာဆန္ဒဇောကပ်လျှက်ရှိနေသဖြင့် မောင်မိုးကြီး၏လက်ပေါ်မှစိန်[illegible]ယူ၍ပင်ကြည့်မနေတော့ဘဲ. .

“ရပါတယ်. . မောင်မိုးကြီးရယ်။ မောင်မိုးကြီးကို ဦးယုံကြည်ပါပြီ။ ဒီစိန်တွေအရောင်းအဝယ်ဖြစ်ဖို့ကို. . အမြန်ဆုံးစီစဉ်လိုက်ပါတော့မယ်. . ”

မောင်မိုးကြီးသည်သံဘူးလေးကိုပြန်ဖွင့်၍ ဘယ်ဖက်လက်ဖဝါးပေါ်မှစိန်များကိုဂရုတစိုက်ထည့်သိမ်းလိုက်ကာ သံဘူးလေးကိုဘလေဇာကုတ်အင်္ကျီအတွင်းအိတ်ထဲ၌ပြန်ထည့်လိုက်လေသည်။

“မောင်မိုးကြီးက. . ဘယ်တော့လောက်အရောင်းအဝယ်ကိစ္စတွေကိုအပြီးအစီးလုပ်ချင်တာလဲ. . ”

“ဖြစ်နိုင်ရင်တော့. . ဒီတစ်ရက်နှစ်ရက်အတွင်းမှာအပြီးလုပ်လိုက်ချင်ပါတယ်ဦးမြဝင်း။ အရောင်းအဝယ်ကိစ္စကိုလည်း ဦးမြဝင်းအိမ်မှာပဲလုပ်ဖို့စီစဉ်ပေးပါ။ ကျွန်တော်က. . ဒါဂျီလင်မြို့မှာအခြေသွားချမှာမို့ အိန္ဒိယကိုသင်္ဘောမထွက်ခင်အချိန်အတွင်းမှာတော့. . အဲဒီရွှေဒင်္ဂါးတွေကို ဦးမြဝင်းဆီမှာပဲအပ်ထားရမှာပါခင်ဗျာ. . ”

ဦးမြဝင်း၏မျက်စိထဲတွင် စိန်များ၏တဖိတ်ဖိတ်လက်၍နေသောအရောင်များကိုသာပြန်လည်မြင်ယောင်နေသဖြင့် မိမိဝါးစပ်ထဲသို့အဆင်သင့်ရောက်နေသောအစာအား အခြားသူများ

www.burmeseclassic.com

ကဝင်လုသွားမည်ကိုအလွန်စိုးရိမ်နေမိကာ မောင်မိုးကြိုးအနေနှင့် မြို့ထဲတွင်သွားလာလည်ပတ်ရင်း. . စိန်အရောင်းအဝယ်သမား တစ်ဦးဦးနှင့်မတော်တဆဆုံစည်းမိသွားလျှင် မိမိ၏အစီအစဉ် များပျက်စီးသွားနိုင်သဖြင့် မောင်မိုးကြိုးအားမျက်စိအောက်မှပင် အပျောက်မခံချင်တော့ဘဲ. .

"ရပါတယ်ကွယ်. . ။ ဒီတစ်ရက်နှစ်ရက်အတွင်းမှာ ကိစ္စ အားလုံးပြီးစီးသွားရစေမယ်လို့. . ဦးတာဝန်ယူပါတယ်။ မောင်မိုး ကြိုးအနေနဲ့ လောလောဆယ်ရန်ကုန်မှာဘာတွေများလုပ်စရာရှိ နေသေးလဲ။ ဦးက. . ဘာတွေများကူညီပေးရဦးမလဲ"

"ဘာအလုပ်မှတော့. . ထွေထွေထူးထူးမရှိပါဘူးဦးမြဝင်း။ ဦးမြဝင်းဆီကအရောင်းအဝယ်သတင်းကိုပဲ ထိုင်စောင့်နေရမှာပါ။ ဒီစိန်တွေနဲ့လည်ပတ်သွားလာနေဖို့ကလည်း အန္တရာယ်များလွန်း ပါတယ်ခင်ဗျာ. . "

"အေးကွယ်။ ဦးကလည်း. . အဲဒီကိစ္စကိုပြောမလို့ပါပဲ။ မောင်မိုးကြိုးရဲ့စိန်တွေနဲ့ဆိုရင်. . ဒီပွဲရုံအပေါ်ထပ်မှာတောင် တည်းဖို့မသင့်လှဘူးကွယ့်။ ဒီအပေါ်ထပ်မှာက. . နယ်ပေါင်းစုံက ကုန်သည်တွေ၊ ပွဲစားတွေတည်းခိုနေကြတာဆိုတော့ ညအိပ်ချိန် ကျရင်. . မောင်မိုးကြိုးအတွက်အန္တရာယ်များလှပါတယ်. . "

ဦးမြဝင်းသည် ခေတ္တမျှစဉ်းစားနေလိုက်ပြီးမှ. .

"မောင်မိုးကြိုးကလူငယ်ဖြစ်ပြီး မောင်မိုးကြိုးရဲ့မိဘတွေ



တဦးနဲ့စီးပွားအတူတူလုပ်ခဲ့ဖူးတဲ့မိတ်ဆွေရင်းတွေမို့. . ဦးအနေနဲ့ တူညီစောင့်ရှောက်ရမယ့်ဝတ္တရားရှိနေတယ်လေ။ မောင်မိုးကြိုးရဲ့ အရောင်းအဝယ်ကိစ္စတွေမပြီးသေးခင်မှာ. . ဦးနေတဲ့ဟိုဘက်က တိုက်အိမ်ကြီးမှာပဲ အေးအေးဆေးဆေးလိုက်တည်းခိုနေပါလား။ အိန္ဒိယကိုသွားတဲ့အချိန်ထိ မောင်မိုးကြိုးအနေနဲ့တည်းခိုနေလို့ရ ပါတယ်လေ. . "

မောင်မိုးကြိုးသည် ဦးမြဝင်း၏စကားကြောင့်အတန်ကြာ မျှတွေဝေ၍နေလေရာ. .

"ဘာလဲ. . ဦးကိုအားနာနေလို့လား။ ဒါမှမဟုတ် မောင် မိုးကြိုးမှာ. . ဘာတွေများအကြောင်းထူးရှိနေလို့လဲကွယ့်. . "

"ဘာအကြောင်းထူးမှမရှိပါဘူး. . ဦးမြဝင်း။ အဲဒီတိုက် အိမ်ကြီးမှာက. . ဦးတို့ဇနီးမောင်နှံနှစ်ယောက်တည်းနေကြတာဆို တော့ ကျွန်တော့်ကြောင့်အနှောင့်အယှက်ဖြစ်နေမှာကိုစိုးရိမ်လို့ ပါခင်ဗျာ. . "

"ဟား. . ဟား. . ။ ဘာမှအနှောင့်အယှက်မဖြစ်ပါဘူး မောင်မိုးကြိုးရယ်။ ဦးရဲ့ဇနီးသည်က သူ့မိခင်ကြီးနေမကောင်းဖြစ် နေလို့. . သူ့မိဘများအိမ်မှာသွားနေတာ တစ်ပတ်လောက်ရှိနေ ပါပြီ။ အိမ်မှာက. . ဦးနဲ့အတူမောင်စိုးကြီးဆိုတဲ့ဦးရဲ့တပည့်တစ် ယောက်ပဲရှိနေတာပါ။ မောင်မိုးကြိုးအနေနဲ့ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်ကွယ်. . "

www.burmeseclassic.com

"ဒီလိုဆိုရင်တော့. . အတိုင်းထက်အလွန်ပဲပေါ့ဦးမြဝင်းရယ်။ ကျွန်တော်သာဒီအခန်းထဲမှာတည်းရရင်လည်း ကြောက်နေလန့်နေတာနဲ့ပဲတစ်ညလုံးအိပ်လို့တောင်ပျော်မှာမဟုတ်ဘူး။ ကျွန်တော်က. . သရဲလည်းကြောက်တတ်တယ်ဗျ. . "

ဦးမြဝင်းသည် ကလေးဆန်စွာပြောဆိုနေသည့်မောင်မိုးကြိုးအားသဘောကျစွာကြည့်လိုက်ပြီးလျှင်. .

"မောင်မိုးကြိုးအတွက် အခန်းနေရာတွေပြင်ဆင်ပြီးတာနဲ့ ကျုပ်တပည့်မောင်စိုးကြီးကိုလွှင့်လိုက်ပါ့မယ်။ သူလာခေါ်ရင်စိတ်ချလက်ချသာလိုက်ခဲ့ပေတော့. . "

"ကျေးဇူးပါပဲ. . ဦးမြဝင်းရယ်။ ဒီလိုမျိုး စိတ်ကောင်းရှိလို့လည်း. . ဦးမြဝင်းရဲ့ပွဲရုံကနာမည်ကျော်ကြားနေတာပေါ့. . "

ဦးမြဝင်းကအခန်းပြင်သို့ပြန်ထွက်လိုက်ပြီးသည်နှင့် လူယုံတော်စိုးကြီးအား. . တိတ်တိတ်နေရန်အမူအရာဖြင့်အချက်ပြလိုက်ကာအောက်ထပ်သို့ပြန်ဆင်းလာပြီးလျှင် ပွဲရုံထဲသို့ပင်ပြန်မဝင်တော့ဘဲသူ၏တိုက်အိမ်ကြီးဆီသို့လျှောက်သွားနေသဖြင့် စိုးကြီးသည်လည်းနောက်မှအပြေးလိုက်သွားရလေတော့သည်။

တူမီးသေနတ်ကိုင်ဆောင်ထားသည့် ဂေါ်ရခါးအစောင့်ကြီးကသံတံခါးမကြီးကိုဖွင့်ပေးချိန်တွင်. . ဦးမြဝင်းက ဂေါ်ရခါးအစောင့်ကြီးအား. .

"ညသည်ကောင်လေးတစ်ယောက် ရောက်လာလိမ့်မယ်။ အဲဒီကောင်လေးကို. . သူဝင်ချင်ထွက်ချင်တဲ့အချိန်တွေမှာ ဝင်ထွက်ခွင့်ပြုလိုက်ပါ။ သူ့သဘောကျသာ နေခွင့်ပေးထားလိုက်ပါ။ ကျုပ်ပြောတာ. . သဘောပေါက်ရဲ့လား"

"ဟုတ်ကဲ့. . သဘောပေါက်ပါတယ်သူဌေးမင်း"

ညှိခန်းထဲတွင်ထိုင်မိကြသည်နှင့်. . ဦးမြဝင်းက သူနှင့်မောင်မိုးကြိုးတို့တွေ့ဆုံ၍ပြောဆိုခဲ့ကြသည့်အကြောင်းအရာများတို လူယုံတော်စိုးကြီးအားအသေးစိတ်ပြောပြလိုက်လေသည်။

စိုးကြီးကသဘောကျစွာရယ်မောလိုက်ပြီးလျှင်. .

"စားရက်ကြံ့တော့. . မုတ်ဆိတ်ကိုပျားလာစွဲတာပဲ ဆရာကြီးရေ။ ဆရာကြီးပြောသလိုဆိုရင်. . ဒီကောင်လေးရဲ့စိန်တွေကတစ်သက်သုံးလို့မကုန်အောင်တန်ဖိုးရှိနေတာပေါ့နော်. . "

ဦးမြဝင်းကလည်း. . အားပါးတရရယ်မောလိုက်ပြီးလျှင်လက်ညှိုးနှင့်လက်ခလယ်နှစ်ချောင်းကိုထောင်ပြလိုက်ပြီး. .

"တစ်သက်မဟုတ်ဘူး. . စိုးကြီးရေ။ နှစ်သက်တောင်သုံးလို့မကုန်နိုင်ဘူးကွ။ ငါအခုချမ်းသာသမျှထက် ငါးဆလောက်ပိုပြီးတန်ဖိုးရှိနေတယ်။ သဘောပေါက်ပြီလား. . "

"သဘောပေါက်ပါပြီဆရာကြီးရယ်။ စိန်တွေကိုယူပြီးရင်နောက်ကြောင်းရှင်းသွားအောင် ဒီကောင်လေးကိုတော့အစဖျောက်ပစ်မှဖြစ်မယ်နော်. . ။ အဲဒီကိစ္စအတွက် ဆရာကြီးကဘယ်လိုစိတ်ကူးထားလဲ. . "



www.burmeseclassic.com

"ဒီလို . . မလောက်လေးမလောက်စား ချာတိတ်လေးတစ်ယောက်ကိုအစဖျောက်ဖို့ဆိုတာ ဘာများစိတ်ကူးနေစရာလိုသေးလို့လဲစိုးကြီးရာ။ ရိုက်သတ်စားရမယ့်ကြက်ကိုတောင် အိမ်ထဲမှာခေါ်သွင်းထားနိုင်ပြီပဲ။ ကြိုက်တဲ့အချိန်မှာ . . ရိုက်သတ်ပြီး ချက်စားလိုက်ကြရုံပေါ့ကွ . . ဟား . . ဟား . . "

စိုးကြီးသည်လည်းအလွန်ပျော်ရွှင်နေကာ ဦးမြဝင်းနှင့်အတူလိုက်လံရယ်မောနေရင်း . .

"ဆရာကတော်ကိစ္စကို . . ဘယ်လိုလုပ်ကြမလဲဆရာကြီး။ မောင်မိုးကြီးအိမ်ကိုရောက်လာလို့ . . ဆရာကတော့်ကိုတွေ့သွားရင် မယုံသင်္ကာဖြစ်နေတော့မှာပေါ့ . . "

"လွယ်ပါတယ် စိုးကြီးရာ။ ငါတို့ဆရာတပည့်နှစ်ယောက်အရေးကြီးတဲ့အလုပ်ကိစ္စနဲ့ကျိုက်လတ်ကိုသွားကြရမှာမို့ သူ့မိဘတွေအိမ်မှာခဏပြန်နေဖို့ ပြောရတော့မှာပေါ့။ မင်းဆရာကတော့်ကိုလိုက်ပို့ဖို့ . . ကားဒရိုင်ဘာကို ကားအဆင်သင့်ပြင်ခိုင်းထားလိုက်ကွာ . . "

စိုးကြီးက . . မော်တော်ကားကိစ္စသွားရောက်စီစဉ်နေစဉ် ဦးမြဝင်းကဇနီးသည်ဒေါ်ညိုလေးအား ကျိုက်လတ်သို့သွားရမည့်အကြောင်းပြောပြကာ မိဘများအိမ်၌တစ်ပတ်ခန့်ခေတ္တသွားနေရန်ပြောကြားလိုက်တော့သည်။ ယခင်ကလည်း . . ဦးမြဝင်းနယ်သို့အလုပ်ကိစ္စဖြင့်သွားရလျှင် . . မိဘများအိမ်၌ ပြန်အိပ်နေကျဖြစ်



သည်မို့ မညိုလေးကလည်းထွေထွေထူးထူးမေးမြန်းမနေတော့ဘဲ တိုက်ရှေ့၌အဆင်သင့်စောင့်နေသည့်ကားပေါ်သို့တက်၍ သူမ၏မိဘများအိမ်သို့ထွက်ခွာသွားလေတော့သည်။

ဦးမြဝင်းသည် သူ့ညီမဖြစ်သောဒေါ်သိန်းအားလှမ်းခေါ်လိုက်ပြီးလျှင် . .

"ငါတို့အိပ်ခန်းဘေးကအခန်းကိုရှင်းလင်းပြီး ဧည့်သည်တစ်ယောက်တည်းခိုနိုင်ဖို့ . . ခြင်ထောင်တွေစောင်တွေကို အဆင်သင့်ပြင်ထားလိုက်ပါ မသိန်း . . "

ဟု အမိန့်ပေးလိုက်လေတော့သည်။

ဦးမြဝင်း၏မီးခံသေတ္တာကြီးကို အိမ်အပေါ်ထပ်ရှိသူတို့၏အိပ်ခန်းကြီးထဲတွင်ထားရှိပြီး . . တိုက်အိမ်ကြီး၏အပေါ်ထပ်သို့ ဦးမြဝင်းတို့လင်မယားနှင့်ဒေါ်သိန်းမှလွဲ၍ မည်သူ့ကိုမျှတက်ခွင့်မပြုပေ။ လူယုံတော်စိုးကြီးနှင့်ဂေါ်ရခါးအစောင့်ကြီးကိုပင် အိမ်အပေါ်ထပ်သို့လုံးဝတက်ခွင့်မပြုဘဲ တင်းကျပ်စွာစည်းကမ်းထုတ်ထားလေရာ ဦးမြဝင်းကသူ၏အိပ်ခန်းဘေးတွင်လူစိမ်းဧည့်သည်အားတည်းခိုရန်ပြင်ဆင်ခိုင်းနေသဖြင့် ဒေါ်သိန်းမှာအလွန်အံ့သြသွားသလို စိုးကြီးကိုယ်တိုင်မှာလည်းတအံ့တသြလေသံဖြင့် . .

"ဟာ . . အောက်ထပ်မှာပဲတည်းခိုင်းလိုက်လည်း ရနေတာပဲဆရာကြီးရယ်။ အပေါ်ထပ်မှာက . . ဆရာကြီးတစ်ယောက်တည်းနေရတာဆိုတော့ အန္တရာယ်ရှိ . . "

www.burmeseclassic.com

"ရပါတယ်. . စိုးကြီးရာ။ ဒီသူငယ်နှပ်စားအရွယ်ကောင်လေးဟာ. . ဘာမှအန္တရာယ်မရှိနိုင်ပါဘူးကွ။ အပေါ်ထပ်အခန်းတွေက. . အသုံးလုံခန်းတွေဆိုတော့ လိုအပ်လို့အကြမ်းကိုင်ရမယ်ဆိုရင်လည်းအဆင်ပြေတယ်လေကွာ. . ဟား. . ဟား. ."

"ကောင်းပါလေ့ ဆရာကြီးရယ်။ ဆရာကြီးကတော့ ကြိုတင်အကွက်ဆင်ထားပြီနဲ့တူပါရဲ့ဗျာ. . ဟဲ. . ဟဲ. ."

"ငါစိတ်ကူးထားတာတော့. . မနက်ဖြန်ညကျရင်အပြတ်ရှင်းပစ်လိုက်ဖို့ပဲကွ။ အသေးစိတ်အစီအစဉ်ကိုတော့. . ညကျမှအေးအေးဆေးဆေးတိုင်ပင်ကြတာပေါ့စိုးကြီးရာ. ."

"ဖြစ်ပါတယ်. . ဆရာကြီး။ ကျွန်တော့်ဘက်ကတော့ အမြဲတမ်းအဆင်သင့်ပါပဲ. . ဟဲ. . ဟဲ. ."

ဦးမြဝင်းတို့ ဆရာတပည့်နှစ်ယောက်၏ရယ်မောသံကတိုက်ခန်းကျယ်ကြီးထဲတွင်ဟိန်း၍နေလေေ သည်။

♣ ♣ ♣

လူတစ်ယောက်အတွက်...အခွင့်အရေးဆိုတာ
နှစ်ခါပြန်မလာဘူးဦးမြဝင်း။ ခင်ဗျားကိုကျုပ်က...
တားနှစ်လက်ကိုင်တိုက်ဖို့အခွင့်အရေးပေးထားတယ်နော်။
အဲဒီအခွင့်အရေးကို...အချိန်ရှိတုန်းအရယူထားပါ။

မောင်မိုးကြိုး

www.burmeseclassic.com

## သားကောင်ဖြစ်သွားသောမုဆိုး

ညခြောက်နာရီခန့်က မောင်မိုးကြိုးသည် အာက်ထပ်သို့ ဆင်း၍ထမင်းစားပြီးလျှင်. . သူ့အတွက်နေရာ. .ပေးထားသော အိပ်ခန်းထဲ၌သာအခန်းအောင်းနေသည်ဟု. . ညီမဒေါ်သိန်းက ပြောပြသောကြောင့် ပွဲရုံတွင်ငွေစာရင်းများတွက်ချက်၍ပြန်လာကြသောဦးမြဝင်းတို့ဆရာတပည့်နှစ်ယောက်မှာ ထမင်းစာခန်းထဲတွင်ယမကာမှီဝဲရင်း စိတ်အေးလက်အေးဆွေးနွေးတိုင်ပင်နေကြလေတော့သည်။

"မနက်ဖြန်ညကျရင်အပြတ်ရှင်းမယ်ဆိုတော့. . ဒီကောင်



လေးကို ဘယ်လိုရှင်းမယ်လို့စိတ်ကူးထားလဲဆရာကြီး. ."

"ဒီကောင်စားမယ့်ညစာမှာ အိပ်ဆေးခတ်ထားလိုက်ပြီး အိပ်ပျော်နေတဲ့အချိန်ကျမှစိန်တွေကိုယူပြီး. . ရန်ကုန်မြစ်ထဲပစ်ချလိုက်ကြတာပေါ့စိုးကြီးရာ။ အလောင်းပြန်ပေါ်မလာအောင် ခဲဆွဲပြီးပစ်ချမှဖြစ်မှာနော်. ."

"စိတ်ချပါ. . ဆရာကြီးရယ်။ ကျွန်တော်သေသေချာချာ လုပ်လိုက်ပါ့မယ်။ အိပ်ဆေးခတ်တဲ့ကိစ္စကိုလည်း ကျွန်တော်ကိုယ်တိုင်ပဲစီစဉ်လိုက်ပါ့မယ်. ."

"မင်းကိုစိတ်ချပါတယ်. . စိုးကြီးရယ်။ စိတ်ချလို့လည်း နေရာတိုင်းမှာလူယုံတော်အဖြစ်နဲ့ တာဝန်တွေလွှဲပေးထားတာပေါ့။ ဒီကိစ္စတွေပြီးသွားရင်. . မင်းအတွက်လည်း စိန်ဆယ်လုံးဝေစုပေးမှာပါကွ. . ဟဲ. . ဟဲ. ."

ဆရာတပည့်နှစ်ယောက်. . သောက်လိုက်စားလိုက်ဖြင့် အချိန်များတရွေ့ရွေ့ကုန်ဆုံးလာလေရာ ညဆယ်နာရီကျော်ချိန် သင်ဝိုင်းသိမ်းဖြစ်ကြတော့သည်။

"မင်းလည်း အေးအေးဆေးဆေးသွားအိပ်လိုက်ဦး။ မနက်ဖြန်လုပ်ရမယ့်ကိစ္စတွေကို. . သေချာဂရုစိုက်ပြီးလုပ်နော်. ."

ဦးမြဝင်းသည်အမူးလွန်နေပြီဖြစ်၍ အာလေးလျှာလေးဖြင့်ပြောဆိုလိုက်ပြီးနောက် အိမ်အပေါ်ထပ်သို့ယိုင်ထိုးယိုင်ထိုးဖြင့် တက်သွားလေတော့သည်။

www.burmeseclassic.com

အိမ်အပေါ် ထပ်ရှိ သူ၏အိပ်ခန်းရှေ့သို့ရောက်သောအခါ ခါးကြားတွင်အမြဲချိတ်၍သိမ်းဆည်းထားသည့်သော့တွဲကြီးကို ဖြုတ်ယူလိုက်ပြီး. . အိပ်ခန်းတံခါးကြီးကိုဖွင့်ရန် သော့ပေါက်ထဲသို့သော့တန်ကိုထိုးထည့်နေသော်လည်း. . အမူးလွန်နေသဖြင့်သော့ပေါက်လွဲချော်နေကာ ဖွင့်၍မရနိုင်ဘဲဖြစ်နေတော့သည်။

ထိုအချိန်တွင်. . နံဘေးခန်းတံခါးကရုတ်တရက်ပွင့်သွားပြီးလျှင် မောင်မိုးကြိုးဆိုသောလူငယ်လေးကိုတွေ့လိုက်ရပြီး. .

"ဦးမြဝင်းက အရက်မူးလာတာကိုး။ ကျွန်တော်. . တံခါးဖွင့်ပေးပါ့မယ်ဦးမြဝင်းရယ်. ."

မောင်မိုးကြိုးသည်. . ဦးမြဝင်း၏လက်ထဲမှသော့တွဲကို ရုတ်တရက်လှမ်းယူလိုက်ပြီးလျှင် သော့တန်တစ်ချောင်းကိုရွေးချယ်၍သော့ပေါက်ထဲသို့ထိုးဖွင့်လိုက်ရာ. . အိပ်ခန်းတံခါးကြီးသည်ပွင့်ထွက်သွားလေတော့သည်။

"အထဲဝင်လေ. . ဦးမြဝင်း။ ကျွန်တော်အိပ်ရာအထိလိုက်ပို့ပေးပါ့မယ်. ."

ဦးမြဝင်း၏ခန္ဓာကိုယ်အား အသာတွန်း၍. . အခန်းထဲသို့ရောက်အောင်ပို့လိုက်ပြီးလျှင် မောင်မိုးကြိုးဆိုသောလူငယ်သည်လည်းအိပ်ခန်းထဲသို့လိုက်ဝင်လာကာ. . တံခါးကြီးအား ပြန်ပိတ်လိုက်ပြီးတံခါးချက်ကိုအတွင်းမှထိုး၍ပိတ်လိုက်လေသည်။

"ဂျောက်. . ဂျလောက်. ."



ထိုအဖြစ်ကိုသတိပြုမိလိုက်သောဦးမြဝင်းသည် မောင်မိုးကြိုးအားလွန်စွာဒေါသထွက်သွားသဖြင့်. .

"ဘာလုပ်တာလဲ. . မောင်မိုးကြိုး။ ဦးရဲ့သော့တွဲကို ပြန်ပေးစမ်းကွာ။ မင်းနဲ့ စိန်အရောင်းအဝယ်ကိစ္စတွေရှိနေလို့သာ သည်းခံနေတာနော်။ ဦးရဲ့သော့တွဲကို. . ဘယ်သူ့မှကိုင်ခွင့်ပေးတာမဟုတ်ဘူးကွ. ."

မောင်မိုးကြိုးသည် ဦးမြဝင်း၏အဖြစ်ကိုကြည့်၍ အားပါးတရရယ်မောလိုက်ပြီးလျှင်. .

"ဟောဒီသော့တွဲကြီးထဲက မီးခံသေတ္တာသော့ကိုလိုချင်လို့ ဒီအတုတွေနဲ့ဇာတ်လမ်းဆင်ပြီး. . ဒီအခြေအနေရောက်အောင် အဆင်ပန်းခံကြိုးစားခဲ့ရတာပါဦးမြဝင်း။ အဲဒီသော့တွဲကို. . ခုလိုအတောင်းလို့ရနိုင်မယ်များထင်နေသလား. . ဟား. . ဟား. ."

"ဟင်. . မင်း. . မင်းက. ."

မောင်မိုးကြိုးဆိုသောလူငယ်သည်. . ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ စိန်များသိမ်းဆည်းထားသည်ဆိုသောသံဘူးကိုဖွင့်လိုက်ပြီးကြမ်းပြင်ပေါ်သို့သွန်ချလိုက်သဖြင့်. . စိန်လုံးလေးများသည် ကြမ်းပြင်ပေါ်၌ အရောင်တစ်လက်လက်ဖြင့်လိမ့်ဆင်းသွားကြလေတော့သည်။

"မင်း. . မင်း. . ဘာတွေလုပ်နေတာလဲမောင်မိုးကြိုး"

"ခင်ဗျားတို့က. . ကျုပ်ကိုသတ်ပြီးလုယူဖို့ကြံစည်နေကြ

www.burmeseclassic.com

တဲ့စိန်တွေကိုအပိုင်ပေးလိုက်တာလေ. . ။ ခင်ဗျားဟာ သူတစ်ပါး
ပစ္စည်းကိုအချောင်လိုချင်တဲ့လောဘစိတ်တွေကြောင့် စိန်အတုတွေ
ကိုသေချာ ဂရုတစိုက်မကြည့်နိုင်ခဲ့ဘူး။ ခင်ဗျားတွေ့ခဲ့ရတဲ့စိန်တွေ
ဟာ. . ကျုပ်လက်သူကြွယ်မှာဝတ်ထားတဲ့စိန်တစ်ပွင့်ကလွဲပြီး ကျ
တာအားလုံးအတုတွေချည်းပဲဗျ. . ဟား. . ဟား. . ”

မောင်မိုးကြိုး၏စကားကြောင့်. . ဦးမြဝင်း၏မျက်နှာမှာ
ဒေါသဖြင့်နီရဲ၍သွားပြီးလျှင်. .

“မင်းလို. . မလောက်လေးမလောက်စားချာတိတ်လေးက
များ ကျုပ်လိုလူကိုတစ်ပတ်ရိုက်ဖို့ကြိုးစားနေတာအံ့ဩပါရဲ့ကွာ
မင်းလိုချာတိတ်ကို. . ကျုပ်ရဲ့လက်တစ်ဖက်တည်းနဲ့တောင် သတ်
ပစ်လိုက်လို့ရတယ်ကွ။ နားလည်ရဲ့လား. . ”

မောင်မိုးကြိုးကလက်ပိုက်လျှက်. . အားပါးတရရယ်မော
လိုက်ပြန်ကာ. .

“လက်တစ်ဖက်နဲ့မလုံလောက်ဘူး. . ဦးမြဝင်း။ ခင်ဗျားရဲ့
လက်နှစ်ဖက်နဲ့ခြေထောက်နှစ်ချောင်းအပြင် ဟောဟိုနံရံမှာ
ထားတဲ့ငှက်ကြီးတောင်မားနှစ်လက်ကိုပါသွားယူလိုက်ဦး။ ခင်ဗျား
ကိုကျုပ်က. . လက်နက်မဲ့ရင်ဆိုင်ပြလိုက်မယ်. . ”

ဦးမြဝင်းအနေနှင့် မိမိကြုံတွေ့နေရသည့်အဖြစ်အပျက်
များမှာ. . အမှန်တကယ်အသက်အန္တရာယ်နှင့်ရင်ဆိုင်နေရပြီဖြ
ကြောင်းကောင်းစွာသဘောပေါက်သွားသောကြောင့် အရက်မူးေ



ခြင်းများပင်အတန်ငယ်ပြေပျောက်၍သွားကာ မိမိအားရင့်သီးစွာ
ပြောဆိုဆက်ဆံနေသောလူဗလံချာတိတ်လေးအား သတ်ဖြတ်ပစ်
လိုစိတ်များတဖွားဖွားပေါ်ပေါက်လာသောကြောင့်. . ရုတ်တရက်
ရှေ့သို့တိုးထွက်လိုက်ပြီး မောင်မိုးကြိုးအားပူးကပ်၍တိုက်ခိုက်ရန်
ပြင်ဆင်လိုက်တော့သည်။

“ဟား. . ဟား. . ဒီလောက်မလွယ်ပါဘူးဦးမြဝင်းရယ်”

ဦးမြဝင်းမှာခွန်အားဗလကြီးမားထွားကြိုင်းသူဖြစ်သော
ကြောင့် ပူးကပ်မိလျှင်မောင်မိုးကြိုးအားအပိုင်ချုပ်ကိုင်၍အသေ
သတ်ပစ်နိုင်မည်ဖြစ်သော်လည်း လျှင်မြန်ပေါ့ပါးလွန်းသောမောင်
မိုးကြိုးကလျှပ်တစ်ပြက်ခုန်ရှောင်လိုက်ရာ. . ဦးမြဝင်း၏လက်နှစ်
ဖက်မှာ လေကိုသာထိုးမိသွားလေတော့သည်။

“လူတစ်ယောက်အတွက်. . အခွင့်အရေးဆိုတာနှစ်ခါပြန်
လာဘူးဦးမြဝင်း။ ခင်ဗျားကိုကျုပ်က. . မားနှစ်လက်ကိုင်တိုက်
ဖို့အခွင့်အရေးပေးထားတယ်နော်။ အဲဒီအခွင့်အရေးကို. . အချိန်
မီဘုန်းအရယူထားပါ. . ”

ဦးမြဝင်းမှာဒေါသပေါက်ကွဲနေပြီဖြစ်၍ မောင်မိုးကြိုး၏
စကားကိုပြီးဆုံးအောင်မစောင့်တော့ဘဲ. . ညာခြေဖြင့်ဟန်ပြလှမ်း
၍ ခုန်လိုက်ပြီးလျှင် ဘယ်ညာလက်သီးများဖြင့်ဆက်တိုက်ထိုးနှက်
တိုက်ခိုက်ရန်ပြင်ဆင်လိုက်တော့သည်။

“ဒုတ်. . ဒုတ်. . ”

www.burmeseclassic.com

"အား. . အင့်. ."

မောင်မိုးကြိုးဆိုသောလူငယ်သည်. . ဦးမြဝင်းကဟန်မြ ချောက်လှန့်၍ကန်လိုက်သောခြေကန်ချက်အား လုံးဝရှောင်တိမ်းခြင်းပင်မပြုတော့ဘဲ. . ရှုတ်တရက် ရှေ့သို့တိုးကပ်၍ဝင်လိုက်ပြီးလျှင် ဦးမြဝင်း၏ညာခြေအားဘယ်ညာလက်ဝါးစောင်းနှစ်ဖက်ဖြင့် ဆက်တိုက်ရိုက်ချလိုက်ရာ. . ဦးမြဝင်းသည်မောင်မိုးကြိုး၏လှုပ်ရှားမှုကိုမြင်လိုက်ရသော်လည်း. . မောင်မိုးကြိုးလိုချာတိတ်လေးတစ်ယောက်၏ခွန်အားကိုဂရုစိုက်ရန်မလိုဟု သဘောပိုက်ထားသူဖြစ်သောကြောင့်ညာခြေကိုပြန်မရုပ်သိမ်းတော့ဘဲ မောင်မိုးကြိုးအားဆက်လက်ထိုးနှက်တိုက်ခိုက်ရန်ပြင်လိုက်စဉ် သူ၏ညာဘက်ခြေထောက်သည်. . သံမဏိချောင်းဖြင့်ရိုက်နှက်သကဲ့သို့ ခံစားလိုက်ရပြီး အရိုးများကျိုးကြေသွားသည့်အသံကိုနားထဲတွင်ပြန်ကြားလိုက်ရကာ နာကျင်မှုကြောင့်ညည်းညူအော်ဟစ်ရင်းလဲကျသွားလေတော့သည်။

မောင်မိုးကြိုးဆိုသောလူငယ်သည် ရှုတ်တရက်ရှေ့သို့တိုးထွက်လာပြီးလျှင် ဦးမြဝင်း၏ပါးစပ်ကိုလက်ဝါးဖြင့်အုပ်လိုက်ပြီး ဦးမြဝင်း၏နားရွက်နားသို့ သူ၏နှုတ်ခမ်းကိုတိုးကပ်လိုက်ကာ. .

"ခင်ဗျားမသေခင်မှာ သိသွားအောင်ပြောပြလိုက်ဦးမယ်။ ကျုပ်ကိုဆရာကြီးအာသာဝတီရွှေမားက သူ့ပစ္စည်းတွေပြန်ယူဖို့ လွှတ်လိုက်တာပဲ။ ခင်ဗျားကိုလည်း. . သစ္စာဖောက်တို့ရဲ့ပြစ်ဒဏ်



ခတ်တဲ့သေမိန့်ချမှတ်လိုက်ပြီဆိုတာကိုအသိပေးဖို့ အမှာပါးလိုက်ပါတယ်. ."

ဦးမြဝင်း၏မျက်နှာမှာ. . အာသာဝတီရွှေမားဆိုသောအမည်ကိုကြားလိုက်ရသည့်. . အလွန်ထိတ်လန့်ကြောက်ရွံ့သွားသည့်အမူအရာများပေါ်ပေါက်လာပြီးလျှင်. .

"ပစ္စည်းတွေအားလုံး. . မင်းကိုပေးလိုက်ပါ့မယ်။ ငါ့ကိုတော့မသတ်ပါနဲ့ကွာ။ ဒီပစ္စည်းတွေနဲ့တစ်နေရာရာမှာဇာတ်မြုပ်နေမယ်ဆိုရင်. . မင်းဟာသူဋ္ဌေးကြီးတစ်ယောက်လိုနေနိုင်မှာပါ"

"ခင်ဗျားဟာ. . ကိုယ်တိုင်ကသစ္စာဖောက်လုပ်ရပ်တွေကိုကျူးလွန်ခဲ့တဲ့အပြင် ကျုပ်တို့ပါသစ္စာဖောက်ဖို့တိုက်တွန်းနေသေးတာကိုး။ ဆရာကြီးကိုသစ္စာဖောက်ဝံ့တဲ့တပည့်ဆိုလို့ ခင်ဗျားတစ်ယောက်တည်းပဲရှိခဲ့တာပါ။ သစ္စာဖောက်တို့ရဲ့သေခြင်းမျိုးကို. . ခင်ဗျားပဲရင်ဆိုင်လိုက်ပါတော့. ."

မောင်မိုးကြိုး၏ဘယ်ဖက်လက်က ဦးမြဝင်း၏ပါးစပ်ကိုလှမ်းပိတ်လိုက်ပြီးလျှင်. . ညာဘက်လက်ဖြင့်လည်ပင်းသို့ရိုက်ချလိုက်သဖြင့်. . ဦးမြဝင်းမှာ အနောက်ဘက်သို့လန်ထွက်သွားလေတော့သည်။

မောင်မိုးကြိုးသည်. . မီးခံသေတ္တာကြီးဆီသို့စိတ်အေးလက်အေးလျှောက်သွားပြီးလျှင်. . သူ့လက်ထဲမှသော့တွဲကြီးဖြင့် မီးခံသေတ္တာကိုဖွင့်လိုက်ကာ မီးခံသေတ္တာထဲရှိပစ္စည်းများအား

www.burmeseclassic.com

အိတ်ကြီးတစ်လုံးထဲသို့ထည့်လိုက်လေသည်။

ထို့နောက်. . သူ၏ကုတ်အင်္ကျီထဲမှစာအိတ်တစ်အိတ်ကို ထုတ်ယူလိုက်ပြီးလျှင် ပြောင်သလင်းခါနေပြီဖြစ်သောမီးခံသေတ္တာထဲသို့စာအိတ်ကိုထည့်လိုက်ကာ. . မီးခံသေတ္တာအားသော့ပြန်ပိတ်လိုက်ပြီးလျှင် သော့တွဲအားအိပ်ခန်းထောင့်သို့လွှင့်ပစ်လိုက်ပြီး အိတ်ကြီးကိုထမ်း၍ထွက်ခွာသွားလေတော့သည်။

တိုက်တံခါးဝတွင် အစောင့်တာဝန်ယူထားသောဂေါ်ရခါးအစောင့်ကြီးသည် အိတ်ထမ်း၍ထွက်လာသောမောင်မိုးကြိုးအားတွေ့လိုက်သည်နှင့် မတ်တတ်ရပ်၍အရိုအသေပေးလိုက်ပြီးလျှင်. .

"ကျွန်တော်. . ဘာများအကူအညီပေးရမလဲ. ."

ဟု မေးလိုက်သဖြင့် တိုက်ခိုက်ရန်အဆင်သင့်ပြင်ထားသောမောင်မိုးကြိုးကပြုံးပြလိုက်ပြီး. .

"သဘော်ဆိပ်ကို. . ပစ္စည်းသွားပို့ချင်လို့ပါ။ ပို့ပြီးတာနဲ့ပြန်လာခဲ့မယ်. ."

အစောင့်ကတံခါးဖွင့်ပေးသဖြင့်. . မောင်မိုးကြိုးသည် လေချွန်သံပေးရင်း အမှောင်ထုထဲသို့ဝင်ရောက်ပျောက်ကွယ်သွားလေတော့သတည်း။

♣ ♣ ♣

သင်တို့ခြောက်ယောက်ဟာ...

ကျွန်ုပ်ရွေးချယ်တိုက်ခိုက်မယ့် ပစ်မှတ်ခြောက်ခုဖြစ်ပြီး...

ဒီဟာ ..သင်တို့ခြောက်ယောက်အတွက်

သေမိန့်စာချွန်လွှာဖြစ်ပေတယ်...။

အာသာဝတီရွှေအေး

www.burmeseclassic.com

## သေမိန့်စာချွန်လွှာ

ကျွန်ုပ်အငြိမ်းစားသတင်းထောက်ကြီးဦးသိန်းမောင်သည် နံနက်စောစောလမ်းလျှောက်ပြီး၍ အိမ်ပြန်ရောက်သည်နှင့် သူရိယသတင်းစာကိုဖတ်ရှုရင်း ဇနီးသည်ခင်ခင်ကြီးကပြင်ဆင်ပေးထားသည့် ပေါင်မုန့်မီးကင်ထောပတ်သုတ်နှင့်ကော်ဖီတို့ကိုသုံးဆောင်ကာစည်းစိမ်ယစ်၍နေပေသည်။

ကျွန်ုပ်၏ဆရာကြီးလူသူတော်သျှောင်တစောင်းမှာ လွန်ခဲ့သည့်တစ်ပတ်ကျော်က မုံရွာအနီးရှိဖိုးဝင်းတောင်တွင်အဓိဋ္ဌာန်ဝင်နေရာမှ ပြန်လည်ရောက်ရှိလာကြောင်းသတင်းကြားရသော်လည်း



ဆရာကြီးအားသွားရောက်နှုတ်ဆက်ရန်အရေးမှာ စုံထောက်ကြီးဦးဇင်ယော်တစ်ယောက်ပျောက်ချက်သားကောင်းနေသဖြင့် ယနေ့တိုင်မသွားရောက်နိုင်သေးဘဲဖြစ်နေရပေသည်။

ကျွန်ုပ်မှာ. . သတင်းထောက်ဘဝမှအငြိမ်းစားယူထားပြီဖြစ်သော်လည်း အမှုအခင်းများကိုလိုက်လံစုံစမ်းရန်ဝါသနာထုံသည့်အကျင့်အားဖျောက်ဖျက်၍မရနိုင်သောကြောင့် စုံထောက်ကြီးဦးဇင်ယော်နှင့်အဖော် အဖြစ်လိုက်ပါရင်း ထူးဆန်းသောမှုခင်းများစွာတို့ကို ကိုယ်တွေ့ကြုံခဲ့ရပြီးသူပင်ဖြစ်သည်။

စုံထောက်ကြီးဦးဇင်ယော်သည်လည်း ကျွန်ုပ်နှင့်သက်တူရွယ်တူပင်ဖြစ်ကာ. . အင်းစိန်စီအိုင်ဒီမှအငြိမ်းစားယူပြီးချိန်တွင် စုံထောက်မင်းကြီးကအကူအညီတောင်းသောကြောင့်. . စီအိုင်ဒီစုံထောက်အဖွဲ့ကြီး၏အကြံပေးပုဂ္ဂိုလ်အဖြစ်တာဝန်ယူနေရကာ. . စုံထောက်မင်းကြီး၏အတိုင်ပင်ခံပုဂ္ဂိုလ်ကြီးဖြစ်သော ဗြိတိသျှအစိုးရကဆာဘွဲ့ချီးမြှင့်ခြင်းခံထားရသည့် ဆရာကြီးလူသူတော်သျှောင်တစောင်းနှင့်တွဲဖက်၍ ရာဇဝတ်မှုများစွာကိုဖော်ထုတ်ပေးနိုင်ခဲ့ပေသည်။

ကျွန်ုပ်မှာပျင်းပျင်းရှိသည်နှင့်. . မိတ်ဆွေများအကြောင်းတောင်တောင်အီအီတွေးတောနေစဉ် ဇိုမ်တံခါးဝမှထွက်ပေါ်လာသောအသံကြောင့် ရုတ်တရက်ထိတ်လန့်သွားမိလေသည်။

"ဘာတွေစိတ်တူးယဉ်နေတာလဲ. . ဦးသိန်းမောင်ရယ်။

www.burmeseclassic.com

ကျုပ်ကားတစ်စီးလုံးအိမ်ရှေ့မှာရပ်လိုက်တဲ့စက်သံကိုတောင် မကြားနိုင်ဘူးဆိုတော့. . လူဆိုးဓားပြတွေသာတက်လာရင် ရှိစုမဲ့စုအိုစာမင်းစာလေးကုန်ပြီပေါ့ဗျာ. . ”

“ခင်ဗျားကိုမျှော်နေတာရောက်မလာလို့ ခင်ဗျားနဲ့ဆရာကြီးတို့အကြောင်းတွေကိုပြန်စဉ်းစားရင်း အတွေးလွန်နေတာဗျ။ ဆရာကြီးဖိုးဝင်းတောင်ကပြန်ရောက်နေတာ. . တစ်ပတ်ကျော်လောက်ရှိပြီ။ ကျုပ်ကဆရာကြီးနဲ့သွားချင်လို့. . ခင်ဗျားကိုစောင့်နေရတာ”

စုံထောက်ကြီးဦးဇင်ယော်သည် ကျွန်ုပ်အားသဘောကျစွာပြုံး၍ကြည့်လိုက်ပြီးလျှင်. .

“ဆရာကြီးနဲ့တွေ့ချင်ရင်. . ကျုပ်နဲ့သာလိုက်ခဲ့ပေတော့ဦးသိန်းမောင်. . ”

ဟုပြောလိုက်လေရာ ချက်ဆိုလျှင်နားခွက်ကမီးတောက်သောကျွန်ုပ်က. .

“ဧကန္တတော့. . ရာဇဝတ်မှုကြီးကြီးမားမားတစ်ခုဖြစ်နေပြီနဲ့တူတယ်။ ဘယ်မှာဖြစ်တာလဲ. . ဦးဇင်ယော်”

“လမ်းမတော်ကမြဝင်းပွဲရုံကြီးနဲ့ကပ်လျက်မှာရှိနေတဲ့ ပွဲရုံပိုင်ရှင်သူဌေးကြီးဦးမြဝင်းနေတဲ့တိုက်အိမ်ကြီးမှာ လူသတ်မှုဖြစ်နေလို့အမြန်သွားစုံစမ်းဖို့. . စုံထောက်မင်းကြီးကဖုန်းဆက်ပြီးအမိန့်ပေးတာပဲဗျ။ ဆရာကြီးလည်း. . အဲဒီတိုက်အိမ်ကြီးကိုရောက်လာ



မယ်လို့ စုံထောက်မင်းကြီးကဖုန်းထဲမှာပြောလိုက်တာပဲ။ အသေးစိတ်ကိုတော့. . ဟိုရောက်မှသိရမှာပေါ့ဗျာ. . ”

ကျွန်ုပ်သည်လည်း မည်သည့်မေးခွန်းကိုမျှထပ်မေးမနေတော့ဘဲ. . ကျွန်ုပ်၏လွယ်အိတ်ကြီးကို နံရံတွင်ချိတ်ထားရာမှဖြုတ်ယူလိုက်ကာ စုံထောက်ကြီးဦးဇင်ယော်နှင့်လိုက်ပါသွားရန်ပြင်ဆင်လိုက်လေသည်။ ဆရာကြီးကိုယ်တိုင်ရောက်လာမည်ဟု စုံထောက်မင်းကြီးကဖုန်းဆက်အကြောင်းကြားထားသည်ဆိုကတည်းက အမှုမှာသာမန်အမှုမျိုးမဟုတ်ဘဲ ခက်ခဲနက်နဲ၍ထူးခြားသည့်အမှုမျိုးဖြစ်မည်ကို ကျွန်ုပ်သဘောပေါက်လိုက်ပြီးဖြစ်ပေသည်။

မြဝင်းပွဲရုံနံဘေးရှိတိုက်အိမ်ကြီးရှေ့တွင် စီအိုင်ဒီမှကားနှစ်စီးနှင့်လမ်းမတော်ဌာနာမှကားတစ်စီးတို့ ရပ်ထားသည်ကိုတွေ့လိုက်ရလေသည်။

တိုက်အိမ်ကြီးထဲသို့ ကျွန်ုပ်တို့ဝင်ရောက်သွားသောအခါ တံခါးဝတွင်အစောင့်ကျနေသည့်. . လမ်းမတော်ဌာနာမှပုလိပ်က စုံထောက်ကြီးဦးဇင်ယော်အားဆလုရိုက်၍အရိုအသေပေးလိုက်ပြီးလျှင်. .

“တိုက်အပေါ်ထပ်ကအိပ်ခန်းထဲမှာဖြစ်တာပါ စုံထောက်ကြီး။ အပေါ်ထပ်ကိုကြွပါခင်ဗျာ. . ”

ဦးဇင်ယော်ကခေါင်းညိတ်လိုက်ပြီး ကျွန်ုပ်တို့သည်တိုက်အပေါ်ထပ်သို့လှေခါးအတိုင်းတက်သွားကြလေတော့သည်။

www.burmeseclassic.com

ခမ်းနားစွာပြင်ဆင်ထားသည့် တိုက်အပေါ်ထပ်ရှိအိပ်ခန်းကြီးထဲတွင် ထွားကျိုင်းသည့်လူကြီးတစ်ဦးလဲကျသေဆုံးလျက်ရှိပေရာ. . အလောင်းနားတွင်ဒူးထောက်၍အနီးကပ်စစ်ဆေးနေသည့် စီအိုင်ဒီစုံထောက်ကျော်မောင်းထောင်းကိုကိုကြီးသည် ဦးဇင်ယော်အားမြင်လိုက်ရသည်နှင့်. .

"မနေ့ညဆယ်နာရီကျော်ကျော်လောက်မှာဖြစ်သွားတာပါစုံထောက်ကြီး။ သူဌေးကြီးဦးမြဝင်းဟာ လုံခြုံရေးကိုအတော်ဂရုစိုက်တယ်လို့နာမည်ကြီးတဲ့လူပါ။ မနေ့ကတော့ ပွဲရုံမှာအရောင်းအဝယ်ကိစ္စနဲ့ရောက်လာပြီးတည်းခိုနေတဲ့ ဖျာပုံသင်္ဘောနဲ့ပါလာတဲ့သူဌေးသားချာတိတ်တစ်ယောက်ကို. . အိမ်အပေါ်ထပ်ကသူ့အိပ်ခန်းဘေးကအခန်းမှာတည်းဖို့ ထူးထူးခြားခြားနေရာချထားပေးတယ်လို့သိရပါတယ်။ ညဆယ်နာရီလော[illegible] အောက်ထပ်မှာသူ့လူယုံတော်စိုးကြီးနဲ့သောက်စားနေကြပြီး [illegible]ပေါ်ထပ်ကသူ့အခန်းကိုတက်အိပ်ပါတယ်။ ညဆယ်နာရီခွဲလောက်မှာ သူဌေးသားချာတိတ်ဟာ အိတ်တစ်လုံးဆွဲပြီးအိမ်အပြင်ကိုထွက်သွားပါတယ်။ ဦးမြဝင်းက. . သူဌေးသားချာတိတ်လေးစိတ်ချမ်းသာသလိုဝင်စေထွက်စေလို့ အမိန့်ထုတ်ထားတာမို့. . တံခါးစောင့်တဲ့ဂေါ်ရခါးအစောင့်ကြီးကလည်း အေးအေးဆေးဆေးပဲတံခါးဖွင့်ပေးလိုက်ပါတယ်။ ညဆယ့်နှစ်နာရီလောက်အထိ သူဌေးသားချာတိတ်လေးကပြန်ရောက်မလာလို့. . ဂေါ်ရခါးအစောင့်ကြီးကမသင်္ကာဖြစ်လာပြီး



လူယုံတော်စိုးကြီးကိုနှိုးပြီးပြောတော့မှ ဦးမြဝင်းအသတ်ခံရတာကိုသိကြပြီးလမ်းမတော်ဌာနကိုအကြောင်းကြားတာပါ။ ကျွန်တော်တို့ရောက်လာပြီး. . ဦးမြဝင်းရဲ့အိပ်ခန်းထဲမှာလိုက်ရှာတော့ အိပ်ခန်းထောင့်မှာပစ်ထားတဲ့သော့တွဲကိုတွေ့လို့ မီးခံသေတ္တာကိုဖွင့်ကြည့်တော့. . ဘာအဖိုးတန်ပစ္စည်းမှမရှိတော့ဘဲ ဆရာကြီးလူသူတော်သျှောင်တစောင်းဆီကိုလိပ်မူပြီးရေးထားတဲ့ စာအိတ်တစ်အိတ်ကိုပဲတွေ့ရပါတော့တယ်။ အဲဒီစာအိတ်ကိုတော့. . ဆရာကြီးသာရင်ပေးဖို့သိမ်းထားပါတယ်. ."

"နောက်တစ်ချက်ထူးခြားတာက. . ဦးမြဝင်းရဲ့အိပ်ခန်းထဲမှာ. . စိန်အတုတွေတစ်ခန်းလုံးပြန့်ကြဲနေတာပါပဲ။ ဒီစိန်အတုတွေဟာလူသတ်မှုနဲ့ပတ်သက်မှုရှိနိုင်ပါတယ်။ သက်သေခံပစ္စည်းအဖြစ်ကျွန်တော်တို့သိမ်းဆည်းထားတာ. . စိန်အပွင့်ပေါင်းတစ်ရာတစ်ဆယ့်နှစ်လုံးတိတိရှိပါတယ်စုံထောက်ကြီး. ."

မောင်းထောင်းကိုကိုကြီးက အဖြစ်အပျက်များကိုအသေးစိတ်အစီရင်ခံလိုက်လေရာ ဦးဇင်ယော်ကမှတ်စုစာအုပ်လေးဖြင့် လိုက်လံမှတ်သားနေရင်း. .

"ဆရာကြီးလူသူတော်သျှောင်တစောင်းကိုလိပ်မူပြီးစာရေးသားခဲ့တယ်ဆိုတာကတော့ အတော်ထူးဆန်းနေတာပဲ။ ဖျာပုံသင်္ဘောနဲ့လိုက်ပါလာတဲ့ချာတိတ်လေးအကြောင်းနဲ့ စိန်အတုတွေအကြောင်း. . လူယုံတော်စိုးကြီးကိုစစ်မေးပြီးပြီလား"

www.burmeseclassic.com

"သူကတော့. . ဘာမှမသိပါဘူးဆိုပြီး ငွတ်မှိတ်ငြင်းနေလို့ စုံထောက်ကြီးရောက်လာရင်စစ်ဆေးလို့ရအောင် ဟိုအခန်းထဲမှာ ချုပ်ထားပါတယ်. . "

"မင်းစီစဉ်ထားတာ. . ကောင်းပါတယ်မောင်ကိုကိုကြီး။ ဦးမြဝင်းအလောင်းကိုစစ်ဆေးတော့ ဘာတွေများထူးထူးခြားခြား တွေ့ရသေးလဲ. . "

"ဦးမြဝင်းရဲ့ညာဘက်ခြေထောက်မှာ အရိုးတွေကျိုးကြေ နေတဲ့ဒဏ်ရာနှစ်ချက်တွေ့ရပြီး လည်ပင်းနားမှာလည်းအလားတူ ဒဏ်ရာတစ်ချက်တွေ့ရပါတယ် စုံထောက်ကြီး။ လည်ပင်းနားက ဒဏ်ရာကြောင့်. . အသက်သေဆုံးသွားတာပါ။ ဒဏ်ရာတွေဟာ အသွားမပါတဲ့သံတုတ်လိုခပ်တုံးတုံးအရာဝတ္ထုမျိုးနဲ့ ရိုက်နှက်ခံထား ရတဲ့ဒဏ်ရာမျိုးတွေပါပဲ. . "

ဦးဇင်ယော်သည်. . ဦးမြဝင်း၏အလေ မှဒဏ်ရာများ အား သေချာစွာစစ်ဆေးကြည့်လိုက်ပြီးလျှင်. .

"အင်း. . ။ ဒဏ်ရာတွေက အတော့်ကိုထူးဆန်းနေတာပဲ မောင်ကိုကိုကြီး။ သံတုတ်လို မာကြောတဲ့ပစ္စည်းတစ်ခုခုနဲ့ရိုက်မယ် ဆိုရင်လည်း ဒဏ်ရာတွေရဲ့ဘေးကအရေပြားတွေမှာပွန်းပဲ့နေရ မယ်ကွယ့်။ ခုဟာက. . ပွန်းပဲ့နေတာလုံးဝမတွေ့ရတဲ့အချက်က အတော်ထူးဆန်းနေတယ်"

"မထူးဆန်းပါဘူး. . ဦးဇင်ယော်ရယ်။ လက်ဝါးစောင်းနဲ့



ပြင်းပြင်းထန်ထန်တိုက်ခိုက်နိုင်တယ်ဆိုရင်. . ဒီလိုဒဏ်ရာမျိုးဖြစ် နိုင်တာပေါ့. . "

နောက်မှရုတ်တရက်ထွက်ပေါ်လာသော ဆရာကြီးလူသူ တော်သျှောင်တစောင်း၏စကားသံကြောင့်. . ကျွန်ုပ်သည် ဝမ်းသာ အားရဖြစ်သွားကာ ဆရာကြီးအားလှည့်ကြည့်လိုက်လေသည်။

နှံ့သာရောင်ပိုးသားအကျႌနှင့်ရှမ်းဘောင်းဘီကို. . ထက် အောက်ဆင်တူဝတ်ဆင်ထားပြီး သျှောင်တစောင်းကိုဘေးဘက်သို့ ချကာသေသပ်ကျနစွာထုံးနှောင်ထားသောဆရာကြီးသည် ကျွန်ုပ် အားပြုံးပြနှုတ်ဆက်လိုက်ပြီးလျှင်. . ဦးဇင်ယော်၏ဝေခွဲမရဖြစ်နေ သေးဟန်ရှိသောမျက်နှာ ားအား သတိပြုမိလိုက်သဖြင့်. .

"ဒဏ်ရာတွေက. . ကျုပ်ပြောသလိုမဖြစ်နိုင်လို့လား ဦး ဇင်ယော်။ ဘာတွေများ. . ပိုပြီးထူးထူးခြားခြားဖြစ်နေလို့လဲဗျ"

"ဒဏ်ရာတွေကတော့. . ဆရာကြီးပြောတဲ့အတိုင်းဖြစ် နေတာပါတယ်ဆရာကြီး။ ထူးဆန်းနေတာက. . ဦးမြဝင်းကိုတိုက် ခိုက်သွားတဲ့လူဟာ အသက်နှစ်ဆယ်လောက်ပဲရှိသေးတဲ့ လူငယ် ကောင်လေးဖြစ်နေတာပါပဲ. . "

ဦးဇင်ယော်၏စကားကြောင့် ဆရာကြီးသည်အတန်ကြာ မှုတွေငိုင်၍သွားပြီးလျှင်. .

"အင်း. . ။ ဦးဇင်ယော်ပြောသလိုဆိုရင်ဖြင့် အတော်လေး ခေါင်းစားစရာဖြစ်နေပြီ. . ။ အဖြစ်အပျက်အသေးစိတ်ကိုသိရမှပဲ

www.burmeseclassic.com

တိတိကျကျမှတ်ချက်ပေးနိုင်တော့မယ်ဗျ. . "

စုံထောက်ကြီးဦးဇင်ယော်က. . မောင်းထောင်းကိုကိုကြီး ထံမှကြား[illegible]ထားရသည့်အချက်များကို မှတ်စုစာအုပ်လေးကိုဖွင့်၍ဖတ်ရင်း အ[illegible]သေးစိတ်ပြန်လည်ပြောပြနေလေသည်။

လူသတ်တရားခံကမီးခံသေတ္တာထဲတွင် မိမိ၏အမည်ဖြင့် လိပ်မူ၍ စာ[illegible]စောင်ထားခဲ့သည့်အကြောင်းကိုကြားလိုက်ရသော အခါ. . ဆရာကြီး၏ထူထဲသောမျက်ခုံးများရုတ်တရက်ကြုံ့၍သွားသော်လည်း ဟန်မပျက်ရယ်မောလိုက်ပြီးလျှင်. .

"အတော်တော့ထူးဆန်းနေပြီ. . ဦးဇင်ယော်။ ကျုပ်ကိုယ်တိုင်လည်း. . ဒီအမှုကိုအတော်စိတ်ဝင်စားနေပြီဗျ။ အဖြစ်အပျက်တွေအားလုံးကိုသိထားပြီးမှ. . အဲဒီစာကိုဖတ်လို့အဓိပ္ပါယ်ပေါ်မှာမို့ စုံစမ်းတဲ့ကိစ္စတွေပြီးသွားမှပဲဖတ်ကြည့်လိုက်တာပေါ့. . "

ဦးဇင်ယော်က အဖြစ်အပျက်များကိုဆက်လက်ပြောပြပြီး သောအခါ ဆရာကြီးက. .

"ဒီလူသတ်မှုနဲ့ပတ်သက်ပြီး လူယုံတော်စိုးကြီးဟာ[illegible]တော်များများသိထားလိမ့်မယ်ဗျ။ သူ့ကို. . ခေါ်စစ်လိုက်တော့ဗျာ။ သူနဲ့ဦးမြဝင်းတို့နှစ်ယောက်ပေါင်းပြီး ချာတိတ်ကိုတစ်ခုခုလုပ်ဖို့ ကြံစည်ထားကြတာမှာ. . သူတို့ဘာမှမလုပ်ရသေးခင် ချာတိတ်က လက်ဦးသွားတာဖြစ်လိမ့်မယ်။ အဲ[illegible]အချက်ကို ကျုပ်တို့ဘက်ကသိထားသလိုနဲ့မေးပြီးစစ်လိုက်ရင် ဒ[illegible]ဖြေမှန်ပေါ်လာမှာပါ. . "



ဦးဇင်ယော်ကမျက်နှာအရိပ်အကဲပြလိုက်သည်နှင့် မောင်းထောင်းကိုကိုကြီးက. . ဦးမြဝင်း၏လူယုံတော်စိုးကြီးကိုခေါ်ထုတ်လာလေသည်။

"စီအိုင်ဒီက စုံထောက်ကြီးဦးဇင်ယော်ဆိုတာ. . ဟောဒီဗိုလ်ကြီးပဲကွ။ မင်းကို. . စစ်ဆေးရင်ကောင်းကောင်းဖြေပါ"

စိုးကြီး၏အမူအရာမှာ. . မည်သူ့ကိုမျှထီမထင်ဟန်ဖြင့် မျက်နှာကိုတစ်ဘက်သို့လှည့်ထားလေသည်။

"မင်းနဲ့ဦးမြဝင်းတို့နှစ်ယောက်ပူးပေါင်းပြီး. . ဖျာပုံက ရောက်လာတဲ့ချာတိတ်လေးကိုသတ်ဖို့ကြံစည်ထားပြီးမှ ဘယ်လို ဖြစ်သွားရတာလဲ. . "

ဦးဇင်ယော်၏မေးခွန်းကြောင့်. . စိုးကြီး၏ခန္ဓာကိုယ်မှာ ဆတ်ကနဲတုန်ခါသွားပြီးလျှင်. . ကြောက်ရွံ့သည့်အမူအရာများက မျက်နှာတွင်ထင်ထင်ရှားရှားပေါ်လာလေတော့သည်။

"နှစ်ယောက်ပူးပေါင်းပြီးသတ်ဖို့ကြံစည်ကြတာ မဟုတ်ပါဘူး။ [illegible]းမြဝင်းက. . သူ့ဘာသာတစ်ယောက်တည်းကြံစည်တာပါခင်ဗျာ. . "

ဦးဇင်ယော်ကခေါင်းညိတ်၍ သဘောတူဟန်ပြလိုက်ပြီးလျှင်. .

"ဟုတ်ပြီလေ။ မောင်ရင်ဟာ. . ဦးမြဝင်းနဲ့ပြစ်မှုကျူးလွန်ဖို့တိုင်ပင်ခဲ့တာကလွဲပြီး လက်တွေ့မှာဘာပြစ်မှုမှမကျူးလွန်သေး

www.burmeseclassic.com

ဘူးဆိုတာကို ကျုပ်သိထားပါတယ်။ မောင်ရင့်အနေနဲ့ အဖြစ်မှန်အတိုင်းဖွင့်ပြောပြီးရင် မောင်ရင်သွားလိုရာကိုလွတ်လွတ်လပ်လပ်သွားခွင့်ပြုလိုက်ဖို့ ကျုပ်စဉ်းစားထားပါတယ်။ အရေးကြီးတာက ကျုပ်ကိုမှန် နန်ကန်ကန်ဖွင့်ပြောဖို့ပါပဲ. . ”

စိုးကြီး၏တင်းမာနေသောမျက်နှာအမူအရာမှာ ချက်ခြင်းပျော့ပြောင်းသွားပြီးလျှင်. .

“ဟုတ်ကဲ့. . ကျွန်တော်အမှန်အတိုင်းဖွင့်ပြောပါတော့မယ်။ စုံထောက်ကြီးရဲ့ကတိအတိုင်းသာ ကျွန်တော့်ကိုလွတ်လွတ်လပ်လပ်သွားခွင့်ပြုပါ. . ”

ထိုမှစ၍. . ဖျာပုံမှရောက်လာသောသူဌေးသားမောင်မိုးကြီးအကြောင်းနှင့် မောင်မိုးကြီး၏စိန်များကိုဦးမြဝင်းကအပိုင်စီးရန်ကြံစည်ခဲ့ပုံများကို အားလုံးဖွင့်ဟပြောပြလေတော့သည်။

စိုးကြီး၏စကားဆုံးသောအခါ စုံထောက်ကြီးဦးဇင်ယော်ကပြုံးလိုက်ပြီးလျှင်. .

“အင်း. . ။ ဦးမြဝင်းဟာ မြွေပွေးကိုရေမြွေထင်ပြီးဒု ှ များသွားရှာတာပဲ။ မင်းကိုနောက်ဆုံးတစ်ချက်ပဲမေးပါတော့မယ်။ မင်းဟာဦးမြဝင်းရဲ့လူယုံတော်လုပ်နေတာဆိုတော့ သူနဲ့ပတ်သက်ပြီးဘာတွေသိထားသလဲ။ သူ့ဆွေမျိုးသားချင်းတွေ၊ သူနဲ့ရင်းရင်းနှီးနှီးပေါင်းသင်းနေတဲ့သူငယ်ချင်းတွေနဲ့ပတ်သက်ပြီး မင်းသိထားသလောက်ပြောပြစမ်းကွာ. . ”



“အဲဒီအချက်ကတော့ အံ့သြစရာကောင်းတဲ့အချက်ပါပဲ ောက်ကြီး။ ဦးမြဝင်းဟာလွန်ခဲ့တဲ့ငါးနှစ်လောက်ကမှ အရောင်း ယ်လောကထဲ ှ ကျ်ပေါ်ပေါက်လာပြီး ငွေတွေရင်းနှီး ္ခနိုင်လို့ပွဲရုံကြီးကိုအောင်အောင်မြင်မြင်ထူထောင်နိုင်ခဲ့ပေမယ့် ူနဲ့ပတ်သက်နေတဲ့. . ဆွေမျိုးသားချင်း၊ ငယ်သူငယ်ချင်းတွေကို စ်ယောက်မှမတွေ့ဖူးခဲ့ပါဘူး။ ကျွန်တော့်ကို. . သူ့ရဲ့လူယုံတော် ဖြစ်တာဝန်ပေးခဲ့တဲ့လေးနှစ်ကျော်ကာလအတွင်းမှာ သူ့ရဲ့မိတ် ွေဟောင်း၊ သူငယ်ချင်းဟောင်းတွေနဲ့. . တစ်ခါမှမကြုံဖူးပါဘူး။ ူဟာအကြောင်းတစ်ခုခုကြောင့်ဇာတ်မြှုပ်နေတဲ့ လူတစ်ယောက် ာပါတယ်. . ”

တစ်ချိန်လုံးငြိမ်သက်စွာထိုင်နားထောင်နေခဲ့သော ဆရာ ကြီးလူသူတော်သျှောင်တစောင်းသည် ထိုင်ရာမှထရပ်လိုက်ပြီး. .

“ဆက်မေးနေလည်း. . ဘာမှမထူးခြားနိုင်တော့ဘူးဦးဇင် ယော်။ ကျုပ်ဆီကိုလိပ်မူပြီးရေးထားတဲ့စာကို. . ဖတ်ရမယ့်အချိန် ရောက်လာပြီ. . ”

ကျွန်ုပ်တို့သည် အိမ်အောက်ထပ်ရှိဧည့်ခန်းထဲတွင်ဝိုင်းဖွဲ့ ၍ထိုင်လိုက်ကြပြီး မောင်းထောင်းကိုကိုကြီးကစာအိတ်ကိုထုတ်ပေး လိုက်ရာ. . ဆရာကြီးသည်စာအိတ်ကိုဖေါက်၍ဖတ်ရှုလိုက်လေ၏။

စာကိုအေးဆေးစွာဖတ်ရှုနေရင်း. . ဆရာကြီး၏အမြဲတမ်း တည်ငြိမ်နေသောမျက်နှာတွင် တစ်ချက်မျှပျက်သွားသည်ကိုကျွန်ုပ်

www.burmeseclassic.com

သတိပြုလိုက်မိပေသည်။ ဆရာကြီးသည် စာကိုပြီးဆုံးအောင်ဖတ်ရှုလိုက်ပြီးမှ. .

“ဒီစာဟာကျုပ်တို့အားလုံးနဲ့ပတ်သက်နေတာမို့ အားလုံးသိထားသင့်တယ်။ ဦးသိန်းမောင်က. . အားလုံးကြားနိုင်အောင်အသံထွက်ပြီးဖတ်ပြလိုက်ပါဗျာ. .”

ဆရာကြီးကကျွန်ုပ်၏လက်ထဲသို့စာရွက်ကိုကမ်းပေးလိုက်ရာ. . စာရွက်အချောစားပေါ်တွင် ဝိုင်းစက်ညီညာသောလက်ရေးဖြင့်ရေးသားထားသောစာများအား ကျွန်ုပ်၏နှုတ်မှအသံထွက်၍ဖတ်ပြလိုက်လေသည်။

လူသူတော်သျှောင်တစောင်း. .

ကျွန်ုပ်ဟာ. . တိဗက်မှာရှိတဲ့ရှေးဟောင်းပညာကျမ်းတစ်ခုကိုရရှိဖို့အတွက်. . ကျွန်ုပ်ရဲ့တပည့်လေးယောက်နဲ့ ခြောက်နှစ်ကျော်အချိန်ယူပြီးစွန့်စွန့်စားစားသွားရောက်ကြိုးစားခဲ့တယ်. .။

ကျွန်ုပ်ကိစ္စတွေအောင်မြင်စွာပြီးစီးခဲ့လို့ ရန်ကုန်ကိုပြန်ရောက်လာတဲ့အခါ. ကျွန်ုပ်တပည့်သိန်းတန်ဟာ ကျွန်ုပ်ပစ္စည်းတွေကိုခိုးယူပြီးမြဝင်းဆိုတဲ့နာမည်နဲ့ပွဲရုံသူဌေးလုပ်နေတာကိုတွေ့ရသလို. . ကျွန်ုပ်ရဲ့တပည့်ဟောင်းတွေနဲ့မိတ်ဆွေဟောင်းတွေဟာလည်း သင်တို့အုပ်စုရဲ့လက်ချက်ကြောင့်. . အသက်ဆုံးရှုံးသူတွေ၊ အချုပ်အနှောင်ခံနေရသူတွေ ဖြစ်ခဲ့ရပေပြီ. .။

သင်တို့အုပ်စုဆိုတာက. . (၁)လူသူတော်သျှောင်တစောင်း



(၂)စုံထောက်ဇင်ယော် (၃)သတင်းထောက်သိန်းမောင် (၄)စုံထောက်မင်းကြီးဇော်ဝင်းဝပ် (၅)အိုင်ဝီအေးမောင် (၆)စုံထောက်ကိုကိုကြီးတို့ကိုဆိုလိုရင်းဖြစ်တယ်။

သင်တို့ခြေ. . . ဟာ. ကျွန်ုပ်ရွေးချယ်တိုက်ခိုက်မယ့်ပစ်မှတ်ခြောက်ခုဖြစ်ပြီး. . ဒီစာဟာ သင်တို့ခြောက်ယောက်အတွက်သေမိန့်စာချွန်လွှာဖြစ်ပေတယ်။

ကျွန်ုပ်တပည့်ဟောင်း သစ္စာဖောက်သိန်းတန်(သူဌေးမြဝင်း)ကိုတစ်ရက်တည်းနဲ့အပြီးအပြတ်သုတ်သင်ပြီး ကျွန်ုပ်ထံမှခိုးယူသွားတဲ့ရွှေငွေရတနာတွေကိုရအောင်ပြန်ယူနိုင်ခဲ့တဲ့မောင်မိုးကြီးဟာ ကျွန်ုပ်ရဲ့တတိယမြောက်နောက်ဆုံးတပည့်သာဖြစ်တယ်။ သူ့စွမ်းရည်ကိုကြည့်ပြီး ကျန်တဲ့တပည့်ကြီးသုံးယောက်ရဲ့စွမ်းရည်ကိုသင်တို့ခန့်မှန်းနိုင်အောင်တစ်ချက်ခုတ်နှစ်ချက်ပြတ်စီစဉ်ပြလိုက်တာပဲ။

ကျွန်ုပ်အကြောင်းကောင်းစွာသိရှိတဲ့ လူသူတော်သျှောင်တစောင်းအနေနဲ့. . ဒီစာဟာ ခြောက်လှန့်ရေးသားခြင်းမဟုတ်ကြောင်းနားလည်မှာပါ။

သားကောင်ကို. . အသိပေးပြီးမှသတ်ဖြတ်ရတဲ့မုဆိုးတွေရဲ့အရသာကို. . လူသူတော်သျှောင်တစောင်းကောင်းစွာနားလည်မှာပါ။ သင့်မိတ်ဆွေတွေအတွက်၊ သင့်အတွက် . . ကာကွယ်ချိန်ရအောင်ကြိုတင်အသိပေးလိုက်ခြင်းပါပဲ။

အာသာဝတီရွှေများ

www.burmeseclassic.com

ကျွန်ုပ်သည်. . စာကိုတစ်ပိုဒ်ခြင်းဖတ်ပြနေရင်း ကြောက်လန့်စိတ်ကြောင့် အသံများပင်မသိမသာတုန်ယင်လာမိလေသည်။ အာသာဝတီရွှေမားဆိုသူကိုကျွန်ုပ်မသိသော်လည်း ကျွန်ုပ်ကိုပါသတ်ဖြတ်မည်ဟုခြိမ်းခြောက်ထားသောစာပိုဒ်ကို အသံထွက်ဖတ်ပြနေရချိန်တွင်. . ကြက်သီးများတဖျင်းဖျင်းထလာမိသည့်အဖြစ်မှန်ကိုကား ကျွန်ုပ်ဝန်ခံရပေမည်။

ကျွန်ုပ်သည်စာရွက်ကိုပြန်ခေါက်၍ ဆရာကြီးအားကမ်းပေးလိုက်ရာ. .

"သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းထားဖို့ ဦးဇင်ယော်ဆီမှာပဲအပ်ထားလိုက်ပါဦးသိန်းမောင်. ."

ကျွန်ုပ်စာဖတ်ပြနေချိန်တွင်. . မျက်နှာကြီးနီရဲ၍ဒေါသတကြီးဖြစ်နေသော မောင်းထောင်းကိုကိုကြီးက. .

"အာသာဝတီရွှေမားဆိုတာက. . ဘယ်သူလဲဆရာကြီး။ သူဟာ. . ဆရာကြီးလိုပုဂ္ဂိုလ်ကြီးနဲ့စီအိုင်ဒီစုံထောက်အဖွဲ့ကြီးကစုံထောက်မင်းကြီးအပါအဝင်ကျွန်တော်တို့စုံထောက်တွေကိုတောင်သတ်ဖြတ်ဖို့ခြိမ်းခြောက်နေပြီး သေမိန့်စာချွန်တွေဘာတွေကြီးကြီးကျယ်ကျယ်ပြောနေတယ်ဆိုတော့ သူ့ကိုအမြန်ဆုံးဖမ်းဆီးအရေးယူနိုင်ဖို့လိုအပ်နေပါပြီ. ."

"ဟုတ်ပ. . ဆရာကြီးရယ်။ ဆရာကြီးတို့ဦးဇင်ယော်တို့လို. . သန်သန်စွမ်းစွမ်း၊ တိုက်ရဲခိုက်ရဲတဲ့လူစွမ်းကောင်းကြီးတွေကို



သတ်မယ်လို့ခြိမ်းခြောက်ရုံမကဘူး။ ကျွန်တော့်လိုဂီလာနအဖိုးကြီးကိုပါသတ်မယ်လို့ခြိမ်းခြောက်တာကတော့ လွန်လွန်းလှပါတယ်။ ဒီအာသာဝတီရွှေမားဆိုတဲ့လူဆိုးဟာ. . ဘယ်လိုလူစားမျိုးလဲဆရာကြီးရဲ့. ."

ဆရာကြီးလူသူတော်သျှောင်တစောင်းသည်. . သက်ပြင်းချက်ကိုလေးပင်စွာချလိုက်ပြီးလျှင်. .

"အာသာဝတီရွှေမားဟာ ကြောက်စရာကောင်းတဲ့ပညာရှင်ကြီးတစ်ယောက်ပဲ။ သူဟာ. . သိုင်းပညာနဲ့နက္ခတ္တဗေဒင်ပညာရပ်တွေမှာထူးချွန်ထက်မြက်လွန်းသလို သူ့ရဲ့သိုင်းပညာတွေကလည်းအလွန်ဆန်းပြားလှပါတယ်။ မနေ့ညတုန်းက. . မောင်မိုးကြီးဆိုတဲ့လူငလံလေးက ဦးမြဝင်းလိုထွားထွားကျိုင်းကျိုင်းလူကြီးကိုတက်ဝါးစောင်းနဲ့. . အရိုးတွေကိုရိုက်ချိုးပြီးတိုက်ခိုက်လိုက်နိုင်တာကလည်း သူသင်ပေးထားတဲ့လျှို့ဝှက်သိုင်းပညာကြောင့်ပါပဲ။ ဒါကြောင့်. . မောင်မိုးကြီးဟာသူ့ရဲ့စတုတ္ထမြောက်တပည့်လို့ဆိုထားတော့ ကျန်တဲ့တပည့်ကြီးသုံးယောက်ရဲ့ပညာအဆင့်ကိုခန့်မှန်းကြည့်လို့ရနေပါပြီလေ. ."

"အာသာဝတီရွှေမားဟာ. . ဒီလောက်သိုင်းပညာတွေထူးချွန်နေပြီးမှ ဘာကြောင့်များဒုစရိုက်သမားတစ်ယောက်ဖြစ်နေရတာလဲ ဆရာကြီး. ."

ဟုကျွန်ုပ်၏စိတ်ထဲတွင် လွန်စွာသိချင်နေသောအချက်

www.burmeseclassic.com

ကိုမေးမြန်းစပ်စုလိုက်ပြန်ရာ. .

"သူဟာ. . ပညာလောဘသိပ်ကြီးမားတဲ့လူတစ်ယောက် သူ့ဘဝတစ်လျှောက်လုံးမှာ. . ထူးဆန်းတဲ့ပညာရပ်တွေနောက် လိုက်စားကျင့်ကြံရင်းနဲ့ပဲ ပညာရပ်တစ်ခုကိုရရှိဖို့ဆိုရင်. . တရား တယ်၊ မတရားတယ်ဆိုတာကိုမစဉ်းစားတော့ဘဲ ထင်ရာစိုင်းပြီးလုပ် တတ်လို့ ဥပဒေနဲ့ငြိစွန်းတဲ့လုပ်ရပ်မျိုးတွေအကြိမ်ကြိမ်ကျူးလွန် ခဲ့တာပါပဲ။ သူဟာလူထူးထူးဆန်းတစ်ယောက်မို့ သူ့စိတ်ထဲမှာမှ တယ်လို့ထင်ရင်. . ရာဇဝတ်ဘောင်တွေဘက်ကဖြစ်နေရင်လည်း ဂရုမစိုက်ဘဲဝင်ပြီးကူညီပေးတတ်လို့. . ဒုစရိုက်လောကမှာ တပည့် တပန်းတွေ၊ အပေါင်းအသင်းမိတ်ဆွေတွေအများကြီးရှိနေတာပေ

"သူကဒီလောက်အကြာကြီး ဒုစရိုက်လောကမှာလှုပ်ရှား နေတာကို. . ကျွန်တော်တို့ကဘာကြောင့် သူ့နာမည်ကိုတောင်မ သိဘဲဖြစ်နေရတာလဲဆရာကြီး. ."

မောင်းထောင်းကိုကိုကြီးသည် အာသာဝတီရွှေမားဆိုသူ နှင့်ပတ်သက်၍မကျေမနပ်ဖြစ်နေသဖြင့် ထပ်မံမေးမြန်းစပ်စုလိုက် ပြန်လေသည်။

"သူ့အသက်က. . ခြောက်ဆယ်လောက်ရှိနေပြီမောင်ကို ကိုကြီး။ သူဟာရန်ကုန်မြို့မှာအနေနည်းပြီး နေရာအနှံ့လျှောက် သွားနေတာမို့ မောင်ကိုကိုကြီးတို့စီအိုင်ဒီနဲ့သိပ်မပတ်သက်သလို ဖြစ်နေတာပေါ့။ သူ့သတင်းကိုမကြားရတာ ဆယ်နှစ်နီးပါးကြာ



ပြီမို့ ကျပ်ကသူသေပြီလို့တောင်ထင်နေမိတာ။ လက်စသတ် တော့. . သူကတိဗက်ကိုရောက်ခဲ့နေတာကိုး။ တိဗက်မှာ ဘာပညာ ရပ်တွေများ ထူးထူးခြားခြားလိုက်စားလာခဲ့သလဲတော့. . မသိနိုင် သေးဘူး။ သူ့ရဲ့. . ထူးခြားဆန်းပြားတဲ့တိုက်ခိုက်ရေးပညာတွေဟာ အင်မတန်ကြောက်စရာကောင်းတဲ့ ရှေးဟောင်းပညာရပ်တွေပါရှိ နေတာမို့ သူ့ကိုရင်ဆိုင်တိုက်ခိုက်ဖို့တော့စိတ်မကူးကြပါနဲ့. ."

"သူ့ရဲ့အရည်အချင်းများစွာထဲက. . အထူးခြားဆုံးအရည် အချင်းကတော့. . ဉာဏ်ရည်ထက်မြက်လွန်းတာပါပဲ။ မနှေးညက ဓာင်မိုးကြိုးကျူးလွန်သွားတဲ့အမှုကိုလေ့လာကြည့်လိုက်ရင် သူဌေး ကြီးဦးမြဝင်းအမည်ခံသိန်းတန်ဆိုတဲ့လူက သူ့ပစ္စည်းတွေခိုးယူ သွားပြီး လူယုံတော်တွေသေနတ်ကိုင်အစောင့်တွေနဲ့တိုက်ကြီးထဲ တမီးခံသေတ္တာထဲမှာလုံလုံခြုံခြုံသိမ်းထားတာကိုတောင်. . သေချာ အကွက်ဆင်ပြီး တစ်ရက်တည်းနဲ့ပြန်လုပ်ကြံသွားတာဟာ သူ့ရဲ့ အလွန်ကြောက်စရာကောင်းတဲ့အရည်အချင်းတစ်ခုပဲပေါ့. ."

ဦးဇင်ယော်သည် ခေါင်းတညိတ်ညိတ်လုပ်၍နားထောင် နေရင်း. .

"သူ့လို ဉာဏ်ကောင်းလွန်းတယ်ဆိုတဲ့လူတစ်ယောက်က သူ့မိတ်ဆွေတွေနဲ့တပည့်တပန်းတွေကို ဥပဒေအရဖမ်းဆီးအပြစ် ပေးခဲ့တဲ့အချက်ကြောင့်. . စီအိုင်ဒီအရာရှိတွေကိုသတ်မယ်လို့စိန် ခေါ်လိုက်တာဟာ နည်းနည်းထူးဆန်းမနေဘူးလားဆရာကြီး။ ဒီလို

အလုပ်မျိုးတွေဟာ ဦးနှောက်မရှိတဲ့လမ်းဘေးလူမိုက်တွေရဲ့အကျင့် အကြံမျိုးတွေပါ. . ”

“ဦးဇင်ယော်ပြောတာ မှန်ပါတယ်။” ကျုပ်ကိုယ်တိုင်လည်း အဲဒီအချက်ကိုပဲ. . စိတ်ထဲမှာမသင်္ကာဖြစ်နေမိတယ်။ ကျုပ်ခန့်မှန်း မိသလောက်ပြောရရင်ဖြင့်. . အာသာဝတီရွှေဓားဟာ အင်မတန် ကြီးမားတဲ့ရာဇဝတ်မှုကြီးတစ်ခုကိုကျူးလွန်တော့မှာမို့ ကျုပ်တို့ကို လမ်းကြောင်းလွှဲတဲ့သဘောနဲ့. . ဒီခြိမ်းခြောက်စာကို တမင်ရေးခဲ့ တာပဲဖြစ်လိမ့်မယ်။ ခင်ဗျားအနေနဲ့ မစ္စတာစတီးဝပ်ဆီမှာအစီရင် ခံရင်ပီစာအကြောင်းကိုချွင်းချန်ထားလို့မဖြစ်လေတော့. . ကျုပ်တို့ ခန့်မှန်းထားတဲ့အချက်ကို သူနားလည်အောင်ကြိုးစားရှင်းပြလိုက် ပေါ့ဗျာ။ လိုအပ်လာရင်တော့. . ကျုပ်လည်းဝိုင်းပြီးရှင်းပြပေးပါ့ မယ်လေ. . ”

ထိုသို့ဖြင့်. . ကျွန်ုပ်တို့သည် စုံထောက်မင်းကြီးမစ္စတာ စတီးဝပ်နှင့်တွေ့ဆုံရန် အင်းစိန်စီအိုင်ဒီရုံးကြီးသို့ခရီးဆက်ခဲ့ကြ လေတော့သည်။

♣ ♣ ♣

အာသာဝတီဆိုတာကတော့. . .
ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်တွေရဲ့ဘာဝတီသာနတ်ပြည်က
စိတ္တလတာဆိုတဲ့ဥယျာဉ်ကြီးမှာသာရှိနေတဲ့. . .
အလွန်ထူးခြားဆန်းကြယ်တဲ့နတ်ပန်းနွယ်ပင်တစ်မျိုးပါပဲ။

လူသူတော်သျှောင်တစောင်း

www.burmeseclassic.com

## စိတ်ဓါတ်ကျနေသောစုံထောက်မင်းကြီး

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်၊ ၊၊ ၌အစည်းအဝေး
စားပွဲကြီး၏ထိပ်ဆုံးမှဆုံလည်ခုံကြီးတွင် စိတ်ပျ လက်ပျက်အမူ
အရာဖြင့်မှို၍ထိုင်နေရင်း. . စုံထောက်ကြီးဦးဇင်ယော်၏အမှု
အကြောင်းအစီရင်ခံချက်များကို ငြိမ်သက်စွာနားထောင်နေလေ
သည်။

အာသာဝတီရွှေတား၏ သေမိန့်စာချွန်လွှာအကြောင်းပြော
ပြပြီးသောအခါ မစ္စတာစတီးဝပ်သည်ထိုင်နေရာမှခုန်၍ထလိုက်
ပြီးလျှင်. .



"ဒိုးမိုင်ဂေါ့. . ဒီရာဇဝတ်ကောင်က ကျွန်ုပ်ကိုဝမ်နင်ပေး
လိုက်တာ ဟုတ်သလား။ ကျွန်ုပ်ကိုပါသတ်မယ်လို့. . ဝမ်နင်ပေး
လိုက်တယ်ပေါ့လေ. ."

"မှန်ပါတယ်. . စုံထောက်မင်းကြီး။ စုံထောက်မင်းကြီးအ
မြင် စီအိုင်ဒီကစုံထောက်သုံးယောက်၊ ဆရာကြီးလူသူတော်သျှောင်
တစောင်းနဲ့ဦးသိန်းမောင်တို့ကိုပါသတိပေးထားပါတယ်. ."

"ကျွန်ုပ်တို့က. . ရာဇဝတ်ကောင်ကို ဒီအတိုင်းလွှတ်ထား
လို့ဖြစ်မလား။ သူ့ကိုမမိမချင်း. . ကျွန်ုပ်အနေနဲ့စိတ်ချမ်းသာနိုင်
စရာမဟုတ်ဘူးလေ. ."

"မှန်ပါတယ်. . စုံထောက်မင်းကြီး။ ကျွန်တော်တို့အနေနဲ့
သူ့တိုအမြန်ဆုံးဖမ်းမိနိုင်ဖို့ကြိုးစားနေပါတယ်။ ပွဲရုံသူဌေးကြီးဦးမြ
ဝင်းကိုသတ်သွားတဲ့အမှုမှာ. . ဘာသဲလွန်စမှချန်မထားခဲ့ပေမယ့်
လူသတ်သမားဟာမောင်မိုးကြိုးဆိုတာနဲ့မောင်မိုးကြိုးရဲ့ဆရာဟာ
အာသာဝတီရွှေတားဆိုတာကိုအတိအကျသိရပြီမို့. . သူတို့နဲ့ပတ်
သက်တဲ့သတင်းတွေကို. . ကျွန်တော်တို့စီအိုင်ဒီအဖွဲ့သားတွေက
လူ့ရှိတ်လောကထဲမှာလိုက်လံစုံစမ်းဖို့စီစဉ်နေပါပြီ. ."

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည် အကြီးအကျယ်
မှုက်နှာပျက်လျှက်ရှိနေပြီးလျှင်. . ဆရာကြီးလူသူတော်သျှောင်တ
စောင်းဘက်သို့ရုတ်တရက်လှည့်လိုက်ပြီး. .

"အာသာဝတီရွှေတားဆိုတဲ့နာမည်ရဲ့အဓိပ္ပါယ်က ဘာကို

www.burmeseclassic.com

ဆိုလိုတာလဲမစ္စတာသျှောင်တစောင်း. . ”

ဟု မေးမြန်းလိုက်ပြန်လေသည်။

“အာသာဝတီဆိုတာကတော့. . ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်တွေရဲ့. . တာဝတိံသာနတ်ပြည်က စိတ္တလတာဆိုတဲ့ဥယျာဉ်ကြီးမှာသာရှိနေတဲ့ အလွန်ထူးခြားဆန်းကြယ်တဲ့နတ်ပန်းနွယ်ပင်တစ်မျိုးပါပဲ။ အဲဒီနွယ်ပင်ဟာ. . နှစ်ပေါင်းတစ်ထောင်ကြာမှ တစ်ခါသာသီးတတ်တာမို့. . ရှားပါးလွန်းတဲ့ပစ္စည်းတစ်ခုအနေနဲ့ စံပြုထားကြတာပါ။ အာသာဝတီရွှေမားဆိုတဲ့လူဟာ. . ရွှေသားစစ်စစ်နဲ့ပြုလုပ်ထားတဲ့မားကိုကိုင်ဆွဲပြီးတိုက်ခိုက်တတ်တာမို့. . သူ့ကိုယ်သူလည်း ထူးထူးဆန်းဆန်းရှားရှားပါးပါးလူသားတစ်ဦးအဖြစ်သတ်မှတ်ပြီး အာသာဝတီရွှေမားဆိုတဲ့နာမည်ကိုယူထားတာပါ. . ”

“ဒီလူဟာ. . သူ့ကိုယ်သူ အတော်အ ကြီးနေတဲ့ပုံစံလားဗျ။ အဲဒီလိုစိတ်ကြီးဝင်နေလို့လည်း ကျုပ်တို့ ိုင်ဒီအဖွဲ့ကြီးကိုစိန်ခေါ်ဝံ့နေတာပေါ့။ သူ့ပညာဟာ. . မစ္စတာ တစောင်းရဲ့ပညာနဲ့ယှဉ်လိုက်ရင် ဘယ်လိုအခြေအနေရှိသလဲ. . ”

“သူနဲ့မတွေ့ရတာဆယ်နှစ်လောက်ရှိခဲ့ပြီဆိုတော့ လက်ရှိအခြေအနေမှာသူ့ပညာကိုခန့်မှန်းလို့မရနိုင်ပါဘူး။ ဒါပေမယ့်. . သူ့ရဲ့စတုတ္ထအပည့်ဖြစ်တဲ့ မောင်မိုးကြိုးရဲ့ပညာကိုအကဲဖြတ်ခွင့်ကြုံခဲ့ရတာမို့ အာသာဝတီရွှေမားနဲ့တပည့်လေးယောက်သာဝိုင်းပြီးတိုက်ခိုက်ကြမယ်ဆိုရင်. . ကျွန်ုပ်အနေနဲ့ သူတို့ကိုရှုံးမှာသေချာ



ဘယ်မစ္စတာစတီးဝပ်. . ”

“အိုး. . ဒီရာဇဝတ်ကောင်တွေဟာ အတော်ကြောက်စရာကောင်းနေပါလား။ ကျွန်ုပ်ရဲ့တစ်သက်မှာမစ္စတာသျှောင်တစောင်းဆီက. . အရှုံးဆိုတဲ့စကားကိုဒီတစ်ခါပဲကြားဖူးသေးတယ်. . ”

“မှန်ပါတယ်. . မစ္စတာစတီးဝပ်။ ကျွန်တော်တို့ရဲ့ မြန်မာစကားပုံမှာလည်း. . တောင်တစ်တောင်ထက်မြင့်သောတောင်ဟာရှိတယ်လို့ဆိုထားပါတယ်။ ကျွန်ုပ်ထက်စွမ်းရည်သာလွန်တဲ့သူတွေ. . လောကကြီးမှာအများကြီးရှိကြပါတယ်. . ”

“ကျွန်ုပ်သဘောပေါက်ပါပြီ မစ္စတာသျှောင်တစောင်း။ ဒီရာဇဝတ်ကောင်တွေက ကျွန်ုပ်တို့ကိုသတ်မယ်လို့ဝမ်နင်ပေးတဲ့ကိစ္စနဲ့ပတ်သက်ပြီး မစ္စတာသျှောင်တစောင်းရဲ့သဘောထားကိုပြောပြပါဦး. . ”

“အာသာဝတီရွှေမားဆိုတဲ့လူဟာ. . ရာဇဝတ်မှုကျူးလွန်ရာမှာအကွက်ဆင်ညာဏ်ကစားပြီးကျူးလွန်ရတတ်တဲ့လူမျိုးပါ။ ဒီလိုသတ်ဖြတ်မယ်ဆိုတဲ့စာမျိုးကိုရေးထားခဲ့တာကလည်း ကျွန်ုပ်တို့ကိုရှုပ်စီလည်သွားအောင်၊ လမ်းကြောင်းပျောက်သွားအောင် တမင်ချည်နှောင်ပြီးလုပ်ထားခဲ့တာပါ. . ”

“အဲဒီလိုလုပ်လို့. . သူ့အတွက်ဘာများအကျိုးရှိသွားနိုင်သလဲ မစ္စတာသျှောင်တစောင်း. . ”

“ကျွန်ုပ်တို့က. . သူ့အန္တရာယ်ကိုထိတ်လန့်လို့ဘာကွယ်

www.burmeseclassic.com

ဖို့ကြိုးစားနေတဲ့အချိန်မှာ သူဟာအလွန်ကြီးမားတဲ့ရာဇဝတ်မှုကြီး
တစ်ခုကိုလွတ်လွတ်လပ်လပ်ကျူးလွန်ဖို့အခွင့်အရေးရနေမှာပေ
မစ္စတာစတီးဝပ်. . "

လူက. . ရာဇဝတ်မှုကြီးတစ်ခုကိုထပ်ကျူးလွန်မယ်ဆို
တဲ့ကိစ္စဟာဖြစ်နိုင်ပါ့မလား မစ္စတာသျှောင်တစောင်း"

"ကျွန်ုပ်ရဲ့သဘောထားကို မစ္စတာစတီးဝပ်ကမေးနေတာ
မို့ ကျွန်ုပ်ယုံကြည်တာကိုဆက်ပြောပြပါ့မယ်။ ဒီတစ်ရက်နှစ်ရက်
အတွင်း. . အာသာဝတီရွှေဓားဆိုတဲ့လူဟာ ကျွန်ုပ်တို့ကိုတုန်လှုပ်
ခြောက်ခြားသွားအောင် နည်းမျိုးစုံနဲ့ခြောက်လှန့်အန္တရာယ်ပေးနေ
ပါလိမ့်မယ်။ အဲဒီအချိန်အတွင်းမှာပဲ. . လုံးဝမဖြစ်နိုင်ဘူးလို့သတ်
မှတ်ထားကြတဲ့ရာဇဝတ်မှုကြီးတစ်ခုကို အာသာဝတီရွှေဓားတို့က
ကျူးလွန်ကြပါလိမ့်မယ်. . "

မစ္စတာစတီးဝပ်သည်. . အလွန်စိတ်ရှုပ်ထွေးသွားသော
အမူအရာဖြင့် ဦးခေါင်းကိုတဗျင်းဗျင်းမြည်အောင်ကုတ်လိုက်ပြီး
လျှင်. .

"အိုးမိုင်ဂေါ့. . ဒီရာဇဝတ်ကောင်တွေက ရာဇဝတ်မှုကြီး
တစ်ခုကိုထပ်ပြီးကျူးလွန်ကြဦးမယ်လား။ ဒီလိုသာ. . နောက်ထပ်
ကျူးလွန်ကြရင်ဖြင့်. . ကျွန်ုပ်လည်း စုံထောက်မင်းကြီးရာထူးက
နုတ်ထွက်လိုက်ဖို့ပဲရှိတော့တယ်။ မစ္စတာသျှောင်တစောင်းအနေနဲ့
ဒီရာဇဝတ်ကောင်တွေကို အချိန်မီ ဘားဆီးပေးလို့မဖြစ်နိုင်တော့



သား"

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် စုံထောက်
ကြီး၏အမူအရာကိုကြည့်၍ သဘောကျစွာရယ်မောလိုက်ပြီး
လျှင်. .

"မစ္စတာစတီးဝပ်အနေနဲ့ ရာထူးကနုတ်ထွက်ရတဲ့အထိ
တော့. . အခြေအနေမဆိုးနိုင်ပါဘူး။ သူတို့လှုပ်ရှားမယ့်အစီအစဉ်
တွေကို ကျွန်ုပ်တို့ကကြိုတင်ခန့်မှန်းတွက်ချက်ထားနိုင်ပြီဆိုတော့
ကျွန်ုပ်တို့ဘက်ကပြန်အကွက်ချပြီး ညာဏ်ရည်ချင်းပြိုင်ကြရမှာပါ။
ဒီအတွက်လည်း. . ကျွန်ုပ်အမြန်စီစဉ်ပါ့မယ်။ ကျွန်ုပ်တို့ဘက်မှာ
အားနည်းနေကဲ့အချက် ကတော့. . ကျွန်ုပ်တို့ကသူတို့အကြောင်း
တွေကိုသိရ နှစ်နာရီလောက်ပဲရှိသေးတဲ့အချက်ပါပဲ. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းက အားပေးသည့်
အပြုံးဖြင့်ပြုံးပြလိုက်ပြီးလျှင်. .

"အာသာဝတီရွှေဓားဟာ. . ကျွန်ုပ်တို့အကြောင်းတွေကို
အချိန် ယူစုံစမ်းပြီးအကွက်ဆင်ထားတာမို့. . ပထမပိုင်းမှာတော့
ကျွန်ုပ်တို့ဘက်ကအလူးအလဲခံစားရမှာကျိန်းသေပါတယ် မစ္စတာ
စတီးဝပ်။ အဲဒီအချိန်တွေမှာ. . စုံထောက်အဖွဲ့ကြီးရဲ့အကြီးအကဲ
ဖြစ်တဲ့မစ္စတာစတီးဝပ်အနေနဲ့ စိတ်ဓါတ်မကျဘဲကြံ့ကြံ့ခံရင်ဆိုင်
နိုင်ဖို့ပဲအရေးကြီးပါတယ်။ လိုရင်းကိုပြောရရင်တော့. . ရင်ချင်း
အပ်နဲ့ရင်ဆိုင်ရတဲ့အချိန်တွေမှာ စိတ်ဓါတ်မကျဖို့ပါပဲ. . "

www.burmeseclassic.com

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည် ဆရာကြီးကိုယ်တိုင်ကထူးထူးခြားခြားအရှုံးစကားဆိုနေခြင်းကြောင့်မျက်နှာသိပ်မကောင်းလှဘဲ စိတ်ပျက်နေသောအမူအရာဖြင့်. .

"မစ္စတာသျှောင်တစောင်းပြောနေတာကို ကျွန်ုပ်ကောင်းစွာသဘောပေါက်ပါတယ်။ ဒီရာဇဝတ်ကောင်တွေကို အမြန်ဖမ်းဆီးနိုင်အောင်သာကြိုးစားပါတော့မစ္စတာသျှောင်ဏစောင်း. . "

အစည်းအဝေးခန်းအပြင်သို့ရောက်သည်နှင့် ဆရာကြီးလူသူတော်သျှောင်ဏစောင်းသည် ကျွန်ုပ်တို့အားလုံးဘက်သို့လှည့်လိုက်ပြီးလျှင်. .

"ကျုပ်. . အိမ်ကိုခဏပြန်ပြီး လိုအပ်တဲ့ပစ္စည်းလေးတွေသွားယူလိုက်ဦးမယ်။ ခင်ဗျားတို့အားလုံး. . ဦးဇင်ယော်ရုံးခန်းတပဲစောင့်နေကြပေတော့. ."

ဟုပြောကြားလိုက်ကာ မှဆိုးကြီးဘိုးသာကတံခါးဖွင့်ပေးထားသော အနက်ရောင်စတူဒီဘေကာကားကြီးပေါ်သို့တက်သွားလေတော့သည်။

♣ ♣ ♣

အေးဗျာ...အဖြစ်ကတော့ပြောမယုံလောက်အောင်ပါပဲ။
လူဆိုးကစုံထောက်တွေကို...
အသက်အန္တရာယ်ပြုမယ်လို့ခြိမ်းခြောက်တာဟာ...
ကျုပ်ဘဝမှာ ပထမဦးဆုံးကြုံဖူးတာပဲဗျ။

စုံထောက်ကျော်မောင်းထောင်းတိုက်ကြီး

www.burmeseclassic.com

## စီအိုင်ဒီတွင်လုပ်ကြံခြင်း

ကျွန်ုပ်တို့သည် စီအိုင်ဒီဝင်းကြီးထဲမှအရှိန်ပြင်းထန်စွ
မောင်းနှင်ထွက်ခွာသွားသော အနက်ရောင်စတူဒီဘေကာကားကြီး
အား အချိန်အတန်ကြာမျှငေးမော၍ကြည့်နေမိကြလေသည်။

ဆရာကြီးလူသူတော်သျှောင်တစောင်း၏ထူးခြားချက်
တစ်ခုမှာ အလွန်တန်ဖိုးကြီးမားသောစတူဒီဘေကာအမျိုးအစား
အနက်ရောင်နှင့်အဖြူရောင်ကားကြီးနှစ်စီးကိုဝယ်ယူထားရှိပြီး လူ
သူတော်အဖြစ် ကောင်းမှုကောင်းကျိုးများဆောင်ရွက်နေချိန်တွင်
လူပုလေးဂွန်ရှိုင်းမောင်းနှင်သောအဖြူရောင်စတူဒီဘေကာကားကြီး
ကိုစီးနင်းသွားလာတတ်ကာ.. သျှောင်တစောင်းဘဝဖြင့်ဒုစရိုက်



မားများကိုရင်ဆိုင်ရပြီဆိုလျှင် မုဆိုးကြီးဘိုးသာမောင်းနှင်သော
နက်ရောင်စတူဒီဘေကာကားကြီးကိုစီးနင်းတတ်ခြင်းဖြစ်သော
ကြောင့်.. စိတ်တိုင်းကျ ...နှန်းသလို ကားမောင်းရာတွင်ကြမ်း
တမ်းလွန်းသောမုဆိုးကြီးဘိုးသာ၏ စတူဒီဘေကာကားကြီးအား
ကြမ်းတမ်းစွာမောင်းနှင်ထွက်ခွာသွားပုံကို ငေးမောကြည့်နေမိကြ
ခြင်းပင်ဖြစ်ပေသည်။

"ဆရာကြီးပြန်လာတဲ့အချိန်ထိစောင့်ကြရဦးမှာဆိုတော့
ကျုပ်ရုံးခန်းထဲမှာပဲ အေးအေးဆေးဆေးစကားပြောရင်းထိုင်စောင့်
ကြတာပေါ့ဗျာ.."

ဦးဇင်ယော်၏စကားကြောင့်.. မောင်းထောင်းကိုကိုကြီး၊
ဆိုဦးအေးမောင်နှင့်ကျွန်ုပ်တို့သည် ဦးဇင်ယော်၏ရုံးခန်းဘက်
သို့ခြေဦးလှည့်လိုက်ကြလေတော့သည်။

ဦးဇင်ယော်၏ရုံးခန်းထဲတွင်.. ဝိုင်းဖွဲ့၍ထိုင်လိုက်ကြပြီး
ဦးဇင်ယော်ကပြာတာမောင်အေးအားလှမ်းခေါ်လိုက်ကာ..

"လက်ဘက်ရည်ဆိုင်ကို ကော်ဖီလေးခွက်နဲ့မုန့်တွေလာ
ပေးဖို့ပြောလိုက်စမ်းပါမောင်အေးရာ.."

"ဟုတ်ကဲ့.. စုံထောက်ကြီး"

ပြာတာမောင်အေးထွက်ခွာသွားသည်နှင့် ကိုယ့်အတွေး
နှင့်ကိုယ်ငြိမ်သက်စွာထိုင်နေကြသော ကျွန်ုပ်တို့သုံးယောက်အား
ကြည့်လိုက်ပြီးလျှင် ဦးဇင်ယော်ကအသံထွက်အောင်ပင်ရယ်မော

www.burmeseclassic.com

လိုက်လေတော့သည်။

"ကျုပ်တို့စိတ်ညစ်နေချိန်မှာ ခင်ဗျားကဘာကိုသဘော ကျပြီးရယ်နေတာလဲ ဦးဇင်ယော်ရဲ့"

ကျွန်ုပ်ကဘုတော,တောလိုက်သော်လည်း ဦးဇင်ယော်က ထပ်မံရယ်မောလိုက်ပြီး. .

"အာသာဝတီရွှေများတို့က သတ်မယ်လို့ဝမ်နင်ပေးထား တဲ့လူလေးယောက်ဟာ. . အခန်းတစ်ခန်းထဲမှာစုထိုင်မိနေကြတဲ့ အဖြစ်ကိုတွေးမိပြီး သဘောကျလို့ရယ်နေတာပါဗျ။ အာသာဝတီ ရွှေများသာကျုပ်တို့အဖြစ်ကိုသိရင် လေးယောက်ကိုတစ်ခါတည်း ရှင်းပစ်လို့ရသွားမှာပဲလေ. ."

ဦးဇင်ယော်ကရှင်းပြလိုက်မှပင်. . ကျွန်ုပ်တို့၏အဖြစ်ကို ပြန်တွေးမိတာ ကျွန်ုပ်သည်လည်းရယ်မောလိုက်မိသည်။

"အေးဗျာ. . အဖြစ်ကတော့ပြောမယုံလောက်အောင်ပါပဲ။ လူဆိုးကစုံထောက်တွေကို. . အသက်အန္တရာယ်ပြုမယ်လို့ခြိမ်း ခြောက်တာဟာ ကျုပ်ဘဝမှာပထမဦးဆုံးကြုံဖူးတာပဲဗျ။ ဒီကောင် တွေကိုတွေ့လို့ကတော့. . သူ့သေကိုယ်သေရင်ဆိုင်ပစ်လိုက်မှာပဲ"

ဒေါသကြောင့်မျက်နှာကြီးနီရဲနေသော မောင်းထောင် ကိုကိုကြီးကမှတ်ချက်ပြုလိုက်ပြီးလျှင်. . ခါးတွင်ချိတ်ဆွဲထားသော ခြောက်လုံးပြူးသေနတ်အိတ်ကိုပုတ်ပြလိုက်လေသည်။

"စိတ်အေးအေးထားစမ်းပါ. . မောင်ကိုကိုကြီးရယ်။ ရန်သူ



တွေက. . ကျုပ်တို့ကိုဒေါသထွက်စေချင်လို့တမင်ဆွပေးနေတာဗျ။ ဒေါသထွက်လို့အမှားကျူးလွန်မိရင်. . သူတို့စိတ်ကြိုက်ဖြစ်သွား တော့မှာပေါ့. ."

ကျွန်ုပ်သည် မောင်းထောင်ကိုကိုကြီး၏ဒေါသကြီးလွန်း သည့်သဘောကိုကောင်းစွာနားလည်ထားသောကြောင့် ဒေါသကြီး လျှင်အမှားပါတတ်ကြောင်းကိုနားချပြောကြားလိုက်လေသည်။

ထိုအချိန်တွင်. . လက်ဘက်ရည်ဆိုင်မှစားပွဲထိုးလေးက ကော်ဖီပန်းကန်နှင့်မုန့်များကို လင်ပန်းတစ်ခုဖြင့်ထည့်ယူလာပြီး လျှင် ဦးဇင်ယော်၏ရောမရှုံးစားပွဲကြီးပေါ်သို့လာရောက်ချထား ပေးလိုက်လေသည်။

ကျွန်ုပ်သည်. . ဆရာကြီးလူသူတော်သျှောင်တစောင်းက ထူးထူးခြားခြားအိမ်သို့တစ်ခေါက်ပြန်သွားပြီးမှ ပြန်လာခဲ့မည်ဟု ဆိုသွားခြင်းအတွက်အလွန်အံ့ဩနေမိကာ အကျိုးအကြောင်းသိရှိ လိုသဖြင့်. .

"ဆရာကြီးကလည်း. . ဒီနေ့မှထူးထူးခြားခြားအိမ်ကိုပြန် သွားပြီး ကျုပ်တို့ကိုစောင့်နေဖို့မှာသွားသေးတယ်။ ဒီတစ်ခါဖြစ် တဲ့အမှုကတော့. . ထူးခြားလွန်းပါတယ်လေ"

တစ်ချိန်လုံးငြိမ်သက်စွာနားထောင်နေခဲ့သောအိုင်ဒီဦး အေးမောင်သည် သက်ပြင်းတစ်ချက်ကိုလေးပင်စွာချလိုက်ပြီး. .

"ကျုပ်စိတ်ထဲမှာတော့. . ဒီထက်ထူးခြားတဲ့အဖြစ်အပျက်

www.burmeseclassic.com

တွေ့ဆက်ဖြစ်လာဦးမယ်လို့ထင်နေမိတယ်။ ဒီတစ်ခါကျုပ်တို့ရင်ဆိုင်နေရတဲ့ရန်သူတွေဟာ. . အတော်ရက်စက်ပြီးကြောက်စရာကောင်းလောက်အောင်အစွမ်းထက်တဲ့လူတွေပဲဗျ. . ”

ကျွန်ုပ်အနေနှင့် အိုင်ပီဦးအေးမောင်၏စကားတွင်နားမဝင်နိုင်တော့ဘဲ. . တစ်စုံတစ်ခုကို အလွန်စိတ်ဝင်စားနေသည့်ပုံစံဖြင့် ရှေ့တည့်တည့်သို့စူးစိုက်ကြည့်နေသောဦးဇင်ယော်အားကြည့်လိုက်မိရာ. . ဦးဇင်ယော်စိတ်ဝင်တစားကြည့်နေသူမှာ မကြာမီကကော်ဖီနှင့်မုန့်များလာချပေးသွားသော စားပွဲထိုးလူငယ်လေးဖြစ်နေသည်ကိုတွေ့ရသဖြင့်. . ကျွန်ုပ်သည်လည်းထိုလူငယ်အား အာရုံစိုက်၍ကြည့်နေလိုက်မိသည်။

စားပွဲထိုးလူငယ်လေးသည် နောက်သို့လုံးဝလှည့်မကြည့်ဘဲရှေ့သို့ခပ်သွက်သွက်လျှောက်သွားနေရာ ရှုံ့ဂိတ်ဝနားရှိလက်ဘက်ရည်ဆိုင်လေးကိုကျော်ဖြတ်သွားပြီးလျှင် ဂိတ်အပြင်ဘက်သို့ရောက်သည်နှင့်ဘယ်ဘက်သို့ချိုးကွေ့လိုက်သောကြောင့် ကျွန်ုပ်တို့၏မြင်ကွင်းမှပျောက်ကွယ်သွားလေတော့သည်။

ဦးဇင်ယော်သည်နေရာမှထရပ်လိုက်ပြီး ထိုစားပွဲထိုးလေးနောက်သို့ပြေးလိုက်ရန်ပြင်လိုက်ချိန်တွင်. . အိုင်ပီဦးအေးမောင်တစ်ယောက်ကော်ဖီခွက်ကိုမော့သောက်ရန် နှုတ်ခမ်း၌တေ့လိုက်သည်ကိုမြင်လိုက်ရသောကြောင့် အိုင်ပီဦးအေးမောင်အားလျှပ်တစ်ပြက်ခုန်အုပ်လိုက်လေတော့သည်။



“ဝုန်း. . ”

“ဟာ. . ”

“ဦးဇင်ယော်. . ဘာလုပ်. . ”

အိုင်ပီဦးအေးမောင်မှာ. . ဦးဇင်ယော်က ရုတ်တရက်ခုန်အုပ်လိုက်သောအရှိန်ကြောင့် နောက်သို့ပက်လက်လန်ကျသွားပြီး ဦးဇင်ယော်မှာလည်း. . အိုင်ပီဦးအေးမောင်နှင့်ထပ်ရက်ဖြစ်ကာ ကြမ်းပြင်ပေါ်၌နှစ်ယောက်သားလိမ့်၍သွားကြလေတော့သည်။

ဦးဇင်ယော်သည် လဲကျနေရာမှလူးလဲထလိုက်ပြီးလျှင်. .

“ကော်ဖီနဲ့မုန့်တွေကို. . လုံးဝမထိကြနဲ့ဗျို့။ ကျုပ်. . ဟိုကောင့်နောက်ကိုလိုက်ကြည့်ဦးမယ်. . ”

ဦးဇင်ယော်သည်. . အခန်းထဲမှတစ်ရှိန်ထိုးပြေးထွက်ကာ စီအိုင်ဒီရုံးကြီး၏ဂိတ်ဝဘက်သို့အားသွန်ပြေးသွားသဖြင့် မောင်းထောင်းကိုကိုကြီးသည်လည်းအခြေအနေကိုရိပ်မိလိုက်ကာ နောက်မှအပြေးအလွှားလိုက်ပါသွားလေတော့သည်။

ဦးဇင်ယော်နှင့်မောင်းထောင်းကိုကိုကြီးတို့ နှစ်ယောက်သားပြေးလွှားနေကြသည့်အဖြစ်ကိုမြင်လိုက်ကြရသောစီအိုင်ဒီရုံးကြီးထဲမှလူများမှာတအံ့တဩဖြစ်နေကြလျှက် အပေါ်ထပ်ရုံးခန်းမှစုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည်လည်း သူ့မျက်စိကိုပင်မယုံကြည်နိုင်တော့ဘဲ. . စီအိုင်ဒီရုံးဝင်းကြီးထဲမှအဖြစ်အပျက်ကိုအံ့ဩတကြီးပင် ကြည့်ရှုနေမိလေတော့သည်။

www.burmeseclassic.com

မကြာမီ . . ဦးဇင်ယော်နှင့်မောင်းထောင်းကိုကိုကြီးတို့ နှစ်ယောက်သည် ရုံးခန်းရှိရာဘက်သို့မောပန်းစွာဖြင့်ပြန်ရောက်လာကြပြီးလျှင် . .

"ဒီကောင့်ကို ကားတစ်စီးကအဆင်သင့်စောင့်နေတော့ ကျုပ်တို့ရောက်သွားတဲ့အချိန်မှာ . . မော်တော်ကားမီးခိုးတွေပဲမြင်လိုက်ရတော့တယ်။ အတော်လျှင်တဲ့ကောင်တွေပဲ . . "

အိုင်ပီဦးအေးမောင်၏ယူနီဖောင်းမှာ ကော်ဖီရည်များဖြင့် ပေကျံလျက်ရှိသဖြင့်ဦးဇင်ယော်က . .

"ခင်ဗျားယူနီဖောင်းကို သွားလဲလိုက်ပါအိုင်ပီ။ ခင်ဗျားသောက်ဖို့ပြင်နေတဲ့ကော်ဖီခွက်ထဲမှာ ပြင်းထန်တဲ့အဆိပ်တွေခတ်ထားတယ်ဗျ . . "

အိုင်ပီဦးအေးမောင်မှာအကြီးအကျယ်မျက်နှာပျက်သွားပြီးလျှင် . .

"တောက် . . အတော်ယုတ်မာပြီး အတင့်ရဲတဲ့ကောင်တွေပါလား။ စီအိုင်ဒီရုံးကြီးထဲမှာတောင် . . လာလုပ်ကြံဝံ့တယ်ဆိုတော့ ဒီကောင်တွေကို အတော်သတိထားရလိမ့်မယ် . . "

ဦးဇင်ယော်သည် ရုံးခန်းအပေါက်ဝနားတွင်ရပ်ကြည့်နေကြသူများထဲမှဆာသင်ဘိုးအောင်အားလှမ်းခေါ် လိုက်ကာ . .

"ဒီကော်ဖီခွက်တွေနဲ့မုန့်တွေကို . . ဓါတ်ခွဲခန်းပို့ပြီးချက်ခြင်းစစ်ဆေးခိုင်းလိုက်စမ်း။ လက်ဘက်ရည်ဆိုင်ပိုင်ရှင်ကိုလည်း



အခုချက်ခြင်းလာခဲ့ဖို့သွားပြောလိုက်စမ်းပေ့ . . "

ကွဲနိုပ်သည်လျှင်မြန်စွာဖြစ်ပျက်သွားသော အဖြစ်အပျက်များကြောင့်အလွန်အံ့ဩနေမိကာ . .

"ကော်ဖီတွေမှာ အဆိပ်ခတ်ထားတာကို . . ဦးဇင်ယော် ဘာဘယ်လိုနည်းနဲ့များရိပ်မိလိုက်တာလဲဗျာ"

"ကျုပ်အခန်းမှာဧည့်သည်လာလို့ အဲဒီလက်ဘက်ရည်ဆိုင်ကစားသောက်စရာတွေမှာရင် . . ကျုပ်ရှေ့က စားပွဲကြီးပေါ်တင်ရဘူးလို့ ဆိုင်ရှင်ကိုသေသေချာချာမှာထားတာဗျ။ အဲဒီကောင်လေးကစားပွဲပေါ် လာတင်တာဆိုတော့ . . ဆိုင်ရှင်နဲ့တောင်သေချာမတွေ့ရသေးတဲ့လူသစ်တစ်ယောက်ဖြစ်ရမယ်လို့ထင်လိုက်ပြီး ကောင်လေးပြန်သွားတဲ့လမ်းကိုသတိထားကြည့်နေလိုက်တော့ဆိုင်ထဲကိုပြန်မဝင်ဘဲဂိတ်ပေါက်ဘက်ကိုလျှောက်ထွက်သွားတာမြင်လိုက်ရလို့ . . မသင်္ကာဖြစ်သွားတာပဲ။ ကောင်လေးလျှောက်နေတဲ့ပုံစံကလည်းသိပ်မြန်လွန်းနေတော့ ကျုပ်တို့ကိုတစ်ခုခုလုပ်သွားပြီလို့တွေးမိလိုက်တာပေါ့ဗျာ . . "

မကြာမီပင် . . လက်ဘက်ရည်ဆိုင်ပိုင်ရှင်သည်ရုံးခန်းထဲသို့အပြေးအလွှားရောက်ရှိလာရာ . .

"ခုနတုန်းက . . ပြာတာမောင်အေးလာမှာတဲ့ ကော်ဖီတွေနဲ့မုန့်တွေကို မင်းဘယ်သူ့ကိုပို့ခိုင်းလိုက်တာလဲ"

"မောင်မိုးကြိုးဆိုတဲ့ စားပွဲထိုးအသစ်လေးကိုပို့ခိုင်းလိုက်

www.burmeseclassic.com

တာပါ စုံထောက်ကြီး"

"ဟင်. . "

"ဟာ. . "

ယမန်နေ့ညကပင် သူဌေးကြီးဦးမြဝင်းအားသတ်ဖြတ်ခဲ့ပြီး ကျွန်ုပ်တို့အားဆက်လက်သတ်ဖြတ်ရန်ကြံစည်ခဲ့သောမောင်မိုးကြီး၏သတ္တိကိုတွေးမိလိုက်သောကြောင့် ကျွန်ုပ်တို့၏နှုတ်မှအာမေဋိတ်သံများပင်ထွက်ပေါ်သွားရလေသည်။

ဦးဇင်ယော်သည်. . စိတ်ထဲတွင်မကျေမနပ်ဖြစ်သွားသောကြောင့်. .

"အဲဒီမောင်မိုးကြီးဆိုတဲ့ကောင်လေးက ခင်ဗျားဆိုင်မှာအလုပ်ဝင်တာဘယ်နှရက်ရှိပြီလဲ. . "

"လွန်ခဲ့တဲ့တစ်လလောက်တည်းက အလုပ်လုပ်နေတာပါ စုံထောက်ကြီး။ သူ့အမေနေမကောင်းလို့ရွာ ခစ်ပတ်လောက်ခွင့်ယူပြန်သွားပြီး. . မနက်ကမှပြန်ရောက်လ ပါခင်ဗျာ"

ရန်သူသည်မိမိတို့ထက်အချိန်တစ်လခန့်စောပြီး စီအိုင်ဒီရုံးကြီးထဲ၌လှုပ်ရှားစုံစမ်းနေခဲ့သည်ကို သိလိုက်ရသောကြောင့် ဦးဇင်ယော်မှာမျက်နှာအကြီးအကျယ်ပျက်သွားပြီးလျှင်. .

"ဒီကောင်တွေဟာ. . ကျုပ်တို့အကြောင်းကိုသေသေချာချာစုံစမ်းထားပြီးပြီဗျ။ ကျုပ်တို့ဘက်က. . အစစအရာရာမှာသတိဝီရိယထားနိုင်မှဖြစ်တော့မယ်။ သူတို့အကြောင်းကို ကျုပ်တို့က



ဘာမှမသိသေးပေမယ့်. . ကျုပ်တို့အကြောင်းကို သူတို့ကအားလုံးသိနေကြပြီပဲ"

ဦးဇင်ယော်ကစိတ်ပျက်စွာညည်းတွားလိုက်ပြီးလျှင်. .

"မောင်မိုးကြီးကထွက်ပြေးသွားပြီဆိုတော့ သူ့ပစ္စည်းတွေကျန်ခဲ့သေးလား. . "

"သူအိပ်တဲ့ကွပ်ပျစ်ဘေးမှာ. . သူ့ခရီးဆောင်အိတ်တော့ကျန်ခဲ့ပါတယ်စုံထောက်ကြီး. . "

ဦးဇင်ယော်က. . မောင်းထောင်းကိုကိုကြီးဘက်သို့လှည့်လိုက်ပြီးလျှင်. .

"အဲဒီမိုးကြီးဆိုတဲ့ကောင်လေး တစ်လလောက်နေခဲ့တဲ့နေရာအနီးအနားမှာရှေ့သဲလွန်စလိုက်ရှာကြည့်လိုက်ပါမောင်ကိုကိုကြီး။ ခရီးဆောင်အိတ်ကိုတော့. . သက်သေခံပစ္စည်းအဖြစ်သိမ်းယူလာခဲ့ပေတော့. . "

မောင်းထောင်းကိုကိုကြီးထွက်သွားပြီးမကြာမီပင် ဓါတ်ခွဲခန်းတွင်သွားရောက်စစ်ဆေးခိုင်းထားသော ဆာသင်ဘိုးအောင်တစ်ယောက်ရုံးခန်းထဲသို့ရောက်ရှိလာလေသည်။

"ကော်ဖီထဲမှာ. . အလွန်ပြင်းထန်တဲ့အာဆင်းနစ်အဆိပ်တွေထည့်ထားပြီး မုန့်တွေပေါ်မှာလည်းအဆိပ်မှုန့်တွေဖြူးထားပါတယ်။ ဒီအဆိပ်ဟာ အစာအိမ်ထဲဝင်သွားပြီးရင်စက္ကန့်ပိုင်းအတွင်းမှာကိုသေစေတဲ့အထိပြင်းထန်ကြောင်း သိရပါတယ်။ ဓါတ်ခွဲခန်း

www.burmeseclassic.com

စစ်ဆေးချက်ကိုလည်း ယူလာခဲ့ပါတယ်. . "

အိုင်ပီဦးအေးမောင်၏မျက်နှာမှာ ဇီးစေ့ခန့်သေးငယ်သွားသလို့ . ကျွန်ုပ်ကိုယ်တိုင်မှာလည်း ကံကောင်းလွန်း၍သာဤမျှပြင်းထန်သောအဆိပ်ဘေးမှကင်းလွတ်ခဲ့ရပေသည်ဟုတွေးမိလိုက်ပြီး ကြက်သီးမွေးလေးများပင်ထလာမိလေတော့သည်။

"တောက်. . တော်တော်လူမဆန်တဲ့ကောင်တွေပဲ။ ကျုပ်တို့လေးယောက်လုံးကို မထင်မှတ်တဲ့အချိန်မှာအပိုင်ရှင်းပစ်တာဗျ။ ဘာမှ. . ကြောက်မနေကြပါနဲ့ဗျာ။ အဲဒီလိုအပိုင်စီစဉ်ထားတဲ့လူတွေဟာ. . သူတို့လုပ်သမျှဖြစ်မယ်လို့ထင်ထားလေတော့ တစ်ချို့ကိစ္စလေးတွေမှာ ပေါ့ပေါ့ဆဆနဲ့အမှားတွေကျူးလွန်ထားမိတတ်ပါတယ်။ ဆဲ(လ်)ကွန်ဖီးဒန့်(စ)လို့ခေါ်တဲ့. . ကိုယ့်ကိုယ်ကိုယုံကြည်လွန်းသူတွေရဲ့စိတ်ဓါတ်ဟာ အင်မတန်အရေးကြီးတဲ့ကိစ္စတွေကိုတောင်အရေးကြီးတယ်လို့မထင်မှတ်တော့ဘဲ. ပေါ့တီးပေါ့ဆနေတတ်ကြတာမို့ ကျုပ်တို့အတွက်သဲလွန်စတစ်ခုတော့မကြာခင်ရလာမှာပါ။ အဲဒီအချိန်ကျမှပဲ. . ကျားနဲ့ဆင်လယ်ပြင်မှာတွေ့ကြရမှာပေါ့လေ. . "

ဦးဇင်ယော်၏စကားသံမှာ ဒေါသကြောင့်တင်းမာခက်ထန်နေပြီး. . အာသာဝတီရွှေဖားတို့အဖွဲ့၏လှုပ်ရပ်အားနာကျည်းခံပြင်းနေသည့်အသွင်ကို အထင်အရှားတွေ့မြင်နေရပေသည်။

မကြာမီပင်. . မောင်းထောင်းကိုကိုကြီးသည်ရှုံးခန်းထဲ



ပြန်ဝင်လာရာ သူ၏မျက်နှာသည်တစ်စုံတစ်ခုအတွက်ကျေနပ်နေပြီး. . အိတ်ကြီးတစ်လုံးကိုထမ်း၍ နောက်မှလိုက်လာသောသင်အား. . အခန်းထောင့်တွင် အိတ်ကြီးကိုချထားရန်အမိန့်ပေးလိုက်လေသည်။

"အကြောင်းတော့ထူးလာပြီ. . ဦးဇင်ယော်။ မောင်မိုးကြိုးတေါ်းကွပ်ပျစ်ပေါ်မှာအိပ်တာဆိုတော့ စာရွက်အတိုအစတွေကိုဖွဲလုံးခြေပြီးအောက်ကိုပစ်ချထားတာတွေ့လို့ ကျွန်တော်အားလုံးကောက်သိမ်းလာခဲ့တယ်။ ဒီစာရွက်တွေကို. . ပြန်ဆက်ကြည့်လိုက်ရင် သဲလွန်စတစ်ခုခုတော့ရလိမ့်မယ်လို့ကျွန်တော်ယုံကြည်တယ်။ စာရွက်တစ်ခုရဲ့ခေါင်းစည်းက. . ရွှေဆိုင်ကြီးတစ်ခုရဲ့ဘောက်ချာခေါင်းစည်းဗျ။ အဲဒီခေါင်းစည်းကို အရင်ဆက်ကြည့်လိုက်ရအောင်. . "

မောင်းထောင်းကိုကိုကြီးက. . စက္ကူအိတ်ကြီးတစ်လုံးတစ်ခွင့်ထည့်လာသော စာရွက်အပိုင်းအစများကိုစားပွဲကြီးပေါ်သို့သွန်လိုက်ကာ. . ဦးဇင်ယော်၊ အိုင်ပီဦးအေးမောင်တို့နှင့်အတူစာရွက်ပိုင်းများအားဆက်စပ်နေကြတော့သည်။

စာရွက်အပိုင်းရှစ်ခုရရှိရာတွင်. . သုံးခုမှာအရေးမကြီးသောအမန်စာရွက်များသာဖြစ်သော်လည်း ကျန်ငါးခုမှာရွှေဆိုင်ဘောက်ချာခုတည်းတွင်ရွှေဆွဲကြိုး၊ ရွှေလက်စွပ်များကိုတစ်ရေးစီခွဲ၍သီးသီဝယ်ယူထားသော ရွှေဆိုင်မှဘောက်ချာလေးစောင်နှင့်

www.burmeseclassic.com

ကျန်တစ်ရွက်မှာ. . '၂၄ရက်နေ့ ည(၇)နာရီ မွေးနေ့ပွဲ'ဟု လ
ရေးဖြင့်သော့၍ရေးထားသော စာရွက်ပိုင်းလေးဖြစ်နေပေသည်

ရွှေထည်များဝယ်ယူထားသော ရွှေဆိုင်မှာ ရွှေဘုံသာလ
တွင်ကြီးကျယ်ခမ်းနားစွာဖွင့်လှစ်ထားသော စိန်ဘာဘူချင်းန
၏စိန်ထည်ရွှေထည်များရောင်းချသောရွှေဆိုင်ကြီးတစ်ဆိုင်တ
မှဖြစ်နေလေသည်။

"ရွှေဆိုင်ကြီးတစ်ဆိုင်တည်းမှာ. . ရွှေတို့ရွှေစပစ္စည်း
မျိုးကိုတစ်ရက်ခြားပြီးဝယ်တဲ့အဖြစ်ကတော့. . အတော်ကိုဆန်း
တယ်လို့ဆိုရမှာပဲ။ ပြီးတော့ '၂၄ရက်နေ့ ည(၇)နာရီ မွေးနေ့
ဆိုတဲ့စာဟာ. . ဒီရွှေဆိုင်ကြီးနဲ့ဆက်စပ်မှုရှိမရှိစုံစမ်းကြည့်ရမ
တစ်ခုခုတော့. . ထူးခြားလာမှာပါလေ"

ဦးဇင်ယော်သည် စုံထောက်မောင်သိန်းဟန်နှင့်ဆာ
ဘူးမောင်တို့အားခေါ်ယူ၍ စိန်ဘာဘူချင်းနရား၏စိန်ရွှေရတ
ဆိုင်ကြီးသို့အမြန်သွားရောက်စုံစမ်းရန် အမိန့်ပေးလိုက်တော့သည်

♠ ♠ ♠

ထရေစီဝေါ်းဝပ်ဆိုတဲ့သူ့သမီးလေးက...
ဘာပြဿနာတွေများဖြစ်လာလို့လဲ...ဦးဇင်ယော်။
အဖြစ်အပျက်တွေကတော့...တစ်ခုပြီးတစ်ခု
ထူးထူးခြားခြားဆက်ဖြစ်နေတော့တာပဲဗျာ။

အငြိမ်းစားသူရိယသတင်းထောက်ဦးသိန်းမောင်

www.burmeseclassic.com

## စုံထောက်မင်းကြီးအားသတိပေးခြင်း

သောမတ်(စ)အင်ဘရားသားကုမ္ပဏီကြီးသည်ပန်းဆိုးတန်းလမ်းမကြီးပေါ်တွင်တည်ရှိသော. . စက်ပစ္စည်းများရောင်းချသည့်ကုမ္ပဏီကြီးတစ်ခုဖြစ်သည်။

ထိုကုမ္ပဏီကြီး၏ လက်ထောက်မန်နေဂျာထရေစီစတီး ဝ်မှာရုပ်ရည်ချောမောလှပ၍ အသက်(၂၅)နှစ်ခန့်သာရှိသေးသောမိန်းမချောလေးဖြစ်ကာ သူမ၏အရည်အချင်းနှင့်ဖခင်စုံထောက်မင်းကြီးမစ္စတာစတီးဝပ်၏အရှိန်အဝါတို့ကြောင့် ကြိုက်နှစ်သက်သူများဝိုင်းဝိုင်းလည်နေပေသည်။

နေ့လယ်(၁၂)နာရီထိုးပြီဖြစ်၍ ဝန်ထမ်းများထမင်းစား



ရန်ထွက်သွားကြသဖြင့် ရုံးကြီးထဲတွင်လူများရှင်းလင်းနေချိန်တွင် ထရေစီစတီးဝပ်သည်လည်း သူမ၏ရုံးခန်းထဲတွင်ထမင်းစားရန် ပြင်ဆင်နေလေသည်။

ထိုအချိန်တွင်. . ကုမ္ပဏီရုံးခန်းရှေ့သို့ကားကြီးတစ်စီးထိုးဆိုက်လာပြီးလျှင်. . ကားပေါ်မှ မီးခိုးရောင်အနောက်တိုင်းဝတ်စုံဆင်တူဝတ်ဆင်ထားကြသောလူနှစ်ဦးသည် အပြေးအလွှားဆင်းသက်လာကြလေသည်။

ထိုလူနှစ်ဦးသည် ထရေစီစတီးဝပ်ရှိနေသောလက်ထောက်မန်နေဂျာရုံးခန်းထဲသို့. . ခြေလှမ်းကျဲကြီးများဖြင့်လှမ်းဝင်လာကြပြီးလျှင်. .

"မစ္စထရေစီစတီးဝပ်ဆိုတာ. . ဒီကညီမလေးလား။ ကျုပ်တို့က. . စီအိုင်ဒီရုံးကြီးကစုံထောက်အရာရှိတွေပါ။ စုံထောက်မင်းကြီးမစ္စတာစတီးဝပ်ဟာ ရုတ်တရက်နှလုံးရောဂါဖြစ်ပေါ်လာလို့ဆေးရုံကြီးကိုပို့လိုက်ရပါတယ်။ အခုသတိပြန်ရလာတော့ညီမလေးကိုတွေ့ချင်တယ်ဆိုလို့ သူ့ရဲ့ဆန္ဒအတိုင်းကျုပ်တို့ကလာခေါ်ပေးတာပါ. . "

ထရေစီစတီးဝပ်မှာ ဖခင်ကြီးအတွက်အလွန်စိတ်ပူသွားသောကြောင့် ဘာကိုမျှစဉ်းစားမနေနိုင်တော့ဘဲ. .

"ဒက်ဒီ့အခြေအနေ ဘယ်လိုရှိလဲ။ ကျွန်. . ကျွန်မ[illegible]တစ်ခါတည်းလိုက်ခဲ့ပါ့မယ်ရှင်. . "

www.burmeseclassic.com

ထရေစီစတီးဝပ်သည်. . မိန်းမကိုင်အိတ်လေးကိုကောက်လွယ်လိုက်ကာ. . ကုမ္ပဏီအစောင့်အား အကျိုးအကြောင်းပြောပြလိုက်ပြီး. . ကားနက်ကြီး၏နောက်ခန်းသို့ဖက်ထိုင်လိုက်သည်နှင့်မီးခိုးရောင်ဝတ်စုံနှင့်လူနှစ်ယောက်တို့က ကားရှေ့ခန်းတွင်ဝင်ထိုင်လိုက်ကြကာ ကားနက်ကြီးသည်အရှိန်ပြင်းစွာမောင်းနှင်ထွက်ခွာသွားလေတော့သည်။

ကမ်းနားလမ်းအတိုင်း အရှိန်ပြင်းစွာမောင်းနှင်နေချိန်တွင်. . ကားမောင်းသူနံဘေးမှလိုက်ပါလာသူသည် ရုတ်တရက်ကားနောက်ခန်းသို့ခုန်ကူးလာသဖြင့်ထရေစီစတီးဝပ်က. .

"ရှင်. . ရှင်. . ဘာလုပ်. . "

ထိုလူ၏သန်မာသောလက်ဝါးတစ်ဘက်က ထရေစီစတီးဝပ်၏ပါးစပ်ကိုပိတ်လိုက်သဖြင့် အော်သံတာတစ်ပိုင်းတစ်စနှင့်ရပ်တန့်သွားရလေသည်။

ထိုလူသည် ကားတံခါးမှန်များကိုလျှင်မြန်စွာဆွဲတင်လိုက်ပြီး. . ထရေစီစတီးဝပ်၏လည်ပင်းကို ထက်မြနေသောဓားမြှောင်တစ်ချောင်းဖြင့်ထောက်လိုက်ရာ ထရေစီစတီးဝပ်ကအတင်းရုန်းလိုက်သဖြင့်. . ဓားသွားက စပါးလုံးတစ်ထောက်စာမျှစူးဝင်သွားလေတော့သည်။

"အား. . အွတ်. . "

ထရေစီစတီးဝပ်မှာ နာကျင်လွန်းသောဝေဒနာကြောင့်



ဟစ်ရန်ကြိုးစားလိုက်သော်လည်း ပါးစပ်ကိုလက်ဝါးဖြင့်အုပ်ထားသောကြောင့် အသံတလုံးဝထွက်မလာနိုင်တော့ပေ။

"ကျုပ်တို့က. . မင်း ဒဖစုံထောက်မင်းကြီးကို ခြောက်လှန့်လောက်ပဲလုပ်ဖို့ရည်ရွယ်ထားတာကို မင်းကစိတ်ဆိုးအောင်လုပ်နေရင်တော့ မင်းတာဝန်ပဲထရေစီ။ မင်းထပ်ပြီးရုန်းနေရင်တော့. . ဓားနဲ့ထိုးပြီးအသေသတ်ပစ်လိုက်တော့မယ်"

"မ. . မလုပ်ပါနဲ့ရှင်။ ကျွန်. . ကျွန်မ. . ရှင်တို့ပြောတဲ့အတိုင်းလိုက်နာပါ့မယ်"

"ကောင်းပြီလေ. . ။ မင်းကလိမ်လိမ်မာမာနဲ့လိုက်နာရင်တော့. . ကျုပ်တို့ဘက်ကလည်းတတိတည်ရမှာပေါ့။ ကျုပ်တို့ကား စီအိုင်ဒီရုံးနားမှာရပ်ပေးမယ်။ မင်းဘာသာကားပေါ်ကဆင်းသွားပြီး. . ဟောဒီစာအိတ်လေးကို မင်းအဖေထောက်မင်းကြီးလက်ထဲအပ်လိုက်ပေတော့. . ။ မင်းလည်ပင်းက ရာကသွေးတွေထွက်နေတော့ လက်ကိုင်ပုဝါတစ်ထည်နဲ့ပတ်သွားလိုက်ဦး။ ကားပေါ်ကဆင်းပြီးမှအော်လားဟစ်လားလုပ်နေရင်တော့. . ကျုပ်ကသေနတ်နဲ့လှမ်းပစ်မှာနော်. . "

ထိုလူ၏လက်ထဲတွင်. . ဒန်ရောင်ပြောင်လက်နေသောခြောက်လုံးပြူးသေနတ်ကိုတွေ့လိုက်ရသဖြင့် ထရေစီစတီးဝပ်မှာ အားဟဟပင်မပြောရဲတော့ဘဲ ငြိမ်သက်တိတ်ဆိတ်စွာလိုက်ပါသွားခဲ့လေတော့သည်။

www.burmeseclassic.com

ကားနက်ကြီးသည်ရန်ကုန်အင်းစိန်လမ်းမကြီးပေါ် တွ
တစ်ရှိန်တိုးပြေးလွှားနေရာမှ . . အင်းစိန်စီအိုင်ဒီရုံးကြီးအနီးသို့
ရောက်ရှိလာတော့သည်။

"မင်းကိုရှေ့နားမှာရပ်ပေးမယ်။ ကျုပ်သတိပေးထားတာ
တွေမမေ့ပါနဲ့။ ရှုတ်ရှုတ်သဲသဲလုပ်ရင်တော့ ကျုပ်ကသေနတ်နဲ့အ
ပစ်ပဲ. . "

ကားနက်ကြီးကိုစီအိုင်ဒီဖိတ်ပေါက်နှင့်ခါတ်တိုင်နှစ်တိုင်
ကွာခန့်တွင်ရပ်တန့်ပေးလိုက်ပြီးလျှင် ကားတံခါးကိုဖွင့်ပေးလိုက်
သည်နှင့် . . ထရေစီစတီးဝပ်သည်နောက်ကြောမှသေနတ်ဖြင့်ပစ်
လိုက်မည်ကိုစိုးရိမ်နေသောကြောင့် . . ကားနံဘေးမှလုံးဝမခွာဘဲ
ရပ်နေချိန်တွင် ကားနက်ကြီးသည်အရှိန်ဖြင့်မောင်းထွက်သွားလေ
တော့သည်။

ထရေစီစတီးဝပ်သည် တစ်ကြိမ်တစ်ခါမှမကြုံဖူးခဲ့သော
အဖြစ်အပျက်ကြောင့်သွေးလန့်ကာ နေရာတွင်ပင်မင်တက်မိပြီး
ရပ်နေမိလေရာ . . သူမအားမြင်တွေ့ဖူးနေသောပြာတာမောင်
အေးက စုံထောက်မင်းကြီး၏ရုံးခန်းပြတင်းပေါက်မှလှမ်းမြင်လိုက်
သဖြင့် စုံထောက်မင်းကြီးမစ္စတာစတီးဝပ်အား . .

"ဟိုမှာ . . မမလေးထရေစီတစ်ယောက် ဘာဖြစ်နေလဲ
မသိဘူး။ လမ်းပေါ်မှာ တစ်ယောက်တည်းရပ်နေပါတယ်စုံထောက်
မင်းကြီး . . "



ဟုပြောလိုက်လေရာ စုံထောက်မင်းကြီးမစ္စတာစတီးဝပ်
သည်လည်းပြတင်းပေါက်နားမှလှမ်းကြည့်လိုက်ပြီးလျှင် . .

"အိုးမိုင်ဂေါ့ . . ။ ကျွန်ုပ်သမီးလေး ဘာများဖြစ်လာသလဲ
မသိဘူး။ တစ်ခုခုတော့ထူးခြားနေတာအမှန်ပဲ . . "

မစ္စတာစတီးဝပ်သည် . . တစ်ဦးတည်းသောသမီးလေး
အားအလွန်ချစ်မြတ်နိုးသူဖြစ်သောကြောင့် ဟန်ဆောင်မနေနိုင်
တော့ဘဲ လှေကားအတိုင်းပြေးဆင်းကာဂိတ်ပေါက်ဝဘက်သို့ခပ်
သုတ်သုတ်လှမ်းထွက်သွားလေတော့သည်။

"ဟာ . . စုံထောက်မင်းကြီးတစ်ယောက် ဘာတွေဖြစ်နေ
လို့လဲမသိဘူးဗျို့ . . "

ထိုအဖြစ်ကိုမြင်လိုက်ရသောကျွန်ုပ်တို့အုပ်စုမှာ အလွန်
အံ့ဩနေကြပြီးလျှင် . . ဦးဇင်ယော်ကလျှင်မြန်စွာနောက်မှပြေး
လိုက်သွားပြီး မောင်းထောင်းကိုကိုကြီးကလည်းဦးဇင်ယော်နောက်
မှကပ်၍လိုက်ပါသွားလေသည်။

ယူနီဖောင်းတွင် ကော်ဖီရည်များစွန်းထင်းနေသဖြင့်
အပြင်သို့မထွက်ဘဲ ထိုင်၍ကျန်နေရစ်ခဲ့သောအိုင်ပီဦးအေးမောင်
က စီအိုင်ဒီရုံးဝင်းကြီးထဲသို့စိတ်ပျက်စွာငေးကြည့်နေရင်းမှ . .

"ဒီနေ့ကတော့ ကျုပ်တို့စီအိုင်ဒီမှာဂြိုဟ်မွှေတဲ့နေ့ပဲဗျို့။
အခုလည်း . . စုံထောက်မင်းကြီးတစ်ယောက်ဘာတွေဖြစ်နေပြန်လဲ
သိဘူး။ ပြဿနာတစ်ခုခုတော့ ထပ်တက်နေပြီထင်တယ်"

www.burmeseclassic.com

ကျွန်ုပ်တို့ပြောဆိုနေသည့်အချိန်မှာပင် စုံထောက်မင်းကြီး မစ္စတာစတီးဝပ်သည်မိန်းမပျိုလေးတစ်ဦးအားဖက်တွဲ၍ခေါ်ယူလာပြီး . . ထိုမိန်းမပျိုလေးမှာတရှုံ့ရှုံ့ငိုကြွေးနေကာ မိန်းမပျိုလေး၏လည်ပင်း၌ပတ်ထားသောလက်ကိုင်ပုဝါတွင်လည်း သွေးစများစွန်းထင်းနေသည်ကိုတွေ့လိုက်ရသဖြင့် . . ကျွန်ုပ်မှာလွန်စွာထိတ်လန့်သွားမိလေတော့သည်။

"ဘယ်က . . မိန်းကလေးများလည်းမသိဘူး။ လည်ပင်းမှာလည်း . . ဒဏ်ရာတစ်ခုခုရလာတဲ့ပုံပဲဗျ"

အိုင်ဗီဦးအေးမောင်သည် ထိုမိန်းမပျိုလေး၏မျက်နှာအားသေချာစွာစူးစိုက်ကြည့်ရှုလိုက်ပြီးလျှင် . .

"ဟာ . . အဲဒါ စုံထောက်မင်းကြီးရဲ့တစ်ဦးတည်းသောသမီး ထရေစီစတီးဝပ်ဆိုတာပဲဗျ။ ပန်းဆိုးတန်းကကုမ္ပဏီကြီးတစ်ခုမှာ . . လက်ထောက်မန်နေဂျာလုပ်နေတာ။ ဘယ်လိုဖြစ်ပြီး ဒဏ်ရာနဲ့ဒီနေရာကိုရောက်လာပါလိမ့်။ ကေနတ္တ . . ဟိုရာဇဝတ်ကောင်တွေရဲ့လက်ချက်များလားမသိဘူး။ မဟုတ်ပါစေနဲ့လို့ဆုတောင်းနေရတော့မှာပဲ . ."

အိုင်ဗီဦးအေးမောင်သည် ပြောပြောဆိုဆိုဖြင့်ပင်နေရာမှထ၍ပြေးထွက်သွားသဖြင့် ကျွန်ုပ်သည်လည်းအိုင်ဗီဦးအေးမောင်၏နောက်မှအပြေးလိုက်သွားရလေတော့သည်။

"စုံထောက်မင်းကြီးတော့ . . ဒေါသတွေ ထိန်းမရသိမ်းမရ



ဖြစ်အောင်ပေါက်ကွဲနေပြီဗျို့။ ကျုပ်တို့အားလုံးကိုအစည်းအဝေးခန်းထဲမှာအမြန်ဆုံးတွေ့ချင်တယ်လို့ အမိန့်ထုတ်လိုက်ပြန်ပြီ"

အလွန်သပ်ယပ်စွာနေထိုင်တတ်သော ဦးဇင်ယော်ကိုယ်တိုင်သည်လည်း . . အလွန်စိတ်ညစ်နေဟန်ဖြင့် ဆံပင်များကိုလက်ဖြင့်ထိုးဖွကာ ဦးခေါင်းကိုတဗျင်းဗျင်းမြည်အောင်ပင်ကုတ်နေလေတော့သည်။

ကျွန်ုပ်သည် စုံထောက်မင်းကြီး၏သမီးလေးအကြောင်းကိုအလွန်စိတ်ဝင်စားနေမိသဖြင့် . .

"ထရေစီစတီးဝပ်ဆိုတဲ့သူ့သမီးလေးက . . ဘာပြဿနာတွေများဖြစ်လာလို့လဲ ဦးဇင်ယော်။ အဖြစ်အပျက်တွေကတော့တစ်ခုပြီးတစ်ခုထူးထူးခြားခြားဆက်ဖြစ်နေတော့တာပဲဗျာ . ."

"အဲဒီကိစ္စကြောင့် အစည်းအဝေးကိုချက်ခြင်းခေါ်လိုက်တာပေါ့ဦးသိန်းမောင်။ ကလေးမရဲ့လည်ပင်းမှာ ဓားဦးချွန်နဲ့ထိုးထိုက်လို့ပေါက်ပြနေတဲ့ဒဏ်ရာကိုလည်းတွေ့လိုက်ရတယ်။ အဖြစ်အပျက်မှန်ကို . . မကြာခင်သိကြရမှာပေါ့။ သေချာနေတာကတော့ကလေးမလေးကိုဒုက္ခပေးသွားတာဟာ အာသာဝတီရွှေအားတို့အဖွဲ့ကပဲဗျ။ ကျုပ်တို့လေးယောက်အဆိပ်ခတ်ပြီးလုပ်ကြံခံရတဲ့ကိစ္စတို့လည်း . . အစည်းအဝေးမှာ တစ်ခါတည်းတင်ပြရတော့မှာ။ စိန်ဘာဘူချင်းနရားရဲ့ရွှေဆိုင်ကြီးမှာသွားစုံစမ်းခိုင်းထားတဲ့ထောက်မောင်သိန်းဟန်နဲ့စာသင်ဘူးမောင်တို့နှစ်ယောက် အချိန်

www.burmeseclassic.com

မီပြန်ရောက်လာရင်ကောင်းမယ်ဗျာ. . ”

“ဟုတ်ပဗျာ. . ခင်ဗျားရဲ့စီအိုင်ဒီစုံထောက်နှစ်ယောက်

အချိန်မီပြန်ရောက်လာဖို့အရေးကြီးနေသလို ကျုပ်တို့ဆရာကြီး

လည်း အချိန်မီရောက်လာရင်ကောင်းမယ်ဗျ။ ဒီမှာထပ်ဖြစ်နေ

တဲ့အဖြစ်အပျက်တွေကို ဆရာကြီးလုံးဝမသိသေးဘူးလေ”

ဦးဇင်ယော်၏မှုန်မှိုင်းနေသောမျက်နှာတွင် . အပြုံးတစ်

ချက်လင်းလက်၍သွားပြီးလျှင်. .

“ခင်ဗျားဆန္ဒကတော့ပြည့်ဝသွားပြီ ဦးသိန်းမောင်”

ဟုပြောလိုက်သဖြင့် ကျွန်ုပ်သည်နောက်သို့လှည့်ကြည့်

လိုက်ရာ ဂိတ်ဝမှချိုးကွေ့ဝင်လာသောဆရာကြီး၏အနက်ရောင်

စတူဒီဘေကာကားကြီးအားတွေ့လိုက်ရလေတော့သည်။

♣ ♣ ♣

စိန်ဘာဘူချင်းနယားဟာ...လွှန်ခဲ့တဲ့ခြောက်လလောက်က

စိန်လည်တံကြီးတစ်ခုလုပ်ထားတာ...

အကောင်းစားရွေးစိန်အပွင့်တစ်ရာကျော်ပါဝင်ပြီး...

လက်ရာကလည်းသိပ်ကောင်းလွန်းတာမို့...

တန်ဖိုးတောင်မဖြတ်နိုင်ကြသေးဘူးလို့ပြောကြပါတယ်။

စုံထောက်မောင်သိန်းဟန်

www.burmeseclassic.com

ရင်ဆိုင်ယှဉ်ပြိုင်ရန် ပြင်ဆင်

စီအိုင်ဒီရုံးကြီး၏သတ်တမ်းတ**ဲ**ခလျှောက်တွင် ပုံမှ
ဟုတ်သောအရေးပေါ် အစည်းအဝေးမျိုး ၈ ရက်တည်းတွင်
ကြိမ်ခေါ် ယူရခြင်းမှာ. . ယခုတစ်ခါသာရှိလိမ့် ဟုပင်ယူဆရ
တော့သည်။

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည် အစည်းအဝေ
ခန်းထဲသို့ဒေါသတကြီးလျှောက်လှမ်း၍ဝင်လာပြီး စားပွဲထိပ်ဆုံး
သူထိုင်နေကျခုံတွင် ဆောင့်ကြီးအောင့်ကြီးထိုင်ချလိုက်လေသည
“မနက်ပိုင်းအစည်းအဝေးလုပ်ပြီးတဲ့နောက်မှာ ဆက်
လာတဲ့အဖြစ်အပျက်တွေကများလွန်းနေတာမို့ အချိန်ပိုင်းအလို



ခဲ့ပြီးဆွေးနွေးကြရင်ပိုကောင်းမယ်။ စုံထောက်ကြီးဦးဇင်ယော်တို့
အဖြစ်ကိုစပြီးဆွေးနွေးကြရင်ကောင်းမယ်ထင်ပါတယ် မစ္စတာစ
တီးဝပ်. . ”

ဆရာကြီးလူသူတော်သျှောင်တစောင်းက အကြံပြုလိုက်
ရာ စုံထောက်မင်းကြီးကခေါင်းညိတ်၍သဘောတူလိုက်သဖြင့် ဦး
ဇင်ယော်ကထိုင်ခုံမှထကာ မိမိတို့ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်
များကိုအသေးစိတ်ရှင်းပြလိုက်လေသည်။

အခန်းထဲရှိစီအိုင်ဒီစုံထောက်များမှာ အလွန်ပြင်းထန်
သောအာဆင်းနစ်အဆိပ်ခတ်ထားသည့်ကော်ဖီခွက်အား အိုင်ပီ
ဦးအေးမောင်ကမော့သောက်တော့မည့်အချိန်တွင် ဦးဇင်ယော်က
ဒိုင်ဗင်ထိုး၍ကယ်တင်လိုက်သည့်အဖြစ်ကိုကြားရပြီး အိုင်ပီဦးအေး
မောင်၏ယူနီဖေါင်းတွင်ယခုတိုင်စွန်းထင်းနေသောကော်ဖီရည်များ
ကိုကြည့်ကာအံ့ဩထိတ်လန့်လျှက်ရှိကြပြီး လူသတ်သမားများ၏
လုပ်ရပ်ကိုအလွန်ခံပြင်းနေကြလေသည်။

ဦးဇင်ယော်တို့၏အဖြစ်အပျက်များကို ပြောပြီးချိန်တွင်
စုံထောက်မောင်သိန်းဟန်နှင့်စာသင်ဘူးမောင်တို့ အစည်းအဝေး
ခန်းထဲသို့ဝင်လာသည်ကိုတွေ့လိုက်ရသဖြင့်. .

“မင်းတို့ရောက်လာတာ. . အချိန်ကိုက်ပဲမောင်သိန်းဟန်။
မင်းတို့စုံစမ်းခဲ့တဲ့သတင်းတွေကို ဆက်ပြီးအစီရင်ခံလိုက်ပါဦး. . ”

စုံထောက်မောင်သိန်းဟန်သည် စုံထောက်မင်းကြီးအား

www.burmeseclassic.com

ဦးညွှတ်၍အရှိအသေပြုလိုက်ပြီး. .

"စိန်ဘာဘူချင်းနရားရဲ့ရွှေဆိုင်ဟာ ရွှေဘုံသာလမ်းထဲမှာ အလတ်တန်းစားအဆင့်လောက်ပဲရှိတဲ့ဆိုင်ပါ။ သူပိုင်တဲ့သုံးထပ်တိုက်ကြီးရဲ့အောက်ဆုံးထပ်မှာဖွင့်ထားပါတယ်။ သူဟာ ရတနာရွှေဆိုင်လုပ်ငန်းကိုဟန်ပြလောက်ပဲဖွင့်ထားပြီး စိန်ထည်အကောင်းစားလက်ဝတ်ရတနာတွေကို နိုင်ငံခြားကလာတဲ့စိန်ကုန်သည်သူဌေးကြီးတွေနဲ့မှသာ အရောင်းအဝယ်လုပ်တယ်လို့ သိခဲ့ရပါတယ်။ စိန်ထည်တွေလုပ်တဲ့ပန်းထိမ်ဖိုကို သူ့တိုက်ကြီးရဲ့ဒုတိယထပ်မှာဖွင့်ထားပြီး အိန္ဒိယကအတွေ့အကြုံအမော်ပန်းထိမ်ဆရာကြီးသုံးယောက်ကိုခေါ်ထားတယ်လို့ပြောကြပါတယ်။ သူ့ရွှေဆိုင်လေးကသေးပေမယ့်. . အတွင်းသိတွေရဲ့ပြောစကားအရ သူဟာရွှေဘုံသာလမ်းထဲမှာအချမ်းသာဆုံးစိန်ဘာဘူကြီးတစ်ယောက်ပါ . ."

"စိန်ဘာဘူချင်းနယားဟာ လွန်ခဲ့တဲ့ခြေ... လောက်က စိန်လည်တုံကြီးတစ်ခုလုပ်ထားတာ. . အကောင်းစားရှေးစိန်အပွင့်တစ်ရာကျော်ပါဝင်ပြီး လက်ရာကလည်းသိပ်ကောင်းလွန်းတာမို့ တန်ဖိုးတောင်မဖြတ်နိုင်ကြသေးဘူးလို့ပြောကြပါတယ်။ အဲဒီစိန်လည်တုံကြီးကို. . အင်္ဂလန်ကလာတဲ့ကုန်သည်ကြီးတစ်ယောက်က တောင်းသလောက်ဈေးပေးပါ့မယ်ဆိုပြီး အတင်းလိုက်ဝယ်နေပေမယ့် စိန်ဘာဘူချင်းနယားက. . သူ့သမီးရဲ့မွေးနေ့ပွဲမှာလက်ဆောင်ပေးဖို့အမှတ်တရလုပ်ထားတာမို့ လုံးဝမရောင်းသေးဘူးလို့



...ကြားခဲ့ရပါတယ်"

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် အဖြစ်အ...များကိုဆက်စပ်တွေးမိလိုက်ပြီဖြစ်၍. .

"သူ့သမီးရဲ့မွေးနေ့ပွဲက. . ဒီနေ့(၂၄)ရက်နေ့ည(၇)နာရီ...ကျင်းပတော့မှာပေါ့. . ဟုတ်လား"

"ဟုတ်ပါတယ်. . ဆရာကြီး။ ဒီနေ့ည (၇)နာရီတိတိမှာ ...့တိုက်ကြီးရဲ့အပေါ်ဆုံးထပ်မှာကျင်းပမယ်လို့. . သတင်းရခဲ့...ယ်ခင်ဗျာ. ."

ဆရာကြီးသည် ဦးခေါင်းကိုတဆတ်ဆတ်ညိတ်လိုက်ပြန်...ျှင်. .

"စုံထောက်ကြီးဦးဇင်ယော်တို့လေးယောက်ကို အဆိပ်ခတ်...ကြံသွားတဲ့ကိစ္စကတော့. . စုံစမ်းသင့်တာတွေကို စုံစမ်းလို့ပြီး...ပါပြီ။ အတော်လေးတန်ဖိုးရှိတဲ့သတင်းတွေကိုလည်း ရလိုက်...ယ်ဗျ။ မစ္စတာစတီးဝပ်ရဲ့သမီးလေး မစ္စထရေစီစတီးဝပ်...ကြုံခဲ့ရတဲ့အဖြစ်အပျက်တွေကိုလည်း. . သိခွင့်ရရင် သိချင်ပါ...ယ်. ."

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်က ထရေစီစတီးဝပ်...သန်းဆိုးတန်းရှိကုမ္ပဏီတွင်လိမ်လည်၍ခေါ်ယူခဲ့ခြင်းမှအစပြု.... . လမ်းခရီးတွင်ပြောဆိုခဲ့သောစကားများနှင့် မိမိအတွက်...အိတ်တစ်အိတ်ပေးလိုက်သည့်အကြောင်းများကို အသေးစိတ်

www.burmeseclassic.com

ပြန်လည်ပြောပြလိုက်ပြီး စာအိတ်ကိုဆရာကြီးလူသူတော်သျှ
တစောင်းလက်ထဲသို့ပေးအပ်လိုက်လေသည်။

"သူတို့ရေးထားတာတွေကို . . မစ္စတာသျှောင်တစေ
ကပဲ အားလုံးကိုအသိပေးလိုက်ပါတော့ . ."

ဆရာကြီးသည်စာအိတ်ထဲမှစာရွက်ကိုသေချာစွာဖ
လိုက်ပြီးလျှင် . .

"သူတို့က . . မစ္စတာစတီးဝပ်ကိုစိတ်ဓါတ်ကျသွားအေ
တမင်အနှောင့်အယှက်ပေးလိုက်တာပဲ။ ကျုပ်တို့က . . ဒီကိ
မှာအာရုံစိုက်နေရင် သူတို့လုပ်မယ့်အလုပ်ကိုစိတ်အေးလက်
လုပ်လို့ရသွားပြီပေါ့။ မနက်ကအစည်းအဝေးမှာကျွန်ုပ်ပြော
လိုပဲ . . အားလုံးရဲ့ခေါင်းဆောင်ဖြစ်တဲ့မစ္စတာစတီးဝပ်ကိုစိတ်
ကျဆင်းပြီး ဆုံးဖြတ်ချက်တွေမှားယွင်းသွားအောင်လုပ်လိုက်
ပါ။ သူတို့ရဲ့ခြိမ်းခြောက်စာကို ဦးဇင်ယော်ကအားလုံးသိအေ
ဖတ်ပြလိုက်ပါ . ."

ဦးဇင်ယော်သည်စာရွက်ကိုလှမ်းယူလိုက်ပြီး လက်အေ
ကြည့်လိုက်ကာ . .

"လက်ရေးကတော့ ဆရာကြီးလူသူတော်သျှောင်တစေ
ဆီကိုရေးတဲ့ အာသာဝတီရွှေအားရဲ့လက်ရေးနဲ့အတူတူပါပဲ"

ဟုမှတ်ချက်ပြုလိုက်ပြီးလျှင် စာရွက်ထဲမှစာသားများ
အားလုံးကြားအောင်ဖတ်ပြလိုက်လေတော့သည်။



စုံထောက်မင်းကြီးမစ္စတာစတီးဝပ် . .

ကျွန်ုပ်တို့အစွမ်းကြောင့် သင်၏စီအိုင်ဒီအဖွဲ့မှ စုံထောက်များ
အသိမ်မိ၍သေဆုံးသွားသည့်အဖြစ်ကို သင်သိရှိပြီးဖြစ်ပေမည်။ ယခု
သည်သင်၏သမီးငယ်ထရေစီစတီးဝပ်ကို . . ကျွန်ုပ်တို့အနေဖြင့်သတ်
လိုက သတ်ဖြတ်နိုင်ပြီ။ ပြန်ပေးဆွဲခြင်းမျိုးပြုလုပ်လိုက ပြုလုပ်နိုင်ပါ
သော်လည်း . . သင့်အား နောက်ဆုံးအကြိမ်သတိပေးခြင်းအဖြစ်သတ်မှတ်
ထား . . သင်၏စီအိုင်ဒီရုံးရှေ့သို့ရောက်အောင်ပြန်ပို့ပေးလိုက်သည်။

ကျွန်ုပ်တို့၏အစွမ်းကိုသင်ကိုယ်တွေ့ကြုံရပြီဖြစ်၍ . . ကျွန်ုပ်
တို့၏လုပ်ငန်းများအားဝင်ရောက်မနှောင့်ယှက်ပါနှင့်။ ယနေ့ည(သို့)
မနက်ဖြန်ညတွင် . . လုံလမ်းပေါ်၌ကျွန်ုပ်တို့၏လုပ်ငန်းတစ်ခုဆောင်
ရွက်ရန်ရှိသည့်အတွက် . . ထိုအချိန်တွင် သင့်တပည့်စုံထောက်နှင့်
ပုလိပ်များအားအလုံးကျွတ်တွင်တာဝန်ချထားခြင်းမပြုလုပ်ဘဲ အခြား
နေရာများတွင်ပြောင်းလဲ၍တာဝန်ချပေးထားပါ။ (ညွှန်ကြားချက်အတိုင်း
တိတိကျကျ လိုက်နာဆောင်ရွက်ပါ)

နောက်နောင်အရေးကြီးသည့်ကိစ္စမျိုးရှိမှသာ သင့်အားဆက်
သွယ်၍အကူအညီတောင်းမည်။

(ဤစာကို . . သင်နှင့်သင့်သမီးငယ်တို့မှလွဲ၍ မည်သူ့ကိုမျှ
ပြသခြင်းမပြုရန်သတိပေးလိုက်သည်)

အာသာဝတီရွှေအား

www.burmeseclassic.com

ဦးဇင်ယော်၏အသံတိတ်သွားသည်နှင့် စစ်ရဲအဖွဲ့ခေါင်းဆောင်မေဂျာဒါနန်း၏'တောက်'ခေါက်သံက ကျယ်လောင်စွာထွက်ပေါ်လာျဂေဒတော့သည်။

"တော်တော်ဆိုးရွားတဲ့. . ရာဇဝတ်ကောင်တွေပါလား။ စီအိုင်ဒီအဖွဲ့ကြီးရဲ့စုံထောက်မင်းကြီးကိုတောင်ခြိမ်းခြောက်အကြပ်ကိုင်ဝံ့တယ်ဆိုတော့. . ဒီရာဇဝတ်ကောင်တွေကို အမြန်ဆုံးကြိုးစင်ပို့မှဖြစ်တော့မယ်. ."

အခန်းထဲရှိစုံထောက်များ၏. . မကျေမနပ်ဝေဖန်ပြောဆိုသံများက တစ်ခန်းလုံးပွက်ပွက်ညံသွားလေတော့သည်။

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည်လည်း စီအိုင်ဒီအကြီးအကဲတစ်ယောက်၏ဂုဏ်သိက္ခာကိုကျဆင်းအောင်ရေးသားဆက်ဆံခြင်းခံထားရသဖြင့်. . အလွန်စိတ်ဆိုးဒေါသထွက်နေကာမျက်နှာကြီးနီရဲနေပြီးလျှင်. .

"ဒီလောက်ဆိုးရွားတဲ့ရာဇဝတ်ကောင်တွေရဲ့လုပ်ရပ်ကိုကျွန်ုပ်တို့က ဘယ်လောက်ကြာကြာလက်ပိုက်ကြည့်နေရဦးမှာ ဲ မစ္စတာသျှောင်တစောင်း. ."

ဟုစိတ်မရှည်နိုင်တော့သောအသံဖြင့် ဒေါသတကြီးမေးမြန်းလိုက်လေသည်။

မေဂျာဒါနန်း၏နီစပ်စပ်အသားအရည်မှာ ဝေရှပ်ဆီရောင်တမျှနီရဲ၍နေပြီးလျှင်. .



"ဒီနေ့ညနဲ့မနက်ဖြန်ညတွေမှာ. . ကျွန်ုပ်ရဲ့စစ်ရဲအဖွဲ့ဝင်တွေနဲ့အလုံလမ်းမှာကင်းပုန်းဝပ်ပြီး ဒီကောင်တွေကိုစောင့်ဖမ်းလိုက်ရင်ကောင်းမယ်ထင်တယ် မစ္စတာစတီးဝပ်"

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည် မေဂျာဒါနန်း၏ခန်းကားစွာလုပ်တတ်သောအကျင့်ကိုကောင်းစွာသိထားပြီး ဆရာကြီးလူသူတော်သျှောင်တစောင်းက ဒေါသဖြင့်မဆုံးဖြတ်ဘဲစိတ်ကိုကြိုးစားထိန်းချုပ်ရန် ကြိုတင်မှာကြားထားသည်ကိုသတိရလိုက်သဖြင့်. .

"ကျွန်ုပ်အမိန့်မပေးဘဲ. . ဘာမှမလုပ်ပါနဲ့မေဂျာဒါနန်း။ ရာဇဝတ်ကောင်တွေဟာ. . ကျွန်ုပ်တို့ထက်တစ်လလောက်အချိန်စောပြီးအကွက်ချပြင်ဆင်ထားကြတာပါ။ ကျွန်ုပ်တို့က . . သူတို့အကြောင်းကိုဒီနေ့မှသိရပေမယ့် သူတို့ဟာလွန်ခဲ့တဲ့တစ်လလောက်တည်းက ကျွန်ုပ်တို့အကြောင်းကိုကောင်းကောင်းသိနေတာပါ။ ကျွန်ုပ်တို့ဘက်ကအမှားတချက်လွန်မိရင်. . အကြီးအကျယ်ဒုက္ခများသွားနိုင်ပါတယ်"

တစ်ချိန်လုံးငြိမ်သက်စွာနားထောင်နေခဲ့သောဆရာကြီးလူသူတော်သျှောင်တစောင်းသည် ထိုင်နေရာမှထရပ်လိုက်ပြီး. .

"ကျွန်ုပ်တို့ဘက်က အခြေအနေတွေအများကြီးတိုးတက်လာပါပြီမစ္စတာစတီးဝပ်။ အာသာဝတီရွှေဓားဟာ ကျွန်ုပ်တို့ကိုတစ်နေ့လုံးနည်းမျိုးစုံနဲ့ဒုက္ခပေးနိုင်ခဲ့တာက သူ့ဘက်ကတစ်လလုံး

www.burmeseclassic.com

ကြိုတင်အကွက်ချထားပြီး ဒီနေ့မှာဒီလိုလုပ်ဖို့ကြိုတင်စီစဉ်ထားလို့ လုပ်နိုင်ခဲ့တာပါ။ အဲဒီလောက်အကွက်ချစီစဉ်ထားတဲ့ကြားက စက္ကူစုတ်တွေကိုသေချာမဖျက်ဆီးခဲ့တာကြောင့် ကျွန်ုပ်တို့ဘက်က သဲလွန်စတစ်ခုကိုရလိုက်ပါပြီ။ အဲဒီသဲလွန်စကတော့. . ဒီနေ့ည (၇)နာ ိ၂ာကျင်းပမယ့် စိန်ဘာဘူချင်းနယားရဲ့သမီးလေးမွေးနေ့ပွဲ မှာ. . တန် ိ ြ ် ဲ ိ ဲ ်စိန်လည်တုံကြီးကို သူတို့လုယူကြတော့ မယ်ဆိုတဲ့သဲလွန်စ

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည်. . အလွန်အံ့သြ သွားသောအမူအရာဖြင့်. .

"ဘယ်အ ် ်ကိုကြည့်ပြီး ဒီလိုတိတိကျကျပြောနေတာ လဲမစ္စတာသျှောင်တစောင်း။ သူတို့စာထဲမှာရေးထားတာက အလုံ လမ်းမှာလုပ်ရှားမယ်လို့ရေးထားတာပဲ. . "

"ဦးဇင်ယော်တို့ကို. . အဆိပ်ခတ်လုပ်ကြံသွားတဲ့မောင်မိုး ကြီးအိပ်ခဲ့တဲ့နေရာနားမှာ. . စိန်ဘာဘူချင်းနယားရဲ့ရွှေဆိုင်က ရွှေတိုရွှေစတွေကို တစ်ရက်စီလေးခါခွဲပြီးဝယ်ထားတဲ့ရွှေဘောက် ချာစာရွက်တွေကိုဆုတ်ဖြဲထားတာတွေ့ရပြီး '၂၄ရက်နေ့ ည(၇) နာရီ မွေးနေ့ပွဲ'ဆိုတဲ့စာကိုလည်းစက္ကူပိုင်းလေးတစ်ခုမှာရေးခြစ် ထားပြီးမှ ဆုတ်ဖြဲထားတာတွေ့ရတယ်လေ။ မောင်မိုးကြီးဟာစိန် ဘာဘူချင်းနယားရဲ့ရွှေဆိုင်မှာ. . ရွှေတိုရွှေစလေးတွေဝင်ဝယ်ရင်း ဆိုင်အလုပ်သမားတွေနဲ့ရင်းနှီးအောင်လုပ်ပြီးမှ မွေးနေ့ပွဲလုပ်မယ့်



တို့စုံစမ်းနိုင်ခဲ့တယ်ဆိုတာ. . အဲဒီစက္ကူ ်လေးတွေကနေ န်စရခဲ့တာပေါ့ မစ္စတာစတီးဝပ်. , "

"စုံထောက်မောင်သိန်းဟန်တို့သွားစုံစမ်းလို့. . တန်ဖိုးမ နိုင်တဲ့စိန်လည်တုံကြီးအကြောင်းနဲ့. . အဲဒီစိန်လည်တုံကြီးကို ဘာဘူချင်းနယားက သူ့သမီးရဲ့မွေးနေ့ပွဲမှာလက်ဆောင်ပေး ဆိုတာကိုသိလိုက်ရတော့. . သူတို့ရဲ့အဓိက ်မတ်ဟာစိန် တုံကြီးဆိုတာ ပိုပြီးထင်ရှားလ ပါ။ မစ္စတာ တီးဝပ်ဆီ တဲ့ခြိမ်းခြောက်စာထဲမှာလည်း အလုံလမ်းမှာလှုပ်ရှားမယ်လို့ ထားလေတော့. . စီအိုင်ဒီအဖွဲ့ကြီးနဲ့ပုလိပ်အဖွဲ့ဝင်တွေကို လမ်းကြောင်းလွဲအောင်လုပ်နေပြီဆိုတာ သချာသွားပြီပေါ့။ ဘာစတီးဝပ်လိုပုဂ္ဂိုလ်မျိုးကို တော်ရုံနဲ့ခြိမ်းခြောက်လို့မရဘူး ကိုတော့. . သူတို့လည်းနားလည်ထားကြမှာပါလေ။ ဒီလို မျိုးကို တမင်အကြောင်းရှာပြီးခြိမ်းခြောက်တယ်ဆိုကတည်း . . သူတို့အသိပေးတဲ့အချက်တွေဟာ လမ်းကြောင်းလွှဲထားတဲ့ ချက်တွေဖြစ်ကြောင်းထင်ရှားနေပါပြီ. . "

ရှည်လျားစွာရှင်းပြနေသော ဆရာကြီးလူသူတော်သျှောင် စောင်း၏စကားဆုံးသွားသောအခါ စုံထောက်မင်းကြီးမစ္စတာ တီးဝပ်၏မျက်နှာပေါ်တွင် တျေနပ်ပျော်ရွှင်သွားသည့်အမူအရာ ပေါ်ပေါက်လာပြီးလျှင်. .

"မစ္စတာသျှောင်တစောင်းရဲ့ တွေးခေါ်သုံးသပ်ချက်တွေ

www.burmeseclassic.com

ကို ကျွန်ုပ်အကြွင်းမဲ့ထောက်ခံပါတယ်။ ဒီရာဇဝတ်ကောင်တွေ
အကြံအစည်ကိုကျွန်ုပ်တို့ဘက်ကကြိုတင်သိရှိနေပြီဆိုတော့ ကျွ
တို့ဘက်ကတုန့်ပြန်မယ့်အစီအစဉ်တွေကို မစ္စတာသျှောင်တစော
အနေနဲ့ဘယ်လိုများစိတ်ကူးထားပါသလဲ. . ”

“ကျွန်ုပ်တို့ဟာ. . အာသာဝတီရွှေဘားတို့ရဲ့အစီအစဉ်
ခုကိုကြိုတင်ခန့်မှန်းနိုင်တဲ့အခြေအနေမှာပဲရှိသေးတာမို့. . သူ
ကိုလက်ရဖမ်းဆီးနိုင်ဖို့ဆိုတာက အတော်လေးအလှမ်းဝေးနေ
သေးတယ်။ ကျွန်ုပ်စိတ်ကူးထားတာကတော့. . သူတို့ရဲ့အစီအ
ကိုပျက်စီးသွားအောင်ဖျက်လိုက်ကြပြီး သူတို့ကိုယ်တိုင်ကဒေ
ကြောင့်အမှားတွေကျူးလွန်လာမှ သူတို့ကိုလက်ရဖမ်းဆီးဖို့ပဲ
ဒီအစီအစဉ်အောင်မြင်ဖို့မှာ. . မစ္စတာစတီးဝစ်ရဲ့စည်းရုံးပြော
နိုင်မှုကသိပ်အရေးကြီးနေပါတယ်. . ”

တို့နောက်. . ဆရာကြီးလူသူတော်သျှောင်တစောင်းသည်
သူ၏အစီအစဉ်များကိုအသေးစိတ်ရှင်းပြပြီး စီအိုင်ဒီစုံထောက်
နှင့်ကျွန်ုပ်ဦးသိန်းမောင်အားလည်းတာဝန်များခွဲဝေပေးလိုက်လေ
တော့သတည်း။

♣ ♣ ♣

ဆရာတပည့်တွေဟာ သွေးမနည်းဘူးဆိုတာ...
ဆရာသိပါတယ်ကွယ်။ ဒီညကိစ္စတွေပြီးသွားရင်...
လူသူတော်သျှောင်တစောင်းကိုအပြတ်ရှင်းနိုင်ဖို့...
ဆရာတို့ စီစဉ်ကြရမှာပါ။

အာသာဝတီရွှေဘား

www.burmeseclassic.com

## အာသာဝတီအစွမ်းပြပြီ

အချိန်မှာညနေခြောက်နာရီကျော်စပြုပြီဖြစ်၍ နေလုံးကြီးမှာလုံးဝပျောက်ကွယ်သွားခြင်းမရှိသေးသော်လည်း ရေပြင်ကြီး၏အောက်ဘက်သို့ငုပ်လျှိုးသွားရန်ပြင်ဆင်လျှက်ရှိနေပြီဖြစ်သည်။ ကြည့်မြင်တိုင်ကမ်းနားပိုင်းတွင်ဆောက်လုပ်ထားသော ကျွန်းအိမ်ကြီး၏ဝရံတာပေါ်တွင်ထိုင်နေကြသောလူငါးယောက်မှာ နေဝင်ချိန်ရှုခင်းကိုငေးမောကြည့်ရှုရင်း တိတ်ဆိတ်ငြိမ်သက်စွာထိုင်နေကြလေသည်။

ထိုလူငါးယောက်အနက်မှ အသက်ခြောက်ဆယ်ကျော်ခန့်ရှိနေပြီဖြစ်သောအဖိုးကြီးသည်ကား အာသာဝတီရွှေမားဆိုသည့်



သိကြီးပင်ဖြစ်သည်။ ထိုအဖိုးကြီးသည်ပိန်လှီ၍ကျစ်လစ်သော ကာယကိုပိုင်ဆိုင်ပြီးလျှင် အသက်အရွယ်နှင့်မလိုက်အောင် းဖျတ်လတ်စွာလှုပ်ရှားနေထိုင်နိုင်သူဖြစ်ကြောင်းကို မြင်ရုံ င်ကောင်းစွာသိရှိနိုင်ပေသည်။ အဖိုးကြီး၏မျက်နှာတွင် ထူး ျာတွေ့ရှိနေရသောအရာမှာ မျက်တွင်းနက်ကြီးများထဲတွင် ဝင်နေသည့်. . စူးရှလင်းလက်၍နေသောမျက်လုံးအစုံဖြစ်ပြီး န်လူတစ်ယောက်အနေဖြင့် ထိုမျက်လုံးများအားရင်ဆိုင်ကြည့် သည်နှင့်. . ရင်ထဲတွင်အေးစိမ့်သောဝေဒနာတစ်မျိုးကိုခံစား ရအောင်ပင် မျက်လုံးများကစူးရှထက်မြက်လှပေသည်။

ကျန်လူလေးဦးအနက်မှ. . သုံးဦးမှာအသက်လေးဆယ် ကျောင်လူလတ်ပိုင်းများဖြစ်ကြကာ တောတောင်များတွင်အနေ ခဲ့သောကြောင့် ညိုမောင်းသောအသားရောင်များရှိနေကြပြီး ည်ကြည်ခန့်ညားသောရုပ်ရည်ပိုင်ရှင်များဖြစ်ကြပေသည်။

ထိုသုံးဦးတွင်. . အသက်အကြီးဆုံးလူ၏အမည်မှာ ကိုဘ င်ဖြစ်ပြီး သူ၏မျက်နှာမှာသဘောကောင်း၍ယဉ်ကျေးသိမ်မွေ့ န်ရှိသော်လည်း အရေးကြုံလာလျှင်အလွန်ရက်စက်စွာပြုမူ တ်သူတစ်ယောက်ဖြစ်ပေသည်။ သူသည်အာသာဝတီရွှေမား၏ ပည့်အကြီးဆုံးဖြစ်ကာ သိုင်းပညာရပ်မျိုးစုံတွင်ကျွမ်းကျင်နှံ့စပ် ဖြစ်ပြီး အာသာဝတီရွှေမား၏သိုင်းပညာများကိုပညာကုန်ရ းသည့်တပည့်ကြီးအဖြစ်အသိအမှတ်ပြုထားကြပေသည်။

www.burmeseclassic.com

ဒုတိယတပည့်ကြီးမှာကိုလှသောင်းဆိုသူဖြစ်ပြီး သိုင်း
ညာဘက်တွင်ထူးချွန်သလို. . ဖြတ်ထိုးညာဏ်အလွန်ကောင်းသူဖြ
သောကြောင့် အရေးကိစ္စနှင့်ကြုံလာလျှင်အလွန်အားကိုးရသူတ
ဦးဖြစ်ပေသည်။

တတိယတပည့်ဖြစ်သည့်ကိုငွေမောင်းမှာ နအေးအေးဆေး
ဆေးနေထိုင်တတ်သူတစ်ဦးဖြစ်ကာ သူတစ်ပါးအားသတ်ဖြတ်ရ
ရှာသည့်အလုပ်မျိုးကိုသဘောမကျဘဲ မလွှဲမရှောင်သာသည့်အချိ
မှသာ တာဝန်ကျေအောင်ပြုလုပ်တတ်သူဖြစ်သည်။ အာသာဝတ
ရွှေဓားသည်. . တပည့်ဖြစ်သူ၏စိတ်ဓာတ်ကိုကောင်းစွာသိရှိသေ
လည်း ငယ်စဉ်ကပင်အတူတကွနေထိုင်လာခဲ့သူဖြစ်သောကြော
ကိုငွေမောင်းအပေါ်တွင်အပြစ်မမြင်နိုင်ဘဲ သာမန်ကိစ္စမျိုးကိုသာ
ခိုင်းစေတာဝန်ပေးလေ့ရှိသည်။

အာသာဝတီရွှေဓား၏ အငယ်ဆုံးတပည့်ဖြစ်သည့်မောင်
မိုးကြိုးမှာရုပ်ရည်ချောမောသောလူငယ်တစ်ဦးဖြစ်ပြီး သူ၏စိတ်
ဓာတ်မှာ ရုပ်ရည်နှင့်မလိုက်အောင်ပင်●က်စက်ကြမ်းကြုတ်လှကာ
သူတစ်ပါးအားရက်ရက်စက်စက်သတ်ဖြတ်ရန် ဝါသနာထုံသူတစ်
ဦးဖြစ်ပြီး. . သိုင်းပညာမျိုးစုံကိုအပင်ပန်းခံ၍သင်ယူနိုင်ခဲ့သော
ကြောင့် အရွယ်နှင့်မမျှအောင်ပင်သိုင်းပညာဘက်၌ထက်မြက်ထူး
ချွန်သူဖြစ်နေပေတော့သည်။

အာသာဝတီရွှေဓားသည် တပည့်ကျော်လေးဦးအားသေ



စွာကြည့်ရှုလိုက်ပြီးလျှင်. .

"ဆရာတို့မှာ. . ရွှေငွေရတနာတွေသုံးမကုန်အောင်ရှိနေ
မယ့်. . ရှားရှားပါးပါးတန်ဖိုးထားနေကြတဲ့ စိန်လည်တုံကြီးကို
ရာတို့ရအောင်ယူကြမယ်။ စိန်ဘာဘူချင်းနယားရဲ့လုံခြုံလှပါပြီ
တဲ့အစောင့်အကြပ်တွေနဲ့ သူ့မိတ်ဆွေဗြိတိသျှအရာရှိကြီးတွေ
မျက်စိရှေ့မှာတင်ရအောင်ယူပြကြမယ်။ ဆရာမှာကြားထားတဲ့
ချက်တွေကိုမှတ်မိတယ်နော်. . "

"ဟုတ်ကဲ့. . မှတ်မိပါတယ်ဆရာကြီး"

"စီအိုင်ဒီစုံထောက်အဖွဲ့ကကောင်တွေတော့ အဆိပ်မိလို့
ယ်နစ်ယောက်သေကုန်ပြီလည်းမသိဘူး။ ခုချိန်လောက်ဆိုရင်
လုံဘက်မှာ ကင်းပုန်းဝပ်ပြီးစောင့်နေကြမှာကိုတော့မြင်ယောင်
သကွာ. . ဟား. . ဟား. . "

"သူတို့ရဲ့စီအိုင်ဒီရုံးနားမှာ. . တစ်လနီးပါးနေခဲ့ရတော့
ာက်ဦးဇင်ယော်၊ မောင်းထောင်းကိုကိုကြီးနဲ့အိုင်ပီအေးမောင်
တို့မကြာခဏမြင်ခဲ့ရပါတယ်။ လူသူတော်သျှောင်တစောင်းကို
ည်း. . မနက်က သေချာမြင်လိုက်ရပါတယ်။ သူတို့ပုံစံတွေက
မှအစွမ်းအစရှိပုံမရပါဘူးဆရာကြီးရယ်. . "

မောင်မိုးကြိုး၏စကားကြောင့်. . ဆရာကြီးအာသာဝတီ
ားကသဘောကျစွာပြုံးလိုက်ပြီးလျှင်. .

"ရန်သူကို. . အဲဒီလိုအထင်သေးစိတ်မမွေးရဘူးမောင်မိုး

www.burmeseclassic.com

ကြီး။ အဲဒီလူလေးယောက်ဟာ. . ဆရာတို့အတွက်ကြောက်စ
အကောင်းဆုံးရန်သူတွေပဲ။ အထူးသဖြင့်. . လူသူတော်သျှောင်
စောင်းဆိုတဲ့ရန်သူကိုသတိထားကြပါ။ သူနဲ့ရင်ဆိုင်တွေ့ခဲ့ရင်လည်
လွတ်အောင်သာရှောင်တိမ်းကြပါ။ သူ့ပညာကို. . မင်းတို့လေ
ယောက်ပေါင်းတိုက်ရင်တောင်မယှဉ်နိုင်ဘူးကွယ့်။ ဆရာမှာကြ
တဲ့စကားကို စွဲစွဲမြဲမြဲမှတ်သားထားကြပါလေ. . ”

တပည့်ကြီးကိုဘမောင်သည် ဆရာ့စကားကိုခေါင်းညိ
ချိနာခံလိုက်သော်လည်း စိတ်ထဲတွင်မရှင်းမလင်းဖြစ်နေဟန်
သူသိလိုသောအချက်ကိုမေးမြန်းစပ်စုလိုက်လေသည်။

“လူသူတော်သျှောင်တစောင်းဆိုတဲ့လူကို. . ဆရာကြီး
အလေးအနက်ထားပြီးပြောနေတော့ အဲဒီလူနဲ့ဆရာကြီးဆုံခဲ့ဖူး
လားဆရာကြီး. . ”

“လူခြင်းမဆုံဖူးပေမယ့်. . သူ့သတ ဘွကိုကြားနေရ
ပဲကွယ်။ ဆရာ့မိတ်ဆွေဟောင်းကြီးတစ်ယောက်ဖြစ်တဲ့ တွင်းပေါ
မျှော်စင်သိုင်းပညာရှင်ကြီးဦးရွှေမိုးကိုတောင်လက်ရဖမ်းဆီး
တယ်ဆိုတော့ သူ့ပညာဟာဆရာ့ပညာထက်တော့မနိမ့်ဘူးကွ
သူဟာသူ့ရဲကောင်းကြီးနာဂသမန်းရဲ့ နောက်ဆုံးမျိုးဆက်ဖြစ်
ရှိုးမပြန်ရှင်ရသေ့ရဲ့ပညာတွေကို အိတ်သွန်ဖာမှောက်ရရှိထားသ
သတင်းကြီးနေတာမို့ သူ့ကိုရှောင်နိုင်ရင်ကောင်းပါတယ်ကွယ်

မောင်မိုးကြီးသည်လည်း ပညာမာနကြီးမားလွန်းသူဖြ



သောကြောင့် မကျေမနပ်လေသံဖြင့်. .

“ကျွန်တော်တို့က. . လူသူတော်သျှောင်တစောင်းဆိုတဲ့ လူကို တစ်သက်လုံးရှောင်ပုန်းနေကြရတော့မှာလားဆရာကြီး”

ဟုပြောကြားလိုက်လေရာ အာသာဝတီရွှေဘားကသဘော ကျစွာရယ်မောလိုက်ပြီးလျှင်. . .

“ဆရာ့တပည့်တွေဟာ သွေးမနည်းဘူးဆိုတာ. . ဆရာသိ ပါတယ်ကွယ်။ ဒီညကိစ္စတွေပြီးသွားရင်. . လူသူတော်သျှောင်တ စောင်းကိုအပြတ်ရှင်းနိုင်ဖို့ဆရာတို့စီစဉ်ကြရမှာပါ။ ကဲ. အချိန် မလင့်ခင် ဆောင်ရွက်ရမယ့်ကိစ္စတွေကိုအောင်မြင်အောင်ဆောင် ရွက်လိုက်ကြပေဦး. . ”

အာသာဝတီရွှေဘား၏စကားဆုံးသည်နှင့်တပည့်ကြီးလေး ဦးတို့သည်. . ဆရာဖြစ်သူအားဦးညွှတ်၍ နေရာမှထွက်ခွာသွားကြ လေတော့သည်။

* * *

ထိုအချိန်၌ စိန်ဘာဘူချင်းနယား၏တိုက်ကြီးတွင်လည်း တူမီးသေနတ်များကိုင်ဆောင်ထားကြသောအစောင့်နှစ်ယောက်နှင့် စိန်ဘာဘူချင်းနယား၏လူယုံတော်လည်းဖြစ်၊ သက်တော်စောင့် လည်းဖြစ်သောမောင်မောင်ကြီးတို့သည် စိန်ဘာဘူချင်းနယား

www.burmeseclassic.com

၏ရှေ့တွင်မတ်မတ်ရပ်၍ အမိန့်နာခံလျှက်ရှိနေကြပေသည်။

"ဒီမွေးနေ့ပွဲမှာ. . သမီးလေးရှယ်လီကိုလက်ဆောင်ပေးထားတဲ့စိန်လည်တုံကြီးကို လုယူချင်နေတဲ့လူဆိုးတွေရဲ့အန္တရာယ်ကိုအံ့ထူးသတိထားရမယ်။ ငါတို့က လူရင်းတွေကိုပဲရွေးဖိတ်ထားတာဆိုတော့. . လူစိမ်းတွေကိုလုံးဝအဝင်မခံပါနဲ့. ."

စိန်ဘာဘူချင်းနယားသည် လူယုံတော်မောင်မောင်ကြီးအားလက်ညှိုးထိုးလိုက်ကာ. .

"မင်းက. . ငါတို့ဖိတ်ထားတဲ့လူတွေကိုအကုန်သိထားတာမို့ တိုက်ပေါ်တက်တဲ့လှေကားဝမှာသူတို့နဲ့အတူစောင့်ကြည့်နေပါ။ လူစိမ်းတွေဝင်ဖို့ကြိုးစားလာရင်. . ချက်ခြင်းတားဆီးပြီးဖမ်းချုပ်လိုက်ပါ။ မင်းတို့အနောက်မှာ အရပ်ဝတ်နဲ့ပုလိပ်နှစ်ယောက်လည်းအဆင်သင့်စောင့်နေကြလိမ့်မယ်။ ငါပြောတာ နား သည်သလား"

"စိတ်ချပါ. . ဆရာကြီး။ တိုက်ပေါ်ကိုလူ ကစ်ယောက်မှရောက်မလာအောင် ကျွန်တော်တာဝန်ယူပြီးစောင့်ကြည့်ပေးပါ့မယ်။ ကျွန်တော်ကိုယ်တိုင်ရှယ်လီနဲ့ဖိတ်စာလိုက်ပို့ခဲ့တာမို့ မွေးနေ့ပွဲကိုလာမယ့်ဧည့်သည်တွေကို ကျွန်တော်အားလုံးသိပါတယ်. ."

"ကောင်းပြီလေ။ ငါစိတ်ချလိုက်တော့မယ်. ."

မောင်မောင်ကြီးသည်ခုံတစ်လုံးကိုဆွဲယူကာ. . လှေကားဝနား၌ထိုင်ချ၍ နေရာယူလိုက်လေတော့သည်

* * *



ရွှေဘုံသာလမ်းပေါ်ရှိ စိန်ဘာဘူချင်းနယား၏တိုက်ကြီးတွင်မီးရောင်များလင်းထိန်လျှက်ရှိကာ. . ကိုယ်ပိုင်ကားကြီးသည်လည်း တစ်စီးပြီးတစ်စီးဝင်ရောက်လာနေပေသည်။

စက်ရှင်တရားသူကြီးဦးဖေညွန့်၏သမီးငယ်မှာ စိန်ဘာဘူချင်းနယား၏သမီးရှယ်လီချင်းနယားနှင့်ကျောင်းနေဖက်သူငယ်ချင်းဖြစ်သောကြောင့် စက်ရှင်တရားသူကြီးဦးဖေညွန့်မှာသမီးငယ်နှင့်အတူဧည့်ခံပွဲသို့တက်ရောက်လာလေသည်။ ဦးဖေညွန့်ကားမှဆင်းလိုက်ချိန်တွင်. . နံဘေး၌ရပ်ထားသောမီးခိုးရောင်ဖို့(ဒ်)ကားကြီး၏နောက်ဘက်မှထွက်ပေါ်လာသော အနောက်တိုင်းဝတ်စုံကိုသားနားသပ်ယပ်စွာဝတ်ဆင်ထားသူတစ်ဦးက. .

"အန်ကယ်က. . တရားသူကြီးဦးဖေညွန့်ပါလားခင်ဗျာ။ ကျွန်တော့်ကိုမမှတ်မိဘူးလား အန်ကယ်ဖေညွန့်. ."

ဦးဖေညွန့်သည်ထိုလူအားလုံးဝမမြင်ဖူးသော်လည်း မိမိအားနှုတ်ဆက်နေသူမှာသူဌေးတစ်ဦးဖြစ်နေသဖြင့် အားနာစွာပြုံးလိုက်ပြီးလျှင်. .

"အသက်ကြီးလာပြီဆိုတော့လည်း မှတ်ဉာဏ်တွေအတော်ညံ့နေပြီမောင်ရေ့။ မောင့်ကိုတော့. . မြင်ဖူးသလိုအရှိသား"

"ကျွန်တော်တို့ပဲခူးမြို့ပေါ်မှာနေကြတုန်းက အန်ကယ်ကခရိုင်တရားသူကြီးလေ။ ကျွန်တော့်ဒက်ဒီရဲ့အမှုမှာ အန်ကယ်ကအနိုင်ဖြတ်ပေးလိုက်လို့ ကျွန်တော်တို့အမှုနိုင်သွားပြီးအခုလိုနေကုန်

www.burmeseclassic.com

မြို့ကြီးမှာစီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်နိုင်တာမို့ ကျေးလူရှင် အန်ကယ်ကို. . ကျွန်တော်ကအမြဲအမှတ်ရနေတာပါ။ အန်ကယ်က ရုပ်နည်းနည်းပြောင်းသွားပေမယ့် ကျွန်တော်ကတော့မှတ်မိနေတာ ပါပဲအန်ကယ်ရယ်. . ”

ဦးဖေညွှန့်မှာ. . စက်ရှင်တရားသူကြီးမဖြစ်မီ လွန်ခဲ့သည့် ဆယ်နှစ်ကျော်က. . ပဲခူးမြို့တွင်ခရိုင်တရားသူကြီးအဖြစ်သုံးနှစ် ကျော်တာဝန်ယူခဲ့ဖူးသူဖြစ်သောကြောင့် မိမိအနေနှင့်အသက်ကြီး လာ၍မမှတ်မိတော့ခြင်းဖြစ်သည်ဟုယုံကြည်သွားကာ. .

“မောင်ကရန်ကုန်မှာ ဘာအလုပ်တွေများလုပ်ကိုင်နေသလဲကွယ်။ ဒီမွေးနေ့ပွဲကိုလာတက်တယ်ဆိုတော့ စိန်ရွှေအရောင်း အဝယ်လုပ်ငန်းပဲထင်တယ်. . ”

“မှန်ပါတယ်ခင်ဗျာ. . ။ ဒီကလေးမက. . ဦးရဲ့သမီးလေး သီတာညွှန့်ထင်တယ်။ ပဲခူးမှာတုန်းက. . ကလေးအရွယ်ပဲရှိသေး တာမို့ ကျွန်တော့်ကိုမှတ်မိမယ်မထင်ဘူး. . ”

သီတာညွှန့်သည်လည်း မိမိအကြောင်းကိုပါတ[illegible]တန်း ပြောဆိုနေသောလူချောလူခန့်ကြီးအားခင်မင်စိတ်များဝ[illegible]လာသ ဖြင့်. .

“နှစ်တွေဒီလောက်ကြာခဲ့တာတောင်. . ဦးကသမီးနာမည် ကိုမှတ်မိနေသေးတယ်နော်. . ။ ဦးကတစ်ယောက်တည်းဆိုတော့ သမီးတို့နဲ့တစ်ဝိုင်းတည်းထိုင်ကြ[illegible]ပေါ့။ မကောင်းဘူးလား. . ”



“ကောင်းတာပေါ့. . သီတာညွှန့်ရယ်။ ဦးက အခုချိန်ထိ အိမ်ထောင်မပြုသေးဘဲလွတ်လွတ်လပ်လပ်နေတာမို့ မင်္ဂလာပွဲစားပွဲ တွေတက်ရရင်ပိုက္ခအမြဲရောက်တယ်လေ. . ”

သီတာညွှန့်က ရုပ်ချော၍အပြောကောင်းလှသောကိုလှ သောင်းအားလှမ်းကြည့်လိုက်ချိန်တွင် ကိုလှသောင်းကစွဲဆောင်မှု ရှိသောအပြုံးဖြင့်တုန့်ပြန်ကြည့်ရှုလိုက်သဖြင့် သီတာညွှန့်မှာရွှေရင် တလေးဖိုသွားရပြီး ကိုလှသောင်းအားရှက်ရွံ့သည့်အပြုံးလေးဖြင့် သာကြည့်နေမိလေတော့သည်။

ထိုအချိန်တွင်. . မောင်မောင်ကြီးထိုင်စောင့်နေသောခုံ ရှေ့မှဖြတ်သန်းနေရှိမိဖြစ်ရာ မောင်မောင်ကြီးသည်ကိုလှသောင်း အားလုံးဝမမြင်ဖူးသဖြင့်. . စိတ်ထဲတွင်မသိုးမသန့်ဖြစ်နေမိသော် လည်း. . ရှယ်လီ၏အချစ်ဆုံးသူငယ်ချင်းဖြစ်သောစက်ရှင်တရား သူကြီး၏သမီးသီတာညွှန့်နှင့် တရင်းတနှီးစကားပြောဆို၍လာနေ ခြင်းဖြစ်သည့်ပြင်. . လမ်းလျှောက်၍လာကြစဉ်ကလည်း စက်ရှင် တ[illegible]သူကြီးဦးဖေညွှန့်နှင့်ရင်းနှီးစွာစကားပြောဆိုလာကြသည်ကို တွေ့[illegible]ားသဖြင့်. . သီတာညွှန့်နှင့်ရည်ငံနေသူသာဖြစ်လိမ့်မည်ဟု သဘောပေါက်လိုက်ကာ. . မေးမြန်းရန်မသင့်သဖြင့်ဘာမျှမမေး ဘဲတော့ဘဲ နောက်မှလာနေကြသောဧည့်သည်တော်များဆီသို့သာ အာရုံပြောင်း၍သွားလေတော့သည်။

တိုက်ကြီး၏. . တတိယထပ်သို့ရောက်သွားကြသောအခါ

www.burmeseclassic.com

မွေးနေ့ရှင်ရှယ်လီချင်းနယားကသူတို့အားကြိုဆိုကာ မွေးနေ့ကိတ်မုန့်ကြီးနှင့်အနီးဆုံး၌ရှိသောစားပွဲဝိုင်းကြီး၌ နေရာချထားပေးလိုက်လေသည်။

ကိုလှသောင်းမှာ အလွန်စကားပြောကောင်းသူဖြစ်သော ကြောင့်. . အချိန်ပိုင်းအတွင်းမှာပင်သီတာညွန့်နှင့်ခင်မင်ရင်းနှီးသွားကာစက်ရှင်တရားသူကြီးဦးဖေညွန့်နှင့်အတူ သုံးယောက်သား စကားလက်ဆုံကျနေလေတော့သည်။ ဧည့်ပရိသတ်များအားသတိထား၍စောင့်ကြည့်နေသောစိန်ဘာဘူချင်းနယားကိုယ်တိုင်သည်လည်း. . ကိုလှသောင်းအားတွေ့မြင်စကမသက်သာဖြစ်နေမိကာ မသိမသာအကဲခတ်ကြည့်ရှုရင်း ဦးဖေညွန့်နှင့်ပတ်သက်နေသူဟု စိတ်ချယုံကြည်သွားလေသည်။

ကိုလှသောင်းသည် သီတာညွန့်နှင့်အဆက်မပြတ်စကား ပြောဆိုနေရင်းမှပင် ပရိသတ်များအားလိုက်လံဧည့်ခံနေသည့် မွေးနေ့ရှင်ရှယ်လီချင်းနယား၏ လှပသွဲ့ပြောင်းသောလည်တိုင်တွင် ဆွဲထားသည့် အရောင်များတဖျတ်ဖျတ်လက်နေသည့်စိန်လည် ဘုံကြီးဆီသို့မသိမသာမျက်စိရောက်သွားတတ်ကာ. . သူ၏လက်တွင် ပတ်ထားသည့်အကောင်းစားရွှေနာရီလေးအား မကြာခဏငုံ့ကြည့် နေမိလေတော့သည်။

* * *



ရှစ်နာရီထိုးရန်ငါးမိနစ်သာလိုတော့သည့်အချိန်တွင် ရွှေဘုံသာလမ်းထဲသို့လူငယ်တစ်ယောက်သည် စက်ဘီးတစ်စီးနင်း၍ အေးအေးဆေးဆေးဝင်ရောက်လာရာ. . မည်သူကမျှဂရုပြုမိခြင်း မရှိကြပေ။

ထိုလူငယ်သည်. . စိန်ဘာဘူချင်းနယား၏တိုက်ကြီးနှင့် အလွယ်ခုတ်နေရာတွင်ရှိသော လမ်းတစ်ဘက်ပလက်ဖေါင်းဘေး ရှိဓါတ်တိုင်တစ်တိုင်တွင် စက်ဘီးကိုဒေါက်ထောက်၍ရပ်လိုက်ပြီး လျှင် ဓါတ်တိုင်ပေါ်သို့လျှင်မြန်စွာတွယ်တက်သွားလေသည်။

ထိုနေရာမှာအမှောင်ရိပ်ကျနေသောနေရာဖြစ်၍ ထိုလူ ငယ်အားမည်သူမျှတွေ့မြင်ခြင်းမရှိကြပေ။ အကယ်၍တွေ့မြင်ခဲ့ လျှင်လည်း လျှပ်စစ်မီးပြင်ဆင်သည့်အလုပ်သမားတစ်ယောက်ဟု သာထင်မြင်စရာရှိသောကြောင့် လူငယ်သည်လေချွန်သံပေးရင်း ဓါတ်တိုင်ပေါ်သို့အေးအေးဆေးဆေးတက်နေလေသည်။

ဓါတ်တိုင်ထိပ်သို့ရောက်သည်နှင့်. . လူငယ်၏လက်ထဲမှ သက်နိုပ်ဓါတ်မီးလေးတစ်ခုလင်းလက်လာပြီးလျှင် ကြိုတင်ရွေးချယ် သတ်မှတ်ထားဟန်ရှိသော ပင်မဓါတ်အားလိုင်းနှင့်ချိတ်ဆက်ထား သည့်လျှပ်စစ်ဝါယာကြိုးသုံးချောင်းအား ဘေးသို့ဖယ်လိုက်ကာ သူ၏လက်ထဲမှလျှပ်စစ်လုပ်ငန်းသုံးပလာယာဖြင့်တစ်ကြိုးစီအက် တိုက်ဖြတ်ချလိုက်တော့သည်။

* * *

www.burmeseclassic.com

ကိုလှသောင်းသည် လက်ဟန်ခြေဟန်ဖြင့်စကားပြောနေရင်းမှနာရီကိုလှမ်းကြည့်လိုက်ရာ ရှစ်နာရီထိုးရန်တစ်မိနစ်တိတိသာလိုတော့သည်နှင့် နေရာမှဆတ်ကနဲထလိုက်ပြီး..

"ခဏလေးနော်.. အန်ကယ်.."

ဟုတောင်းပန်ပြောကြားလိုက်ရင်း ရေအိမ်သို့သွားမည့်ဟန်ဖြင့် တိုက်ကြီး၏နောက်ဘက်သို့သွားရန်ခြေလှမ်းပြင်လိုက်လေသည်။

ထိုအချိန်တွင်.. မွေးနေ့ရှင်ရှယ်လီချင်းနယားမှာလည်း ရှစ်နာရီတိတိတွင်မွေးနေ့ကိတ်မုန့်လှီးမည်ဖြစ်၍ ကိုလှသောင်းတို့ရှိရာဘက်သို့တစ်လှမ်းချင်းလျှောက်လှမ်းလာနေပြီဖြစ်သည်။

"ဖျတ်.."

"ဟာ.. မီးပျက်သွားပြီဟေ့.."

"သမီးလေးရှယ်လီ။ သတိထား.."

အခန်းကြီးတစ်ခုလုံးအမှောင်ဖုံးသွားပြီဖြစ်၍ မည်သည့်အရာကိုမျှသဲသဲကွဲကွဲမမြင်နိုင်တော့သည့်အခြေအနေတွင် စိန်ဘာဘူချင်းနယားသည် သမီးဖြစ်သူအားလှမ်းအော်သတိပေးလိုက်ပြီး ရှယ်လီချင်းနယားရှိရာသို့မှန်းဆ၍ပြေးလာသော်လည်း လမ်းတွင်ကြောက်လန့်တကြားထရပ်နေကြသောဧည့်သည်များနှင့် ဝင်တိုက်မိကာလဲကျသွားရှာလေသည်။

"ကယ်.. ကယ်ကြပါဦး။ ကျွန်မလည်ပင်းတကြီးကို ဖြုတ်



များလို့ပါရှင်.."

ရှယ်လီချင်းနယား၏အော်သံကြောင့် အခန်းထဲတွင်ပို၍ရှုတ်သဲသဲဖြစ်သွားကြကာ မှောင်ထဲတွင်ပြေးကြလွှားကြရင်း တစ်ဦးနှင့်တစ်ဦးတိုက်ခိုက်မိကြသဖြင့်.. လဲပြိုသောအသံများ ကုလားထိုင်များ၏လဲပြိုကျသံများဖြင့် ပွက်ပွက်ညံ၍နေလေတော့သည်။

စိန်ဘာဘူချင်းနယားသည် လဲကျနေရာမှလူးလဲထလိုက်ရင်း..

"ဝင်ပေါက်တံခါးကြီးကိုသော့ခတ်ထားလိုက်စမ်း မောင်[illegible]င်ကြီး။ သမီးလေးရဲ့စိန်လည်တုံကြီးပျောက်သွားလို့ဟေ့.."

ဟု တိုက်အောက်ထပ်သို့အသံကုန်အော်ဟစ်၍အမိန့်ပေးလိုက်လေတော့သည်။

ကိုလှသောင်းကား အမှောင်ထဲတွင်ကျင့်သားရနေသူဖြစ်သောကြောင့် အမှောင်ကျသွားသည်ရှယ်လီချင်းနယားထံသို့ ဝင်ကပ်လိုက်ကာ ရှယ်လီချင်းနယား၏ပါးစပ်ကိုသန်မာသောလက်ကြီးတစ်ဖက်ဖြင့်အုပ်ကိုင်လိုက်ပြီး လည်ပင်းမှစိန်လည်တုံကြီးကိုဆောင့်ဆွဲ၍ဖြုတ်ယူလိုက်ကာ နောက်ဘက်သို့ဆုတ်ခွာလိုက်ပြီး [illegible]တုတ်အကျႌအိတ်ထဲတွင်အဆင်သင့်ယူဆောင်လာသောသားရေအိတ်ထဲသို့စိန်လည်တုံကြီးကိုထည့်လိုက်ကာ နောက်ဘက်ရေအိမ်ခန်းထဲသို့ပြေးဝင်လိုက်ပြီး ရေအိမ်အနီးရှိဖွင့်ထားသောပြတင်း

www.burmeseclassic.com

ပေါက်မှသားရေအိတ်အားပစ်ချလိုက်ရာ စိန်လည်တုံကြီးထည့်
သောသားရေအိတ်မှာ တိုက်နောက်ဘေးလမ်းကြားသို့ ရော
သွားလေတော့သည်။

ထိုအဖြစ်အပျက်များဖြစ်ပွားချိန်မှာ သုံးမိနစ်ဝင်
လိုက်သောကြောင့် ကိုလှသောင်းတစ်ယောက်အခန်းကျယ်ကြီး
သို့ပြန်ရောက်ချိန်တွင် ဧည့်သည်တော်များမှာရှုန်းရင်းဆန်
ဖြစ်နေဆဲရှိကြရာ ကိုလှသောင်းသည်ဦးဖေညွန့်နှင့်သီတာညွှန့်
ရှိနေသောနေရာသို့အရောက်သွားကာ သီတာညွှန့်၏လက်က
တစ်ဖက်ကိုလှမ်းကိုင်လိုက်ရင်း. .

"ဘာမှကြောက်မနေနဲ့. . ညီမလေးသီတာညွှန့်။ အစ်
ကြီးတစ်ယောက်လုံးရှိပါတယ်။ ညီမလေးက. . အစ်ကိုကြီးလက်
သာလူစုကွဲမသွားအောင်သေချာကိုင်ထား။ အန်ကယ့်ကိုလည်း
အစ်ကိုကြီးကိုင်ထားပေးမယ်. . "

ဟု အားပေးပြောကြားလိုက်ကာ သီတာညွှန့်နှင့်ဦးဖေ
တို့နှစ်ဦးကို လက်တစ်ဖက်စီဖြင့်တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်
ရပ်နေလိုက်လေသည်။

မကြာမီပင်. . စိန်ဘာဘူချင်းနယား၏တပည့်များက
ဖွေထွန်းညှိလိုက်သဖြင့် အောက်လင်းဓါတ်မီးအလင်းရောင်များ
တစ်ခန်းလုံးပြန်လည်၍လင်းလက်လာလေသည်။

စိန်ဘာဘူချင်းနယား၏စိတ်ထဲတွင်. . စိန်လည်တုံကြ



ပျောက်ဆုံးသွားကြောင်းအမှောင်ထဲတွင်ကြားလိုက်ရချိန်က သီတာ
ညွှန့်တို့နှင့်ပါလာသောလူစိမ်းအားသင်္ကာမကင်းဖြစ်နေခဲ့မိသော်
လည်း အောက်လင်းဓါတ်မီးအလင်းရောင်အောက်တွင်သီတာညွှန့်
နှင့်ဦးဖေညွှန့်တို့နှစ်ဦးကြား၌မတ်မတ်ရပ်ကာ သားအဖနှစ်ဦးအား
ထိန်းကိုင်ပေးထားသောလူစိမ်းအားတွေ့မြင်လိုက်ရသဖြင့် သံသယ
စိတ်များပျောက်ကွယ်သွားလေတော့သည်။

"ဧည့်ပရိသတ်အားလုံးကို. . တောင်းပန်ပါတယ်ခင်ဗျာ။
သမီးလေးရဲ့မွေးနေ့ပွဲမှာ မထင်မှတ်ဘဲအနှောင့်အယှက်တွေဖြစ်
ပေါ်ခဲ့ရပြီး. . သမီးလေးကိုမွေးနေ့လက်ဆောင်ပေးထားတဲ့တန်ဖိုး
ဖြတ်နိုင်တဲ့စိန်လည်တုံကြီးဟာလည်း. . ဒီအခန်းကြီးထဲမှာရှိနေ
တဲ့ မသမာသူတစ်ယောက်ရဲ့လုယက်ခြင်းကိုခံလိုက်ရတယ်ဆိုတာ
အားလုံးကြားသိပြီးဖြစ်ပါတယ်. . "

စိန်ဘာဘူချင်းနယားသည် ဧည့်ပရိသတ်များအားအလွန်
အားနာသည့်အကြည့်ဖြင့်ကြည့်လိုက်ကာ. .

"ဂုဏ်သရေရှိဧည့်သည်တော်ကြီးများကိုတော့ အားနာပါ
တယ်။ ကျွန်တော့်အနေနဲ့. . ဧည့်သည်တော်ကြီးများအောက်ပြန်
ဆင်းတဲ့အချိန်မှာ. . တံခါးဝကနေတစ်ယောက်ခြင်းကိုရှာဖွေခွင့်ပြု
ပါလို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ. . "

စက်ရှင်တရားသူကြီးဦးဖေညွှန့်သည်. . ရှေ့သို့တိုးထွက်
လိုက်ပြီးလျှင်. .

www.burmeseclassic.com

"ဒီလောက်ကြီးမားတဲ့ရာဇဝတ်မှုကြီးဖြစ်နေချိန်မှာ ဘယ်သူ့ကိုမှအားနာနေဖို့မလိုပါဘူးမစ္စတာချင်းနယား။ ကျွန်ုပ်ကတော့ ပန်းဘဲတန်းဌာနာကိုအကြောင်းကြားပြီး ပုလိပ်တွေရဲ့အကူအညီနဲ့ ရှာဖွေချင်တယ်။ ကျွန်ုပ်လို စက်ရှင်တရားသူကြီးတစ်ယောက်ရှေ့မှာကျွလွန်သွားတာဟာ ကျွန်ုပ်ကိုပါစော်ကားသလိုဖြစ်နေတယ်"

"ဦးဖေညွန့်ဆန္ဒရှိတဲ့အတိုင်း ဆောင်ရွက်နိုင်ပါတယ်. ."

စက်ရှင်တရားသူကြီးဦးဖေညွန့်က တယ်လီဖုန်းဖြင့်ပန်းဘဲတန်းဌာနာသို့အကြောင်းကြားလိုက်ပြီး. .

"အခုချက်ခြင်းရောက်လာကြပါလိမ့်မယ် မစ္စတာချင်းနယား။ ကျွန်ုပ်အပါအဝင်ဧည့်သည်အားလုံးကို တစ်ယောက်မကျန်ရှာဖွေခိုင်းပါ။ အခန်းကလည်းရှင်းလင်းနေတာမို့. . လက်ပူးလက်ကြပ်ဖမ်းမိနိုင်ပါတယ်။ ဧည့်သည်အားလုံးကိုလည်း လက်ရှိနေရာတွေမှာငြိမ်ငြိမ်သက်သက်ထိုင်နေကြဖို့ မေတ္တာရပ်ခံပါတယ်"

မကြာမီပင် ပန်းဘဲတန်းဌာနာမှဌာနာအုပ်နှင့်ပုလိပ်များရောက်ရှိလာပြီးလျှင်. . အခန်းတွင်းရှိလူများအား တစ်ဦးခြင်းဆိုက်စိပ်တိုက်၍လိုက်ရှာကြသော်လည်း စိန်လည်တုံကြီးအားလုံးဝမတွေ့ရတော့သဖြင့် အလွန်အံ့ဩနေကြလေတော့သည်။

"အတော်တော့အံ့ဩဖို့ကောင်းနေပြီ မစ္စတာချင်းနယား။ စိန်လည်တုံကြီးဟာ ကျွန်ုပ်တို့ရှေ့မှောက်တနေခြေထောက်ပေါက်ပြီးထွက်သွားသလိုဖြစ်နေပြီ။ မစ္စတာချင်းနယားအနေနဲ့ နောက်



ခ်ခေါက်ထပ်ရှာချင်သေးလား. ."

"တော်ပါပြီ. . ဦးဖေညွန့်ရယ်။ ဧည့်သည်တွေကိုလည်း
နှက်နေလို့အားနာလှပါပြီ။ အားလုံးကို သေသေချာချာရှာပြီး
ဆိုတော့. . ထပ်ရှာလို့လည်းအကြောင်းမထူးနိုင်တော့ပါဘူး"

"အင်း. . အဖြစ်ကတော့ အတော်ဆန်းကြယ်နေတာပဲ။
တာချင်းနယားကကျေနပ်ပြီဆိုတော့လည်း. . ဧည့်သည်တွေကို
ခွင့်ပြုလိုက်ပါတော့။ ကျွန်ုပ်ကိုယ်တိုင်လည်း. . ပင်ပန်းလှပြီမို့
ပြန်နားချင်ပါပြီလေ. ."

တိုက်ကြီးပေါ်မှဧည့်သည်များသည် အသီးသီးပြန်လည်
ခွာသွားကြရာ. . မကြာမီအချိန်အတွင်းမှာပင် မစ္စတာချင်း
၏တိုက်ကြီးရှေ့တွင်. . ဧည့်သည်ကားများ တစ်စီးမျှမရှိကြ
တဲ့ ပန်းဘဲတန်းဌာနာအုပ်နှင့်ပုလိပ်များသာလျှင်ရပ်၍ကျန်
ကြလေတော့သည်။

ထိုအချိန်တွင်. . တိုက်ကြီး၏တစ်ဘက်ပလက်ဖေါင်းပေါ်
မှောင်ရိပ်ထဲ၌ မှန်တံခါးများအားလုံးတင်၍ရပ်ထားသောအ
ရောင်စတူဒီဘေကာကားကြီး၏ တံခါးများပွင့်လာပြီးလျှင်
ကြီးလူသူတော်သျှောင်တစောင်း၊ စုံထောက်ကြီးဦးဇင်ယော်၊
ထောင်းကိုကိုကြီးနှင့်ဇာတ်ပိုဦးအေးမောင်တို့သည် ကားပေါ်
လာကြလေသည်။

ပန်းဘဲတန်းဌာနာအုပ်သည်. . စုံထောက်ကြီးဦးဇင်ယော်

www.burmeseclassic.com

အားအလေးပြုလိုက်ပြီးလျှင် . . သူစုံစမ်းသိရှိခဲ့သည့် အမှုဖြစ်ပွား ပုံအသေးစိတ်ကိုပြန်လည်အစီရင်ခံလိုက်လေသည်။

"ညှိခံပွဲကိုတက်ရောက်လာတဲ့ လှူသုံးဆယ်ကျော်ကိုလို ရှာတာ . . လုံးဝမတွေ့ရပါဘူးဆရာကြီး။ စက်ရှင်တရားသူ ဦးဖေညွှန်လည်းညှိခံပွဲမှာရောက်နေတာမို့ မီးပျက်သွားပြီး စိန်လည်တုံကြီးအလုခံလိုက်ရပြီးတဲ့နောက်ပိုင်းမှာ မီးပြန်လာ ကစပြီး ဘယ်သူ့ကိုမှနေရာမရွှေ့ဘဲနေခိုင်းတယ်လို့သိရပါတယ်

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် အတန်ကြာ မျှစဉ်းစားနေလိုက်ပြီးမှ . .

"ဒီကိစ္စက . . သိပ်မထူးဆန်းပါဘူးလေ။ အိတ်တစ် ထည့်ပြီး နောက်ဘေးလမ်းကြားကနေမီးပျက်နေတဲ့အချိန်မှာပ ပေးလိုက်တာပါ။ ခင်ဗျားတပည့်တွေကို အခုစစ်ဆေးခိုင်းလိုက် လူတစ်ယောက်ရဲ့ခြေရာလတ်လတ်ဆတ်ဆတ်တွေကို တွေ့ကြ ပါလေ။ အမြန်စစ်ဆေးခိုင်းပြီး စီအိုင်ဒီကိုဖုန်းဆက်အစီရင်ခံ

ဆရာကြီးလူသူတော်သျှောင်တစောင်းကမှတ်ချက်ချလို ပြီးလျှင် . . ကားနက်ကြီးဆီသို့ပြန်လျှောက်သွားလေတော့ရာ က လူများသည်လည်းနောက်မှလိုက်ပါသွားကြလေတော့သည်။

♣ ♣ ♣

**အဓိကအချက်ကတော့...**

**လူသူတော်သျှောင်တစောင်းနဲ့ရင်ဆိုင်ယှဉ်ပြိုင်ရင်...**

**စိတ်ရှည်ရှည်ထားပြီး သွေးအေးအေးနဲ့ရင်ဆိုင်နိုင်ရမယ်။**

**အာသာဝတီရွှေမား**

www.burmeseclassic.com

## စိန်လည်တုံ၏လျှို့ဝှက်ချက်

ညဆယ်နာရီထိုးပြီဖြစ်သော်လည်း ကြည့်မြင်တိုင်ကမ်း
နားလမ်း၌ရှိနေသောကျွန်းအိမ်ကြီး၏ညေ့ခန်း ဗဲတွင် မီးရောင်များ
ထိန်ထိန်လင်းလျှက်ရှိနေပေသည်။

ကျွန်းစားပွဲကြီးပေါ်တွင် အေးဆေးသက်သာစွာထိုင်နေ
သောဆရာကြီးအာသာဝတီရွှေအားသည် သူ့ရှေ့မှတပည့်ကျော်များ
အား တစ်ယောက်ခြင်းအကဲခတ်ကြည့်ရှုနေလေသည်။

မွေးနေ့ညေ့ခံပွဲသို့တက်ရောက်ပြီး စိန်လည်တုံအားဖြင့်
ယူနိုင်ခဲ့သောမောင်လှသောင်း၊ နောက်ဘေးလမ်းကြားတွင် အိပ်
ကောက်ရန်တာဝန်ယူခဲ့ရသောမောင်ငွေမောင်းနှင့် ဓါတ်တိုင်ပေါ်



တက်တာဓါတ်ကြိုးဖြတ်ပေးခဲ့ရသောမောင်မိုးကြိုးတို့သည် မိမိတို့
အားပေးအပ်လိုက်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်
ကြ၍ကျေနပ်နေကြပုံရသော်လည်း တပည့်ကြီးမောင်ဘမောင်
အမှု တစ်စုံတစ်ခုအတွက်စိတ်လှုပ်ရှားနေသည့်အဖြစ်ကိုရိပ်စားမိ
လိုက်လေသည်။

အာသာဝတီရွှေအားသည်. . တပည့်ကြီးမောင်ဘမောင်
အား ညီငယ်သုံးယောက်တို့၏လှုပ်ရှားမှုများကိုကြီးကြပ်ပေးရန်၊
တစ်စုံတစ်ရာအခက်ခဲပေါ်ပေါက်လာလျှင် လိုအပ်နေသောနေရာမှ
ဝင်ရောက်ဆောင်ရွက်ပေးရန်နှင့် စိန်လည်တုံကြီးကိုရယူပြီးသည့်
နောက်ပိုင်းတွင် ပုလိပ်ဘက်မှလှုပ်ရှားမှုများကိုစောင့်ကြည့်အကဲ
ခတ်ရန် အရေးအကြီးဆုံးတာဝန်ကိုပေးလိုက်ခြင်းဖြစ်သောကြောင့်
မောင်ဘမောင်သည် အိမ်ကြီးသို့နောက်ဆုံးမှပြန်လည်ရောက်ရှိ
လာသူဖြစ်ပေသည်။

"မောင်ဘမောင်. . ဘာတွေများ ထူးထူးခြားခြားတွေ့ကြုံ
ရလို့ မျက်စိမျက်နှာပျက်နေတာလဲကွယ်. . "

"အဖြစ်ကတော့. . အတော်ထူးခြားနေတယ် ဆရာကြီး။
ညီ့သည်တွေရဲ့ကားတွေအားလုံးပြန်သွားပြီးချိန်အထိ ကျွန်တော်
စောင့်ကြည့်နေခဲ့တာမှာ တိုက်ရဲ့တစ်ဘက်ခြမ်းအမှောင်ရိပ်ထဲမှာ
မွေးနေ့ပွဲမစခင်တည်းကရပ်ထားခဲ့တဲ့ ကားနက်ကြီးတစ်စီးထဲက
လူလေးယောက်ဆင်းလာပြီး ပုလိပ်တွေနဲ့စကားရပ်ပြောနေတာကို

www.burmeseclassic.com

တွေ့ရပါတယ်။ အဲဒီလူလေးယောက်ကတော့. . လူသူတော်သျှောင်တစောင်း၊ စုံထောက်ဇင်ယော်၊ မောင်းထောင်းကိုကိုကြီးနဲ့အိုင်ပီအေးမောင်တို့ပါပဲ. . ”

“ဟင်. . ကျွန်တော်အဆိပ်ခတ်လုပ်ကြံတာ တစ်ယောက်မှမသေဘူးနဲ့တူတယ်. . ”

အာသာဝတီရွှေဓားသည် မျက်နှာအကြီးအကျယ်ပျက်သွားပြီးလျှင်. .

“အဆိပ်ခတ်လုပ်ကြံလို့မအောင်မြင်တာက အရေးမကြီးဘူးမောင်မိုးကြိုးရဲ့။ ဆရာတို့လှုပ်ရှားမယ့်အစီအစဉ်ကိုကြိုတွက်မိနေပြီး ကားတစ်စီးထဲကနေအေးအေးဆေးဆေးထိုင်စောင့်ကြည့်နေကြတဲ့အဖြစ်ကတော့ အတော်ဆိုးသကွ။ တိုက်ရှေ့မှာရုတ်ရုတ်သဲသဲဖြစ်လာရင် သူတို့ကဝင်ပါကြမလို့အပိုင်စောင့်နေကြတာပဲ။ ဆရာတို့အကွက်ဆင်ထားတာကပိပိရိရိရှိလွန်း၊ သာ ဒီကိစ္စကြီးကအောင်အောင်မြင်မြင်နဲ့. . ”

အာသာဝတီရွှေဓား၏စကားသည် တစ်ပိုင်းတစ်စနှင့်ရပ်တန့်သွားပြီးလျှင်. .

“လူသူတော်သျှောင်တစောင်းလိုလူမျိုးက. . ဆရာတို့ခြေလှမ်းကိုကြိုသိနေပြီဆိုမှတော့ ဒီလိုခိုးကြောင်ခိုးဝှက်စောင့်ကြည့်ရုံလောက်နဲ့ကျေနပ်နေမှာမဟုတ်ဘူး။ ဆရာတို့အစီအစဉ်ကိုတင်နည်းနည်းနဲ့ရအောင်ဖျက်မှာပဲ။ ကေ့ဌတော့. . စိန်လည်တုံကြီး၏



ခွဲလုပ်. . ”

အာသာဝတီရွှေဓားက တစ်ယောက်တည်းနှုတ်မှတီးတိုး[illegible]နေချိန်တွင် တပည့်ကျော်လေးယောက်တို့သည်လည်းတစ်[illegible]ရာကိုတွေးမိလိုက်ဟန်ဖြင့် မျက်နှာများပျက်သွားကြပြီးလျှင်[illegible]ငွေမောင်းသည် စိန်လည်တုံထည့်ထားသောသားရေအိတ်[illegible]ရာကြီးအာသာဝတီရွှေဓား၏လက်ထဲသို့ ကမ်းပေးလိုက်လေ[illegible]သည်။

အာသာဝတီရွှေဓားသည် သားရေအိတ်ထဲမှစိန်လည်တုံ[illegible]အားထုတ်ယူ၍ မီးရောင်တွင်လှည့်ပတ်စစ်ဆေးကြည့်ရှုလိုက်[illegible]. . တစ်နေရာတွင်ခေတ္တမျှရပ်တန့်သွားကာ. .

“တောက်. . မင်းကိုအမှန့်ခြေပစ်မှဖြစ်တော့မယ် လူသူ[illegible]သျှောင်တစောင်း. . ”

ဟု ဒေါသတကြီးကြုံးဝါးလိုက်ရင်း. . စိန်လည်တုံကြီးအား[illegible]ကိုင်ထားသောလက်များသည်ပင် ဒေါသကြောင့်တဆတ်ဆတ်[illegible]ယင်၍နေလေတော့သည်။

အာသာဝတီရွှေဓားသည် တပည့်ကြီးမောင်ဘမောင်လက်[illegible]သို့စိန်လည်တုံကြီးအားကမ်းပေးလိုက်သဖြင့် မောင်ဘမောင်[illegible]စိန်လည်တုံကြီးအားသေချာစွာစစ်ဆေးလိုက်ရာ စိန်ပွင့်ကြီး[illegible]အတုများဖြစ်နေပြီး စိန်လည်တုံကြီး၏နောက်ပိတ်ရှေပြား[illegible]တွင်လည်း သေးငယ်သောစာတန်းလေးတစ်ခုရေးထိုး[illegible]

www.burmeseclassic.com

သည်ကိုတွေ့ရသဖြင့် မျက်ကြောရှုံ့၍သေချာဖတ်ကြည့်လိုက်ရာ. .

**အာသာဝတီရွှေဓားအဖွဲ့အတွက်လူသူတော်သျှောင်တစောင်း၏ ပထမသင်ခန်းစာ။**

မောင်ဘမောင်သည်လည်း ဒေါ်သကြောင့်လက်များတုန်ယင်နေကာ စိန်လည်တုံအတုကြီးအားညီငယ်များထံသို့လက်ဆင့်ကမ်းပေးလိုက်လေတော့သည်။

စိတ်မြန်လက်မြန်ရှိလှသောမောင်မိုးကြီးသည် ထိုင်နေရာမှဝုန်းကနဲခုန်ထလိုက်ပြီးလျှင်. .

"နာမည်ကြီးရုံနဲ့လူတိုင်းကြောက်ရွံ့လေးစားနေရတဲ့ ကျွန်တော်တို့ဆရာကြီးတိုပြက်ရယ်ပြုစော်တားပြီး. . ကျွန်တော်တို့တစ်လလောက်အချိန်ယူကြံစည်ခဲ့ကြတဲ့လုပ်ငန်းကြီးတစ်ခုလုံးကို တစ်ရက်တည်းနဲ့ဖျက်ဆီးလိုက်တဲ့လူသူတော်သျှောင်တစောင်းဆိုတဲ့လူကို. . ခုချက်ခြင်းသွားသတ်ကြရအောင်လားဆရာကြီး။ ဒီလူနဲ့သူ့မိတ်ဆွေစုံထောက်တွေရှိနေသမျှ. . ကျွန်တော်တို့လုပ်ငန်းတွေကိုဆက်လုပ်ဖို့အတော်ခက်နေပြီ။ ရန်ကုန်မြို့ရဲ့မြေ ာက်ဒုစရိုက်လောကသားတွေကို ကြီးကိုင်လွှမ်းမိုးထားနိုင်ဖို့စီစဉ်ထားတာဟာလည်း သူတို့လူစုရှိနေရင်ဆက်လုပ်ဖို့မလွယ်နိုင်တော့ဘူးဆရာကြီး. ."

အာသာဝတီရွှေဓားသည် တပည့်ငယ်မောင်မိုးကြီးအားပြုံး၍ကြည့်လိုက်ပြီးလျှင်. .



"ရန်သူကိုအထင်မသေးကြဖို့ ဆရာအကြိမ်ကြိမ်သတိပေးနေတာဟာ. . အဲဒါတွေကြောင့်ပဲပေါ့။ အဓိကအချက်ကတော့ လူသူတော်သျှောင်တစောင်းနဲ့ရင်ဆိုင်ယှဉ်ပြိုင်ရင်. . စိတ်ရှည်ရှည်ထားပြီး သွေးအေးအေးနဲ့ရင်ဆိုင်နိုင်ရမယ်. ."

အာသာဝတီရွှေဓားသည် ဆက်ပြင်းတစ်ချက်ကိုလေးပင်စွာချလိုက်ပြီးလျှင်. .

"လူသူတော်သျှောင်တစောင်းနဲ့ပတ်သက်တဲ့ ဥပမာတစ်ခုကိုဆရာရှင်းပြမယ်။ ဆရာတို့အဖွဲ့က. . သူတို့ရဲ့လှုပ်ရှားမှုတွေကို တစ်လလောက်အချိန်ယူပြီးစောင့်ကြည့်ခဲ့ပေမယ့် ဆရာတို့အဖွဲ့ရှိနေတယ်ဆိုတာကို ဒီနေ့မနက်ပိုင်းကျမှသူတို့သိကြရတာပါ။ အဲဒီလိုသိသွားတဲ့အချိန်မှာ သူတို့စိတ်အနှောင့်အယှက်ဖြစ်သွားအောင် အဆိပ်ခတ်ပြီးလုပ်ကြံတာကတစ်မျိုး၊ စုံထောက်မင်းကြီးရဲ့သမီးကိုဖမ်းဆီးပြီးခြောက်လှန့်ပြတာကတစ်မျိုးနဲ့. . သူတို့စိတ်အာရုံတွေပျက်ပြားသွားအောင် တစ်မျိုးပြီးတစ်မျိုးဆက်တိုက်လုပ်ပြလိုက်သေးတယ်၊ အဲဒီလောက်လုပ်ပြနေတဲ့ကြားက. . စိန်ဘာဘူချင်းနယားရဲ့တိုက်ကြီးပေါ်ကမွေးနေ့ပွဲမှာ စိန်လည်တုံကြီးကိုလုယူတော့မယ်ဆိုတာကို. . လူသူတော်သျှောင်တစောင်းကအတိအကျရိပ်မိသွားပြီး စိန်လည်တုံအတုတစ်ခုနဲ့ဆရာတို့ကိုပြန်လှည့်စားသွားနိုင်ခဲ့တယ်။ ဆရာအခုပြောပြသလောက်နဲ့တင် လူသူတော်သျှောင်တစောင်းဆိုတဲ့လူဟာ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ

www.burmeseclassic.com

ကို တပည့်တို့ ရိပ်မိလောက်ပါပြီလေ. . "

ဖြတ်ထိုးညာဏ်အလွန်ကောင်းသော မောင်လှသောင်းက ခေါင်းညိတ်၍သဘောတူကြောင်းပြလိုက်ပြီးလျှင်. .

"ဒူ့တို့ အုပ်စုနဲ့ပတ်သက်ပြီး. . ဆရာကြီးမှာစိတ်ကူးထားတာရှိမှာပါ။ အဲဒီစိတ်ကူးအတိုင်း ကျွန်တော်တို့ကသွေးအေးအေးနဲ့ဆောင်ရွက်ပါ့မယ်။ ဆရာကြီးရဲ့အစီအစဉ်ကို အမိန့်ရှိပါ. . "

"လူသူတော်သျှောင်တစောင်းဟာ သူ့မိတ်ဆွေတွေအပေါ်မှာ အင်မတန်သံယောဇဉ်ကြီးတဲ့လူပဲ။ သူ့မိတ်ဆွေလေးယောက်ထဲကတစ်ယောက်ယောက်ထိခိုက်နစ်နာသွားရင်တောင် ဒေါသစိတ်ကြောင့်အမှားတွေကျူးလွန်လာမှာပါ။ ဆရာတို့က လေးယောက်လုံးကိုထိခိုက်အောင်လုပ်နိုင်ရင်တော့. . "

မောင်လှသောင်းက သဘောကျစွာရယ်မောလိုက်ပြီး. .

"အဲဒီလေးယောက်အတွက်ကတော့. . ကျွန်တော်တို့တာဝန်သာထားပါဆရာကြီး။ သစ်ကိုင်းလေးတွေခုတ်ပြီးလို့. . သစ်ပင်ကြီးကိုဖြိုတဲ့အချိန်မှပဲ ဆရာတပည့်ငါးယောက်ဝိုင်းဝန်းလိုက်ကြတာပေါ့ဆရာကြီးရယ်. . "

ဟုပြောကြားလိုက်ရာ အာသာဝတီရွှေအေးကသဘောကျစွာရယ်မောလိုက်လေတော့သည်။

♣ ♣ ♣

ရန်သူဟာ ကျားနာတစ်ကောင်လိုဖြစ်နေတာမို့. . .
သူ့ရှေ့မှာစိတ်ဆိုးပမ်းဆိုးလုပ်ရင်. . .
ကျားနာခဲ့သလို အသေအကြေတိုက်ခိုက်လိမ့်မယ်။

လူသူတော်သျှောင်တစောင်း

BURMESE CLASSIC
www.burmeseclassic.com

## ကျွန်ုပ်နှင့်မောင်ပိုးကြီး၏ရင်ဆိုင်တိုက်ပွဲ

ကျွန်ုပ်မှီးသိန်းမောင်သည် . . ဇနီးသည်ခင်ခင်ကြီးအား ထုံးစံအတိုင်း သူမ၏အဒေါ် များအိမ်သို့ခေတ္တသွားရောက်နေထိုင်ရန် မောင်ဆိတ်ကျောင်းအားလိုက်ပို့ခိုင်းလိုက်ပြီး ခင်ခင်ကြီးအား စောင့်ရှောက်နေထိုင်ပေးရန်အတွက်လည်း မောင်ဆိတ်ကျောင်းအားတာဝန်ပေးအပ်လိုက်လေသည်။

ကျွန်ုပ်အားသတ်ဖြတ်ရန်ကြံစည်နေကြသော အာသာဝတီရွှေမား၏တပည့်များသည် နေ့ခင်းကြောင်တောင်အချိန်တွင်လည်း ရောက်လာနိုင်သောကြောင့် ကျွန်ုပ်သည်အိမ်တံခါးကိုလုံခြုံစွာပိတ်ထားလိုက်ပြီးလျှင် . . ပက်လက်ကုလားထိုင်ပေါ်၌ငြိမ်သက်စွာထိုင်၍ဝတ္ထုစာအုပ်တစ်အုပ်ကိုဖတ်ရှုနေသော်လည်း ကျွန်ုပ်၏စိတ်များ



ဇာဝတ္ထုထဲမရောက်နိုင်ဘဲ ရန်သူများအကြောင်းကိုသာတွေးတော နေမိလေသည်။

ယမန်နေ့က စီအိုင်ဒီကြီး၏အစည်းအဝေးခန်းထဲတွင် တာဝန်များခွဲဝေပေးစဉ်က ဆရာကြီးလူသူတော်သျှောင်တစောင်း ပေးသောတာဝန်ကိုလက်မခံဘဲ ဇနီးသည်ခင်ခင်ကြီးနှင့်အတူတစ် နေရာရာ၌ သွားရောက်ပုန်းအောင်းနေရန်စိတ်ကူးမိသေးသော် လည်း. . . ကျွန်ုပ်အား သူရဲဘောကြောင်သူတစ်ဦးအဖြစ်သတ်မှတ် ခြင်းခံရမည်ကိုစိုးရိမ်စိတ်ဖြင့် ဖွတ်မိုက်မိုက်၍ခေါင်းညိတ်ခဲ့ရခြင်းသာ ဖြစ်ပေသည်။

ဆရာကြီးက ကျွန်ုပ်၏အသက်အန္တရာယ်မထိခိုက်စေရပါ ဘူးတိစကားပြောကြားထားသော်လည်း အာသာဝတီရွှေမားဆို သောရန်သူမှာ. . ဆရာကြီးကိုယ်တိုင်ကပင်အလွန်ကြောက်စရာ ကောင်းသောရန်သူဟုမှတ်ချက်ပြုထားသောကြောင့် ကျွန်ုပ်၏စိတ် ထဲတွင်ထိတ်လန့်နေမိသည်မှာအမှန်ပင်ဖြစ်သည်။

ညအမှောင်ရိပ်သန်းလာချိန်တွင် ကျွန်ုပ်သည်အိမ်တွင်းရှိ တံခါးပေါက်များကိုလိုက်လံပိတ်ထားလိုက်ပြီး. . ထမင်းကိုစိတ်မပါစွာ တစ်ယောက်တည်းထိုင်စားလိုက်ကာ ညရှစ်နာရီမထိုးမီပင်အိပ်ရာ ထဲဝင်နေလိုက်တော့သည်။

ကျွန်ုပ်အိပ်ရာနံဘေးရှိစားပွဲပေါ်တွင်ကား ဆရာကြီးက ကျွန်ုပ်တို့လေးယောက်အတွက်အထူးပြုလုပ်ပေးထားသောခြောက်

လက်မခန့်အရှည်ရှိသည့်သံပိုက်လေးကို. . လက်လှမ်းမီသည့် တွင်အဆင်သင့်တင်ထားလိုက်လေသည်။

ထိုသံပိုက်လေးသည်ကား ကျွန်ုပ်အတွက်အလွန်အ သောပစ္စည်းဖြစ်ကာ. . ထိုပစ္စည်းလေးအားပေးအပ်လိုက် ဆရာကြီးမှာကြားလိုက်သောစကားများကို နားထဲတွင်ပြန်လ ကြားယောင်နေမိလေသည်။

"ရန်သူတွေဟာ. . သူတို့ကိုယ်ကိုအဓတော်အထင်ကြီ ကြတာမို့ ခင်ဗျားတို့ကိုတိုက်ခိုက်တဲ့အခါမှာလက်နက်မဲ့ပဲ ခိုက်ကြလိမ့်မယ်။ ခင်ဗျားတို့က. . သေနတ်တွေထုတ်မကိုင် လက်နက်မဲ့တိုက်ခိုက်နည်းနဲ့ အသေသတ်ဖို့ကြိုးစားကြလိမ့် ခင်ဗျားတို့ကဒီသံပိုက်လေးကိုထုတ်ကိုင်ရင်လည်း သူတို့က ဂရုစိုက်မှာမဟုတ်လေဘူး။ အဲဒီအချိန်အတွင်းမှာ အခွင့်အ မိမိရရအသုံးချပြီးသံပိုက်နဲ့မှုတ်လိုက်ပေတော့။ ခြောက်ပေလော အကွာအဝေးအတွင်းမှာဆိုရင်. . သံပိုက်ထဲကအပ်လေးဟာ ရောက်ရောက်တိုက်ခိုက်နိုင်ပါတယ်. . "

ထိုအချိန်တွင်. . ကျွန်ုပ်ကလည်း ပြန်လည်မေးမြန်း ခဲ့ပေသေးသည်။

"ဒီလောက်အင်အားကောင်းတဲ့ရန်သူတစ်ယောက်ကို အ လေးနဲ့ပစ်လိုက်လို့ ဘာမှားထိရောက်နိုင်မှာလဲဆရာကြီးရယ်. .

"သေနတ်မပေါ်ခင်အချိန်တုန်းက. . တောမုဆိုးတွေ



ဆင်တွေကျားတွေလိုတောကောင်ကြီးတွေကို ဘာနဲ့ပစ်ရသလဲဦး သိန်းမောင်။ ဒူးလေးတွေမြားတွေနဲ့ ပစ်ကြရတာပါပဲ။ ဆင်ကြီး တစ်ကောင်ရဲ့ကိုယ်လုံးကြီးနဲ့တိုင်းတာလိုက်ရင် ဘာမှမပြောသာ လောက်အောင်သေးငယ်လွန်းတဲ့မြားလေးနဲ့ပစ်ပြီး. . ဆင်ကြီး တစ်ကောင်လုံးကိုဘုန်းဘုန်းလဲသွားအောင်လုပ်နိုင်တာဟာ မြားဦး ထိပ်မှာအဆိပ်သုတ်လိမ်းထားလို့ပဲပေါ့. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် သဘောကျ စွာပြုံးလိုက်ပြီးလျှင်. .

"ဟောဒီသံပိုက်ထဲကအပ်လေးမှာလည်း ကျွန်ုပ်ကိုယ်တိုင် ဖော်စပ်ထားတဲ့အဆိပ်ဆေးတစ်မျိုးကိုသုတ်လိမ်းထားတယ်။ အဲဒီ အဆိပ်ဆေးနည်းဟာ မချင်သင်တိုင်းတောကြီးထဲကသင်ယူတတ် မြောက်ခဲ့တဲ့ အင်မတန်လျှို့ဝှက်တဲ့ဆေးနည်းပဲ။ အဆိပ်အပ်စိုက် ဝင်ခံလိုက်ရတဲ့ရန်သူဟာရှုတ်တရက်မူးဝေလာပြီး. . သူ့ခန္ဓာကိုယ် ကိုတောင်မနည်းထိန်းနေရမှာပဲ။ ခင်ဗျားတို့ကိုဘယ်လိုနည်းနဲ့မှ ဆက်ပြီးတိုက်ခိုက်နိုင်တော့မှာမဟုတ်ဘူး။ တိုက်ခိုက်ဖို့ကြိုးစား လာရင်လည်း. . ရန်သူဟာဘာအင်အားမှမရှိလေတော့ ခင်ဗျားရဲ့ တာရာဏသီလက်သီးနဲ့တိုက်ခိုက်လိုက်ရင်တောင် တုန်းကနဲလဲကျ သွားမှာပါလေ. . "

"ဖြစ်ပါ့မလား ဆရာကြီးရယ်။ ရန်သူကအစွမ်းသိပ်ထက် နေတော့. . ကျွန်တော့်လိုအဖိုးကြီးတစ်ယောက်က သူ့တိုရှင့်တိုက်

BURMESE CLASSIC
www.burmeseclassic.com

လို့ဖြစ်နိုင်ပါ့မလား. . ”

“ဒီအတွက်တော့. . စိတ်ပူမနေပါနဲ့ဦးသိန်းမောင်ရယ်။ ရန်သူဟာခင်ဗျားကိုတိုက်ခိုက်နိုင်ဖို့ထက် လွတ်မြောက်အောင်ထွက်ပြေးဖို့ပဲကြိုးစားတော့မှာပါ။ လိုအပ်လာရင်လည်း. . ရန်သူကိုကြောက်သွားအောင် အပြင်မှာစောင့်နေတဲ့ပုလိပ်တွေကိုအော်ခေါ်သလိုဟန်ဆောင်လိုက်ပေါ့ဗျာ. . ဟား. . ဟား. . ”

“ရန်သူထွက်ပြေးသွားရင်. . ကျွန်တော်ကဘာဆက်လုပ်ရမှာလဲဆရာကြီး. . ”

“အဲဒီကိစ္စကအရေးကြီးတယဦးသိန်းမောင်။ ရန်သူပြေးတဲ့လမ်းမှာ. . ပိတ်ဆို့တိုက်ခိုက်တာကိုလုံးဝမလုပ်ပါနဲ့။ ရန်သူဟာကျားနာတစ်ကောင်လိုဖြစ်နေတာမို့ သူ့ရှေ့မှာပိတ်ဆို့ဖမ်းဆီးဖို့လုပ်ရင်. . ကျားနာခဲသလိုအသေအကြေတိုက်ခိုက်လိမ့်မယ်။ ရန်သူကိုဘာမှထပ်မလုပ်ဘဲ. . လွတ်လွတ်ကျွတ်ကျွတ်သာ ထွက်ပြေးခွင့်ပြုလိုက်ပါ. . ။ ရန်သူတွေထွက်ပြေးလွတ်မြောက်သွားမှပဲ အာသာဝတီရွှေများဟာကျုပ်တို့ထောင်ချောက်ထဲရောက်လာမှာဗျ. . ”

ဆရာကြီး၏ တည်ကြည်လေးနက်သောမျက်နှာပေါ်တွင် အလွန်အရေးကြီးသည့်အမူအရာပေါ် ပေါက်လာပြီးလျှင်. .

“အရေးကြီးတာက. . သံပိုက်နဲ့မှတ်တဲ့အချိန်မှာတစ်ချက်တည်းနဲ့အပိုင်ထိအောင်မှတ်နိုင်ဖို့ပဲဗျ။ သံပိုက်ထဲမှာက အပ်တစ်ချောင်းပဲထည့်လို့ရတော့. . အဲဒီတစ်ချက်လွဲချော်သွားရင်တော့



သူကခင်ဗျားတို့ကိုစိတ်တိုင်းကျသတ်ဖြတ်လို့ရသွားလိမ့်မယ်။ ...တ်အကွာအဝေးမှာတော့. . လွဲနိုင်စရာအကြောင်းမရှိပါဘူး. . ”

ကျွန်ုပ်သည် ဆရာကြီးနှင့်အပြန်အလှန်ပြောကြားခဲ့ကြသောစကားများကိုပြန်လည်စဉ်းစားနေရင်း. . မွေးကန်ဲအိပ်ပျော်...တော့မလိုဖြစ်နေချိန်တွင် ‘ချွတ်’ ဟူသောအသံတစ်သံကြောင့်...ပေါ်မှသံပိုက်လေးအားလှုပ်ယူလိုက်ပြီးပါးစပ်တွင်အဆင်သင့်...ထားလိုက်ကာ ခြုံထားသောစောင်လေးအတွင်းမှမျက်နှာတစ်...ဖေါ်၍ ချောင်းကြည့်နေလိုက်လေသည်။

ကျွန်ုပ်၏အိပ်ခန်းထဲတွင် ညအိပ်မီးလုံးလေးကိုသာထွန်းထားလေရာ အမှောင်ထဲတွင်ကျင့်သားရနေသောကျွန်ုပ်အနေ... . . အိပ်ခန်း၏ဘယ်ဘက်ထောင့်ရှိပြတင်းပေါက်တံခါးမှာချက်...၍ ဖြည်းဖြည်းချင်းပွင့်ဟလာနေသည်ကိုတွေ့လိုက်ရလေ...သည်။

ထို့နောက်တွင်ကား ပြတင်းပေါက်ကိုကျော်၍ဝင်ရောက်...သောအနက်ရောင်ဝတ်စုံနှင့်လူတစ်ဦးကိုတွေ့လိုက်ရပြီး ထိုလူ...သည်ခြေသံမမြည်အောင် တစ်လှမ်းခြင်းလှမ်းရင်းကျွန်ုပ်အနီးသို့...လာလေတော့သည်။

ကျွန်ုပ်သည် စောင်ထဲမှနေ၍မလှုပ်မယှက်စောင့်ကြည့်...ရင်း. . ထိုလူအားထ၍ရင်ဆိုင်လိုက်ရန်စိတ်ကူးမိသော်လည်း

ဆရာကြီးမှာကြားလိုက်သောစကားတစ်ခွန်းကိုသတိရလိုက်သေ
ကြောင့် ငြိမ်သက်စွာဆက်လက်စောင့်ကြည့်နေလိုက်သည်။

"ရန်သူတွေဟာ. . သူတို့ကိုယ်ကိုသိပ်ယုံကြည်နေတဲ့တိ
ခိုက်ရေးသမားတွေမို့ အလစ်ချောင်းတိုက်တာမျိုး၊ အိပ်ပျော်နေ
အချိန်မှာတိုက်ခိုက်တာမျိုးကိုတော့ လုံးဝလုပ်မှာမဟုတ်ဘူး။
ပျော်နေရင်တောင်. . နှိုးပြီးမှသတ်မှာပဲ။ အဲဒီအချိန်မှာ အငို
ဖမ်းပြီးတိုက်နိုင်ရင်အကောင်းဆုံးပဲ. ."

ကျွန်ုပ်ကဆရာကြီး၏စကားအတိုင်း ငြိမ်သက်စွာပင်
ချင်ယောင်ဆောင်နေလိုက်သောကြောင့်. . ဝတ်စုံနက်နှင့်လူသ
ကျွန်ုပ်၏ကုတင်အနီး၌ခါးထောက်၍ရပ်နေရာမှ ကျွန်ုပ်အား
နှိုးရန်ကိုယ်ကိုကိုင်းလိုက်လေသည်။

"ဗိုး. ."

"ဟာ. . အင့်. ."

ကျွန်ုပ်က သံပိုက်လေးကိုအချိန်ကိုက်မှုတ်ထုတ်လိုက်
ဝတ်စုံနက်သည်လေတိုးသံကြားသည်နှင့် ကိုယ်ကိုနောက်ဘက်
လှန်လိုက်သော်လည်း. . အပ်လေးကစိုက်ဝင်သွားသဖြင့် ညည်း
သဲ့သဲ့ထွက်ပေါ်လာပြီးလျှင် ခန္ဓာကိုယ်မှာနောက်ဘက်သို့ယိမ်းယ
သွားလေတော့သည်။

"ခင်. . ခင်ဗျား. . သေ. . သေပေတော့. ."

ကျွန်ုပ်သည်လည်း ကုတင်ပေါ်မှခုန်ဆင်းလိုက်ပြီးလျ

BURMESE CLASSIC



စုံနက်တိုက်ခိုက်လာပါကအဆင်သင့်ဖြစ်နေရန်. . ကျွန်ုပ်အား
ှောင်ပေစုးဘိုးထော်အမည်ရှိသည့်လူမိုက်ကြီးတစ်ဦးက သင်
းပေးထားသည့် တာရာဏသီလက်သီးထိုးကွက်ကိုအဆင်သင့်
ဆင်ထားလိုက်လေသည်။

ဝတ်စုံနက်နှင့်လူရွယ်သည် ကျွန်ုပ်အားတိုက်ခိုက်ရန်ရှေ့
တိုးလာပြီးမှ. . သူ၏မျက်နှာတွင် မခံမရပ်နိုင်အောင်နာကျင်
သည့်အမူအရာဖြစ်ပေါ်လာပြီးလျှင် သူ၏လည်ပင်းကိုလက်နှစ်
ဖြင့်ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပြီး ဝေဒနာကိုကျိတ်မှိတ်၍ခံစားနေ
ည်ဟန်ဖြင့် အံကိုတင်းတင်းကျိတ်လိုက်ကာ. .

"ခင်ဗျားလက်ဦးသွားတယ်. . ဦးသိန်းမောင်။ ကျုပ်ရဲ့
တိုကြီးတွေက ခင်ဗျားကိုလာသတ်ကြမှာပါလေ. ."

"မင်းအစ်ကိုတွေလည်း. . ခုချိန်လောက်ဆိုရင်ဆရာကြီး
ူတော်သျှောင်တစောင်းကိုယ်တိုင်ဖေါ်စပ်ပေးထားတဲ့အဆိပ်
လက်ချက်မိလို့ မင်းလိုပဲဝေဒနာကိုအလူးအလဲခံစားနေကြရ
မောင်မိုးကြိုးရာ။ ဆရာကြီးက ငါတို့လူတွေအားလုံးအတွက်
ပိုက်လေးတွေလုပ်ပေးထားတာကွ. . ဟား. . ဟား. ."

မောင်မိုးကြိုးမှာမျက်နှာအကြီးအကျယ်ပျက်၍သွားပြန်
လျှင် ကျွန်ုပ်အားတိုက်ခိုက်လိုဟန်ဖြင့်ရှေ့သို့တိုးရန်ပြင်လိုက်
ာ်လည်း ခံစားနေရသည့်ဝေဒနာမှာအလွန်ပြင်းထန်နေသော
ကြောင့်စိတ်ကိုလျှော့လိုက်ဟန်ဖြင့်သက်ပြင်းချလိုက်ပြီးလျှင် ငည်

www.burmeseclassic.com

ပင်းကိုလက်နှစ်ဖက်ဖြင့်အုပ်ကိုင်ရင်း . . ဒယီးဒယိုင်ဖြင့် မြတ
ပေါက်မှခုန်ဆင်းသွားလေတော့သည်။

ထိုအချိန်နှင့်မရှေးမနှောင်းမှာပင် မြတင်းပေါက်မှတ
တစ်ဦးကခုန်ဝင်လာပြန်သဖြင့် . . ကျွန်ုပ်သည်အလွန်ထိတ်လ
သွားမိပြီးလျှင် ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်း
ပန်ပြင်လိုက်မိတော့သည်။

"မကြောက်ပါနဲ့ . . ဦးသိန်းမောင်ရယ်။ ဦးသိန်းမောင်
စိတ်မချလို့ . . ကျုပ်ကိုယ်တိုင်စောင့်ကြည့်ပေးနေတာပါ။ မော
မိုးကြီးဆိုတဲ့ကောင်လေး . . မြတင်းပေါက်ကိုဖွင့်ပြီးဝင်လာကတည
က . . ကျုပ်သေချာစောင့်ကြည့်နေတာပါ။ ဦးသိန်းမောင်အစွမ်
တာကိုကြည့်ချင်လို့ အိမ်ရှေ့ပျက်ခံပြီးလာစောင့်နေတဲ့ပရိသ
တစ်ယောက်ပါဗျ။ ဦးသိန်းမောင်အစွမ် ... ာလည်း စောင့
ကျိုးနပ်လောက်အောင်ကို ကြည့်ကောင်းပါ ... ာ . . ဟဲ . . တ"

ဆရာကြီးလူသူတော်သျှောင်တစောင်း၏အသံကိုကြား
လိုက်ရသည်နှင့် ကျွန်ုပ်၏ကြောက်စိတ်များပြေပျောက်၍သွားက
ကျွန်ုပ်အပေါ်တွင်အလွန်သံယောဇဉ်ကြီးမားလှသောဆရာကြီး
စိတ်ဓါတ်တို့သိရှိလိုက်ရသဖြင့် အလွန်ကျေနပ်ပီတိဖြစ်နေမိလေ
တော့သည်။

"ဆရာကြီးကိုယ်တိုင်ရှိနေတာ မောင်မိုးကြီးကိုဖမ်းတာ
လိုက်ရောပေါ့ ဆရာကြီးရယ်။ ဘာဖြစ်လို့များ လွှတ်ပေးလိုက်တာ



တာလဲခင်ဗျာ . . "

"အာသာဝတီရွှေမားလိုလူကို အဲဒီလောက်လွယ်လွယ်နဲ့
တော့ယှဉ်ပြိုင်လို့မရနိုင်ဘူး ဦးသိန်းမောင်။ ကျားကစားသလိုပဲ
လွှတ်ပေးသင့်တဲ့အချိန်မျိုးမှာလွှတ်ပေးလိုက်ပြီး . . ပိုင်တဲ့အချိန်ကျ
ချောင်ပိတ်ဖမ်းရမှာဗျ။ မောင်မိုးကြီးဟာအဆင်သင့်ရပ်စောင့်
နေတဲ့ကားတစ်စီးပေါ်ကိုတက်ပြီးထွက်ပြေးသွားတာဗျ။ အဲဒီကား
နောက်ကိုခြေရာခံလိုက်ရင်လည်း လိုက်လာတာကိုချက်ခြင်းသိပြီး
အာသာဝတီရွှေမားဆီကိုမသွားတော့ဘဲ ခြေရာဖျောက်သွားမှာသေ
ချာတယ်။ တပည့်လေးယောက်လုံးကိုဖမ်းမိနိုင်ပေမယ့် သူတို့ရဲ့
ဆရာကြီးအာသာဝတီရွှေမားနဲ့ ကျန်တဲ့အဆက်အနွယ်တွေကို
တော့ . . ဘယ်လိုနည်းနဲ့မှဖမ်းမိနိုင်တော့မှာမဟုတ်ဘူး . . "

ကျွန်ုပ်သည် ဤကိစ္စများ၌ဉာဏ်မမီသူဖြစ်သောကြောင့်
ဆရာကြီးပြောသမျှကိုသာနားထောင်နေမိပြီး . . ကျွန်ုပ်အလွန်သိ
ချင်လှသောအချက်ကိုသာ မေးမြန်းလိုက်လေတော့သည်။

"သူတို့ရဲ့ဆရာကြီး အာသာဝတီရွှေမားကိုဖမ်းမိနိုင်ဖို့က
အတော်ခက်ခဲနေဦးမှာလား ဆရာကြီးရယ်။ ဒီလူကြီးရှိနေသမျှ
ကျွန်တော်လည်း ညဘက်ကောင်းကောင်းအိပ်ပျော်နိုင်မှာမဟုတ်
တော့ပါဘူး . . "

"ခင်ဗျားတို့ကို . . အာသာဝတီရွှေမားကအနှောင့်အယှက်ပေး
နိုင်တော့ပါဘူးဗျာ။ အခုချိန်ကစပြီး . . သူ့မှာတပည့်လေးယောက်

BURMESE CLASSIC .com
www.burmeseclassic.com

အတွက်ဗျာများနေတော့မှာပါ။ ကျုပ်တို့တ. . နောက်ဆုံးတစ်ကြိမ်ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်းလှုပ်ရှားပြီးကျရင်တော့ အာသာဝတီရွှေဓားကိုလက်ရဖမ်းဆီးနိုင်တော့မှာပါလေ. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ကျွန်ုပ်အား ပြုံးပြလိုက်ပြီးလျှင်. .

"ဒီညတော့. . အေးအေးဆေးဆေးသာအိပ်လိုက်ပေတော့ ဦးသိန်းမောင်။ မနက်ဖြန်ကျမှ. . စီအိုင်ဒီရုံးမှာပြန်ဆုံကြတာပေါ့။ ခင်ဗျားကို. . ဦးဇင်ယော်ကဝင်ခေါ်ပါလိမ့်မယ်. . "

စကားဆုံးသည်နှင့်. . ဆရာကြီးသည်ပြတင်းပေါက်မှခုန်ဆင်း၍အမှောင်ထဲသို့ပြေးဝင်ပျောက်ကွယ်သွားလေတော့သည်။

♣ ♣ ♣

ပြေး. . .ပြေး. . .လွတ်အောင်ပြေးထား. . .။
မင်းကို. . .ငါ့လက်နဲ့ကိုယ်တိုင်မသတ်ချင်လို့
ပြေးခွင့်ပြုလိုက်တာကွ. . .။
သေသေချာချာ. . .မှတ်သွားပေတော့။

စုံထောက်ကြီးဦးဇင်ယော်

www.burmeseclassic.com

## စုံထောက်ကြီးဦးဇင်ယော်အစွမ်းပြခြင်း

စုံထောက်ကြီးဦးဇင်ယော်သည် ဘောက်ထော်ဘက်ရှိ ကျယ်ကြီးတွင် တစ်ယောက်တည်းနေထိုင်ရသည့်လူပျိုကြီးဖြစ်သော ကြောင့်. . ညစာအတွက်ထမင်းဆိုင်မှလာပို့ပေးသောထမင်းချို ကိုစားပြီးသည်နှင့် အိမ်တံခါးများကိုလုံခြုံစွာပိတ်လိုက်လေသည်။

ထို့နောက်. . အိပ်ရာပေါ်တွင် ခေါင်းအုံးများဖြင့် ကာ စောင်ဖြင့်လွှမ်းခြုံလိုက်ပြီး လူတစ်ယောက်အိပ်နေသည့်ပုံသဏ္ဍာန် မျိုးပြုလုပ်လိုက်ကာ အိပ်ခန်းတံခါး၏နံဘေးတွင်ခုံတစ်လုံးချထား လိုက်ပြီး အမှောင်ထဲတွင်စိတ်အေးလက်အေးထိုင်နေလိုက်တော့ သည်။

မှန်ပြတင်းပေါက်မှတိုးဝင်လာသည့်လရောင်ကြောင့် အိပ်ခန်း



အတွင်းအလင်းရောင်ဝိုးတဝါးဖြစ်ပေါ်နေပေရာ ဦးဇင်ယော်သည် ဆရာကြီးလူသူတော်သျှောင်တစောင်းပေးထားသော သံပိုက်လေး ကိုကိုင်၍အဆင်သင့်စောင့်နေရင်း. . မိတ်ဆွေများအကြောင်းကို အတွေးနယ်ချဲ့၍နေမိလေသည်။

မိတ်ဆွေကြီးဦးသိန်းမောင်၏အနီးတွင်. . ဆရာကြီးကိုယ်တိုင်စောင့်ရှောက်နေပြီး တဇွတ်ကိုးလုပ်တတ်သည့်မောင်းထောင်ကိုကိုကြီး၏အိမ်အနီးတွင်မူဆိုးကြီးဘိုးသာကရင်း၊ အိုင်ပီဦးအေးအောင်၏အိမ်အနီးတွင်လူပုလေးဂွန်ရှိုင်းကရင်း အသီးသီးစောင့်ရှောက်ပေးနေကြသဖြင့် မိတ်ဆွေများအတွက်စိတ်ပူရန်မလိုသော်လည်း မိမိမှာတစ်ယောက်တည်းရင်ဆိုင်ရမည်ဖြစ်သောကြောင့် လုံးဝအတိမ်းအစောင်းမခံနိုင်သည့်အခြေအနေမျိုးတွင်ရှိနေပေရာ. . မိမိ၏တာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်ရန်အလွန် အရေးကြီးကြောင်း ကောင်းစွာသဘောပေါက်မိလေသည်။

ဦးဇင်ယော်သည် အာသာဝတီရွှေဓားဆိုသောလူထူးလူဆန်းကြီးအကြောင်းကိုတွေးတောနေရင်း ထိုင်ခုံပေါ်တွင်ထိုင်လျက် အိပ်ငိုက်နေမိရာ. . အချိန်မည်မျှကြာအောင်ငိုက်နေမိသည်ကိုပင် မသိလိုက်သော်လည်း နားထဲတွင် 'ချွတ်' ဆိုသည့်မြည်သံကိုကြား လိုက်ရသောကြောင့်. . ချက်ခြင်းသတိဝင်လာကာ ထိုင်နေရာမှ အသံမထွက်အောင် အသာအယာထရပ်လိုက်လေသည်။

ထိုအချိန်တွင်. . မိမိ၏အိပ်ခန်းဘက်ဆီသို့လျှောက်လာ

www.burmeseclassic.com

နေသောခြေသံတရှပ်ရှပ်ကိုကြားလိုက်ရပြီးလျှင် ခြေသံရှင်သည် အခန်းတံခါးဝနားတွင်ရပ်၍နေလေတော့သည်။

ဦးဇင်ယော်သည် အသက်ကိုပင်ပြင်းပြင်းမရှူ့ဘဲအသက် အောင့်၍စောင့်နေလိုက်ရာ. . မကြာမီပင် တံခါးကိုဖြည်းညင်းစွာ တွန်းဖွင့်လိုက်သည့်အသံကိုကြားလိုက်ရပြီး. . စေ့ထားသောအိပ် ခန်းတံခါးမှာ ပွင့်ဟလာလေတော့သည်။

"ကျွီ. . ကျွီ. ."

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသူတစ်ဦးသည် အိပ်ခန်း ထဲသို့ဝင်ရောက်လာပြီးလျှင်. . အိပ်ခန်း၏အခြေအနေကိုရပ်တန့် အကဲခတ်လိုက်ပြီး ကုတင်ရှိရာသို့ခြေကိုဖွ၍လျှောက်သွားနေလေ တော့သည်။

"ဒီမှာ. . မိတ်ဆွေ. ."

ဦးဇင်ယော်သည်. . တံခါးအကွယ်မှရှေ့သို့တိုးထွက်ပြီး အသံပေးလိုက်ရာ အနက်ရောင်ဝတ်စုံနှင့်လူသည်တုန့်ကနဲရပ်သွား ပြီးမှ. . နောက်သို့လှည့်၍ ခြေဖြင့်ပတ်ကန်တိုက်ခိုက်ရန်ဟန်ပြ လိုက်လေသည်။

"ဝှစ်. ."

ဦးဇင်ယော်က သံပိုက်ကိုနှုတ်ခမ်းတွင်တေ့၍လျှင်မြန်စွာ မှုတ်ထည့်လိုက်ရာ နောက်သို့လှည့်လာသောဝတ်စုံနက်၏ရင်အုံ သို့စိုက်ဝင်သွားလေတော့သည်။



"မင်း. . မင်းကိုသတ်. ."

ဝတ်စုံနက်သည်. . ဦးဇင်ယော်အားတိုက်ခိုက်ရန် ရှေ့သို့ တစ်လှမ်းတိုးလာသည်. ဦးဇင်ယော်ကနောက်သို့ခုန်ဆုတ်လိုက် ပြီးလျှင်. . သူ၏လက်နှစ်ဖက်တွင်လည်း ပေါက်ဓားနှစ်ချောင်းက အဆင်သင့်ရောက်ရှိလာလေသည်။

ဝတ်စုံနက်သည်. . ရှေ့သို့လှမ်းတက်ရန်ပြင်လိုက်သော် လည်း ရုတ်တရက်အားပြတ်သွားသူတစ်ဦးကဲ့သို့ဖြစ်၍သွားတာ ည်ပင်းကိုလက်နှစ်ဖက်ဖြင့်ဖျစ်ညှစ်၍. . မချိမဆန့်ဝေဒနာကို ခံစားနေရဟန်ဖြင့် မျက်လုံးများပြူးကျယ်ဝိုင်းစက်လာကာ. .

"ကျုပ်. . ကျုပ်ကို. . ဘယ်လိုလုပ်လိုက်တာလဲ. ."

ဟု ညည်းတွားသံကြီးဖြင့်မေးမြန်းလိုက်လေသည်။

ဦးဇင်ယော်သည် ဝတ်စုံနက်အားမျက်ခြည်မပြတ်စောင့် ကြည့်နေရာမှ. .

"အဆိပ်အပ်နဲ့. . ပစ်လိုက်တာပဲ။ ဒီအဆိပ်ကို. . မင်းတို့ ဆရာကြီးအာသာဝတီရွှေဓားလည်း ဖြေဆေးပေးနိုင်မှာမဟုတ်ဘူး။ ကျွန်ုပ်တို့သင်တိုင်းတောကြီးထဲကလျို့ဝှက်အဆိပ်တစ်မျိုးမို့ မင်းဟာ အလုံးဝမစားနိုင်ဘဲ တစ်ပတ်လောက်ကြာရင်အသက်သေဆုံး ရတော့မယ်။ ငါ့လူတွေကိုသွားလုပ်ကြံတဲ့ မင်းညီသုံးယောက်လည်း အဆိပ်အပ်ဒဏ်ကိုအလူးအလဲခံနေရလောက်ပါပြီ။ မင်းကိုယ် တိုင်လည်း ငါ့ကိုသတ်နိုင်ဖို့အင်အားရှိသေးရဲ့လား။ ဒီအဆိပ်က

www.burmeseclassic.com

အင်အားတွေကိုပါယုတ်လျော့စေတဲ့အဆိပ်မျိုးကွ။ မင်းလက်...
ခံစားနေရပြီပဲလေ. . "

ဝတ်စုံနက်၏မျက်နှာမှာ ဒေါသအရောင်ကြောင့်တော...
ပြောင်ဝင်းလက်နေသော်လည်း ဦးဇင်ယော်ပြောသကဲ့သို့ပင်အ...
အားလုံးဝမရှိတော့သောအဖြစ်ကြောင့် ဦးဇင်ယော်အားရန်မူ...
မကြိုးစားတော့ဘဲ နောက်သို့လှည့်၍ပြေးထွက်သွားလေတော့သည်...

"ပြေး. . ပြေး. . လွတ်အောင်ပြေးထား။ မင်းကို ငါလ...
နဲ့ကိုယ်တိုင်မသတ်ချင်လို့ ပြေးခွင့်ပြုလိုက်တာကွ။ သေသေချာ...
မှတ်သွားပေတော့. . "

ဦးဇင်ယော်၏ခနဲ့စကားကြောင့် ဝတ်စုံနက်သည်ဒေါ...
တကြီးတက်ခေါက်လိုက်ပြီးလျှင် နေရာမှပြေးထွက်သွားလေတော...
သည်။

♣ ♣ ♣

စုံထောက်ဇင်ယော်ကတော့...
မချင်းသင်တိုင်းတောက အဆိပ်ဒဏ်မိသွားတာမို့...
အစာလုံးဝမစားနိုင်ဘဲ...
တစ်ပတ်ကြာရင်သေမယ်လို့ပြောပါတယ်။
တပည့်ကြီးမောင်ဘမောင်

www.burmeseclassic.com

### အာသာဝတီရွှေအား၏ဆုံးဖြတ်ချက်

ကန်တော်ကြီးစောင်းရှိအိမ်ကြီးတစ်လုံး၏ဧည့်ခန်းကျယ်ကြီးထဲတွင် မီးရောင်များဖြင့်ထိန်ထိန်လင်းလျက်ရှိနေပေသည်။ ဧည့်ခန်းအလယ်ရှိခုံကြီးတစ်လုံးတွင်ထိုင်နေသောအာသာဝတီရွှေအားမှာ သူ့ရှေ့ရှိကောဇောကြီးပေါ်တွင်လူးလှိမ့်၍ဝေဒနာခံစားနေကြရသောတပည့်ကြီးလေးယောက်တို့အားကြည့်ကာ စူးနက်သောမျက်လုံးအိမ်အတွင်းမှမျက်ရည်ကြည်များစီးကျလာလေသည်။

သူ့တွင်တပည့်တပန်းများစွာရှိသော်လည်း သူကိုယ်တိုင်ယုံကြည်၍ပညာကုန်သင်ကြားပေးထားကာ သူနှင့်အတူအနီးကပ်နေထိုင်ခွင့်ပေးထားသောတပည့်လေးယောက်သာရှိပေသည်။

တိဗက်တောင်တန်းကြီးများပေါ်တွင် ခြောက်နှစ်ကျော်



နှင့်စွန့်စားသွားလာခဲ့ကြကာ. . အလွန်အစွမ်းထက်မြက်သောမှ်သူများနှင့်ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ကြပြီး သူအလွန်လိုချင်သောရှေးဆောင်းသိုင်းကျမ်းကြီးကိုပင်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ကြသောတပည့်ကြီးများသည် လူသူတော်သျှောင်တစောင်းဆိုသောရန်သူနှင့်ရင်ဆိုင်ရသောနှစ်ရက်အတွင်း ပထမတစ်ရက်တွင်အကြဲအစည်များဖျက်ဆီးခြင်းခံခဲ့ရကာ၊ ဒုတိယနေ့တွင်လည်း မရှုမလှရှုံးနိမ့်ဒဏ်ရာများပင်ပြင်းထန်စွာရလာခဲ့ကြသည့်အဖြစ်ကို သူ၏စိတ်တွင်မယုံကြည်နိုင်လောက်အောင်ဖြစ်နေမိလေသည်။

အာသာဝတီရွှေအားသည် ကော်ဇောပေါ်တွင်လူးလှိမ့်၍ညည်းတွားနေကြသောတပည့်ကြီးလေးဦးတို့၏ဒဏ်ရာများကိုထပ်၍အသေးစိတ်စစ်ဆေးကြည့်လိုက်ပြန်သည်။

တပည့်လေးဦးစလုံးမှာ မျက်နှာနှင့်လည်ပင်းအနီးတဝိုက်တွင်ညိုမည်းနေသောဒဏ်ရာများရရှိထားကြပြီး အဆိပ်သုတ်လိမ်းထားသောအပ်များဖြင့် စိုက်ဝင်ခြင်းခံထားရသောဝေဒနာတစ်မျိုးတည်းသာဖြစ်နေကြလေသည်။

"အင်း. . အဖြစ်ကတော့အတော်ထူးခြားတာပဲ။ ရန်သူတစ်ဦးကို. . လေးနေရာမှာသွားတိုက်ခိုက်ကြတဲ့ငါ့တပည့်တွေဟာဒဏ်ရာတစ်မျိုးတည်းပဲရလာကြတယ်။ သူတို့အရည်အချင်းမျိုးနဲ့ တိုက်ခိုက်တာကိုလေးယောက်လုံးခံလိုက်ရတယ်ဆိုတာ ယုံဝံဖွယ်မဖြစ်နိုင်တဲ့အချက်ပဲ. ."

www.burmeseclassic.com

အာသာဝတီရွှေအားက လက်ခုပ်သုံးချက်ဆက်၍တီးလိုက်
ရာ အသက်ငါးဆယ်ကျော်အဖိုးကြီးနှစ်ဦးအိမ်နောက်မှထွက်
ကြလေသည်။

"ကျုပ်အိပ်ခန်းထဲက တိဗက်ရွှေပိုးကောင်အဆိပ်ဖြေဆေး
ကိုတစ်ယောက်တစ်ဇွန်းစီပါးစပ်ထဲဝင်အောင်တိုက်ပြီး အနီး
စောင့်ကြည့်နေလိုက်ပါ။ တစ်ခုခုထူးခြားရင်. . အိမ်အပေါ်ထပ်
ဝရံတာမှာကျုပ်ရှိနေမယ်။ ချက်ခြင်းလာပြောကြပါ. . "

အာသာဝတီရွှေအားသည် အိမ်အပေါ်ထပ်ဝရံတာဆီ
တက်သွားပြီးလျှင်. . စက်လက်ကုလားထိုင်ပေါ်၌ထိုင်ချလိုက်
အမှောင်ထုထဲ၌တစ်ဦးတည်းငြိမ်သက်စွာထိုင်ရင်း တွေးတော
မောနေလေတော့သည်။

ကားမောင်းရန်တာဝန်ယူကြရသည့်တပည့်များ၏ပြော
ချက်အရ ရန်သူများ၏အဆိပ်အပ်ဒဏ်ကိုအငိုက်မိ၍ခံလိုက်ကြ
ကြောင်းသတိမလစ်မီပြောပြခဲ့ကြသည်ဟုသိထားရသဖြင့်. . ရန်
များကိုအထင်သေးမိသောကြောင့် လှသူတော်ချောင်တစောင်း
တောင်ချောက်ထဲသို့ကျဆင်းသွားရခြင်းဖြစ်ကြောင်း ကောင်း
သဘောပေါက်ထားပြီးဖြစ်သည်။

အာသာဝတီရွှေအားသည် အဆိပ်မျိုးစုံနှင့်ပတ်သက်၍
အလွန်ကျွမ်းကျင်နှံ့စပ်သူဖြစ်သော်လည်း သူ့တပည့်များခံစား
ရသောဝေဒနာမျိုးကို တစ်ကြိမ်တစ်ခါမျှတွေ့ကြုံဖူးခြင်းမရှိသဖြ



ကုသပေးရန်မှာ အလွန်ခက်ခဲနေပေသည်။

တိဗက်နယ်ထဲတွင်လှည့်ပတ်သွားလာရင်း သူကအသက်
ကယ်တင်ပေးလိုက်သဖြင့် သေဘေးမှလွတ်မြောက်သွားခဲ့ရသည့်
တိဗက်ရွာသူကြီးတစ်ဦးက. . တုန့်ပြန်ကျေးဇူးဆပ်သည့်အနေဖြင့်
တိဗက်ရွှေပိုးကောင်အဆိပ်ဖြေဆေးနည်းကိုပြောပြခဲ့ရာ အလွန်ရှား
ပါး၍တန်ဖိုးကြီးမားလှသောရွှေပိုးကောင်များကိုရရှိရန် သုံးလမျှ
အချိန်ယူ၍ ရေခဲနေသောတောင်ကုန်းများပေါ်တွင်ကြိုးစားဖမ်းယူ
ခဲ့ပြီး တိဗက်ရွှေပိုးကောင်အဆိပ်ဖြေဆေးကိုဖော်စပ်ထားနိုင်သဖြင့်
ထိုဆေးအစွမ်းကြောင့်. . အဆိပ်များပြေပျောက်သွားရန်ကိုသာစိတ်
ထဲမှမျှော်လင့်နေမိတော့သည်။

တစ်နာရီခန့်ကြာသောအခါ လူနာစောင့်ခိုင်းထားသော
အဖိုးကြီးတစ်ဦးက. .

"ကောင်လေးတွေ သတိတော့ရလာကြပါပြီ. . ဆရာကြီး။
သူတို့ထိလာတဲ့အဆိပ်ကထူးခြားနေတယ်။ ဆရာကြီးလိုက်ကြည့်
လိုက်ပါဦး. . "

အာသာဝတီရွှေအားက ချက်ခြင်းဆင်းလိုက်သွားလေရာ
နံရံပေါ်တွင်မှီ၍ထိုင်နေကြသောတပည့်များအားတွေ့မြင်လိုက်ရ
သဖြင့် ဝမ်းသာအားရဖြစ်သွားကာ. .

"ငါတို့တိဗက်ကရလာခဲ့တဲ့ ရွှေပိုးကောင်အဆိပ်ဖြေဆေး
ကအတော်စွမ်းတာပဲတပည့်တို့။ အဆိပ်ဒဏ်ကြောင့်သတိလစ်နေ

www.burmeseclassic.com

တာတောင် ဆေးတိုက်ပြီးတစ်နာရီလောက်အတွင်းမှာထထိုင်နိုင်တယ်ဆိုတော့အတော်စွမ်းတာပဲ။ နှစ်ကြိမ်လောက်ထပ်သောက်ပြီးရင်. . တပည့်တို့လုံးဝပျောက်ပြီပဲဟေ့”

အာသာဝတီရွှေဘားက. . ဝမ်းသာအားရဖြင့်အားတက်သရောပြောနေသော်လည်း တပည့်များထံမှတုန့်ပြန်စကားလုံးမကြားရသောကြောင့်. . အံ့ဩတကြီးဖြင့် တပည့်များအားကြည့်လိုက်ရာ. .

“ဟင်. . ”

တပည့်လေးဦးလုံးမှာ ဆွံ့အသူကဲ့သို့ဖြစ်နေကြပြီးလျှင် စကားပြောနိုင်ရန်အပြင်းအထန်ကြိုးစားနေကြသော်လည်း နှုတ်ဖျားမှစကားတစ်ခွန်းမျှမထွက်နိုင်ကြဘဲရှိနေပေသည်။

စုံထောက်ကြီးဦးဇင်ယော်အားသတ်ဖြတ်ရန်တာဝန်ယူခဲ့ရသည့်တပည့်ကြီးမောင်ဘမောင်သည် တစ်စုံတစ်ခုကိုပြောကြားလိုဟန်ဖြင့်မျက်လုံးမှအမူအရာပြနေသောကြောင့်. .

“စာရွက်နဲ့ဖေါင်တိန်တစ်ချောင်းကို. . အမြန်ယူပေးလိုက်စမ်းဟေ့. . ”

ဟုအမိန့်ပေးလိုက်သဖြင့်. . အဖိုးကြီးတစ်ဦးကယူလာပြီး မောင်ဘမောင်၏ရှေ့တွင်ချထားပေးလိုက်ရာ မောင်ဘမောင်က စာရွက်ပေါ်တွင်စာကြောင်းများကို တုန်တုန်ယင်ယင်ဖြင့်ရေးသားလိုက်လေသည်။



ကျွန်တော် အဆိပ်အပ်ထိသွားပြီဆရာကြီး။ ညီလေးတွေ ည်း အဆိပ်အပ်ထိလာကြပြီထင်တယ်။ တိပက်ရွှေပိုးကောင် ကြောင့်နာကျင်နေတာတွေပျောက်သွားပေမယ့် စကားပြော ရတော့ဘူး။ ခန္ဓာကိုယ်မှာလည်း အင်အားလုံးဝမရှိတော့ဘူး။ ထောက်ဇင်ယော်ကတော့ မချင်သင်တိုင်းတောကအဆိပ်ဓာတ်မိ တာမို့ အစာလုံးဝမစားနိုင်ဘဲတစ်ပတ်ကြာရင်သေမယ်လို့ပြော တယ်။ ကျွန်တော်တို့ပေါ့ဆမိလို့ ခံလိုက်ရတာပါ။

“တောက်. . ”

အာသာဝတီရွှေဘား၏တက်ခေါက်သံက ကျယ်လောင်စွာ က်ပေါ် လာပြီးလျှင်. . ထိန်းချုပ်ထားသောဒေါသများပေါက်ကွဲ သဖြင့် ကျွန်းသားနံရံအားလက်သီးဖြင့်ထိုးလိုက်ရာ. . ကျွန်း တွင်အပေါက်ကြီးတစ်ပေါက်ဖြစ်ပေါ် သွားလေတော့သည်။

“ဝုန်း. . ”

မချင်သင်တိုင်းတောကြီးမှာ. . အလွန်တောကြမ်းသော ရာဖြစ်ကာ တောကြီးဝက်ဝံအလွန်ပေါများသောကြောင့်သာမန် များအနေဖြင့် အနားပင်မကပ်ဝံ့ကြသောတောကြီးတစ်ခုဖြစ် သည်။ ထိုတောကြီးထဲတွင်. . လူမျိုးအုပ်စုများစွာနေထိုင်လျက် ပြီး လွန်ခဲ့သည့်ရှစ်နှစ်ကျော်ကာလကလူမျိုးစုတိုက်ပွဲများဖြစ် ရာတွင် အာသာဝတီရွှေဘားကဝင်ရောက်ကူညီကယ်တင်ခဲ့ပြ . . ရွာကြီးလေးရွာ၏လူမျိုးအုပ်စုခေါင်းဆောင်ကြီးတစ်ဦးဖြစ်

www.burmeseclassic.com

သာကာ အာသာဝတီရွှေဓားထံတွင်တပည့်အဖြစ်ခံယူထားသော ဆရာသူကြီးခေါင်ဂျန်ဆိုသူရှိပေရာ ဆေးပညာ၌အလွန်ကျွမ်းကျင်သောဆရာသူကြီးခေါင်ဂျန်အနေဖြင့် မချင်သင်တိုင်းတောကြီးထဲ၌ ဖေါ်စပ်ခဲ့သောအဆိပ်မျိုးကို ပျောက်ကင်းအောင်ကုသပေးနိုင်မည်ဟုတွေးမိလိုက်သောကြောင့် ဆရာသူကြီးခေါင်ဂျန်ထံသို့အမြန်ဆုံးသွားရောက်ရန်ဆုံးဖြတ်လိုက်တော့သည်။

အာသာဝတီရွှေဓားသည် ဖေါင်တိန်ကိုကောက်ယူလိုက်ပြီးစာကြောင်းများရေးချလိုက်ရာ တပည့်လေးယောက်တို့ကဖတ်ရှုလိုက်ကြလေသည်။

မချင်သင်တိုင်းတောကြီးထဲမှာ ဆရာတပည့်ဆရာသူကြီးခေါင်ဂျန်ရှိတယ်။ သူ့ဆီကိုအမြန်ဆုံးရောက်အောင်သွားပြီး တပည့်တို့ကိုကုသခိုင်းမယ်။ မင်းတို့အသက်ကို ဘုရားကယ်ပေးပါ့မယ်။ အစာစားလို့မရပေမယ့်အာဟာရပြတ်မသွား... ဒင် ဆရာဖော်စပ်ထားတဲ့ အာဟာရဩဇာဆေးကိုမှန်မှန်သော... ထားကြပါ။

ခရီးထွက်ဖို့အမြန်စီစဉ်ပြီး မနက်ဖြန်နေ့လည်ခရီးစကြမယ်။

♣ ♣ ♣

အခွင့်အရေးရခဲ့ရင်တော့...
ကျွန်ုပ်တို့ဆင်းဟတ်စစ်တက္ကသိုလ်ကြီးရဲ့...
တောတွင်းတိုက်ခိုက်ရေးအတတ်ပညာတွေကို...
သင်ကြားပေးလိုက်ပါ့မယ်လေ...။

မောင်ဒါနန်း

www.burmeseclassic.com

## ယေဂျာဒါနန်း၏တိုက်ခိုက်ရေးအဖွဲ့

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်၏မျက်နှာမှာ ယခင်ကလောက်တင်းမာခြင်းမရှိတော့သော်လည်း . . တရားခံများအား ယခုတိုင်ဖမ်းဆီးနိုင်ခြင်းမရှိသေးသောကြောင့် သိ တာ့ကျေနပ်ဟန်မရှိပေ။

စည်းဝေးပွဲစသည်နှင့် စုံထောက်ကြီးဦးဇင်ယော်ကယမန်နေ့ညကအဖြစ်အပျက်များကိုအစီရင်ခံလိုက်လေသည်။

"သူဌေးကြီးဦးမြဝင်းရဲ့မီးခံသေတ္တာထဲမှာထားခဲ့တဲ့ မြေပုံခြောက်စာအရ အာသာဝတီရွှေဓားမှာလူယုံတော်တပည့်ကြီးလေးယောက်ရှိတယ်ဆိုတာသိထားခဲ့ပါတယ်။ ကျွန်တော့်တပည့်တွေအများကြီးရှိပေမယ့် အဲဒီတပည့်ကြီးလေးယောက်ဟာ အာသာဝတီရွှေဓား



အနီးကပ်နေထိုင်ပြီး နှစ်ပေါင်းများစွာလက်တွဲလုပ်ရှားခဲ့ကြသူ ဖြစ်ပါတယ်။ အဲဒီတပည့်ကြီးလေးယောက်ဟာ မနေ့ညတုန်း . . ဦးသိန်းမောင်၊ မောင်ကိုကိုကြီး၊ ဦးအေးမောင်နဲ့ကျွန်တော် လေးယောက်ကို လုပ်ကြံသတ်ဖြတ်ဖို့ရောက်လာခဲ့ကြပေမယ့် ကျွန်တော်တို့လေးယောက်က . . ဆရာကြီးလူသူတော်သျှောင်တစောင်းကြိုတင်စီစဉ်ပေးထားတဲ့ အဆိပ်လူးအပ်နဲ့တိုက်ခိုက်လို့ ဒဏ်ရာတွေရပြီးထွက်ပြေးသွားကြရပါတယ် . . "

စုံထောက်မင်းကြီးသည် အလွန်အံ့သြသွားသောအမူအရာ ကျွန်ုပ်အားကြည့်လိုက်ပြီးလျှင် . .

"အိုးမိုင်ဂေါ့ . . ။ ဦးသိန်းမောင်လိုအဘိုးကြီးတစ်ယောက် နေသူကိုအနိုင်တိုက်လိုက်တယ်ဟုတ်လား။ အံလွန်အံ့သြရတဲ့ ပေပဲ။ သူတိုက်ခိုက်လိုက်တာက . . ဘယ်သူ့ကိုများလဲဗျာ"

"သူဌေးကြီးဦးမြဝင်းကို အရှိုးတွေရိုက်ချိုးပြီးသတ်သွားတဲ့ မောင်မိုးကြိုးဆိုတဲ့တရားခံကို . . ဦးသိန်းမောင်က တိုက်ခိုက်လိုက် ပါ စုံထောက်မင်းကြီး . . "

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်၏မျက်နှာမှာ အလွန် ကျက်လန့်သွားဟန်ဖြင့် ပခုံးနှစ်ဖက်ကိုဟန်ပါပါတွန့်လိုက်ပြီး . .

"လေးစားဂုဏ်ပြုပါတယ် . . ဦးသိန်းမောင်။ ဦးသိန်းမောင် တို့ကိုတော့ ကျွန်ုပ်အလွန်လေးစားသွားပါပြီ . . "

www.burmeseclassic.com

"ကျေးဇူးတင်ပါတယ်. . စုံထောက်မင်းကြီး"

ကျွန်ုပ်သည် စုံထောက်မင်းကြီး၏ဂုဏ်ပြုခံရခြင်းကြော
အတန်ငယ်မျှဘဝင်မြင့်သွားမိပေသည်။

"ဦးဇင်ယော်ပြောနေတဲ့အကြောင်းအရာဟာ ရန်သူ
ဒဏ်ရာရပြီးလွတ်မြောက်ထွက်ပြေးသွားတဲ့အကြောင်းသာဖြစ်
တာမို့. . အာသာဝတီရွှေဘားဆိုတဲ့ ရှိုင်းစိုင်းကြမ်းတမ်းမောက်
လှတဲ့လူဆိုးကြီးကို လက်ရမဖမ်းဆီးနိုင်ကြတော့ဘူးလား။ ဒီလူ
ကြီးကိုလက်ရမဖမ်းဆီးနိုင်ရင် ကျွန်ုပ်လည်းကောင်းစွာအိပ်ပျော်
နိုင်မှာမဟုတ်ပေဘူး. ." "

ဆရာကြီးလူသူတော်သျှောင်တစောင်းက. . ဦးခေါင်း
တဆတ်ဆတ်ညိတ်လိုက်ပြီးလျှင်. .

"သူဌေးကြီးဦးမြဝင်းကိုသတ်တဲ့အမှုဖြစ်ပွားပြီး နှစ်ရှည်
ကျော်တဲ့အချိန်မှာ. . ဒီလောက်အခြေအနေတိုးတက်လာတာဟာ
စီအိုင်ဒီအဖွဲ့ကြီးအတွက်ဂုဏ်ယူစရာပါမစ္စတာစတီးဝင်။ ဒီတင်
ကျွန်တော်တို့ရင်ဆိုင်နေရတဲ့ရာဇဝတ်ကောင်ဟာ သာမန် ဥဒ်
လူမိုက်တစ်ယောက်မဟုတ်ဘဲ စီအိုင်ဒီစုံထောက်တွေကိုအဆိပ်
လုပ်ကြံတဲ့အပြင်. . မစ္စတာစတီးဝင်ရဲ့သမီးလေးကိုတောင်ပြန်ပေး
ဆွဲခဲ့တဲ့လူမို့ သူ့ကိုအပိုင်ထောင်ချောက်ဆင်ဖမ်းဖို့စီစဉ်ရတာပါ
အပိုင်မဖမ်းနိုင်ခဲ့ရင်တော့. . သူဟာတိဗက်လိုနေရာမျိုးမှာတော
ချောက်နှစ်လောက်နေခဲ့ဖူးတဲ့လူမို့ . ကျွန်ုပ်တို့အနေနဲ့ ဘယ်လ



လိုက်လံဖမ်းဆီးလို့မရနိုင်တဲ့နေရာတစ်ခုကို ရှောင်တိမ်းသွားမှာ
သေချာပါတယ်။ ဒါကြောင့်. . သူ့ကိုလက်ရဖမ်းမိနိုင်ဖို့အတွက်
စိတ်ရှည်ရှည်နဲ့ထောင်ချောက်ဆင်နေရတာပါမစ္စတာစတီးဝင်"

"မစ္စတာသျှောင်တစောင်းရဲ့အစီအစဉ်ကို ပြောပြပါဦး။
သူ့လူယုံတော်တပည့်လေးယောက်လုံး အဆိပ်ဒဏ်ထိသွားပြီဆို
တော့. . ဘာတွေဆက်ဖြစ်လာမှာလဲ. . "

"ကျွန်ုပ်အနေနဲ့. . သူ့ကိုရင်ဆိုင်တိုက်ခိုက်ပြီးဖမ်းဆီးဖို့
အရေးမှာ တစ်ယောက်ခြင်းဆိုရင်ယှဉ်ပြိုင်တိုက်ခိုက်နိုင်ပေမယ့်
သူ့ရဲ့အစွမ်းထက်မြက်လှတဲ့တပည့်ကြီးလေးယောက်က ပူးပေါင်း
တိုက်ခိုက်လာရင်ဘယ်လိုမှမယှဉ်နိုင်ဘူးဆိုတာ မစ္စတာစတီးဝင်ကို
ပြောပြခဲ့ဖူးပါတယ်လေ. . "

"ဟုတ်ပါတယ်။ မစ္စတာသျှောင်တစောင်းဆီကဒီလိုစကား
ကြားရလို့တောင်. . ကျွန်ုပ်အလွန်အံ့ဩခဲ့ရပါသေးတယ်"

"အဲဒီအချက်တွေကြောင့်. . ကျွန်ုပ်ကအကွက်ဆင်ပြီး သူ့
တပည့်လေးယောက်ကို အလစ်အငိုက်မှာတိုက်ခိုက်နိုင်ဖို့စီစဉ်ခဲ့
တာပါ။ ကျွန်ုပ်ဖော်စပ်ထားတဲ့အဆိပ်ဟာ. . မချင်သင်တိုင်းတော
ကြီးထဲမှာနေထိုင်တဲ့လူမျိုးစုတွေရဲ့လျှို့ဝှက်ဆေးနည်းတစ်နည်းဖြစ်
ပြီး ရန်သူကိုသေဆုံးစေတာမျိုးမဟုတ်ဘဲ ဆွံ့အပြီးအစာစားလို့မရ
အောင်ပဲဒုက္ခပေးနေမှာပါ။ စုံထောက်ကြီးဦးဇင်ယော်က. . သူ
တိုက်ခိုက်လိုက်တဲ့ရန်သူကို မချင်သင်တိုင်းတောကြီးကအဆိပ်ဖြစ်

www.burmeseclassic.com

ကြောင်း ကျွန်ုပ်တို့ကြိုတင်စီစဉ်ထားတဲ့အတိုင်းပြောပြလိုက်
မို့. . အာသာဝတီရွှေမားဟာသူသိပ်ချစ်တဲ့တပည့်ကြီးလေးယော
ရဲ့အဆိပ်ကို ၇ပျောက်အောင်ကုသပေးနိုင်ဖို့အတွက် မချင်သ
တိုင်းတောကြီးထဲကိုခေါ်သွားရတော့မှာပါ။ ကျွန်ုပ်တို့အနေနဲ့
မချင်သင်တိုင်းတောကြီးထဲကစောင့်ဖမ်းရင်တော့ သူတို့တစ်ဖွဲ့
ဘယ်လိုမှပြေးလို့မလွတ်နိုင်တော့ပါဘူး။ ညဏ်ရည်သိပ်ထက်မြ
သလို၊ တပည့်တပန်းတွေပေါများလှပြီး . . မြို့ပေါ်မှာနေရာအမျိုးမျိုး
ရွှေ့ပြောင်းအကွက်ဆင်နိုင်တဲ့အာသာဝတီရွှေမားလိုလူမျိုးကို မချ
သင်တိုင်းတောလိုနေ့ရာမျိုးမှာမှ အမိအရဖမ်းဆီးနိုင်မှာပါ. .

"သင့်အစီအစဉ်သိပ်ကောင်းပါတယ် မစ္စတာသျှောင်
စောင်း။ ဘယ်အချိန်မှာ. . ခရီးစထွက်ဖို့စီစဉ်ထားပါသလဲ။ ကျွန်
ဘက်ကဘာတွေစီစဉ်ပေးရမလဲ၊ လိုအပ်တာတွေပြောပါ. ."

"အာသာဝတီရွှေမားတို့ဟာ အမြန်ဆုံးခရီးထွက်ကြမှာ
ကျွန်ုပ်တို့ဘက်ကလည်း. . ဒီနေ့နေ့လည်မှာပဲခရီးစထွက်ကြမှာ
မှာပါ။ စီအိုင်ဒီအဖွဲ့ဝင်တွေထဲက. . ဦးဇင်ယော်၊ မောင်ကိုကို
ဦးအေးမောင်၊ မောင်သိန်းဟန်နဲ့ဆာသင်ဘူးမောင်တို့ကိုခေါ်သွ
ချင်ပါတယ်။ မစ္စတာစတီးဝပ်ကမြောက်စားဂုဏ်ပြုထားတဲ့ သူ
ကောင်းကြီးဦးသိန်းမောင်ကတော့. . သူ့သဘောဆန္ဒအတိုင်းပါ
သူပါလာတော့လည်း ကျွန်ုပ်တို့အတွက်အင်အားပိုကောင်သွားတ
ပေါ့. . "



ဆရာကြီးက အရွှန်းဖေါက်၍ပြောကြားလိုက်သောကြောင့်
ထောက်မင်းကြီးကရယ်မော၍ကျွန်ုပ်အားလှမ်းကြည့်လိုက်ရာ. .

"ဆရာကြီးမှာအာလူအညီလိုနေပြီဆိုတော့လည်း လိုက်ခဲ့
ရမှာပေါ့ဗျာ. . "

ကျွန်ုပ်ကခပ်တည်တည်ဖြင့်ပြန်လည်အရွှန်းဖေါက်လိုက်
သောကြောင့် ရယ်မောလိုက်ကြပြန်လေသည်။

စကားဝိုင်းတွင်တစ်ချိန်လုံးငြိမ်သက်စွာနားထောင်နေခဲ့
သော. . စစ်ရဲအဖွဲ့ခေါင်းဆောင်မေဂျာဒါနန်းသည်နေရာမှထရပ်
လိုက်ပြီးလျှင်. .

"ကျွန်ုပ်ရဲ့စစ်ရဲအဖွဲ့ဟာ. . စီအိုင်ဒီအဖွဲ့ကြီးရဲ့တိုက်ခိုက်
ရေးကိစ္စတွေကိုတာဝန်ယူထားရသဲ့အဖွဲ့ဖြစ်ပါတယ်။ ရန်သူတွေကို
ချင်သင်တိုင်းတောကြီးမှာဖမ်းဆီးဖို့တာဝန်ဟာ ကျွန်ုပ်ရဲ့တာဝန်
ဖြစ်သင့်ပါတယ်။ ကျွန်ုပ်ရဲ့စစ်ရဲအဖွဲ့ဝင်တွေဟာ. . တောတွင်း
တိုက်ခိုက်ရေးတာဝန်တွေကိုအထူးလေ့ကျင့်ထားသူတွေဖြစ်သလို
ကျွန်ုပ်ကိုယ်တိုင်ကလည်း. . ဗြိတိသျှဆင်းဟတ်စစ်တက္ကသိုလ်ကြီး
က တောတွင်းတိုက်ခိုက်ရေးဘာသာရပ်မှာဂုဏ်ထူးနဲ့အောင်မြင်ပြီး
သင်တန်းဆင်းလာခဲ့သူပါ. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် မေဂျာဒါနန်း
နှင့်အကြိမ်ကြိမ်လက်တွဲ၍လှုပ်ရှားဖူးခဲ့သော်လည်း မေဂျာဒါနန်း
ကိုယ်တိုင်နှင့်သူ၏စစ်ရဲအဖွဲ့ဝင်များမှာ သေနတ်အားကိုးဖြင့်သူတို့

www.burmeseclassic.com

စိတ်ထင်သလိုရမ်းကားစွာပြုမူကြသောကြောင့် ပြဿနာများစွာ ပေါ်ပေါက်ခဲ့ဖူးသဖြင့်. . နောက်ပိုင်းတွင် ပူးတွဲလှုပ်ရှားမှုမပြုတော့ခြင်းဖြစ်သည်။

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည် မေဂျာဒါနန်းတို့စစ်ရဲအဖွဲ့အကြောင်းကိုကောင်းစွာသိရှိထားသော်လည်း. . မေဂျာဒါနန်းပြောသွားသကဲ့သို့ပင် တာဝန်ပိုင်းအရမေဂျာဒါနန်းတို့၏ စစ်ရဲအဖွဲ့ကိုရှောင်ဖယ်ထားရန်မှာမဖြစ်နိုင်သောကြောင့်. .

"မေဂျာဒါနန်းပြောသွားတာမှန်ပါတယ်။ မချင်သင်တိုင်းတောကြီးထဲမှာ တရားခံအာသာဝတီရွှေဘားတို့ကိုဖမ်းဆီးဖို့ကိစ္စဟာ မေဂျာဒါနန်းတို့စစ်ရဲအဖွဲ့မှာတာဝန်ရှိပါတယ်။ တရားခံတွေနဲ့ပတ်သက်တဲ့သတင်းအချက်အလက်တွေကိုလည်း မေဂျာဒါနန်းအနေနဲ့အားလုံးကြားသိထားပြီးပြီမို့ တရားခံတွေကိုလက်ရဖမ်းဆီးနိုင်ဖို့အတွက် အမြန်စီစဉ်ပါတော့။ ကျွန်ုပ်ရဲ့စီအိုင်ဒီစုံထောက်တွေကို. . အကူအညီပေးဖို့ထည့်ပေးစေချင်ရင်လည်းပြောပါ. ."

"တောတွင်းတိုက်ပွဲမှာ စုံထောက်တွေမလိုပါဘူး။ ကျွန်ုပ်ရဲ့စစ်ရဲအဖွဲ့က အားလုံးတာဝန်ယူပြီးဖမ်းဆီးပေးပါ့မယ်. ."

"ကျေးဇူးတင်ပါတယ်. . မေဂျာဒါနန်း။ သင့်အတွက်အကူအညီပေးဖို့မလိုအပ်တော့တဲ့ ကျွန်ုပ်ရဲ့စီအိုင်ဒီအရာရှိတွေကို ကွင်းဆင်းပြီးအတွေ့အကြုံယူနိုင်ဖို့ မချင်သင်တိုင်းတောကြီးထဲကို စေလွှတ်ဖို့ကျွန်ုပ်စိတ်ကူးထားပါတယ်။ သင့်အနေနဲ့. . သူတို့ကို



တ်နိုင်သမျှကူညီစောင့်ရှောက်ပေးဖို့ကိုလည်း ကျွန်ုပ်မေတ္တာရပ်ပါတယ်. ."

စုံထောက်မင်းကြီးက. . အလိမ္မာသုံး၍ပြောကြားလိုက်ရာ ဂျာဒါနန်းကသဘောကျစွာရယ်မောလိုက်ပြီး. .

"စိတ်ချပါ. . စုံထောက်မင်းကြီး။ စုံထောက်မင်းကြီးရဲ့ အိုင်ဒီကစုံထောက်အရာရှိတွေကို ကျွန်ုပ်ကိုယ်တိုင်စောင့်ရှောက်ညီပေးပြီး. . အခွင့်အရေးရခဲ့ရင်တော့ ကျွန်ုပ်တို့ဆင်းဟတ်စစ်သိုလ်ကြီးရဲ့ တောတွင်းတိုက်ခိုက်ရေးအတတ်ပညာတွေကို င်ကြားပေးလိုက်ပါ့မယ်လေ. ."

မေဂျာဒါနန်းသည်. . ပြောပြောဆိုဆိုဖြင့်ပင်နေရာမှထ တ်ကာ. .

"တရားခံတွေကို. . မချင်သင်တိုင်းတောကြီးအဝင်တော နေရာတွေကစောင့်ဖမ်းနိုင်ဖို့အတွက် ကျွန်ုပ်တို့စစ်ရဲအဖွဲ့ဝင်တွေကို နာရီဝက်အတွင်းစတင်ထွက်ခွာနိုင်ဖို့စီစဉ်လိုက်ပါ့မယ်။ အိုင်ဒီစုံထောက်တွေရောက်လာရင် တရားခံတွေကိုလက်ထိတ်ပြီးအဆင်သင့်အပ်နှံနိုင်အောင်လည်း ကျွန်ုပ်တို့ကြိုးစားထားမယ်. ."

မေဂျာဒါနန်းကကြွားလုံးထုတ်ရင်း အခန်းထဲမှထွက်ခွာ းလေတော့ရာ စုံထောက်မင်းကြီးက. .

"မစ္စတာသျှောင်တစောင်းတို့အတွက် ဘာတွေများစီစဉ်

www.burmeseclassic.com

ပေးရဦးမလဲ. . ”

“ကျွန်ုပ်အားလုံးစီစဉ်ပြီးပါပြီ မစ္စတာစတီးဝပ်။ ကျွန်ုပ်၏ လူနှစ်ယောက်ဖြစ်တဲ့. . မုဆိုးကြီးဘိုးသာနဲ့လူပုလေးဂွန်ရှိုင်းတို့ဟာ အာသာဝတီရွှေများတို့ကိုခြေရာခံလိုက်ဖို့ မချင်သင်တိုင်းတောကြီး ထဲမှာတောင်ရောက်နေကြပါပြီ။ ကျွန်ုပ်တို့လူတွေအဆင်သင့်ဖြ ရင်ထွက်ခွာကြရုံပါပဲ. . ”

စုံထောက်မင်းကြီးက သဘောကျစွာရယ်မောလိုက်ပြန်ပြီး လျှင်. .

“မေဂျာဒါနန်းတို့က. . အခုမှစထွက်ဖို့စီစဉ်နေကြတယ် မစ္စတာသျှောင်တစောင်းက မုဆိုးကြီးဘိုးသာနဲ့လူပုလေးဂွန်ရှိုင်း တို့ကိုတောင်ကြိုလွှတ်ထားပြီးပြီဆိုတော့ ခြေတစ်လှမ်းသာနေပြီ မစ္စတာသျှောင်တစောင်းဟာ. . ဒါကြောင့်လည်း နာမည်ကြီးနေ တာကိုး. . ”

ဟု မှတ်ချက်ချပြောကြားလိုက်လေတော့သည်။

♣ ♣ ♣

သင်တန်းမှာ ကျူပ်သင်ပေးခဲ့တဲ့. . .
တောတွင်းနေထိုင်နည်းအတိုင်း. . .
တိတိကျကျ လိုက်နာနေထိုင်ကြပါ. . .။

မေဂျာဒါနန်း

www.burmeseclassic.com

## မချင်သင်တိုင်းတောကြီးသို့အဝင်လမ်း

မချင်သင်တိုင်းတောကြီးမှာ ပဲခူးရိုးမတောင်တန်းကြီး၏ အစွန်တစ်နေရာတွင်ရှိကာ . . သစ်တောအလွန်ထူထပ်လှပြီး အချို့ နေရာများတွင်နေရောင်ကိုပင်မမြင်ရလောက်အောင်သစ်ပင်ကြီး များကဖုံးအုပ်နေသောကြောင့်အမြဲတမ်းအေးစိမ့်နေကာ . . ရွှံ့နွံ အိုင်ကြီးများကသဘာဝအလျှောက်ဖြစ်ပေါ်နေပြီး နွံအိုင်ထဲသို့ကျ ၍အသက်ဆုံးရှုံးမည့်အန္တရာယ်ကြောင့်၎င်း၊ သင်တိုင်းတောကြီးထဲ တွင်နေထိုင်ကြသည့် လူမျိုးစုများတွင် . . အချို့သောလူမျိုးစုများ မှာ လူစိမ်းများအားရန်မူသတ်ဖြတ်တတ်သည့်အန္တရာယ်ကြောင့် ၎င်း၊ ဝက်ဝံကြီးများအလွန်ပေါများလှပြီး လူများကိုအုပ်စုလိုက် ရန်ပြုတတ်ကြသည့်အန္တရာယ်ကြောင့်၎င်း၊ တောကြီးများနက်ဟု



ခေါ်တွင်ကြသည့် . . အလွန်ကြီးမားရှဲ့အဆိပ်ပြင်းထန်သည့်မြွေ ဟောင်ကြီးများ၏အန္တရာယ်ကြောင့်၎င်း၊ အခြားအန္တရာယ်ပေးနိုင် သည့်တောတိရစ္ဆာန်ကြီးများသည်လည်းပေါများလှသောကြောင့် အလွန်သတ္တိကောင်းလှပါသည်ဆိုသောအမဲလိုက်မုဆိုးကြီးများ သည်ပင် မချင်သင်တိုင်းတောကြီးအားတတ်နိုင်သမျှရှောင်ရှားလေ့ ရှိကြပေသည်။

မေဂျာဒါနန်း၏စစ်ရဲအဖွဲ့ဝင်များလိုက်ပါလာသော အ လွန်အကြမ်းခံနိုင်သည့်စစ်သုံးဂျစ်တားနှစ်စီးသည် တောင်ခြေနား သို့ရောက်သည်အထိတောလမ်းအတိုင်း မောင်းနှင်လာကြလေ သည်။

ကားမောင်းသည့်ရဲဘော်က လမ်းကြမ်းလွန်းသဖြင့်ကား များပေါက်ကွဲသွားနိုင်ကြောင်းကို ညည်းညူပြောကြားနေသော် လည်း မေဂျာဒါနန်းကဇွတ်အတင်းပင်မောင်းနှင်ခိုင်းနေလေရာ နောက်ဆုံးတွင် ရောမကျောက်တုံးကြီးများလမ်းပေါ်၌ပြန့်ကျဲနေ သဖြင့် ကားကိုဆက်လက်မောင်းနှင်၍မရနိုင်တော့သောနေရာသို့ ရောက်သောအခါမှသာလျှင် ကားများကိုတောင်ခြေသစ်ပင်များ အောက်သို့ ရဲဘော်များကဝိုင်းတွန်း၍ဖွက်ထားလိုက်ကြပြီး . . သစ်တောအုပ်ကြီးထဲတွင် စခန်းချ၍အနားယူရန်ပြင်ဆင်လိုက်ကြ လေသည်။

မေဂျာဒါနန်း၏လက်ထောက်ဖြစ်သော လက်ဖောင်နှင်

ဂျင်မီသည် ကားပေါ်မှတာလပတ်ဖျင်များကိုသွားရောက်သယ်ယူခိုင်းလိုက်ပြီးလျှင်. . သစ်တောအုပ်ထဲတွင် တာလပတ်ဖျင်များဖြင့်တဲတစ်လုံးအမြန်ထိုးခိုင်းလိုက်လေသည်။

လက်ဖတင်နင်ဂျင်မီသည်လည်း မေဂျာဒါနန်းကဲ့သို့ပင်ဘဝင်မြင့်၍ဆောင့်ကြွားကြွားနိုင်လှသူတစ်ဦးဖြစ်ရာ သူ၏လက်ပတ်နာရီကိုဟန်ပါပါကြည့်လိုက်ပြီးလျှင်. .

"မင်းတို့ကိုသင်တန်းမှာတုန်းက. . မိနစ်နှစ်ဆယ်နဲ့ တဲတစ်လုံးထိုးနိုင်အောင်လေ့ကျင့်ပေးထားတယ် ဆာဂျင်မောင်မြင့်၊ အခုငါးနာရီခွဲနေပြီဆိုတော့. . ခြောက်နာရီမထိုးခင်မှာ တဲတစ်လုံးအဆင်သင့်ဖြစ်အောင်ကြိုးစားကြပေတော့။ မကြာခင် မှောင်လာတော့မှာကွ. . "

"ဖြစ်ပါထယ်. . ဆရာရယ်။ ခြောက်နာရီတောင်မရောက်စေရပါဘူး. . "

ဆာဂျင်မောင်မြင့်က တပည့်များအားမျက်ရိပ်ပြလိုက်ရာသင်တန်းတွင်လေ့ကျင့်ထားကြသည့်အတိုင်း တပည့်ငါးဦးတို့သည်တာဝန်ကျရာနေရာများသို့ပြေးထွက်သွားကြလေသည်။ မြေညီသူများ၊ တာလပတ်စကိုစနစ်တကျဖြန့်သူများက. . လျှင်မြန်စွာပြီးစီးသွားကြသော်လည်း ဝါးလုံးများသွားခုတ်သည့်ရဲဘော်တစ်ယောက်မှာအချိန်မီပြန်ရောက်မလာသဖြင့်. . ခြောက်နာရီထိုးချိန်အထိတဲမှာရှပ်လုံးပေါ်မလာသေးဘဲဖြစ်နေလေသည်။



မေဂျာဒါနန်းသည် လက်ဖတင်နင်ဂျင်မီနှင့်အတူမချင်းသင်တိုင်းတောကြီး၏မြေပုံများကိုရှေ့ချ၍. . ချီတက်ကြမည့်အစီအစဉ်များကိုတိုင်ပင်နေကြရာမှ. . ဆာဂျင်မောင်မြင့်တို့၏အဖြစ်ကို သတိပြုမိလိုက်သောကြောင့်. .

"ဘာတွေဖြစ်နေတာလဲ. . ဆာဂျင်မောင်အေး။ မင်းပြောတော့. . ခြောက်နာရီတောင်မထိုးစေရပါဘူးဆို။ အခုခြောက်နာရီကျော်နေတာတောင် ဘာမှမပြီးသေးပါလားကွ. . "

"ဆောရီးပဲ. . မေဂျာဒါနန်း။ တောထဲမှာဝါးသွားခုတ်ခိုင်းလိုက်တဲ့ရဲဘော်မောင်ကြိုင်တစ်ယောက် အချိန်မီပြန်ရောက်လာသေးလို့ပါ. . "

"အခုရော. . ရောက်လာပြီလား"

"မရောက်သေးပါဘူးခင်ဗျာ. . "

"ဟေ. . "

မေဂျာဒါနန်းသည် ထိုင်နေရာမှခုန်၍ထလိုက်ကာ. .

"ဝါးသုံးလေးချောင်းသွားခုတ်တာများ. . ဒီလောက်ကြာနေလား။ မင်းတို့. . စောစောကတည်းကပြောရမှာကွ။ အခုတော့နောက်ကျသွားလောက်ပါပြီ. . "

မေဂျာဒါနန်းကမှတ်ချက်ချလိုက်က ရဲဘော်သုံးယောက်စီအားအုပ်စုများဖွဲ့၍ ရဲဘော်မောင်ကြိုင်အားရှာဖွေရန်စေလွှတ်လိုက်လေတော့သည်။

www.burmeseclassic.com

"ရဲဘော်အားလုံးရှိုင်ဖယ်သေနတ်တွေကို ကိုယ်နဲ့မကွာ ဆောင်သွားကြပါ။ တောကောင်ကြီးတွေပေါတယ်နော်. . "

မေဂျာဒါနန်းကအမိန့်ပေးလိုက်သောကြောင့် ဆာဂျင်မောင်အေးဦးဆောင်ပြီး ရဲဘော်သုံးယောက်ဆီအုပ်စုခွဲလိုက်ရ ကြရာ. . ဆယ်မိနစ်ခန့်ကြာသောအခါ ဝါးရုံတောစပ်တွင်ဝက်ဝံ များကုတ်ထားသည့်ဒဏ်ရာဖြင့် အသက်ပျောက်နေသော. . ရဲဘော်မောင်ကြိုင်၏အလောင်းကိုတွေ့ကြရလေသည်။

မေဂျာဒါနန်းသည် ရန်သူနှင့်ရင်ဆိုင်တိုက်ပွဲမစမီအချိန် မှာပင် တပည့်တစ်ယောက်ဆုံးရှုံးသွားရသောကြောင့်ဒေါသပေါက် ကွဲကာ. .

"အခုချိန်ကစပြီး. . လေးယောက်တစ်ဖွဲ့စီခွဲပြီး လှုပ်ရှား ကြမှဖြစ်မယ်။ လက်ဖတင်နင်ဂျင်မိကတစ်ဖွဲ့. ဆာဂျင်မောင်အေး ကတစ်ဖွဲ့၊ ဆာဂျင်မြမောင်ကတစ်ဖွဲ့၊ ကျုပ်က. . ခွဲလိုက်ကြမယ်။ ကျုပ်တို့က. . ဂျစ်ကားနဲ့ တောလမ်းကိုခရီးကြမ်းနှင်လာခဲ့တာမို့ ရန်သူတွေထက် . . အချိန်ငါးနာရီလောက်အသာစီးရနေခဲ့တာမှန် ပေမယ့်. . ရဲဘော်မောင်ကြိုင်ကိစ္စကြောင့် အချိန်နှစ်နာရီလောက် အလဟသကုန်ဆုံးသွားရပြီ. . "

မေဂျာဒါနန်းသည်ဒေါသထွက်နေသောကြောင့် မူလက ပင်နီစပ်စပ်ဖြစ်နေသောအသားရောင်မှာ. . နီရဲတွတ်၍နေလေ တော့သည်။



"ညဆယ်နာရီကျော်လောက်ဆိုရင် ရန်သူတွေရောက် လာနိုင်တယ်။ သူတို့ကခြေလျင်လာကြမှာဆိုတော့. . သူတို့ဝင် လာမယ့်လမ်းကို ဘယ်လိုမှကြိုမသိနိုင်ဘူး။ ဒီတောင်ခြေကလည်း အတော်ကျယ်တော့. . ညာဘက်ကို လက်ဖတင်နင်ဂျင်မိနဲ့ဆာ ဂျင်မောင်အေးတို့နှစ်ဖွဲ့ခွဲသွားပြီး လေးဖာလုံလောက်အကွာ အဝေးတွေမှာ အချက်အခြာကျတဲ့နေရာနှစ်ခုရှာပြီးနေရာယူ ထားလိုက်ပါ။ ဘယ်ဘက်လေးဖာလုံလောက်မှာ ဆာဂျင်မြမောင် ကနေရာယူပါ. . "

"လက်နက်ခဲယမ်းတွေအပြည့်အစုံယူသွားပြီး ပိုတဲ့လက် နက်ခဲယမ်းတွေကို. . တဲထဲမှာသိမ်းထားလိုက်။ စားသောက်ဖို့ အမြန်စီစဉ်ပြီးတာနဲ့ ကျုပ်အမိန့်ထားပေးတဲ့အတိုင်းတိတိကျကျ လှုပ်ရှားကြပေတော့။ ရှေ့ကလာမယ့်ရန်သူကိုဂရုစိုက်စောင့်ကြည့် ဖို့လိုအပ်သလို နောက်ဘက်ကတိရစ္ဆာန်တွေရဲ့အန္တရာယ်ကိုလည်း သတိထားကြပါ။ တောကောင်ကြီးတွေ. . အထူးသဖြင့်ဝက်ဝံကြီး တွေအတော်ပေါမယ့်တောကြီးပဲ။ ဝက်ဝံတွေက အုပ်စုလိုက်ရောက် လာတတ်တာမို့ သတိထားစောင့်ကြည့်ကြပါ။ သင်တန်းမှာ ကျုပ် သင်ပေးခဲ့တဲ့တောတွင်းနေထိုင်နည်းအတိုင်း တိတိကျကျလိုက်နာ နေထိုင်ကြပါ. . "

မေဂျာဒါနန်းသည်ဒေါသထွက်နေပြီဖြစ်၍ သူ့ဗိုလ်တွတ် ဦးလုပ်တတ်သည့်ဓလေ့အတိုင်း စုံထောက်မင်းကြီးမရှာဘစတီးဝပ်

www.burmeseclassic.com

၏မှာကြားချက်များကိုလျှစ်လျူရှုလိုက်ကာ. .

"ရန်သူကိုရင်ဆိုင်တွေ့ရင်. . လက်နက်ချခိုင်း။ ခုခံမယ့် ပုံစံမျိုးဆိုရင် အသေသာပစ်ချလိုက်ပေတော့။ ကျုပ်ပြောတာကို နားလည်ကြရဲ့လား. . "

သွေးဆာနေသောလက်ဖတင်နှင်ဂျင်မီတို့အုပ်စုသည် မေ ကျာဒါနန်း၏အမိန့်ကြောင့်သဘောကျစွာပြုံးလိုက်ကြကာ. .

"နားလည်ပါတယ်. . မေကျာ။ အဖမ်းမခံဘဲလှည့်ပြေးရင် လည်း. . ပစ်ချလိုက်မှာပါပဲ"

ရဲဘော်များသည် အမြန်ချက်ပြုတ်စီစဉ်စားသောက်ကြ ကာ. . ညရှစ်နာရီကျော်ချိန်တွင် တာဝန်ကျသည့်နေရာများသို့ အုပ်စုလိုက်ထွက်ခွာသွားကြလေတော့သည်။

♣ ♣

မိုးမပြန်ရှင်ရသေးရဲ့တာပည့်ကြီးဖြစ်ပြီး...

တောတွင်းအတတ်ပညာတွေမှာ...ဆရာတစ်ဆူပါရှုလို

ဖြစ်နေတဲ့လူသူတော်သျှောင်တစောင်းကိုယ်တိုင်...

ဦးဆောင်ပြီးလိုက်လာကြမှာပဲ...။

အာသာဝတီရွှေဓား

www.burmeseclassic.com

## အာသာဝတီရွှေဓား၏တိုက်ပွဲ

အာသာဝတီရွှေဓားသည် ရန်ကုန်မြို့ပေါ်တွင်လုပ် ပေါင်းစုံလုပ်ကိုင်နေကြသည့်တပည့်အားလုံးကို အမြန်စုစည်း လေသည်။ သူ၏တပည့်များမှာ လုပ်ငန်းရှင်များ၊ သူဌေးများဖြ ကြသော်လည်း အာသာဝတီရွှေဓား၏ကျေးဇူးမကင်းသူမျာ ကြကာ သူတို့ကိုယ်တိုင်ကလည်းအတိုက်အခိုက်ဝါသနာထံ ဖြစ်သောကြောင့် အာသာဝတီရွှေဓားကဆင့်ခေါ်လိုက်သည် ချက်ခြင်းရောက်လာကြလေသည်။

အာသာဝတီရွှေဓားက အထမ်းသမားရှစ်ယောက် ငှါးရမ်းစေတာ. . ဂျစ်ကားများဖြင့်အမြန်ခရီးနှင်ခဲ့ကြရာ မ သင်တိုင်းတောကြီး၏အနီးသို့ရေ ာက်ရှိလာချိန်တွင် ညရှစ်နာ



ကျော်နေပြီဖြစ်သည်။

"လမ်းကအရမ်းဆိုးပြီးသိပ်မှောင်နေတော့ ဆက်မောင်း သို့မဖြစ်တော့ဘူးဆရာကြီး။ မီးမထွန်းဘဲမောင်းနေရတော့ ချောက် ထဲပြုတ်ကျမယ့်အန္တရာယ်ရှိနေတယ်. . "

တောင်ခြေသို့ရောက်ရန် နှစ်မိုင်ကျော်ခန့်သာလိုတော့ သည့်နေရာတွင် ဂျစ်ကားဒရိုင်ဘာကအခြေအနေကိုရှင်းပြလိုက် သဖြင့်. . အာသာဝတီရွှေဓားကကားကိုရပ်ခိုင်းလိုက်ကာ လမ်း၏ အခြေအနေကိုဆင်း၍အကဲခတ်လိုက်သည်။

"ငါတို့ရှေ့ကဂျစ်ကားနှစ်စီးမောင်းသွားကြတာ နာရီပိုင်း လောက်ပဲရှိသေးတယ်ကွယ့်။ လူသူတော်သျှောင်တစောင်းဟာ ငါထင်ထားတာထက်တောင် ပိုပြီးအစွမ်းထက်နေပါလား။ စီအိုင်ဒီ ကမောင်တွေဟာ ငါတို့ရောက်လာမှာကိုကြိုစောင့်နေကြပြီလေ။ ချင်သင်တိုင်းတောကြီးထဲမှာ. . ဒီမောင်တွေကို အပြုတ်ရှင်းပစ်ရ တော့မှာပဲ. . "

အာသာဝတီရွှေဓားကကြုံးဝါးလိုက်ပြီးလျှင် ဂျစ်ကားပေါ် တပည့်များအား. .

"ကားပေါ်ကအားလုံးဆင်းပြီး. . တောလမ်းဘေးကကွက် လပ်တစ်ခုမှာနေရာယူကြပါ။ မင်းတို့ကားသုံးစီးလုံး. . ဒီနေရာက အမြန်ဆုံးလှည့်ပြန်ကြပေတော့။ ကားမီးတွေကိုတော့. . လုံးဝမထွန်း ကြပါနဲ့. . "

www.burmeseclassic.com

အာသာဝတီရွှေမား၏အမိန့်အတိုင်း တပည့်များကလျှင်မြန်စွာလှုပ်ရှားနေကြရာ. . မကြာမီပင် တောစပ်ကွက်လပ်တစ်ခု၌အဆင်သင့်နေရာယူပြီးဖြစ်နေတော့သည်။

နေ ဂ်ဘက်သို့ပြန်လည်ထွက်ခွာသွားသော ဂျစ်ကားစက်သံများတဖြည်းဖြည်းပျောက်ကွယ်သွားသည်နှင့် တောစပ်ကွက်လပ်တွင်အသံများလုံးဝတိတ်ဆိတ်ငြိမ်သက်၍သွားလေသည်။

အာသာဂ ဘီရွှေမား၏တပည့်အားလုံးသည် ဒူးလေးများကိုယ်စီကိုင်ဆောင်ထားကြကာ အဆိပ်လူးမြားတံများကိုဝါးဆစ်ဗူးများဖြင့်ထည့်၍ကျောပိုးလွယ်ထားကြပေသည်။ အာသာဝတီရွှေမားသည်. . တပည့်များအား ဒူးလေးအတတ်၌တစ်ဘက်ကမ်းခတ်ကျွမ်းကျင်အောင်သင်ကြားပေးထားသလို ဓားရေးအတတ်ပညာများကိုလည်းသင်ကြားပေးထားသဖြင့်. . တပည့်အားလုံးမှာ ငှက်ကြီးတောင်ဓားများကိုလည်းကြောပိုးလွယ်ထားကြပေသည်။

"ကျုပ်တို့ရောက်နေကြတဲ့နေရာဟာ. . မချင်သင်တိုင်းတောကြီးရဲ့တောစပ်နေရာပဲ။ မင်းတို့ထဲမှာ. . ကျုပ်နဲ့အတူ မချင်သင်တိုင်းတောကြီးထဲကိုရောက်ဖူးခဲ့ကြတဲ့ လူခြောက်ယောက်ပါလပေမယ့် လေးယောက်ဟာရန်သူရဲ့လုပ်ကြံခံရပြီးဆွဲ့အဝေဒနာကိုခံစားနေကြရတာမို့. . ခုအချိန်မှာ ကျန်တဲ့နှစ်ယောက်ကိုပဲအားကိုးရပေတော့မယ်. ."

"မချင်သင်တိုင်းတောကြီးဟာ. . တောကြမ်းလွန်းတဲ့နေ



ရာတစ်ခုဖြစ်တာမို့ နွှံအိုင်တွေ၊ ဝက်ဝံတွေ၊ တောကြီးပျားနက်နဲ့တောရိုင်းတိရစ္ဆာန်တွေရဲ့အန္တရာယ်အပြင် ကျုပ်တို့နဲ့မသင့်မြတ်တဲ့မျိုးနွယ်စုတွေရဲ့ [illegible] ကိုလည်းသတိထားကြရမယ်. ."

"ကျုပ်တို့နောက်ကိုလိုက်လာတဲ့ စီအိုင်ဒီအဖွဲ့ဝင်တွေဟာသည်း. . ရှုမပြန်ရှင်ရသေ့ရဲ့တပည့်ကြီးဖြစ်ပြီး တောတွင်းအတတ်ပညာတွေမှာ ဆရာတစ်ဆူပါရဂူလိုဖြစ်နေတဲ့လူသူတော်သျှောင်တစောင်းကိုယ်တိုင်ဦးဆောင်ပြီးလိုက်လာကြမှာပဲ။ လူသူတော်သျှောင်တစောင်းဟာ. . ရန်ကုန်မြို့ပေါ်မှာ ကျုပ်ကိုတိုက်ခိုက်ဖမ်းဆီးဖို့မလွယ်နိုင်မှန်းသိလို့ သူကျွမ်းကျင်တဲ့မချင်သင်တိုင်းတောကြီးမှာ. . ကျုပ်ကိုအမိအရဖမ်းဆီးနိုင်ဖို့ ထောင်ချောက်ဆင်ပြီးကျုပ်ဒီနေရာကိုရောက်လာအောင် ကျုပ်တပည့်ကြီးလေးယောက်ကိုအဆိပ်အပ်တွေနဲ့လုပ်ကြံခဲ့တာပေါ့. ."

အာသာဝတီရွှေမားသည် တစ်စုံတစ်ခုကိုတွေးမိဟန်ဖြင့်သဘောကျစွာရယ်မောလိုက်ပြီးလျှင်. .

"လူသူတော်သျှောင်တစောင်းက. . ကျုပ်ကိုလျှော့တွက်ခဲ့တာပဲလေ။ ကျုပ်ဟာတီဗက်မှာခြောက်နှစ်လောက်အနေကြာခဲ့တာမို့ မချင်သင်တိုင်းတောကြီးလိုနေရာမျိုးကို ကျွမ်းကျင်နှံ့စပ်နိုင်တာမဟုတ်ဘူးလို့ထင်နေဟန်တူပါရဲ့။ ဒါကြောင့်လည်း. . ဒီသင်တိုင်းတောကြီးကို သတ်ကွင်းအဖြစ်သူ့စိတ်တိုင်းကျရွေးချယ်ခဲ့တာသပဲ။ အမှန်တော့. . မချင်သင်တိုင်းတောကြီးထဲက ရွာကြီးလေး

www.burmeseclassic.com

ရွာကိုအုပ်ချုပ်နေတဲ့ရွာသူကြီးခေါင်ဂျန်ဟာ. . ကျုပ်ရဲ့တပည့်ရင်းကြီးတစ်ယောက်ပါပဲ။ ဒီအချက်ကိုမသိလိုက်တာဟာ. . လူသူတော်သျှောင်တစောင်းအတွက် သူ့သေတွင်းကိုသူတူးလိုက်သလိုဖြစ်သွားတာပေါ့လေ. . ဟား. . ဟား. . ”

အာသာဝတီရွှေဖားက. . အရပ်မြင့်မြင့်နှင့်လူကြီးတစ်ဦးအားလက်ညှိုးထိုးလိုက်ကာ. . အိတ်ထဲမှစာတစ်စောင်ကိုထုတ်ယူလိုက်ပြီး. .

“ဟောဒီစာကို. . ရွာသူကြီးခေါင်ဂျန်ရဲ့လက်ထဲအမြန်ဆုံးရောက်အောင်ပို့ပေးဖို့ကို. . မင်းတာဝန်ယူပါ မောင်သစ်အောင်။ နှစ်တွေကြာခဲ့ပေမယ့် ရွာသူကြီးခေါင်ဂျန်တို့နေရာကိုမင်းရောက်အောင်သွားနိုင်လိမ့်မယ်လို့. . ငါယုံကြည်ပါတယ်လေ။ မင်းနဲ့အတူအဖော်တစ်ယောက်ခေါ်သွားပါ။ တောကြီးပျားနက်နဲ့ဝက်ဝံတွေရဲ့အန္တရာယ်ကကာကွယ်နိုင်ဖို့. . ဟောဒီထမံသီကျားဆီကို မင်းတို့နှစ်ယောက်ရဲ့တစ်ကိုယ်လုံးမှာလူးသွားကြပါ။ ဒီဆေးဆီနံ့ကိုရရင်. . တောရိုင်းတိရစ္ဆာန်တွေကကြောက်ပြီးရှောင်သွားကြလိမ့်မယ်. . ”

“ကျွန်တော်ကောင်းကောင်းမှတ်မိပါတယ်။ ပေးအပ်တဲ့တာဝန်ကို. . ကျေပွန်အောင်ထမ်းရွက်ပါ့မယ် ဆရာကြီး. . ”

ထို့နောက်. . အရပ်ပုပြတ်ပြတ်နှင့်လူကြီးတစ်ဦးဘက်သို့လှည့်လိုက်ပြန်ကာ. .



“မောင်ဘတူကတော့. . လူနာလေးယောက်နဲ့အထမ်းသမားရှစ်ယောက်အုပ်စုကိုခေါင်းဆောင်အဖြစ်တာဝန်ယူပြီး ရွာသူကြီးခေါင်ဂျန်ဆီရောက်အောင်ပို့ပေးပါ။ မင်းလည်း. . ကြိုက်တဲ့အဖော်တစ်ယောက်ကိုခေါ်သွားပါ။ မောင်သစ်အောင်ကမင်းရဲ့အနေ လမ်းကြောင်းပြပြီးအချက်ပေးသွားမှာမို့. . အဲဒီလမ်းကြောင်းအတိုင်းသာလိုက်သွားပါ. . ”

“စိတ်ချပါ. . ဆရာကြီး။ ရွာသူကြီးခေါင်ဂျန်ဆီကိုအမြန်ဆုံးရောက်အောင်ပို့ပေးပါ့မယ်. . ”

“ကျန်ခဲ့တဲ့ခြောက်ယောက်မှာ. . မင်းတို့သုံးယောက်ကကျုပ်နဲ့လိုက်ခဲ့ကြပါ။ သုံးယောက်အုပ်စုမှာတော့. . မောင်ကြီးကခေါင်းဆောင်အဖြစ်တာဝန်ယူပါ။ ကျုပ်တို့က. . အုပ်စုနှစ်စုခွဲပြီးရန်သူနဲ့တွေ့ပြီဆိုရင် အပြန်အလှန်ဆက်သွယ်သတင်းပို့ပြီးမှတိုက်ခိုက်ကြမယ်။ တွေ့သမျှရန်သူ. . သေလူအဖြစ်သတ်မှတ်လိုက်ပြီ။ ကျုပ်ပြောတာ. . ရှင်းကြရဲ့လား”

“ရှင်းပါတယ်. . ဆရာကြီး”

“ရန်သူတွေဟာ. . တောလမ်းအဆုံးမှာနေရာယူထားကြပြီဆိုတော့ မောင်သစ်အောင်တို့ရှေ့ပြေးအဖွဲ့နဲ့မောင်ဘတူတို့အဖွဲ့တွေက. . ညာဘက်တောင်ခြေလမ်းက ပန်းပြီးသာချိတက်သွားကြပါတော့။ ကျုပ်နဲ့မောင်ကြီးတို့နှစ်ဖွဲ့ကတော့. . မင်းတို့လွတ်လွတ်ကျွတ်ကျွတ်ထွက်ခွာသွားနိုင်အောင် ဘယ်ဘက်တောင်ခြေလမ်းတော

www.burmeseclassic.com

ချိတက်သွားပြီး ရန်သူတွေနဲ့တစ်ပွဲတစ်လမ်းလက်ရည်စမ်း...
ကြရအောင်. . "

အာသာဝတီရွှေအားကပြုံး၍ပြောလိုက်ရာ အတိုက်အခံ...
တွင်ဝါသနာကြီးလွန်းသောတပည့်မောင်ကြီးကလည်း သဘော...
စွာ ရယ်မောလိုက်လေတော့သည်။

♣ ♣ ♣

ငါတို့နောက်ကိုလိုက်လာတဲ့ရန်သူက နှစ်ပွဲဖြစ်နေတယ်။
ဒီတစ်ပွဲကိုမြန်မြန်ရှင်းထားနိုင်မှ...
နောက်တစ်ပွဲကို အပိုင်စောင့်ရှင်းလို့ရမှာမို့...
အချိန်ဆွဲနေလို့မဖြစ်ဘူး။

အာသာဝတီရွှေအား

www.burmeseclassic.com

## ပေါ့ကျာဒါနန်းနှင့်အာသာဝတီရွှေဓား

အာသာဝတီရွှေဓားနှင့်တပည့်သုံးယောက်တို့သည် ဝိန်းဝိတ်အောင်မှောင်မည်းနေသောအမှောင်ထုအတွင်း၌ တောကြောင်များအလားပတ်ဝန်းကျင်ကိုမျက်ခြည်မပြတ်ကြည့်ရှုရင်း ခပ်သွက်သွက်ခရီးနှင်လာခဲ့ကြရာ. . တစ်နေရာအရောက်တွင်အာသာဝတီရွှေဓားကရုတ်တရက်ရပ်တန့်လိုက်ပြီး လေသံကြားရုံမျှတီးတိုးလေသံလေးဖြင့်. .

"ဟိုတောင်ကုန်းလေးပေါ်မှာ. . ရန်သူတွေရောက်နေပြီ။ ငါအခြေအနေသွားကြည့်လိုက်ဦးမယ်။ တစ်ယောက်ကမောင်ကြီးတို့အဖွဲ့ကိုသတင်းပို့ပြီး. . ဒီနေရာကိုခေါ်လာခဲ့။ နှစ်ယောက်ကဒီမှာပဲစောင့်နေ. ."



အာသာဝတီရွှေဓားတို့နှင့်ရင်ဆိုင်နေရသောအဖွဲ့မှာ ဘယ်ဘက်တောင်ကြာပေါ်တွင်နေရာယူထားကြသော ဆာဂျင်မြမောင်တို့အဖွဲ့ဖြစ်ပေရာ အာသာဝတီရွှေဓားသည်သစ်ပင်ကြီးများကိုအကာအကွယ်ယူ၍. . ဆာဂျင်မြမောင်တို့၏အနီးသို့ရောက်ရှိသွားလေသည်။

"ဒီတောကြီးက အတော်ကြောက်စရာကောင်းတာပဲနော်။ ကျွန်တော်ကရန်သူတွေကိုဂရုမစိုက်ပေမယ့်. . ဝက်ဝံတွေ၊ မြွေတွေကိုတော့သိပ်ကြောက်တယ်ဆာဂျင်ကြီးရဲ့. ."

"ရန်သူတွေကိုလည်း. . သတိထားရမှာပဲကွ။ ရန်သူတွေဟာသေနတ်မကိုင်ဘဲဒူးလေးတွေကိုင်ထားတော့ ညဘက်တိုက်ပွဲမှာငါတို့ဘက်ကတစ်ပန်းရှုံးနေတယ်. ."

"ဆာဂျင်ကြီးရယ်. .။ သေနတ်သမားက ဒူးလေးလောက်တိုင်နိုင်တဲ့ရန်သူကို. . ဘယ်လိုတစ်ပန်းရှုံးမှာလဲဗျ. ."

"အမှောင်ထဲမှာ ရင်ဆိုင်တိုက်ရင်. . ငါတို့သေနတ်တွေကမီးပွင့်ပေါ်ာမို့ ကျည်တစ်ချက်ပစ်လိုက်တာနဲ့ရန်သူကငါတို့နေရာကိုကောင်းကောင်းသိသွားပြီး ဒူးလေးနဲ့အသေနှံတော့မှာပေါ့ကွ။ ငါတို့ကဒူးလေးသမားတွေရဲ့နေရာကို ဘယ်လိုမှမသိနိုင်ဘူးလေ. ."

"ဆာဂျင်ကြီးပြောတာလည်း. . ဟုတ်နေတာပဲ။ ကျွန်တော်တို့ဘက်ကကျည်တစ်ချက်ပစ်ပြီးတာနဲ့ ဒူးလေးမြားတွေကစုပြီးဝင်လာတော့မှာပဲ။ ကြားရတာနဲ့တောင်. . ကျောချမ်းလာပြီ။ သင်

www.burmeseclassic.com

တန်းမှာတုန်းက. . မေဂျာဒါနန်းက အဲဒီအချက်တွေကိုဘာကြောင့်များသင်မပေးလိုက်ပါလိမ့်. . ”

ဆာဂျင်မြမောင်သည်. . ရဲဘော်လေး၏စကားကြောင့်သဘောကျစွာရယ်မောလိုက်ပြီးလျှင်. .

“ငါတို့မေဂျာကြီးပြောပြောနေတဲ့. . ဆင်းဘတ်ဆိုလားဆင်းဟတ်ဆိုလားကွာ။ အဲဒီစစ်ကျောင်းကြီးက ခေတ်မီတဲ့သေနတ်သမားချင်းရင်ဆိုင်တိုက်ခိုက်တဲ့နည်းတွေကိုပဲ. . သင်ပေးလိုက်လို့ဖြစ်မှာပေါ့ကွာ။ အခုတိုက်ပွဲမှာ ုင်ဆိုင်ကြရမယ့်ရန်သူတွေဟာငါတို့မြန်မာတွေရဲ့ရှေးဟောင်းတိုက်ခိုက်ရေးပညာတွေကို ထုံးလိုခြေ ရေလိုနှောက်တတ်ကျွမ်းကြတဲ့ပညာသည်တွေပဲကွ။ စီအိုင်ဒီကအကြံပေးပုဂ္ဂိုလ်ကြီးဖြစ်တဲ့ ဆရာကြီးလူသူတော်သျှောင်တစောင်းသာပါလာရင်တော့ သိပ်ကောင်းမှာပေါ့ကွာ. . ”

“လက်ဖတင်နင်ဂျင်မိပြောတာတော့ စုံထောက်မင်းကြီးဟာ. . ဆရာကြီးလူသူတော်သျှောင်တစောင်းနဲ့ သူ့ရဲ့စီအိုင်ဒီကစုံထောက်တွေကိုလည်း သူ့အစီအစဉ်နဲ့သူစေလွှတ်လိမ့်မယ်တဲ့။ သူတို့မြန်မြန်ရောက်လာကြရင်ကောင်းမှာပဲ. . ”

“မထူးပါဘူး. . ကိုယ့်လူရာ။ သူတို့ရောက်လာရင်လည်းငါတို့ဆရာကြီးမေဂျာဒါနန်းက သူတို့နဲ့ပူးပေါင်းမှာမဟုတ်ပါဘူး။ ငါတို့စစ်ရဲအဖွဲ့က ရာဇဝတ်ကောင်တွေကိုလက်ရဖမ်းပေးမယ်လို့အစည်းအဝေးမှာပြောခဲ့ပြီးသားကွ။ လက်ရဖမ်းပေးမယ်ဆိုပြီး. .



တို့ကိုအသေပစ်သတ်ဖို့အမိန့်ပေးထားတာ အထက်လူကြီးတွေသိသွားရင်တော့ပြဿနာပဲ. . ”

“ဒါကတော့. . သူ့ကိစ္စနဲ့သူပဲလေ။ ပြဿနာဖြစ်လာရင်သူ့ဘာသာကြည့်ရှင်းမှာပေါ့ကွာ. . ”

အာသာဝတီရွှေအားအနေဖြင့်. . အခြေအနေကို အတော်လေးပြည့်ပြည့်စုံစုံသိလိုက်ရပြီဖြစ်၍ ကျေနပ်စွာပြုံးလိုက်ပြီးလျှင်နောက်ဘက်သို့တိတ်ဆိတ်စွာပြန်လည်ဆုတ်ခွာလာခဲ့လေသည်။

မောင်ကြီးတို့လေးယောက်သည်လည်း စုရပ်တွင်အဆင်သင့်ရောက်ရှိနေကြပြီး သူ့အားစောင့်နေကြသည်ကိုတွေ့ရလေသည်။

“ကျွန်တော်တို့သွားတဲ့လမ်းမှာ. . ဂျစ်ကားနှစ်စီးကိုသစ်တောအုပ်ထဲမှာဖွက်ထားပြီး အစောင့်လေးယောက်နဲ့ခေါင်းဆောင်တစ်ယောက်က. . ရွက်ဖျင်တဲနားမှာသေနတ်တွေကိုင်ပြီးစောင့်နေတာတွေ့ခဲ့ရပါတယ် ဆရာကြီး. . ”

ထိုခေါင်းဆောင်ဆိုသူမှာ သူတို့အားပစ်သတ်ရန်အမိန့်ပေးခဲ့သည့်. . မေဂျာဒါနန်းဆိုသူပင်ဖြစ်လိမ့်မည်ဟုတွေးမိလိုက်သောကြောင့် အာသာဝတီရွှေအားသည်ကောက်ကျစ်စွာပြုံးလိုက်ပြီးလျှင်.

“ငါတို့ရှေ့တည့်တည့်ကတောင်ကုန်းပေါ်မှာ ရန်သူလေးယောက်နေရာယူထားတယ်။ မောင်ကြီးကအပေါ်နှစ်ယောက်ခေါ်

www.burmeseclassic.com

ပြီး တောင်ကုန်းနောက်ကိုရောက်အောင်သွား။ ကျန်တဲ့သုံးယောက် ငါ့နောက်ကလိုက်ခဲ့ကြပေတော့။ ငါတို့ဘက်က . . ပစ်ခတ်သံတွေကြားရင် တောင်ကုန်းပေါ်ကရဲဘော်တွေကစစ်ကူပေးဖို့ဆင်းလာကြလိမ့်မယ်။ အဲဒီအချိန်မှာ . . နောက်ကနေအပိုင်တိုက်ပေတော့။ ငါတို့နောက်ကိုလိုက်လာတဲ့ရန်သူကနှစ်ဖွဲ့ဖြစ်နေတယ်။ ဒီတစ်ဖွဲ့ကိုမြန်မြန်ရှင်းထားနိုင်မှ . . နောက်တစ်ဖွဲ့ကို အပိုင်စောင့်ရှင်းလို့ရမှာမို့ အချိန်ဆွဲနေလို့မဖြစ်ဘူး။ လုပ်စရာရှိတာတွေ . . မြန်မြန်လုပ်ကြမှဖြစ်မယ် . . ”

မောင်ကြီးတို့အဖွဲ့ အမှောင်ထုထဲသို့တိုးဝင်ထွက်ခွာသွားသည်နှင့် . . အာသာဝတီရွှေအေးက သူ၏အစီအစဉ်အသေးစိတ်ကို ကျန်တပည့်သုံးယောက်အားရှင်းပြလိုက်လေတော့သည်။

*   *   *

မေဂျာဒါနန်းသည် . . ရွက်ဖျင်တဲ၏နောက်ဘက်အမှောင်ထုထဲတွင်တစ်ယောက်တည်းထိုင်နေရင်း တစ်နေ့လုံးခရီးပန်းလာသည့်ဒဏ်ကြောင့် အိပ်ငိုက်နေလေသည်။

ထိုအချိန်တွင် မျက်စိထဲ၌လင်းလက်သောအလင်းရောင်များကိုမြင်တွေ့လိုက်ရသဖြင့် ရှိုင်ဖယ်သေနတ်ကိုဆွဲကိုင်ကာထိုင်နေရာမှထလိုက်ပြီး အခြေအနေကိုအကဲခတ်ကြည့်ရှုလိုက်သည်။



“ဟာ . . ”

သစ်တောအုပ်ထဲတွင်ဖွက်ထားသော ဂျစ်ကားနှစ်စီးမှာမီးများလောင်ကျွမ်းနေသည်ကို မီးတောက်ကြီးနှစ်ခုကြောင့်သိရှိလိုက်သဖြင့် ဂျစ်ကားများအနီးတွင်အစောင့်ချထားသောရဲဘော်တစ်ယောက်၏ကံကြမ္မာကိုလည်းနားလည်လိုက်လေတော့သည်။

မိမိကိုယ်တိုင်မှာလည်းမီးတောက်ကြီးများမှထွက်ပေါ်နေသောအလင်းရောင်ကြောင့် ရန်သူများအတွက်ပစ်မှတ်သဖွယ်ဖြစ်နေကြောင်းသဘောပေါက်လိုက်သဖြင့် ရှေ့ဘက်ကိုက်တစ်ရာခန့်တွင်ရှိနေသော ထူထပ်စွာပေါက်ရောက်နေသည့်ချုံဖုတ်များကြားသို့ရောက်အောင် အားကုန်ပြေးထွက်ခဲ့မိလေသည်။

“ဝှီး . . ဂျှစ် . . ”

မိမိနံဘေးမှကပ်၍ဖြတ်သန်းသွားသောမြားသံကိုကြားလိုက်ရသဖြင့်ပို၍အားသွန်ပြေးထွက်ခဲ့ရာ ကိုက်ငါးဆယ်ခန့်ခရီးပေါက်ချိန်တွင်မြားသံကိုထပ်မံ၍ကြားလိုက်ရပြန်သည်။

“ဂျှစ် . . ”

“ဟာ . . ”

မီးရောင်တွင် . . ရိပ်ခနဲမြင်လိုက်ရသောမြားတံကြောင့် ထိုမြားတံသည် မိမိရှေ့ရှုပြေးလွှားနေသောချုံဖုတ်များကြားမှထွက်လာနေခြင်းဖြစ်ကြောင်းသိလိုက်ရသဖြင့် မေဂျာဒါနန်းသည်ပြေးနေရာမှရပ်လိုက်ပြီး ချုံဖုတ်များကြားသို့ပစ်ခတ်ရန်သေနတ်ပြောင်း

www.burmeseclassic.com

ထိုးချိန်လိုက်သည်။

ရန်သူ၏နေရာကိုမိမိကမသိနိုင်ဘဲ . . ရန်သူကမိမိအား ပစ်မှတ်တစ်ခုသဖွယ် စိတ်အေးလက်အေးပစ်ခတ်နေခြင်းဖြစ်သော ကြောင့်မေဂျာဒါနန်းသည် မြေပြင်ပေါ်သို့ဝပ်ချရန်ဟန်ပြင်လိုက် လေသည်။

"ဝုစ် . ."

"ဒုတ် . ."

"အား . ."

စက္ကန့်သုံးဆယ်ခန့်ရပ်တန့်နေလိုက်မိသော မေဂျာဒါနန်း အဖို့ ရန်သူ၏အပိုင်ပစ်ခတ်လိုက်သောမြားတံကိုသာမြင်လိုက်ရ ပြီး ပေါင်ရင်းတွင်အလွန်နာကျင်သောဝေဒနာကိုခံစားလိုက်ရကာ နောက်ပြန်လန်၍လဲကျသွားလေတော့သည်။

မေဂျာဒါနန်း၏ရှိုင်ဖယ်သေနတ်မှာလည်း ခဝးသို့လွင့် ထွက်သွားသဖြင့် ချုံဖုတ်ထဲမှထရပ်လိုက်သောရန် ိုမြင်နေရ သော်လည်း ဘာမျှမတတ်နိုင်တော့ဘဲဖြစ်နေလေသည်။

ဒူးလေးတစ်လက်ကိုကိုင်ဆွဲထားသောရန်သူသည် သူ့ထံ သို့ဦးတည်၍ပြေးလာနေပြီး သူ့အားခုန်ကျော်သွားကာရွက်ဖျင်တဲ ထဲသို့ပြေးဝင်သွားသဖြင့် မေဂျာဒါနန်း၏စိတ်ထဲတွင်အလွန်အံ့ဩ သွားမိလေသည်။

ထို့နောက်တွင်မှ . . မိမိအားသတ်ခွင့်ရပါလျှက်နှင့်သတ်



[illegible]

[illegible] . . [illegible]

[illegible] ၏အတွင်းပိုင်း[illegible]

တော့သည်။

"ဝုန်း . . ဝုန်း . ."

"ဒိုင်း . . ဒိုင်း . ."

မေဂျာဒါနန်းအတွက် ကံကောင်းသွားသည်ဟုပင်ဆိုရပေ တော့မည်။ ခြံများ၏အတွင်းပိုင်းတွင် ကုန်းလျှောတစ်ခုရှိနေရာ ထိုကုန်းလျှောအတိုင်းလိမ့်ဆင်းသွားပြီး ချောင်းစပ်တစ်နေရာ လဲကျနေချိန်တွင်မှ ရွက်ဖျင်တဲအတွင်းမှလက်နက်ခဲယမ်းများက လောင်ပေါက်ကွဲကာ မီးတောက်ကြီးများကထိုနေရာအနီးတဝိုက် ကိုးလွှမ်းသွားလေတော့သည်။

ဂျစ်ကားများမီးလောင်ပေါက်ကွဲသံကိုကြားရ၍တပင်

www.burmeseclassic.com

စစ်ကူပေးရန် တောင်ကုန်းပေါ်မှပြေးဆင်းလာကြသောအာဂ
မောင်တို့အဖွဲ့မှာ. . နောက်ကြောဘက်မှအပိုင်စောင့်နေကြ
မောင်ကြီးတို့အဖွဲ့၏လက်ချက်မိသွားရသလို ပေါက်ကွဲသံမျာ
ကြားလိုက်ရသဖြင့် အပိုင်နေရာယူထားကြသောတောင်ကုန်း
မှစိုးရိမ်တကြီးပြေးဆင်းလာကြကာ. . မီးတောက်များကြား
မေဂျာဒါနန်းကို့အား လိုက်လံကာယ်တင်နိုင်ရန်ကြိုးစားကြ
လက်ဖတင်နစ်ဂျင်မီနှင့် ဆာဂျင်မောင်အေးတို့နှစ်ဖွဲ့မှာလ
အမှောင်ထဲမှအပိုင်စောင့်၍ပစ်ခတ်ကြသော ရန်သူများ၏ပြ
တွင်. . ထိခိုက်ဒဏ်ရာများစွာရရှိသွားကြကာ အော်ဟစ်အကူအ
တောင်းသံများဖြင့် ပွက်ပွက်ညံနေပေတော့သည်။

● ● ●

အာသာဝတီရွှေအားမေလို့...
ယက္ခဂူမှာနေတွေ စောင့်ကြပ်နေရင်တောင်...
ကျုပ်လုပ်သင့်တဲ့အလုပ်ကို...လုပ်မှာပဲ။

လူသူတော်ချောင်တစောင်း

www.burmeseclassic.com

## ...ပို့အားလူတော်ဖြစ်မယ်လို့တော်တော်မြော်လည်း

ကျွန်ုပ်တို့အဖွဲ့သည် [illegible] တိုင်းတော်ကြီးအဝင်တောစပ်နားသို့ ရောက်ရှိလာကြရာ ကျွန်ုပ်တို့၏ရှေ့ [illegible] ကွဲသံများကိုကြားလိုက်ရပြီး အရှိန်ပြင်းစွာတောက်လောင်နေသောမီးရောင်များကိုတွေ့လိုက်ရသည်နှင့် ရှေ့ကားပေါ်တွင်ကျွန်ုပ်တို့နှင့်အတူလိုက်ပါလာသောဆရာကြီးသည် ကားကိုရပ်ခိုင်းလိုက်ပြီးလျှင်..

"မေကျာဒါနန်းတို့အဖွဲ့တော့ အတော်အထိနာနေပြီထင်တယ်။ ခုနတုန်းကကြားလိုက်ရတဲ့အသံတွေက.. သူတို့စီးသွားတဲ့ဂျစ်ကားတွေမီးလောင်ပေါက်ကွဲသံပဲဗျ။ နောက်ဆုံးကြားလိုက်ရတဲ့အသံကတော့.. လက်နက်ခဲယမ်းတွေမီးလောင်ပေါက်ကွဲသွား



[illegible] မေကျာဒါနန်းတို့အဖွဲ့ [illegible] အင်အားကသိပ်ကော [illegible] သူကိုယ်တိုင် [illegible] ဖြစ်လူဆိုတော့ [illegible] ယ်.."

[illegible] အလှည့်လည်းမကြာခင်ရောက်လာတော့မှာပါ။ [illegible] ကျုပ်တို့ထင်ထားတာထက်တောင် [illegible]

ဆရာကြီးလူသူတော် [illegible] ကျွန်ုပ်တို့ [illegible]

"ကျုပ်တို့အားလုံး.. ဒီနေရာကစပြီးခြေလျင်ခရီးနှင့်သွားကြမယ်။ ဆယ်မိနစ်အတွင်း.. အဆင်သင့်ဖြစ်အောင်ပြင်ဆင်ကြပါ။

www.burmeseclassic.com

ခင်ဗျားတို့ဟာ. . ကျုပ်နဲ့အတူတောတွင်းမှာခရီးဆန့်ဖူးကြပြီး တောတွင်းအတွေ့အကြုံရှိပြီးသားလူတွေမို့. . ဘာမှတော့အထွေအထူးမှာစရာမရှိပါဘူး။ မိတ်ဆွေကြီးဦးသိန်းမောင်ကိုတော့ မောင်ကိုကိုကြီးကပဲတာဝန်ယူစောင့်ရှောက်ပေးပါ. . ”

ကျွန်ုပ်အတွက်ပူပင်စိတ်ဖြင့် မှာကြားနေသောဆရာကြီး၏စေတနာကိုနားလည်လိုက်သဖြင့် ကျွန်ုပ်၏ရင်ထဲတွင်ပီတိဖြစ်သွားမိလေသည်။

ထိုသို့ဖြင့်. . ကျွန်ုပ်တို့သည် တောလမ်းလေးအတိုင်းခရီးနှင်လာခဲ့ကြရာ မိုင်ဝက်ခန့်ခရီးပေါက်လာသောအခါဒီးဒုတ်ငှက်အော်မြည်သံကိုကြားလိုက်ရသဖြင့် ဆရာကြီးကလည်းငှက်အော်သံတစ်မျိုးဖြင့် ပြန်လည်အသံပေးလိုက်လေသည်။

မကြာမီပင် လမ်းဘေးသစ်တောအုပ်ထဲမှပြေးထွက်လာသောမုဆိုးကြီးဘိုးသာကိုမြင်တွေ့လိုက်ရလေသည်။

“မေဂျာဒါနန်းတို့အဖွဲ့က တစ်ဆယ့်ခွန်နှစ်ယောက်ပါလာတယ်။ ညနေငါးနာရီကျော်ကျော်မှာရောက်လာကြပြီး. . ရဲဘော်တစ်ယောက်တောထဲမှာဝါးခုတ်ရင်း ဝက်ဝံကိုက်လို့သေသွားပါတယ်။ အဖွဲ့လေးဖွဲ့ခွဲလိုက်ပြီး. . အချက်အခြာကျတဲ့တောင်ကုန်းတွေမှာအပိုင်နေရာယူပြီးစောင့်နေကြပါတယ်. . ”

ဆရာကြီးသည် မုဆိုးကြီးဘိုးသာ၏စကားကိုနားစိုက်ထောင်နေလိုက်ပြီး. .



“အာသာဝတီရွှေရားတို့အဖွဲ့တရော. . အင်အားဘယ်လောက်ရှိသလဲ. . ”

“အာသာဝတီရွှေရားကတော့. . လူနှစ်ဆယ့်နှစ်ဦးခေါ်လာပါတယ်။ လူနာလေးဦးနဲ့ပေဝမ်းသမားရှစ်ဦးကိုဖယ်လိုက်ရင် တိုက်ခိုက်နိုင်တဲ့တပည့် ဆယ်ယောက်တောင်လိုက်ပါလာပါတယ်။ သူတို့အားလုံးဟာ. . ဒူးလေးတွေကိုင်ဆောင်ထားကြပြီး ငှက်ကြီးတောင်ဓားတွေကိုလွယ်ထားကြပါတယ်။ တိုက်ခိုက်ရေးသမားနှစ်ယောက်ကရှေ့ပြေးထွက်ခွာသွားကြပြီး သူတို့နောက်မှာလူနာလေးယောက်ကိုအထမ်းသမားရှစ်ယောက်ထမ်းတဲ့အဖွဲ့ကို တိုက်ခိုက်ရေးသမားနှစ်ယောက်က စောင့်ရှောက်ပြီးလိုက်သွားပါတယ်။ ကျန်တဲ့တိုက်ခိုက်ရေးသမားခြောက်ယောက်မှာ သုံးယောက်ကိုနှစ်အုပ်စုခွဲလိုက်ပြီး. . အာသာဝတီရွှေရားခေါင်းဆောင်တဲ့အဖွဲ့က မေဂျာဒါနန်းတို့ရဲ့ပင်မစခန်းကိုတိုက်ခိုက်နေတဲ့အချိန်မှာ စစ်ကူလာတဲ့အဖွဲ့တွေကို ကျန်တဲ့အဖွဲ့ကအငိုင်စောင့်တိုက်တာပါပဲ။ မေဂျာဒါနန်းသည်းဒဏ်ရာအပြင်းအထန်ရသွားတာကိုတွေ့လိုက်ရပြီး မီးလောင်နေတဲ့ပစ်ကွင်းထဲကိုပြေးဝင်ပြီး. . မေဂျာဒါနန်းတို့ကိုကယ်တင်ဖို့ကြိုးစားတဲ့အဖွဲ့ဝင်တွေလည်း အတော်များများထိခိုက်ဒဏ်ရာရသွားကြပါတယ်. . ”

“အင်း. . အာသာဝတီရွှေရားတို့အဖွဲ့တတော့ ကျုပ်တို့လိုက်လာမယ်ဆိုတာရိပ်မိပြီး အင်အားအပြည့်နဲ့လာကြတာပဲတို။

www.burmeseclassic.com

[illegible] ဟောဒီ
မချင်သင်တိုင်းတောကြီးထဲမှာ သူတို့ရဲ့မိတ်ဆွေအရင်း[illegible]
[illegible] မြောက်ဘက်တိုင်း
[illegible]
[illegible]
[illegible]
[illegible]

[illegible]
[illegible]

[illegible]
[illegible]
[illegible]
[illegible]

[illegible]
[illegible]

[illegible]
ဆုံးဖြတ်ကြရတော့မှာပဲ။ သူတို့ဆင်တဲ့အကွက်ထဲကို [illegible]
[illegible] ရောက်
ကြ [illegible]



ကျွန်ုပ်အနေနှင့် ဆရာကြီးလူသူတော်သျှောင်တစောင်း
တစ်ယောက်ကို ဤကဲ့သို့ဖြစ်ပျက်နေခြင်းများအား တစ်ကြိမ်တစ်ခါမျှ
မကြုံဖူးမိသဖြင့် စိတ်ထဲတွင်အလွန်အံ့ဩနေမိလေသည်။

ဆရာကြီးသည်.. နတ်မင်းတို့ ရေရွတ်ညည်းတွားနေရင်း
တစ်စုံတစ်ခုကိုစဉ်းစားလိုက်မိဟန်ဖြင့်..

ဒီကိစ္စမှာ.. ကျွန်ုပ်ကိုယ်တိုင်ဆုံးဖြတ်ဖို့ခက်ခဲနေတာမို့
ခင်များကိုဆုံးဖြတ်ခိုင်းရတော့မှာပဲ ဦးဇင်ယော်..

ဦးဇင်ယော်ကိုယ်တိုင်သည်လည်း ဆရာကြီး၏ထူးခြားလှ
သောစကားကြောင့် အလွန်အံ့ဩနေဟန်ဖြင့်..

ကျွန်တော်က ဘာတွေကိုများအဆုံးအဖြတ်ပေးရမှာလဲ
ဆရာကြီး..

“ကျွန်ုပ်တို့ အခုရောက်နေတဲ့အခြေအနေမှာ.. ရွေးချယ်
ရမယ့်လမ်းနှစ်သွယ်ရှိပါတယ်။ ပထမရွေးချယ်ရမယ့်လမ်းကတော့
ကျွန်ုပ်နဲ့ တစ်စုတည်းဖြစ်ပြီး ဒုက္ခအကြီးအကျယ်ရောက်နေကြ
တဲ့မောက္ခာဒါန်းတို့ဆီကိုအရောက်သွားပြီး ဒဏ်ရာရနေတဲ့လူ
တွေကိုအသက်ကယ်တင်ဖို့ပဲ။ နောက်တစ်လမ်းကတော့ အာသာ
ဝတီမြွေမားရဲ့ ဒဏ်ရာရနေတဲ့အပြည်လေးဖယောက်နောက်ကွယ်အမှ
[illegible]ဆုံးပြီး အာသာဝတီမြွေမားကိုပါ စိန်ခေါ်တိုက်ခိုက်ဖို့ပဲ
[illegible]

အာသာဝတီမြွေမားကတော့ ကျွန်ုပ်တို့ပထမလမ်းကိုပဲ

www.burmeseclassic.com

ရွေးချယ်လိမ့်မယ်လို့ယုံကြည်ပြီး. . ကျုပ်တို့ကိုအပိုင်တိုက်ခိုက်ဖို့ သူကိုယ်တိုင်စောင့်နေမှာသေချာတယ်။ ကျုပ်ကိုယ်တိုင်ကလည်း ပုံမှန်အခြေအနေမှာဆိုရင်တော့ ပထမလမ်းကိုပဲရွေးချယ်မှာပဲ။ အာသာဝတီရွှေအားမကလို့. . ယက္ခဂူမှာန်တွေစောင့်ကြပ်နေရင်တောင် ကျုပ်လုပ်သင့်တဲ့အလုပ်ကိုလုပ်မှာပဲ။ အခုလက်ရှိအခြေအနေမှာကျတော့. . သူတို့ရဲ့သတ်ကွင်းထဲကိုဝင်ပေးရမှာက ကျုပ်တစ်ယောက်တည်းမဟုတ်ဘဲ ကျုပ်မိတ်ဆွေတွေအားလုံးလည်း ပါဝင်နေတာမို့ မိတ်ဆွေတွေရဲ့အသက်ကိုပါစတေးပြီးတိုက်ခိုက်ရမယ့်အရေးကိုတော့. . ကျုပ်ရင်လေးနေမိတာအမှန်ပဲ။ ကျုပ်တို့ ရောက်လာမယ်ဆိုတာကိုသိလို့ အပိုင်နေရာယူထားပြီးမှတိုက်ခိုက်ကြမှာဆိုတော့. . ကျုပ်တို့ဘက်မှာ အထိအခိုက်၊ အသေအပျောက်တွေတော့ဖြစ်လာမှာပဲလေ. . ”

စုံထောက်ကြီးဦးဇင်ယော်သည်လည်း ဆရာကြီး၏ဆိုလိုရင်းအချက်ကိုသဘောပေါက်လိုက်သောကြောင့် အလွန်စိတ်ရှုပ်ထွေးနေဟန်ဖြင့်. .

“ဒုတိယလမ်းကိုရွေးချယ်မယ်ဆိုရင်. . ကျွန်တော်တို့ဘက်ကဘယ်လိုအခြေအနေရှိနိုင်လဲဆရာကြီး. . ”

“လူနာလေးယောက်ကိုသယ်သွားနေရတဲ့အဖွဲ့ဟာ မချင်းသင်တိုင်းတောကြီးထဲမှာ ဘယ်လိုမှခရီးတွင်နိုင်မှာမဟုတ်ပါဘူး။ ကျုပ်တို့အနေနဲ့. . သူတို့နောက်ကိုအမှီလိုက်သွားပြီးဖမ်းဆီးလိုက်



နိုင်မယ်ဆိုရင်. . အာသာဝတီရွှေအားဟာ ကျုပ်တို့ကအဲဒီလိုလုပ်လိမ့်မယ်လို့ထင်မထားလေတော့ အငိုက်မိသွားမှာသေချာပါတယ်။ သူအကူအညီတောင်းထားတဲ့. . မချင်းသင်တိုင်းတောကြီးထဲက မိတ်ဆွေတွေရောက်လာချိန်မှာ. . ကျုပ်တို့ရဲ့မိတ်ဆွေတွေလည်း ရောက်လာတော့မှာမို့ အင်အားခြင်းတညီမျှသွားပါပြီ။ ဒီအချိန်မှာ ကျုပ်ကတစ်ယောက်ခြင်းတိုက်ခိုက်ကြဖို့စိန်ခေါ်လိုက်ရင် သူ့အနေနဲ့ဘယ်လိုမှရှောင်နေလို့မရတော့ဘဲ ကျုပ်နဲ့တိုက်ခိုက်ရတော့မှာပါ။ အဲဒီအချိန်ကတော့. . တိုက်ပွဲရဲ့အဆုံးအဖြတ်ပါပဲ။ ကျုပ်ရှုံးနိမ့်ခဲ့ရင် ခင်ဗျားတို့အားလုံးသေရမှာဖြစ်သလို. . သူရှုံးနိမ့်ခဲ့ရင်လည်း သူတို့တစ်ဖွဲ့လုံးကိုဖမ်းဆီးနိုင်မှာပါလေ. . ”

စုံထောက်ကြီးဦးဇင်ယော်သည် ခေါင်းတညိတ်ညိတ်ဖြင့် အားထောင်ရင်းစဉ်းစားနေပြီးမှ. . .

“ဆရာကြီးပြောသလိုဆိုရင်. . ဆရာကြီးနဲ့ အာသာဝတီရွှေအားတို့ဟာ တိုက်ပွဲတစ်ပွဲကိုတော့သေချာပေါက်ဆင်နွှဲကြရမှာပဲလေ။ ပထမလမ်းကိုရွေးချယ်လိုက်ရင် ကျွန်တော်တို့ဟာအောက်ကျနေ့တိုက်ခိုက်ကြရမှာဖြစ်ပြီး. . ဒုတိယလမ်းကိုရွေးချယ်ရင် ကျွန်တော်တို့စိတ်တိုင်းကျကြိုတင်ပြင်ဆင်ပြီးမှတိုက်ခိုက်ရမှာပါ။ တိုက်ပွဲတစ်ပွဲကိုဆင်နွှဲရမှာခြင်းအတူတူ. . ကျွန်တော်တို့ဘက်ကအသာစီးရနိုင်တဲ့ဒုတိယလမ်းကိုပဲရွေးချယ်စေချင်ပါတယ်။ ရဲဘော်ဒါနန်းတို့အသက်တွေကိုကယ်တင်ဖို့ အခုသွားကြမယ်ဆိုရင်လည်း

www.burmeseclassic.com

...လှသူတော်သျှောင်တစောင်းနှင့် ...

ကာယကံရှင်တွေ့ခဲ့ခြင်းကိုမဖော်ပြနိုင်ဘဲ ရန်သူတွေရဲ့ဒုံးလေးပစ်ကွင်း ထဲကိုဝင်ပြီးတိုက်ခိုက်ခဲ့ကြရမှာဆိုတော့ ဒုတိယလမ်းကိုရွေးချယ် ပြီး ရန်သူတွေရဲ့ အာရုံကိုယ်စားရှင်းသွားခဲ့တော့မှ သူတို့ကိုကယ် တင်ဆောင်တတ်ယပ်ဆိုရာကြီး...

ဗိုလ်တော်ကြီးဦးလင်းယောင်ပေါ်စကားများမှာ ကျော်ကြောင်းဆ လျှိုမှုရှိနေသဖြင့်၊ အစိုးရကြီးလှသူတော်သျှောင်တစောင်းသည် သဘောဖြင့်ချိုလိုက်ပြီးလျှင်၊

ကောင်းပြီလေ၊ ဦးလင်းယောင်ပေးတဲ့အကြံအစည်ကို ကျုပ်သဘောတူလိုက်ပါမယ်၊ ကျုပ်သဘောမှာ၊ တိုက်ခိုက်ဖို့စေစ ဆိုင်းနေတဲ့ရန်သူရှိနေမှုနဲ့ အခါလျှက်နဲ့ရှောင်တိမ်းကာသွားရတာ ဒီအချိန်ဟာ ပထမဆုံးအကြိမ်ပါပဲ၊

အစိုးရကြီးအသိမှာ စိစစ်လှုပ်ရှားမှုကြောင်းဖြစ်နည်းဖယ် တုန်လှုပ်ချောက်ချားနေသဖြင့်ကျွန်ုပ်သည် ... ပြီးသွားမလေ တော့သည်။



လှသူတော်သျှောင်တစောင်းဟာ...

နှုတ်ထွက်စကားတစ်ခွန်းကို...

အသက်ရာကျော်တန်ဖိုးထားတယ်ဆိုတာ...

ခင်ဗျား စွဲစွဲမြဲမြဲမှတ်သွားစမ်းပါဗျာ...။

**လှသူတော်သျှောင်တစောင်း**

www.burmeseclassic.com

## အမြွန်အလှန်လှည့်ကွက်

"အခုတစ်နာရီခွဲပြီဆိုတော့ ကျုပ်တို့အမြန်ခရီးနှင်နိုင်ရေ မနက်မိုးမလင်းခင်မှာရန်သူကိုအုပ်မိမှာပဲ ... ဘိုးသာရှေ့ဆုံးက လမ်းကြောင်းပြသွားပါ။ ကျုပ်နောက်ဆုံးက ... လိုက်ခဲ့ပါ့မယ်"

ဆရာကြီး၏အမိန့်သံဆုံးသည်နှင့် မုဆိုးကြီးဘိုးသာသည် တောနက်အမှောင်ထဲသို့စတင်တိုးဝင်၍သွားလေရာ . . ကျွန်ုပ်တို့ သည်လည်း မုဆိုးကြီးဘိုးသာ၏ခြေလှမ်းများအတိုင်းလိုက်နင်းကာ တောတွင်းခရီးကိုစတင်ခဲ့ကြလေတော့သည်။

မုဆိုးကြီးဘိုးသာသည် . . လရောင်မှုန်ဝါးဝါးအောက်တွင် ခြေလှမ်းမှန်မှန်ဖြင့်လျှောက်လှမ်းနေရင်း တစ်ခါတစ်ရံတွင်ပတ် ဝန်းကျင်၌အမှတ်အသားများကိုရှာဖွေကြည့်ရှုပြီးမှ ခရီးဆက်နေ



လေတော့သည်။

ကျွန်ုပ်မှာအမှောင်ထဲတွင် ခလုတ်ကန်သင်းများနှင့်တိုက် မိ၍လဲကျတော့မယောင်ဖြစ်သော်လည်း ကျွန်ုပ်၏လက်တစ်ဖက် ကိုကိုင်စွဲထားသည့်မောင်းထောင်းကိုကိုကြီးက နံဘေးမှထိန်းမတ် ပေးထားသဖြင့် . . တောတွင်းခရီးကြမ်းကိုအများနှင့်အတူလိုက်ပါ သွားနိုင်ခြင်းပင်ဖြစ်ပေသည်။

နံနက်လေးနာရီခန့်တွင် . . ရှေ့ဆုံးမှတစ်လှမ်းခြင်းသွား နေသောမုဆိုးကြီးဘိုးသာသည် လက်မြှောက်၍ခေတ္တရပ်နားကြရန် အချက်ပြလိုက်ပြီးလျှင် နောက်ဘက်သို့လျှောက်လာကာ . .

"ရန်သူတွေနဲ့သိပ်မဝေးတော့ဘူး ဆရာကြီး။ ကျွန်တော် ဘာဆက်လုပ်ရမလဲ . ."

ဆရာကြီးက အေးအေးဆေးဆေးပင်ခေါင်းညိတ်ပြလိုက် ပြီးလျှင် . .

"ဝွန်ရှိန်းကိုသွားခေါ်လိုက်ပါ . . ဦးဘိုးသာ။ ကျုပ်တို့ ဒီ နေရာကပဲစောင့်နေမယ် . ."

မုဆိုးကြီးဘိုးသာသည် အမှောင်ထုထဲသို့ဝင်ရောက်သွား ပြီး ကစ်ဆဲ့ယှင်ငါးမိနစ်ခန့်ကြာသောအခါလူပုလေးဝွန်ရှိန်းနှင့်အတူ ပြန်လည်ရောက်ရှိလာကြလေတော့သည်။

"ဘာတွေများ . . ထူးထူးခြားခြားထပ်ကြုံခဲ့ရသေးသလဲ မောင်ဝွန်ရှိန်း . ."

www.burmeseclassic.com

"လူနာလေးယောက်ကို ထမ်းလာတဲ့အထမ်းသမားတွေ ဟာ.. ရန်ကုန်ကငှါးလာတဲ့ရိုးရိုးအထမ်းသမားတွေပါ။ သူတို့လူကြီး နှစ်ယောက်ပဲလိုက်လာပြီး ခေါင်းဆောင်တဲ့လူနာမည်ကဦးဘုတယ် လို့ပြောတဲ့သူဟာ.. မချောင်သခင်တို့ရဲ့တော့ကြီးအကြောင်းကိုအတော်သိနေ တာမို့ အရင်ကတည်းကရှာဖွေစူးစမ်းခဲ့တဲ့ပုံပါပဲ။ သူတို့နှစ်ယောက် လုံး.. ဒူးလေးနဲ့ဓားကြီးတောင်ဓားတွေပဲကိုင်ဆောင်ထားကြပါ တယ်။ ရှေ့ပြေးအဖွဲ့နှစ်ယောက်ဟာတော့.. အတော်ခရီးကွာလှမ်း သွားပါပြီ.."

"ကောင်းပြီလေ.. ကျုပ်အချက်ပြတာနဲ့ မြင်းစိုက်ကြ မယ်။ ခေါင်းဆောင်ဘိုတက်.. ဦးဘိုးသာကတာဝန်ယူပြီးကျန်တဲ့ တစ်ယောက်ကိုဂွန်ရှင်းကတာဝန်ယူလိုက်ပါ။ မချောင်သခင်တွင်းတော ကအဆိပ်မြားတို့သုံးပြီးတိုက်ကြမယ်။ ကျုပ်တို့က.. အထမ်းသမား တွေကိုရအောင်ထိန်းချုပ်လိုက်ပြီး သူတို့ကိုစည်းပြီးဆက်ငါး လို့ရအောင်စီစဉ်ကြတာပေါ့။ ကျုပ်စတိုက်ဖို့အချက်ပြတာနဲ့.. မောင်ကျော်ကြီးနဲ့မောင်ဖအေးမောင်တို့က ဘေးဘက်ကဝင်လာမယ့် ရန်သူတွေကို ကင်းပုန်းဝပ်ပြီးစောင့်ကြည့်ကြပါ.."

ထိုနောက်လူပုလေးဂွန်ရှင်းနောက်သို့ ကျွန်ုပ်တို့တစ်အုပ် စုလုံးလိုက်ပါခဲ့ကြရာ တစ်နေရာတွင်လူပုလေးဂွန်ရှင်းကရပ်တန့် လိုက်ပြီးလျှင် ရှေ့ဘက်ရှိတောင်ကုန်းပေါ်သို့လက်ညှိုးထိုးပြလိုက် ရာ.. တောင်ကုန်းပေါ်သို့ တရွေ့ရွေ့လှုပ်ရှားချီတက်နေကြသော



အုပ်စုတစ်စုအားတွေ့လိုက်ရလေသည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ရှေ့ဘက်သို့ ဦးထွက်လိုက်ပြီးလျှင် လေသံကြားရုံမျှဖြင့်..

"ဦးဘိုးသာနဲ့ဂွန်ရှင်းတို့ တောင်ကုန်းထိပ်ကိုကြိုရောက် နေအောင် တောင်ဘေးလမ်းကနေအမြန်ပန်းပြီးတက်ကြ။ တောင် ကုန်းထိပ်ရောက်တာနဲ့ မေ့ဆေးမြားနဲ့အပိုင်သာတိုက်ခိုက်ပေတော့။ ကျုပ်တို့ကလည်း အချိန်ကိုက်ပြေးတက်လာကြမှာဆိုတော့.. သွေးချော်လို့တော့လုံးဝမဖြစ်ဘူးနော်.."

ဆရာကြီး၏စကားသံဆုံးသည်နှင့် မုဆိုးကြီးဘိုးသာနှင့် လူပုလေးဂွန်ရှင်းတို့သည်.. တောင်ကုန်းပေါ်သို့ဖောက်သည့်လမ်း အတိုင်းပြေးတက်သွားကြကာ အမှောင်ထုထဲ၌ပျောက်ကွယ်သွား ကြလေတော့သည်။

"ကဲ.. ကျုပ်နောက်ကသာ ခပ်သွက်သွက်လိုက်ခဲ့ကြပေ တော့။ အခြေအနေကိုကြည့်ပြီး.. မီးစင်ကြည့်ကကြရမှာပဲ.."

ဆရာကြီးတရွေ့ဆုံးမှလမ်းပြသွားသဖြင့် ကျွန်ုပ်တို့သည် လည်း အမှောင်ထဲတွင်တရွေ့ရွေ့သွားနေကြသောလူစုနောက်သို့ ခပ်သွက်သွက်လိုက်သွားကြလေတော့သည်။

ရှေ့မှသွားနေသောလူစုသည် တောင်ကုန်းနားသို့ရောက် ချိန်တွင် ရုတ်တရက်ရပ်တန့်သွားကြသည်ကိုမြင်လိုက်ရသဖြင့် တစ်စုံတစ်ခုထူးခြားနေပြီဖြစ်ကြောင်းရိပ်မိလိုက်လေသည်။

www.burmeseclassic.com

ထိုအချိန်တွင်. . ဆရာကြီးသည်လေ၏လျှင်မြန်ခြင်းမျိုးဖြင့်ရှတ်တရက်ပြေးထွက်သွားလေရာ. . နောက်မှပြေးလိုက်သွားသော ဉီးဇင်ယော်ကိုလည်းလှစ်ကနဲတွေ့လိုက်ရလေသည်။

ကျွန်ုပ်တို့အုပ်စုသည်လည်းနောက်မှပြေးလိုက်သွားကြလေရာ. . ကျွန်ုပ်တို့ရောက်ရှိသွားချိန်တွင် မီးတိုင်တစ်ချောင်းကို ထွန်းညိုလို့ပါသဖြင့် တောင်ကုန်းထိပ်တွင်အလင်းရောင်မှုန်ပြပြလင်းလက်နေပြီးလျှင်. . မြေပြင်ပေါ်၌လဲကျနေသောလူနှစ်ဦးနှင့် မလှုပ်မယှက်ရပ်နေကြသောလူတစ်စုအားတွေ့လိုက်ရသောကြောင့် မောင်းထောင်းကိုကိုကြီးနှင့်အိုင်ဗီဦးအေးမောင်တို့သည် ခြောက်လုံးပြူးများကိုဆွဲထုတ်လိုက်ကြကာ သစ်ပင်အကွယ်များတွင်အဆင်သင့်နေရာယူနေလိုက်ကြလေသည်။

ကျွန်ုပ်သည်စုံထောက်မောင်သိန်းဟန်၊ ဆာသင်ဘူးမောင်တို့နှင့်အတူချုံကြီးတစ်ခု၏အကွယ်မှစောင့်ကြည့်နေလိုက်ရာ လူနာလေးဦးတို့အား ဝါးကပ်များဖြင့်ထမ်းလာကြသောလူရှစ်ဦးကို ဆရာကြီးလူသူတော်သျှောင်တစောင်း၊ ဦးဇင်ယော်၊ မုဆိုးကြီးဘိုးသာနှင့်လူပုလေးဂွန်ရှိုင်းတို့က မျက်နှာချင်းဆိုင်၍ရပ်နေကြသည်ကိုတွေ့လိုက်ရလေသည်။

ရပ်နေသောလူရှစ်ဦးအနက်မှလူနှစ်ဦးသည် နောက်ဘက်သို့လှည့်ပြေးရန်ဟန်ပြင်လိုက်ခြင်း ဖြင့် စုံထောက်မောင်သိန်းဟန်နှင့်ဆာသင်ဘူးမောင်တို့သည်လည်း. . သေနတ်များကိုဆွဲထုတ်ကာ



ရှေ့သို့ပြေးထွက်လိုက်ကြပြီး. .

"တစ်ယောက်မှ. . မလှုပ်ကြနဲ့နော်။ ထွက်ပြေးရင်ပစ်ချလိုက်မယ်. . "

စုံထောက်မောင်သိန်းဟန်က. . အော်ဟစ်သတိပေးလိုက်သောကြောင့် အထမ်းသမားများမှာရှေ့နောက်ပိတ်မိနေကြသည့်အဖြစ်ကိုသိရှိလိုက်ကြကာ ငြိမ်သက်သွားကြလေတော့သည်။

ထိုအချိန်တွင် ဆရာကြီးလူသူတော်သျှောင်တစောင်း၏အောင်မြင်သောအသံဝါကြီးကို. . အားလုံးအတိုင်းသားကြားလိုက်ကြရပေသည်။

"မင်းတို့ရှစ်ယောက်ဟာ. . ဒီရာဇဝတ်ကောင်တွေနဲ့အခြားဆက်နွယ်ပတ်သက်မှုမရှိကြဘဲ အခကြေးငွေအများကြီးရလို့သာအထမ်းသမားအဖြစ်နဲ့လိုက်လာကြတာကို ကျုပ်သိထားပါတယ်။ မင်းတို့အနေနဲ့ ကျုပ်ပြောတဲ့အတိုင်းတိတိကျကျလိုက်နာကြမယ်ဆိုရင် မင်းတို့ကိုအခကြေးငွေထိုက်ထိုက်တန်တန်ပေးမယ့်အပြင် ဒီရာဇဝတ်သားတွေကျူးလွန်ခဲ့တဲ့ရာဇဝတ်မှုတွေနဲ့ မပတ်သက်တဲ့အတွက် ဖမ်းဆီးအရေးယူတာမျိုးမလုပ်ဘူးလို့. . ကျုပ်ကအာမခံတယ်။ မင်းတို့သဘောထားကိုပြောကြစမ်းပါဦး. . "

လူရှစ်ယောက်တွင်အသက်အကြီးဆုံးနှင့်ခေါင်းဆောင်ဖြစ်ဟန်ရှိသော ဗလကောင်းကောင်းနှင့်လူကြီးက. .

"ကျုပ်တို့ကို အရေးမယူဘူးဆိုရင်. . ခင်ဗျားပြောတဲ့အ

www.burmeseclassic.com

တိုင်းလိုက်နာပါ့မယ်။ ကျုပ်တို့က ဘာတွေလုပ်ပေးရမှာလဲ. . ”

“ဒီလူနာလေးယောက်ကိုထမ်းပြီး ကျုပ်တို့လူတွေနဲ့လိုက်သွားပါ။ ‌ ‌ကုန်ရောက်ရင်. . ခင်ဗျားတို့ရှစ်ယောက်အတွက်လုပ်အားခအပြည့်အဝထုတ်ယူသွားကြရုံပါပဲ. . ”

အထမ်းသမားခေါင်းဆောင်လူကြီးသည် သက်ပြင်းချလိုက်ပြီးလျှင်. .

“ကောင်းပြီလေ. . ခင်ဗျားစကားအတိုင်း ကျုပ်တို့အတိအကျလိုက်နာပါ့မယ်။ ခင်ဗျားဘက်ကသာ ကတိတည်ပါစေ. . ”

“ဟား. . ဟား. . ။ လူသူတော်သျှောင်တစောင်းဟာ နှုတ်ထွက်စကားတစ်ခွန်းကို အသက်ထက်တန်ဖိုးထားတယ်ဆိုတာ ခင်ဗျားစွဲစွဲမြဲမြဲမှတ်သွားစမ်းပါဗျာ. . ”

အထမ်းသမားခေါင်းဆောင်လူကြီးသည် လူသူတော်သျှောင်တစောင်းဆိုသောအမည်ကိုကြားလိုက်သည်နှင့် အလွန်အံ့ဩသွားဟန်ဖြင့်. .

“ဆရာကြီးက. . လူသူတော်သျှောင်တစောင်းလား။ ကျွန်တော်တို့က. . တရုတ်တန်းဦးဟိန်ရဲ့တပည့်တွေပါ။ ကျွန်တော်တို့ဆရာက. . ဆရာကြီးအကြောင်းအမြဲပြောပါတယ်။ ဆရာကြီးရဲ့ကျေးဇူးတွေသူ့အပေါ်မှာအများကြီးရှိနေတယ်လို့လည်း ပြောဖူးပါတယ်ခင်ဗျာ. . ။ ဆရာကြီးလူသူတော်သျှောင်တစောင်းဆိုရင် ကျွန်တော်တို့ဘက်က ဘာမှပြောစရာမရှိတော့ပါဘူး”



“တရုတ်တန်းဦးဟိန်တပည့်တွေဆိုတော့ ပိုပြီးအဆင်ပြေသွားတာပေါ့ကွယ်။ မင်းတို့ကို. . ဟောဒီက မုဆိုးကြီးဘိုးသာနဲ့စိုင်ဒီစုံထောက်မောင်သိန်းဟန်တို့က လမ်းပြပြီးခေါ်သွားကြပါလိမ့်မယ်. . ”

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် မုဆိုးကြီးဘိုးသာဘက်သို့လှည့်လိုက်ပြီးလျှင်. .

“သင်တိုင်းတောအပြင်ဘက်ကိုရောက်အောင် အမြန်ဆုံးသာခရီးနှင်ပေတော့ဦးဘိုးသာ။ တောင်ဘက်လမ်းကြောင်းအတိုင်းစထွက်ကြမယ်။ သူတို့အုပ်စုဟာ ကျုပ်တို့နောက်ကိုပြန်ပြီးခြေရာခံလိုက်ကြတော့မှာမို့ ခင်ဗျားတို့ခြေရာတွေပျောက်သွားအောင်ကျုပ်တို့တစ်ဖွဲ့လုံးအတူတူခရီးစထွက်ကြမယ်။ ချောင်းစပ်တစ်ခုကိုရောက်မှ. . ခင်ဗျားတို့က ချောင်းရေစပ်ကလျှောက်သွားပြီးခြေရာဖျောက်လိုက်ကြပေတော့။ တောင်ဘက်ကိုတည့်တည့်ဆက်သွားရင် ရွာကြီးတစ်ရွာကိုရောက်လိမ့်မယ်။ အဲဒီကမှ နွားလှည်းတွေငှါးပြီးမော်တော်ကားလမ်းကိုအရောက်သွားကြပေါ့။ ကားလမ်းပေါ်ရောက်ရင်မော်တော်ကားတစ်စီးရအောင်. . မောင်သိန်းဟန်စီစဉ်ပေးနိုင်မှာပါ. . ”

“စိတ်ချပါ. . ဆရာကြီး။ ကျွန်တော်မဖြစ်မနေကြိုးစားပြီး ဒီမချင်သင်တိုင်းတောကြီးရဲ့အပြင်ဘက်ကိုရောက်အောင်ထွက်မှာပါ။ သူ့တပည့်လူနာလေးယောက်ကို အပိုင်ချုပ်ကိုင်ထားနိုင်

www.burmeseclassic.com

မှ . . အာသာဝတီရွှေဓားကိုယ်တိုင်ထွက်လာမှာကို ကျွန်တော်နားလည်ပါတယ် . . ”

ဆရာကြီးကအချက်ပြလိုက်သဖြင့် . . လူပုလေးဝွန်ရှိန်းသည်နောက်ဘက်သို့ပြေးထွက်သွားကာ ဆရာကြီးကရှေ့ဆုံးမှဦးဆောင်ထွက်ခွာသွားလေရာ ကျန်လူအားလုံးသည်လည်း နောက်မှလိုက်ပါသွားကြလေတော့သည်။

ကျွန်ုပ်တို့လူစုသည်တိတ်ဆိတ်စွာခရီးဆက်ခဲ့ကြရာ နံနက်လေးနာရီကျော်နေပြီဖြစ်သော်လည်း . . သစ်တောအုပ်ကြီးထဲတွင်အမှောင်ထုကပိန်းပိတ်အောင်ဖုံးလွှမ်းနေဆဲပင်ရှိကာ အလွန်အေးစိမ့်လျက်ရှိနေလေသည်။

နာရီဝက်ခန့်ကြာသောအခါ ရှေ့ဆုံးမှဦးဆောင်သွားနေသောဆရာကြီးသည် . . တစ်စုံတစ်ရာထူးခြားချက်ကိုတွေ့ရှိလိုက်ဟန်ဖြင့် ရုတ်တရက်ရပ်တန့်လိုက်ပြီးလျှင် . .

“ရှေ့နားမှာ ဝက်ဝံတွေချောင်းနေတယ်။ ကျုပ်တို့အနံ့ကိုရလို့ . . ရန်မူဖို့စောင့်နေကြပြီ။ ကွေ့ပတ်ပြီးရှောင်သွားရင်လည်း နောက်ကလိုက်လာမှာပဲဆိုတော့ . . လာမယ့်ဘေးကိုပြေးတွေ့လိုက်ကြတာပဲကောင်းပါတယ်လေ . . ”

ဆရာကြီးသည် စုံထောက်ကြီးဦးဇင်ယော်ဘက်သို့လှည့်ကြည့်လိုက်ကာ . .

“ဦးဇင်ယော်တို့က သေနတ်တွေအဆင်သင့်ပြင်ထားပါ။



လေးဘက်လေးတန်ကနေရာယူပြီးစောင့်ကြပ်။ ဒီဘက်ကိုကျွံဝင်လာရင်တော့ . . နှာတံအပေါ်ဘက်က မျက်လုံးနှစ်လုံးကြားကိုထိအောင်ပစ်နိုင်မှဖြစ်မယ်နော်။ ကြောက်လန့်ပြီးထွက်ပြေးရင်တော့ပြေးတဲ့လူနောက်ကိုအ[illegible]တတ်တာမို့ ဘယ်သူမှအုပ်စုထဲကမထွက်ကြပါနဲ့ . . ”

ဆရာကြီးသည် အကျႌအိတ်ထဲမှသံဘူးတစ်ဘူးအားထုတ်ယူလိုက်ကာ ဒေါင်းမြီးတပ်မြားငါးစင်းကိုထုတ်ယူလိုက်ရင်း . .

“အချိန်သိပ်မရှိတော့ဘူး ဦးဘိုးသာ။ ဒီကောင်ကြီးတွေကိုတစ်ဆွေ့ခုနံအဆိပ်မြားနဲ့တိုက်မယ်။ ခင်ဗျားလည်း အဆင်သင့်ပြင်ထားတော့ . . ”

မုဆိုးကြီးဘိုးသာကခေါင်းညိတ်ပြလိုက်သည်နှင့် ဆရာကြီးတရှေ့ဘက်သို့တစ်လှမ်းခြင်းလျှောက်သွားလေရာ မုဆိုးကြီးဘိုးသာသည်လည်းနံဘေးမှကပ်၍လိုက်ပါသွားလေတော့သည်။

ကျွန်ုပ်တို့အုပ်စုတွင်လည်း . . စုံထောက်ကြီးဦးဇင်ယော်၊ မောင်းထောင်းကိုကိုကြီး၊ အိုင်ပီဦးအေးမောင်၊ မောင်သိန်းဟန်နှင့်ဆာသင်ဘူးမောင်တို့သည် . . လူအုပ်အပြင်သို့ထွက်လိုက်ကြကာ ခြောက်လုံးပြူးသေနတ်များကိုအဆင်သင့်ကိုင်ဆောင်၍ တောစပ်နေရာများသို့မျက်ခြည်မပြတ်ကြည့်နေလိုက်ကြတော့သည်။

ဆရာကြီးတို့ ရှေ့ဘက်ကိုက်တစ်ရာခန့်သို့ရောက်ရှိသွားချိန်တွင် တောစပ်ဝါးရုံများကြားမှရောမဝက်ဝံကြီးသုံးကောင်မြေ

www.burmeseclassic.com

ထွက်လာကာ ကြောက်လန့်ဖွယ်အသံများဖြင့်အော်ဟစ်နေကြရင်း ဆရာကြီးတို့နှစ်ယောက်အားတိုက်ခိုက်ရန်မူရန် ဟန်ပြင်နေကြလေသည်။

"ဂီး. . ဂီး. ."

"ဂီး. . ဂရား. ."

ဆရာကြီးနှင့်မုဆိုးကြီးဘိုးသာတို့၏လက်များက လှုပ်ရှားသွားကြကာ နောက်ကျွမ်းပစ်၍ရှောင်ထွက်သွားကြသောကြောင့် ပြေးဝင်လာသောဝက်ဝံကြီးနှစ်ကောင်၏လက်မှ ပွတ်ကာသီကာလွတ်မြောက်သွားချိန်တွင် ဝက်ဝံကြီးနှစ်ကောင်မှာလည်းတစ်ခွေခွေ ခုန်အဆိပ်များထိမှန်သွားကြသောကြောင့် အရှိန်လွန်ကာလဲကျသွားလေတော့သည်။

ဆရာကြီးမှာ နောက်ကျွမ်းပစ်လိုက်ရင်းမှပင်ဒေါင်းမြီးတင်များနှစ်စင်းကိုခွဲဖြာပစ်လွှတ်လိုက်ခြင်းဖြစ်သလို မုဆိုးကြီးဘိုးသာကလည်းလက်တွတ်မြားနှစ်စင်းပစ်လွှတ်လိုက်ခြင်းဖြစ်ပေရာ ဝက်ဝံကြီးနှစ်ကောင်မှာ အသံနက်ကြီးဖြင့်အော်ဟစ်ရင်းလဲကျသွားချိန်တွင်. . နောက်မှကပ်ပါလာသောရောမဝက်ဝံကြီးက မြေပေါ်သို့ပင်ပြန်မရောက်သေးသောဆရာကြီးအား. . တစ်ရှိန်ထိုးတိုက်ခိုက်လိုက်လေတော့သည်။

"ဂီး. . ဂရား. ."

"ဟား. ." "ဟင်. ."



မြေပေါ်တွင် ဟန်ချက်ပင်ပြန်မထိန်းနိုင်သေးသောဆရာကြီးအနေဖြင့် ခွန်အားကြီးမားလှသောရောမဝက်ဝံကြီး၏တစ်ရှိန်တိုးတိုက်ခိုက်ခြင်းကို မည်သို့မျှရှောင်တိမ်းရန်မလွယ်ကူနိုင်သောအခြေအနေကိုတွေ့မြင်လိုက်ရသဖြင့်. . ကျွန်ုပ်တို့အုပ်စုထဲမှမိုးရိမ်တကြီးအော်ဟစ်လိုက်သောအာမေဋိတ်သံများပင် ထွက်ပေါ်လာလေတော့သည်။

"ဟိတ်. ."

ဆရာကြီးသည်. . ဝက်ဝံကြီး၏လှုပ်တစ်ပြုတ်တိုးဝင်လာသောဦးခေါင်းအားလက်ဖြင့်လှမ်းထောက်လိုက်ပြီးလျှင် ထိုကဲ့သို့ထောက်ယူလိုက်သောလက်၏အားဖြင့်ဆရာကြီး၏ခန္ဓာကိုယ်သည် ဝက်ဝံကြီး၏ကိုယ်လုံးပေါ်မှကပ်လွှတ်ရှုံမှုဖြတ်ကျော်သွားပြီးလျှင် ဝက်ဝံကြီး၏နောက်ယောင်နေရာသို့ လက်သီးဆုပ်ဖြင့်ထုချလိုက်လေတော့သည်။

"ဂီး. . ဂရား. ."

ဝက်ဝံကြီးကနာကျင်စွာအော်ဟစ်လိုက်ပြီးလျှင် လက်တစ်ဘက်ဖြင့်ကုတ်ထည့်လိုက်ပြန်ရာ. . ကျွန်ုပ်အနေဖြင့် ဆရာကြီးတစ်ယောက်မည်သို့မျှမရှောင်တိမ်းနိုင်တော့ဘဲ ဤတစ်ကြိမ်တွင်ချတ်ကောင်းထိ၍သေလုမျောပါးခံစားရပေတော့မည်ဟု တွေးလိုက်မိစဉ်မှာပင်. .

"ဂရား. . ဂရား. ."

www.burmeseclassic.com

ဆရာကြီးသည် ကုတ်ချလိုက်သောဝက်ဝံကြီး၏လက်ဖဝါးနေရာသို့ဒေါင်းမြီးတပ်မြားတစ်ချောင်းဖြင့်စိုက်သွင်းလိုက်ပြီးလျှင်နောက်ပြန်တစ်ပတ်လှိမ့်၍ထွက်သွားလေတော့ရာ လက်ဖဝါးနေရာသို့မြားတံစိုက်ဝင်သွားသောကြောင့် ဒေါသအလွန်ထွက်နေသောဝက်ဝံကြီးသည်. . ဆရာကြီးလိမ့်သွားရာနောက်သို့ပြေးလိုက်သွားပြီးဆရာကြီးအားအသေတိုက်ခိုက်ရန်ပြင်လိုက်သော်လည်း တစ်ဆွေ့ခုန်အဆိပ်ဒဏ်ကြောင့် ရှေ့သို့တစ်ပေမျှသာတိုးသွားနိုင်ပြီးလဲကျသွားလေတော့သည်။

ဝက်ဝံကြီး၏အရှိန်ဖြင့်တုတ်ချ လိုက်သောလက်ကို ပိရိသေသပ်စွာဒေါင်းမြီးတပ်မြားဖြင့်ထိုးစိုက်တိုက်ခိုက်လိုက်သော ဆရာကြီး၏တိုက်ကွက်မှာ. . ထူးခြားဆန်းကြယ်ကာကျွန်ုပ်၏တစ်သက်တွင် တစ်ကြိမ်တစ်ခါမျှမမြင်ခဲ့ဖူးသောတိုက်ကွက်မျိုးဖြစ်နေခြင်းကြောင့်. . ကျွန်ုပ်၏စိတ်ထဲတွင်ဆရာကြီး၏တိုက်ခိုက်ရေးပညာကိုအံ့သြဘနန်းချီးမွမ်းလေးစားနေမိပေတော့သည်။

“မောင်ကိုကိုကြီး. . သတိထား”

စုံထောက်ကြီးဦးဇင်ယော်၏အော်ဟစ်သံကြောင့် ဆရာကြီးတို့တိုက်ပွဲကိုငေးမောနေမိသောမောင်းထောင်းကိုကိုကြီးသည်ရုတ်တရက်သတိဝင်လာပြီးလျှင် သူ့ရှေ့တည့်တည့်အမှောင်ရိပ်ထဲမှပြေးထွက်လာသောမည်းမည်းသဏ္ဍာန်အရိပ်ဆီသို့သေနတ်ဖြင့်ပစ်ရန်ထိုးချိန်လိုက်လေတော့သည်။



ဝတ်ဝံကြီးမှာ အလွန်လျှင်မြန်စွာပြေးဝင်လာခြင်းဖြစ်ပေသောကြောင့်. . မောင်းထောင်းကိုကိုကြီးက သေနတ်ဖြင့်ထိုးချိန်လိုက်သောအချိန်တွင် ငါးပေခန့်အကွာအဝေးသို့ပင်ရောက်ရှိနေပြီဖြစ်ရာ မောင်းထောင်းကိုကိုကြီးသည်အသေအချာချိန်ရွယ်နိုင်ခြင်းပင်မရှိတော့ဘဲ သေနတ်မောင်းခလုတ်ကိုဆွဲညှစ်လိုက်ရလေတော့သည်။

“ဒိုင်း. . ” “ဒိုင်း. . ”

သေနတ်သံနှစ်ချက်က ဆက်တိုက်ထွက်ပေါ်လာပြီးလျှင်မောင်းထောင်းကိုကိုကြီး၏ကျည်ဆန်က လည်ပင်းကိုထိမှန်သွားခဲ့သော်လည်း. . ဆက်လက်တိုက်ခိုက်ရန်တိုးဝင်လာသောဝက်ဝံကြီးသည် မျက်ခုံးနှစ်ခုကြားနေရာမှသွေးများပန်းထွက်လာကာမောင်းထောင်းကိုကိုကြီး၏ရှေ့နားတွင်လဲကျသွားလေတော့သည်။

မောင်းထောင်းကိုကိုကြီးသည် ဒုတိယမြောက်ကျည်ဆန်ကိုဝက်ဝံကြီး၏နဖူးတည့်တည့်သို့ပစ်လွှတ်၍. . မိမိ၏အသက်ကိုအချိန်မီကယ်တင်လိုက်သူအားလှမ်းကြည့်လိုက်ရာ ခြောက်လုံးပြူးသေနတ်ကိုအဆင်သင့်ကိုင်ထားသောစုံထောက်ကြီးဦးဇင်ယော်အားတွေ့လိုက်ရသဖြင့် လေးစားစွာဦးညွှတ်လိုက်ကာ. .

“ကျေးဇူးပါပဲ. . ဦးဇင်ယော်”

ဟု ကျေးဇူးစကားဆိုလိုက်လေတော့သည်။

ဆရာကြီးနှင့်မုဆိုးကြီးဘိုးသာတို့သည် တောစပ်ဒင်းရှိနေ

www.burmeseclassic.com

ရာအနီးတဝိုက်သို့စူးစိုက်ကြည့်ရှုလိုက်ကြရင်း. . ဝက်ဝံများ၏အခြေအနေကိုဆက်လက်စောင့်ကြည့်နေလိုက်ကြရာ ဝက်ဝံအုပ်မှာလေးကောင်သာရှိ၍ထင်ဖေသည်။ တစ်ကောင်မျှထပ်မံထွက်ပေါ်လာခြင်းမရှိကြတော့ပေ။

ဆရာကြီး၏တစ်ချွန်းခုန်အဆိပ်ဆိုသည်မှာ ကျား၊ ကျားသစ်ကဲ့သို့ အလွန်လျှင်မြန်စွာတိုက်ခိုက်သည့်သားရဲတိရစ္ဆာန်များကိုပင် မြားဆိပ်ထိမှန်ပြီးသည်နှင့်တစ်ချက်သာနောက်ဆုံးခုန်နိုင်ပြီးအသက်ဆုံးရှုံးစေသည်အထိ အဆိပ်ပြင်းထန်လှကြောင်းကြားနေထားစေရာ အဆိပ်ထိမှန်ထားသောဝက်ဝံသုံးကောင်မှာ တုံးလုံးပက်လက်လဲကျလျှက်ရှိပေတော့သည်။

"ကဲ, . ။ ဝက်ဝံတွေအန္တရာယ်ကကင်းသွားတုန်း အမြန်ခရီးဆက်လိုက်ကြရအောင်. . "

ဆရာကြီးကလောဆော်လိုက်သဖြင့် ကျွန်ုပ်တို့သည်လည်းခရီးဆက်နိုင်ရန်ပြင်ဆင်လိုက်ကြရလေတော့သည်။

♠ ♠ ♠

အာသာဝတီရွှေဘားဟာ...
မြောက်ဘက်ကို ဦးတည်သွားနေတယ်ဆိုတော့...
မဟာရာတောင်မည်းကြီးရှိတဲ့နေရာကို
အရောက်သွားမယ့်ပုံပဲကွ။

လှသူတော်ချောင်တစောင်း

www.burmeseclassic.com

## မဟူရာတောင်မည်းကြီးမှခေါင်ကျွန်

တောင်ဘက်အရပ်သို့ ခရီးပြင်းနှင်လာခဲ့ကြရာ နံနက်ငါးနာရီခွဲခန့်တွင် ရေစီးသန်သောချောင်း [illegible] းတစ်ခုသို့ ရောက်ရှိလာကြလေတော့သည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ချောင်းစပ်နားသို့ သွားရောက်ကြည့်ရှုလိုက်ပြီး. .

“မျက်နှာသစ်ပြီးကိုယ်လက်သန့်စင်ချင်တဲ့လူတွေ ချောင်းဒီဘက်ကမ်းမှာ. . မြန်မြန်ကိစ္စဖြတ်လိုက်ကြပါ။ တောစင်ယဲဝင်ပြီး တပိုတပါးသွားမယ်ဆိုရင်လည်း လက်နက်ကိုင်အဖော် တစ်ယောက်ခေါ် သွားပါ။ တိရစ္ဆာန်ခြေရာတွေ. . အများကြီးတွေ့ထားတယ်၊ သတိထားကြပါ. .”



ဆရာကြီးသည် အဖွဲ့သားအားလုံးအားညွှန်ကြားလိုက်ပြီးနောက် မုဆိုးကြီးဘိုးသာဘက်သို့ လှည့်ကာ. .

“ချောင်းဟိုဘက်ကမ်းကိုရောက်ရင်. . ကျုပ်တို့အဖွဲ့ကကမ်းပေါ် တက်ပြီးအရှေ့ဘက်ကိုခရီးဆက်သွားကြမယ်။ ဦးဘိုးသာတို့ကချောင်းစပ်အတိုင်း ရေထဲမှာမိုင်ဝက်လောက်အနောက်ဘက်ကိုလျှောက်သွားကြပြီးမှ ကမ်းပေါ် ကိုတက်ကြပါ။ ရန်သူတွေဟာကျုပ်တို့အဖွဲ့နောက်ကိုခြေရာခံလိုက်လာကြမှာသေချာလေတော့ ကျုပ်တို့ကကမ်းပေါ် တက်ပြီး ခြေရာတွေပိုများအောင်လုပ်ခဲ့လိုက်ရင် ဦးဘိုးသာတို့အဖွဲ့ကိုသူတို့ခြေရာပျောက်သွားမှာပဲ။ ဒါဆိုရင်သူတို့ရန်ကလွတ်ပြီဆိုတော့ ဦးဘိုးသာတို့လွတ်လွတ်ကျွတ်ကျွတ်သွားနိုင်ပါပြီလေ၊ တရားခံလေးယောက်ကို ရန်ကုန်ပြန်ရောက်ရင် ဦးဘိုးသာပဲအဆိပ်ပြေအောင်ကုသပေးထားလိုက်ပါ. .”

ကျွန်ုပ်သည် ဆရာကြီး၏လှည့်ကွက်ကိုသဘောကျလွန်းသဖြင့်အမှောင်ထဲတွင်ပင်ကျိတ်၍ပြုံးလိုက်မိပေသေးသည်။ ရန်သူများအနေဖြင့်ရေစီးသန်သောချောင်းရေထဲမှ စက္ကန့်ပိုင်းအတွင်းခြေရာပျောက်သွားမည့်ဦးဘိုးသာတို့အဖွဲ့၏ခြေရာများအားမည်သည့်နည်းနှင့်မျှခြေရာခံနိုင်တော့မည်မဟုတ်ပေ။

အချိန်မှာလည်း နံနက်ငါးနာရီပင်ကျော်စပြုလာပြီဖြစ်၍ အရှေ့ဘက်ဆီမှရောင်နီပို့လာပြီဖြစ်ရာ ဆရာကြီးကပတ်ဝန်းကျင်အားအကဲခတ်ကြည့်ရှုလိုက်ပြီးလျှင်. .

www.burmeseclassic.com

"ကဲ. . ။ အချိန်တောင် အတော်လင့်နေမှပဲ။ ရန်သူတစ်ယောက်ယောက်က. . ငါတို့လှုပ်ရှားမှုတွေကိုတွေ့သွားရင် မုဆိုးကြီးဘိုးသာတို့အတွက်မှာအန္တရာယ်များလှပါတယ်လေ။ အမြန်ဆုံးစထွက်ကြမယ်ဟေ့. ."

ဆရာကြီးကရှေ့ဆုံးမှဦးဆောင်၍ ချောင်းထဲသို့ဆင်းသွားလေရာ. . ကျွန်ုပ်တို့အဖွဲ့သားများသည်လည်း ရေခဲတမျှအေးစိမ့်နေသောချောင်းရေထဲသို့ ဆင်းသက်၍လိုက်ပါသွားကြလေတော့သည်။

ကျွန်ုပ်မှာချမ်းအေးလွန်းသည့်ရေထဲတွင် ခိုက်ခိုက်တုန်မျှခံစားနေရသဖြင့် တစ်ကိုယ်လုံးတုန်တုန်ယင်ယင်ဖြစ်နေပေတော့ရာ ကျွန်ုပ်အားစောင့်ရှောက်ရန်တာဝန်ယူထားသည့်မောင်းထောင်ကိုကိုကြီးအားအတင်းဖက်တွယ်ထားမိသဖြင့် ငင်ကိုကိုကြီးသည်ရှေ့ဆက်လျှောက်၍မရနိုင်တော့ဘဲဖြစ်နေကာ နောက်ဆုံးတွင် ကျွန်ုပ်အားပခုံးပေါ်၌ထမ်းတင်သွားသဖြင့် အဖွဲ့ များ၏ကျိတ်၍ရယ်မောသံများကိုပင်ကြားလိုက်ရပေသည်။

တစ်ဘက်ချောင်းစပ်သို့ရောက်သောအခါ ကျွန်ုပ်တို့အုပ်စုသည်အစီအစဉ်အတိုင်းကမ်းပေါ်သို့တက်လိုက်ကြပြီးလျှင် ကမ်းစပ်၌ခြေရာမှိုးစုံဖြင့်ရှုပ်ထွေးအောင်ပြုလုပ်လိုက်ကြပြီး သစ်တောကြီးထဲသို့ဝင်ခဲ့ကြလေတော့သည်။

သစ်တောကြီးထဲ၌ငါးနာရီမျှခရီးနှင်ပြီးကျချိန်တွင် လူမှ



းငွန်ရှိုင်းသည်ကျွန်ုပ်တို့၏နောက်တက်မှရုတ်တရက်ရောက်ရှိတာ ဆရာကြီးအားဦးညွှတ်လိုက်ပြီးလျှင်. .

"အာသာဝတီရွှေဓားနဲ့. . တပည့်ခြောက်ယောက်တို့ဟာသစ်နေတဲ့သူတို့လူနှစ်ယောက်ကိုထမ်းပိုးပြီး လွန်ခဲ့တဲ့နှစ်နာရီက်တ ချောင်းစပ်နားကိုရောက်ရှိလာကြပါတယ်။ သူ့တပည့်အဖမ်းခံလိုက်ရပြီး. . နှစ်ယောက်ပါ ထပ်ပြီးသတိလစ်နေတဲ့က် အဖိုးကြီးဟာအတော်လေးဒေါသပေါက်ကွဲနေပုံရပါတယ်ကြီး။ ချောင်းဒီဘက်ထိလိုက်လာပြီး ဆရာကြီးတို့နောက်ကိုနာရီလောက်ကြာအောင်ခြေရာခံလိုက်နေကြပြီးမှ လမ်းကြောင်းပြောင်းပြီးထွက်သွားကြပါတယ်။ သူတို့ဟာ. . မြောက်က်ဆီကိုဦးတည်ပြီးသွားနေကြတာပါ။ မုဆိုးကြီးဦးသိုးသာတို့ချောင်းရေထဲမှာခြေရာဖျောက်သွားတာကို သူတို့လုံးဝမရိပ်မိလိုက်ဘူးဆရာကြီး. ."

ဆရာကြီးလူသူတော်သျှောင်တစောင်းကသဘောကျစွာယ်မေ့ လိုက်ပြီးလျှင်. .

"မင်းကတော့. . မုဆိုးကြီးဦးဘိုးသာတို့ခြေရာဖျောက်းကြတာကိုရိပ်မိလိုက်တယ်ပေါ့။ ဟုတ်စ. . ငွန်ရှိုင်း"

ငွန်ရှိုင်းသည်လည်း ပြုံးရယ်လိုက်ပြီးလျှင်. .

"သစ်တောမြေမာတွေမှာတော့ ဘယ်လိုနည်းနဲ့မှခြေရာသို့မရနိုင်တော့ပါဘူးဆရာကြီး။ ကျွန်တော်က ခြေရာခံနည်းတွေ

www.burmeseclassic.com

ကြောင့်ရိပ်မိတာမဟုတ်ပါဘူး။ ဆရာကြီးသင်ပေးထားတဲ့ တော တွင်းပညာတွေကြောင့်. . ဒီချောင်းစပ်မှာမုဆိုးကြီးဦးဘိုးသာ ခြေရာ ဂုက်မယ်ဆိုတာကိုသိလိုက်တာပါ. . ”

ဆရာကြီးသည် လူပုလေးဂွန်ရှိုင်းပြောပြသည့်အချက်များ ကိုအချိန်အတန်ကြာမျှစဉ်းစားနေပြီးမှ. . .

“အာသာဝတီရွှေများဟာ မြောက်ဘက်ကိုဦးတည်သွားနေ တယ်ဆိုတော့ မဟူရာတောင်မည်းကြီးရှိတဲ့နေရာကိုအရောက်သွား မယ့်ပုံပဲကွ။ အဲဒီမဟူရာတောင်မည်းကြီးအနီးတဝိုက်ကရွာတွေမှာ ခေါင်ဂျွန်ဆိုတဲ့ရွာလူကြီးတစ်ယောက်ရှိတယ်။ အဲဒီခေါင်ဂျွန်ဆိုတဲ့ ရွာလူကြီးဟာ. . စိတ်ထားကအလွန်ကြမ်းတမ်းရက်စက်လွန်းလှသ လိုထူးခြားတဲ့သိုင်းပညာတွေကိုလည်းတတ်မြောက်ထားတာမို့. . သူတို့အုပ်စုရဲ့ဩဇာအာဏာဟာ မချင်သင်တိုင်းတောကြီးထဲမှာ အင်မတန်ကြီးမားတာပဲ။ ကျုပ်မိတ်ဆွေကြီးတူးနေခင်နဲ့ကတော့ ကမ္ဘာရန်တွေပေါ့ဗျာ။ ဟောဒီမချင်သင်တိုင်းတောကြီးထဲမှာတော့ သူတို့အုပ်စုကြီးနှစ်စုဟာ အင်အားအကြီးမားဆုံးအုပ်စုကြီး နှစ် ပါပဲလေ. . ”

ကျွန်ုပ်သည် အလွန်အစွမ်းထက်သည့်ရန်သူကြီးတစ်ဦး ဖြစ်သည့် အာသာဝတီရွှေများနှင့်ခက်ခက်ခဲခဲရင်ဆိုင်နေရသည့် အချိန်အခါမျိုးတွင် ခေါင်ဂျွန်ဆိုသောရွာလူကြီးနှင့်သူ၏တပည့်များ ကထပ်မံပါဝင်လာပြန်သဖြင့် အ. နပင်စိတ်ဓာတ်ကျသွားမိသေ



တော့သည်။

ကျွန်ုပ်၏အမူအရာကိုရိပ်မိလိုက်သောဆရာကြီးသည် သ ဘောကျစွာပြုံးရယ်လိုက်ပြီးလျှင်. .

“ရန်သူတစ်ယောက်ထပ်ပြီးတိုးလာပြန်လို့ စိတ်ညစ်သွား သလားဦးသိန်းမောင်။ အဲဒီခေါင်ဂျွန်ဆိုတဲ့လူဟာအစွမ်းထက်လှ တယ်ဆိုပေမယ့် လွန်ခဲ့တဲ့ခြောက်နှစ်လောက်ကကျုပ်ရဲ့ဒေါင်းမြီး ဘပ်မြားချက်မိပြီးဒဏ်ရာအကြီးအကျယ်ရသွားဖူးပါတယ်။ ကျုပ်ရဲ့ မိတ်ဆွေကြီးတူးနေခင်ဆိုတာကလည်း အစွမ်းမညံ့လှပါဘူးလေ။ အာသာဝတီရွှေများဟာ ခေါင်ဂျွန်တို့လူစုတွေအားကိုးနဲ့ရောက်လာ မယ်ဆိုရင်တောင် ကျုပ်ရဲ့မိတ်ဆွေကြီးတူးနေခင်တို့အုပ်စုကိုတော့ တစ်ဘက်သတ်အနိုင်ယူနိုင်မှာမဟုတ်ပါဘူး။ အဲဒီလိုအခြေအနေ မျိုးမှာ. . အာသာဝတီရွှေများကို တစ်ယောက်ခြင်းစိန်ခေါ်ပြီးတိုက် ခိုက်ရမှာပဲ။ တိုက်ပွဲရဲ့အရှုံးအနိုင်က အားလုံးကိုအဆုံးအဖြတ်ပေး သွားမှာပါလေ။ ကျုပ်တို့ကြောင့် အမှုနဲ့ဘာမှမဆိုင်တဲ့ရွာသားတွေ ကိုမထိခိုက်အောင်တော့ တတ်နိုင်သမျှကြိုးစားကြရမှာပဲ. . ”

ဆရာကြီးသည် အချိန်အတန်ကြာမျှစဉ်းစားနေလိုက်ပြီး အိတ်ထဲမှစာရွက်တစ်ရွက်ကိုထုတ်၍စာများရေးသားကာ ဒေါင်းမြီး ဘပ်မြားတစ်စင်းကိုပါထုတ်ယူ၍ လူပုလေးဂွန်ရှိုင်း၏လက်ထဲသို့ သည့်ပေးလိုက်ကာ. .

“မင်းပြောတဲ့အခြေအနေအတိုင်းဆိုရင်တော့ ဦးဘိုးသာ

www.burmeseclassic.com

တို့အတွက်စိုးရိမ်စရာမရှိတော့ပါဘူး။ ဟောဒီစာနဲ့မြားကို . . ကျုပ်မိတ်ဆွေကြီးတူးနောင်လက်ထဲကို အမြန်ဆုံးရောက်အောင်ပို့ပေးနိုင်ဖို့ကို မ[illegible]တာဝန်ယူပါမောင်ဝွန်ရှိုင်း။ လမ်းမှာအန္တရာယ်တွေကများလွန်းတာမို့ ဂရုတော့စိုက်ပါလေ . . ”

“စိတ်ချပါ . . ဆရာကြီး။ ဆရာကြီးသင်ပေးထားတဲ့တောတွင်းအတတ်ပညာတွေနဲ့ . . ဒီအန္တရာယ်တွေကိုဝွန်ရှိုင်းကျော်လွှားနိုင်မှာပါ။ ဝွန်ရှိုင်းအတွက် . . စိတ်မပူပါနဲ့ဆရာကြီး။ ဝွန်ရှိုင်းသွားတဲ့လမ်းမှာ အချက်ပြသွားမှာပါ . . ”

လူပုလေးဝွန်ရှိုင်းသည် စကားဆုံးသည်နှင့်တောအုပ်တွင်း[illegible]့ပြေးဝင်ပျောက်ကွယ်သွားလေတော့သည်။

♣ ♣ ♣

ဆရာကြီးအတွက်ဆိုရင်...
အသက်တောင်ပေးဖို့ ဝန်မလေးပါဘူးဆရာကြီးရယ်။
ဆရာကြီးရဲ့ကျေးဇူးတွေက...ကျွန်တော့်အပေါ်မှာ
ဆယ်သက်ဆပ်လို့မကျေအောင် ရှိနေတာပါလေ။

ချာလူကြီးခေါင်ဂျန်

www.burmeseclassic.com

## ခေါင်ဂျုန်၏တိုက်ပွဲခေါ်သံ

ဤအချိန်တွင် အာသာဝတီရွှေမားနှင့်တပည့်ခြောက်ဦးတို့၏အခြေအနေကိုတင်ပြရသော်. . ဒုက္ခအကြီးအကျယ်ရောက်နေသောမေဂျာဒါနန်းတို့အား လှသူတော်သျှောင်တစောင်းအနေဖြင့်မလွဲမသွေလာရောက်ကယ်ယူလိမ့်မည်ဟုအပိုင်တွက်ထားကာရောက်လာလျှင်အပိုင်တိုက်ခိုက်ရန် နေရာယူ၍စောင့်ဆိုင်းနေကြသော်လည်း နံနက်လေးနာရီထိုးချိန်အထိရောက်ရှိမလာကြသောကြောင့်. . အာသာဝတီရွှေမား၏စိတ်ထဲတွင် သံသယစိတ်များဝင်လာလေတော့သည်။

"အဖေါ်တစ်ယောက်ခေါ်ပြီး. . ကားလမ်းအတိုင်းသွားစုံစမ်းကြည့်လိုက်စမ်းမောင်ကြီး။ တောလမ်းတစ်နေရာရာမှာတော့



သူတို့ခြေရာလက်ရာတွေကို တွေ့ရမှာပဲကွ။ ဒီလူတွေရောက်လာသင့်တာကြာပြီ။ ခုချိန်ထိရောက်မလာဘူးဆိုတော့ အကြောင်းထူးတစ်ခုခုတော့ရှိနေပြီ. . "

အာသာဝတီရွှေမား၏အမိန့်အတိုင်း မောင်ကြီးနှင့်တပည့်တစ်ယောက်တို့ထွက်ခွာသွားကြပြီး. . တစ်နာရီမျှကြာသောအခါပြန်လည်ရောက်ရှိလာကြလေသည်။

"သူတို့အုပ်စုက လူခုနစ်ယောက်ပါလာပါတယ်ဆရာကြီး။ တစ်မိုင်လောက်အကွာမှာကားပေါ်ကဆင်းပြီး တောလမ်းအတိုင်းလျှောက်လာကြပါတယ်။ မိုင်ဝက်လောက်အရောက်မှာ တောထဲကထွက်လာတဲ့ခြေရာတစ်ခုနဲ့ဆုံကြပြီး တောထဲကိုဝင်သွားကြပါတယ်။ သူတို့ဟာတောထဲကတွေ့ဝိုက်ပြီး ကျွန်တော်တို့ကိုရှောင်သွားကြတဲ့ပုံစံပါပဲဆရာကြီး. . "

မောင်ကြီး၏စကားဆုံးသည်နှင့် အာသာဝတီရွှေမားမှာ ချက်နှာအကြီးအကျယ်ပျက်၍သွားပြီးလျှင်. .

"ဟာ. . ။ လှသူတော်သျှောင်တစောင်းရဲ့လူတွေဟာ ဒီမချင်သင်တိုင်းတောကြီးထဲကို ကျုပ်တို့အလျှင်ကြိုရောက်နေကြပြီး. . မေဂျာဒါနန်းတို့အဖွဲ့ကိုကျုပ်တို့ကတိုက်ခိုက်လိုက်ပြီး သူတို့ကိုပါထောင်ချောက်ဆင်ထားတာကို လှသူတော်သျှောင်တစောင်းကသိသွားပြီကွ။ အဲဒါကိုတောင်သိနေရင်. . မောင်ဘတုနဲ့ကျုပ်တပည့်ကြီးလေးယောက်တို့ကို ခေါင်ဂျုန်ဆီကြိုလွှတ်လိုက်တာကို

www.burmeseclassic.com

လည်းသိနေနိုင်တာပဲ။ မောင်ဘတူတို့အတွက်တော့. . အန္တရာ
အတော်ကြီးနေပြီ။ လူသူတော်သျှောင်တစောင်းဟာ ကျုပ်တို့ကို
ကွက်ကျော်သွားပြီနဲ့တူတယ်။ ကျုပ်တို့အမြန်လိုက်ကြမှပဲ. . ”

အာသာဝတီရွှေအား၏မျက်နှာမှာ ဒေါသကြောင့်ညိုမှော
၍နေပြီးလျှင် လူသူတော်သျှောင်တစောင်းဆိုသူကိုယခုအချိန်မှ
၌သာတွေ့ရှိရပါက နုတ်နုတ်စင်း၍သတ်ဖြတ်တော့မည်ဟန်ဖြ
ဒေါသများပေါက်ကွဲနေလေတော့သည်။

“တောက်. . ရာဇဝင်ရှိုင်းလိုက်လေကွာ။ ကျုပ်အဝေါ
ဒီလိုမျိုးတစ်ကွက်ကမ့်ကြောသွားတာ. . နှစ်ခါရှိပြီကွ။ ကျုပ်အ
မှာဒီလိုအဖြစ်မျိုးကို လုံးဝမကြုံဖူးခဲ့ဘူး. . ”

အာသာဝတီရွှေအားသည် ဒေါသတကြီးပင်ကြုံးဝါးလိုက်
သည်နှင့်. .

“သူတို့အုပ်စုတောဆဲဝင်သွားတဲ့နေရာကို. . အမြန်လို
သွားကြရအောင်မောင်ကြီး။ အဲဒီနေရာကစပြီး. . ခြေရာခံလိုက်
တော့မှာပဲဟေ့. . ”

“ဟုတ်. . ဟုတ်ကဲ့. . ဆရာကြီး။ ကျွန်တော်တို့အား
အဆင်သင့်ပါပဲ. . ”

အာသာဝတီရွှေအားတစ်ယောက် ဤမျှဒေါသတကြီးဖြ
နေသည်ကိုမကြုံဖူးခဲ့ကြသောတပည့်များမှာ အထိတ်တလန့်ဖြ
သွားကြကာ အမြန်ဆုံးခရီးထွက်နိုင်ရန်ပြင်ဆင်လိုက်ကြလေသ



လူသူတော်သျှောင်တစောင်းတို့ဝင်သွားသော တောလမ်း
အတိုင်းခြေရာခံ၍ခရီးပြင်းနှင်လာခဲ့ကြရာ နံနက်ရှစ်နာရီခန့်တွင်
တောင်ကုန်းတစ်ခုထိပ်၌ မေ့ဆေးအဆိပ်မြားဒဏ်ကြောင့်လဲကျ
သတိလစ်နေကြသော မောင်ဘတူနှင့်တပည့်တစ်ယောက်တို့ကို
တွေ့လိုက်ရလေတော့သည်။

အာသာဝတီရွှေအားသည်တပည့်နှစ်ဦး၏ဒဏ်ရာများကို
လျှင်မြန်စွာစစ်ဆေးကြည့်ရှုလိုက်ကာ. .

“တောင်ကုန်းထိပ်ကအပိုင်စောင့်ပြီး မြောင်းနဲ့မှတ်တိုက်
ခိုက်သွားတာပဲ။ အဆိပ်ဖြေဖို့ကတော့. . ခေါင်ကျန်ဆီရောက်မှပဲ
ဖြစ်မယ်. . ”

အာသာဝတီရွှေအားသည် တောင်ကုန်းထိပ်မှခြေရာများကို
သေချာစွာကြည့်ရှုလိုက်ပြီးလျှင်. .

“ကျုပ်ရဲ့အထမ်းသမားတွေကိုစည်းရုံးပြီး. . ကျုပ်တပည့်
လေးယောက်ကိုဆက်ထမ်းခိုင်းသွားတာကွ။ ဒင်းကတော့ သေထိုက်
နေပြီပဲ. . ”

အာသာဝတီရွှေအားသည် ဒေါသတကြီးကြိမ်းဝါးလိုက်ပြီး
လျှင် တောင်ဘက်အရပ်သို့လက်ညှိုးညွှန်လိုက်ပြီး. .

“လူနာနှစ်ယောက်ကို. . မင်းတို့တစ်လှည့်စီထမ်းခဲ့
အချိန်ရှိတုန်းအမြန်လိုက်ကြမယ်. . ”

ယင်းသို့ဖြင့် နာရီဝက်ခန့်ခရီးပြင်းနှင်ပြီးနောက်တွင် ထော

www.burmeseclassic.com

ကြီးလေးကောင်သေဆုံးနေသည်ကိုတွေ့လိုက်ရသဖြင့် အာသာဝတီရွှေမားကဒဏ်ရာများကိုစစ်ဆေးလိုက်ရင်းမှ သက်ပြင်းတစ်ချက်ချလိုက်ပြီးလျှင်. .

"တစ်ကောင်ကတော့ သေနတ်ဒဏ်ရာကြောင့်သေသွားတာပဲ။ ကျန်တဲ့သုံးကောင်ကိုတော့. . လူသူတော်သျှောင်တစောင်းနဲ့သူ့တပည့်တစ်ယောက်ကသတ်လိုက်ကြတာပဲ။ ဒင်းရဲ့အစွမ်းမသေးလှသလို. . ဒင်းရဲ့တပည့်ကလည်း တောတွင်းပညာတွေကိုထုံးလိုချေ၊ ရေလိုနှောက်နိုင်တဲ့တောပျော်ကြီးတစ်ယောက်ပေပဲ။ ဒါကြောင့်လည်း ကျုပ်တို့အကြောင်းတွေကိုအနီးကပ်စုံစမ်းသွားနိုင်တာပေါ့လေ"

အာသာဝတီရွှေမားအနေဖြင့် မချင်သင်တိုင်းတောကြီးလိုတောနက်ကြီးထဲတွင် စီအိုင်ဒီစုံထောက်များကိုအလေးမထားဂရုမမူလှသော်လည်း လူသူတော်သျှောင်တစောင်းနှင့်အတူလိုက်ပါလာသည့် တောကျွမ်းသူတစ်ယောက်(သို့မဟုတ်)နှစ်ယောက်အထိရှိနိုင်သည်ကိုတွေးမိလိုက်သဖြင့် မိမိ၏တပည့်ကျော်လေးဦးလုံးအဆိပ်မြားဒဏ်သင့်နေချိန်တွင် မိမိဘက်မှအင်အားနည်းနေသည့်အဖြစ်ကိုသဘောပေါက်လိုက်လေသည်။

ထို့ကြောင့်လည်း. . ဆက်လက်ခြေရာခံလိုက်ခဲ့ကြပြီးစမ်းချောင်းလေးသို့ရောက်ရှိလာကြကာ ရန်သူများ၏ဦးတည်ရာလမ်းကြောင်းကို နာရီဝက်မျှဆက်လက်ခြေရာခံလိုက်ခဲ့ကြပြီးလျှင်



ရန်သူများသည်. . တောင်ဘက်ဆီသို့ဦးတည်သွားနေကြကြောင်းသေချာသွားသည်နှင့်. .

"သူတို့သွားကြမယ့်လမ်းကြောင်းကိုတော့ တိတိကျကျသိရပြီ။ သူတို့ဟာ. . မချင်သင်တိုင်းတောကြီးထဲကိုပဲဆက်တိုးဝင်နေကြတယ်။ ကျုပ်က. . သူတို့တောအပြင်ပြန်ထွက်သွားမှာကိုပဲစိတ်ပူနေတာ။ ခုပုံအတိုင်းဆိုရင်ဖြင့် ခေါင်ဂျန့်ဆီကလူအင်အားအတူအညီနဲ့အပိုင်စောင့်ဖမ်းကြရုံပဲ။ ကျုပ်တို့မြောက်ဘက်ကိုခရီးလှည့်ပြီး. . ခေါင်ဂျန်တို့ရှိနေတဲ့မဟူရာတောင်မည်းကြီးကို အမြန်ဆုံးရောက်အောင်သွားကြမယ်။ အခုချိန်ဆို. . ကျုပ်စာပို့ခိုင်းလိုက်တဲ့မောင်သစ်အောင်တို့လည်း ခေါင်ဂျန်တို့ဆီကိုရောက်နေလောက်ပါပြီ။ ကျုပ်ရှေ့ဆုံးက. . ဦးဆောင်သွားမယ်။ မောင်ကြီးကကျုပ်တို့လူတွေကိုစောင့်ရှောက်ပြီးလိုက်ခဲ့ပါ။ ကျုပ်တို့သွားရမယ့်လမ်းကြောင်းမှာ. . နွယ်အိုင်တွေနဲ့ဝက်ဝံတွေပေါတာမို့ လက်နက်တွေကိုအဆင်သင့်ပြင်ထားပြီး သတိနဲ့သွားလာကြပါ. ."

အာသာဝတီရွှေမားသည် ခရီးလမ်းကြောင်းပြောင်းလဲကြရန်အမိန့်ပေးပြီးသည်နှင့် ကျောတွင်လွယ်ပိုးထားသည့်အနီရောင်ဘတ္တီပါအိတ်ကိုဖြည်ချလိုက်ရာ ရွှေရောင်ဝင်းဝင်းတောက်နေသည့်ရွှေသားမားအိမ်၊ ရွှေသားလက်ကိုင်များတွင် ကနုတ်ပန်းများဖြင့်ပက်ရာမြောက်စွာထုထွင်းထားသည့်ဓားနှစ်ချောင်းကို မြင်တွေ့ကြရလေသည်။

www.burmeseclassic.com

အာသာဝတီရွှေမားသည် ရွှေမားနှစ်ချောင်းကိုနောက်ကျောတွင်သိုင်းလွယ်လိုက်ပြီးသည်နှင့် မြောက်အရပ်ဆီသို့စတင်ခရီးနှင်လေတော့ရာ တပည့်များသည်လည်းနောက်ဘက်မှလိုက်ပါခဲ့ကြလေတော့သည်။

အလွန်ကြမ်းတမ်းလှသည့်တောလမ်းခရီးတွင် လူနှာနှစ်ဦးအားတစ်လှည့်စီထမ်းပိုး၍ခရီးနှင်နေကြရခြင်းကြောင့် ထင်သလောက်ခရီးမတွင်လှသော်လည်း အာသာဝတီရွှေမားကိုယ်တိုင်ရှေ့ဆုံးမှဦးဆောင်သွားနေသောကြောင့် ကြောက်လန့်ဖွယ်ကောင်းသည့်နွံအိုင်ကြီးများကိုရှောင်ရှားနိုင်ခဲ့ကြပြီး သစ်ပင်ခြုံနွယ်များတွင်စောင့်ဆိုင်းနေကြသည့် တောကြီးမြွေဟောက်များနှင့်မြွေပွေးကြီးများမှာလည်း အာသာဝတီရွှေမား၏သွက်လက်လျှင်မြန်လှသောဓားချက်အောက်တွင် အကောင်နှစ်ဆယ်မျှအသက်ပျောက်ခဲ့ကြရပေသည်။

နေမွန်းတည့်ချိန်တွင် သစ်ပင်ကြီးများထူထပ်စွာပေါက်ရောက်လျှက်ရှိနေသည့် တောတန်းကြီး၏အစပ်သို့ရောက်ရှိလာကြရာ. . အာသာဝတီရွှေမားသည် သူ၏တပည့်များအားခေတ္တအနားယူကြ၍ အစားအသောက်များစားသုံးကြရန်အမိန့်ပေးလိုက်ပြီးလျှင်. .

"ဒီတောတန်းကြီးဟာသစ်ကြီးဝါးကြီးတွေအလွန်ပေါများတာမို့. . တောကြီးထဲနက်နက်ရှိုင်းရှိုင်းဝင်မိရင် သားရဲတိရစ္ဆာန်



ပေါင်းစုံနဲ့မလွဲမသွေရင်ဆိုင်ကြရလိမ့်မယ်။ ဒေသချာတာကတော့အမှောင်နဲ့ချမ်းအေးတာကိုသိပ်ကြိုက်တဲ့ တောကြီးဝက်ဝံတွေနဲ့ကျားသစ်တွေရှိနေကြတာမို့. . သူတို့ကိုရင်ဆိုင်ကြရမှာပဲ။ သားရဲတိရစ္ဆာန်တွေကို. . ကျုပ်ကိုယ်တိုင်ရင်ဆိုင်မယ်။ မင်းတို့ဆီရောက်လာရင်တော့ လူနှာနှစ်ယောက်ကိုအလယ်မှာလုံခြုံအောင်ထားပေးပြီးရင်ဆိုင်ကြပါ. ."

အာသာဝတီရွှေမားကဦးဆောင်၍ တောတန်းကြီးထဲသို့ဝင်ရောက်ခဲ့ကြရာ. . ဆယ်မိနစ်မျှလျှောက်လှမ်းပြီးကြသည်နှင့်သစ်ပင်များကြားမှကြိုးတိုးကြဲတဲဝင်ရောက်လာသော နေရောင်ခြည်လေးမှလွဲ၍ မည်သည့်အလင်းရောင်ကိုမျှမမြင်ရသောကြောင့်အမှောင်ထုကဖုံးလွှမ်းနေတာ. . နေရောင်ခြည်မကျရောက်နိုင်သောကြောင့် အလွန်အေးစိမ့်နေသည်ကိုခံစားလိုက်ကြရပေသည်။

ဤသို့ဖြင့် တောသည်လည်းနက်သည်ထက်နက်လာပေတော့ရာ တစ်နာရီမျှလျှောက်လှမ်းပြီးကျသောအခါရေတံခွန်တစ်ခုမှရေစီးကျသံများကိုကြားကြရလေသည်။

"သတိထားကြဟေ့. . ဒီနေရာမျိုးကတောတိရစ္ဆာန်တွေအများဆုံးနေတတ်တဲ့နေရာပဲ. ."

အာသာဝတီရွှေမား၏သတိပေးသံမဆုံးမီမှာပင် သူတို့၏ရှေ့ကိုက်တစ်ရာခန့်အကွာမှ အော်သံပေး၍ပြေးထွက်လာကြသောဝက်ဝံကြီးသုံးကောင်အားတွေ့လိုက်ရလေတော့သည်။

www.burmeseclassic.com

"ဂါး. . ဂရား. ."

"ဂိး. . . ဂိး. ."

"မင်းတို့အနောက်နဲ့ဘေးတွေကိုဂရုစိုက်ကြ။ ဒီသုံးကောင်ကို ကျုပ်ရှင်းလိုက်မယ်. . "

အာသာဝတီရွှေဓားသည် စကားသံဆုံးသည်နှင့်လျှပ်ပြက်သကဲ့သို့ရှုတ်တရက်ပြေးထွက်သွားကာ. . ဝက်ဝံကြီးများအနီးသို့ ရောက်သောအခါရွှေရောင်များဝင်းလက်၍သွားပြီးလျှင် ဓားနှင့်လက်ဖြင့်အဆက်မပြတ်ဓူ့ယမ်းတိုက်ခိုက်သည်ကိုမြင်လိုက်ကြရပြီး. . ဝက်ဝံကြီးနှစ်ကောင့်မှာတောလုံးဟိန်းသွားအောင်ပင်အော်ဟစ်ကာလဲကျသွားသည်ကိုလည်းတွေ့မြင်လိုက်ရပေသည်။

"ဟိတ်. ."

ထိုအချိန်တွင် ကျန်ရှိနေသော ဝက်ဝံကြီးတစ်ကောင်သည် အာသာဝတီရွှေဓားထံသို့ဝက်ခေါင်းတိုးပြေး ဂလေရာ. . အာသာဝတီရွှေဓား၏ ဓာန်သွင်းအော်ဟစ်သံကိုကြားလိုက်ရပြီးလျှင် အာသာဝတီရွှေဓား၏ခန္ဓာကိုယ်မှာ ဖက်ရွက်လေးတစ်ရွက်ကဲ့သို့ပင်လေထဲသို့မြောက်တက်သွားပြီး ရွှေရောင်အရိပ်များယှက်ဖြာသွားကာ ဝက်ဝံကြီးမှာလဲကျသေဆုံးသွားလေတော့သည်။

"ဂိး. . ဂိး. . . ဂရား. ."

ဝက်ဝံကြီး၏အော်ညည်းသံမှာ. . ကြောက်လန့်ဖွယ်ထွက်ပေါ်လာသောကြောင့် ရေတံခွန်အနီးမှတိရစ္ဆာန်များ၏အော်ဟစ်



ပြေးလွှားသံများကိုပင်ကြားနေရပေတော့သည်။

အာသာဝတီရွှေဓား၏တပည့်များမှာ ဆရာဖြစ်သူဓားရေးကောင်းလှသည်ကိုကြားဖူးထားကြသော်လည်း တိုက်ခိုက်ရန်အလွန်ခက်ခဲလှသည့်ဝက်ဝံကြီးသုံးကောင်အား မိနစ်ပိုင်းအတွင်းအပြတ်ရှင်းလင်းသက်ဖြတ်နိုင်သည်ကို မျက်မြင်တွေ့ကြုံကြရသောအခါ အံ့သြတကြီးဖြစ်၍နေကြလေတော့သည်။

"ဒီနေရာက. . အမြန်ဆုံးခွာကြမယ်ဟေ့။ ဝက်ဝံကြီးတွေအော်သံက တစ်တောလုံးကိုအချက်ပေးလိုက်သလိုဖြစ်နေပြီ။ ကျုပ်နောက်က. . အမြန်သာလိုက်ခဲ့ကြပေတော့"

အာသာဝတီရွှေဓားကရှေ့မှဦးဆောင်၍ အပြေးတစ်ပိုင်းခရီးနှင်လေတော့ရာ တပည့်များကလည်းနောက်မှပြေးလိုက်ကြရလေသည်။

ရှေ့နားတွင်. . ရေများတဝေါဝေါဖြင့်စီးဆင်းကျနေသောရေတံခွန်ကြီးတစ်ခုကိုလှမ်းမြင်လိုက်ရသဖြင့် တပည့်များကပျော်ရွှင်သွားကြချိန်တွင် အာသာဝတီရွှေဓားကတုန့်ကနဲရပ်တန့်လိုက်တာ. .

"အသံမထွက်ကြနဲ့ဟေ့. . ။ ရှေ့နားမှာတောကောင်ကြီးတစ်ကောင် ကျုပ်တို့ကိုအပိုင်စောင့်ချောင်းနေလေရဲ့. . "

အာသာဝတီရွှေဓားက လေသံတိုးတိုးဖြင့်သတိပေးလိုက်ပြီးလျှင် ကျောတွင်လွယ်ပိုးထားသည့်ရွှေဓားကိုထုတ်ကိုင်လိုက်ပြီး

www.burmeseclassic.com

ရှေ့ဘက်သို့လျှင်မြန်စွာပြေးထွက်သွားလေရာ ကိုက်သုံးဆယ်ခန့် အကွာအဝေးသို့ရောက်ရှိသွားချိန်တွင် တောစပ်ကုန်းမြင့်ပေါ်မှ လွှားကနဲခုန်အုပ်လိုက်သော ဧရာမကျားသတ္တဝါကြီးတစ်ကောင်ကိုတွေ့လိုက်ရသဖြင့်. .

"ဆရာ. . ကျား. . ကျားကြီး. ."

"ဝေါင်း. . ဝေါင်း. ."

မောင်ကြီးအော်ဟစ်၍သတိပေးလိုက်ချိန်တွင် ကျားကြီးကလည်းမာန်ဖီသံပေး၍ခုန်အုပ်လိုက်ပြီဖြစ်ရာ မောင်ကြီးမှာမည်သို့မျှမတတ်နိုင်တော့ဘဲ အလန့်တကြားပင်မျက်စေ့ကိုစုံမှိတ်ထားလိုက်မိလေတော့သည်။

အာသာဝတီရွှေမားသည် မိမိဘေးနားမှရိပ်ကနဲခုန်ဝင်လာသောကျားသတ္တဝါကြီးကိုတွေ့လိုက်သည်နှ  ရှေ့ဘက်သို့ကျွမ်းနှစ်ပတ်ဆက်တိုက်ထိုး၍ရှောင်ထွက်လိုက်ရာ. .  းကြီး၏ပထမတိုက်ချက်မှလွတ်မြောက်သွားသော်လည်း ကျား  သည်မြေပြင်ပေါ်သို့ရောက်သည်နှင့်ကိုယ်ကိုတစ်ပတ်လှည့်လိုက်ကာ အာသာဝတီရွှေမားထံသို့ခုန်အုပ်တိုက်ခိုက်လိုက်ပြန်တော့သည်။

"ဝေါင်း. . ဝေါင်း. ."

အာသာဝတီရွှေမားမှာ မြေပြင်ပေါ်တွင်ပက်လက်လန်၍လဲကျနေရာမှ ကျားကြီးကခုန်အုပ်လိုက်သည်နှင့်လက်ထဲမှရွှေမားနှစ်လက်သည်လျှပ်ပြက်သကဲ့သို့ဝင်းလက်၍သွားပြီးလျှင် သူ၏ခန္ဓာ



ကိုယ်ကိုလည်း ဘေးဘက်သို့အမြန်လှိမ့်ထွက်သွားလေတော့သည်။

ဧရာမကျားကြီးမှာ. . ဝမ်းဗိုက်ပွင့်ထွက်သွားသော်လည်း အခဲမကျေနိုင်သေးဟန်ဖြင့် အာသာဝတီရွှေမားအားထပ်မံတိုက်ခိုက်ရန်ဦးခေါင်းကိုလှည့်လိုက်သေးသော်လည်း မြေပေါ်၌အခြေခိုင်ခိုင်ရပ်မိနေပြီဖြစ်သောအာသာဝတီရွှေမားသည်. . လေထဲသို့အားယူ၍ခုန်တက်လိုက်ကာ ကျားကြီး၏လည်မျိုနေရာသို့ဓားနှစ်ချောင်းလုံးဖြင့်အားကုန်ထိုးစိုက်လိုက်ပြီး ဘေးတစ်ဘက်တွင်မာန်ပါပါဖြင့်ခါးထောက်၍ရပ်နေလေတော့သည်။

ဒဏ်ရာပြင်းထန်စွာရသွားသော. . ဧရာမကျားကြီးသည် မြေပေါ်သို့ဘေးတိုက်လဲကျသွားပြီး နောက်ဆုံးတွင်ဆန့်ငင်ဆန့်ငင်ဖြင့်တစ်ကိုယ်လုံးအကြောဆွဲသလိုဖြစ်ကာ. . အသက်ပျောက်သွားလေတော့သည်။

အာသာဝတီရွှေမားက ကျားကြီး၏ခန္ဓာကိုယ်မှသူ၏ဓားနှစ်စင်းကိုဆွဲနှုတ်ယူလိုက်ချိန်တွင်. .

"ဖြောင်း. . ဖြောင်း. ."

လက်ခုပ်နှစ်ချက်ဆင့်တီး၍ အားပေးလိုက်သည့်အသံကိုကြားလိုက်ရပြီး တောအုပ်ထဲမှလွန်စွာဝဖီးသောခန္ဓာကိုယ်ရှိသည့်လူကြီးတစ်ယောက်ထွက်လာလေသည်။ ထိုလူကြီး၏အသားရောင်မှာမည်းနက်ပြောင်နေပြီးလျှင် ကြီးမားပြူးကားနေသောမျက်နှာကြီးတွင်စူးရှသောမျက်လုံးလေးနှစ်လုံးက မြုပ်ဝင်နေသည်တစ်ထောင်

www.burmeseclassic.com

မှတ်ရပေတော့သည်။

ထိုမျက်လုံးလေးနှစ်လုံး၏ထူးခြားချက်မှာ အလွန်ရက်စက်ကြမ်းကြုတ်မည့်သွင်ဟန်ရှိပြီး. . သာမန်လူတစ်ယောက်အနေနှင့် ထိုမျက်လုံးများအားရင်ဆိုင်ကြည့်နိုင်ရန်မှာ အလွန်ခက်ခဲလှသည့် အလုပ်တစ်ခုဟုဆိုရလောက်အောင် စူးရှထက်မြက်လွန်းပေသည်။

"ဆရာကြီးကတော့. . ကြာလေအစွမ်းထက်လေပါပဲလား ခင်ဗျာ။ ကွဲကွာနေတဲ့ရှစ်နှစ်လောက်အချိန်လေးအတွင်းမှာ ဆရာကြီးရဲ့ပညာတွေက ကြောက်စရာကောင်းလောက်အောင်ပြောင်းလဲနေပြီနော်. . "

"တိဗက်နယ်ထဲမှာ ရှေးဟောင်းသိုင်းကျမ်းတစ်ခုကိုလိုက်ရှာရင်း ခြောက်နှစ်ကျော်လောက်အချိန်ကုန်ခဲ့ရတယ်ခေါင်ဂျန်။ အဲဒီကျမ်းထဲကသိုင်းပညာတွေဟာ အလွန်ထူးခြားဆန်းပြားတယ်။ ရက်စက်ကြမ်းကြုတ်တဲ့ရန်သူမျိုးနဲ့ရင်ဆိုင်တိုက်ခိုက်နိုင်ဖို့ အထူးတီထွင်ထားခဲ့တဲ့ပညာမျိုးလို့တောင်ပြောလို့ရတယ်။ ကြမ်းတမ်းတဲ့သားရဲတိရစ္ဆာန်တွေကိုတိုက်ခိုက်တဲ့အချိန်မှာတော့ အင်မတန်အသုံးတည့်တာပေါ့. . "

ခေါင်ဂျန်ဆိုသည့်လူမည်းကြီးက သဘောကျစွာပြုံးလိုက်ပြီးလျှင်. .

"ဒါဆို. . ဆရာကြီးဆီက ပညာအဆင့်တက်ရဦးမှာပေါ့ ဆရာကြီးရယ်. . "



"ပညာတက်ဖို့တောင်မလိုပါဘူး ခေါင်ဂျန်ရာ။ ဒီပညာတွေကမင်းတို့တော်တွင်းသားတွေနဲ့ပိုပြီးလိုက်ဖက်တာမို့ မင်းကိုသိုင်းကျမ်းတစ်ခုလုံးအမွေပေးခဲ့ဖို့ကျုပ်စဉ်းစားပြီးသားပါ။ လောလောဆည်. . ကျုပ်တပည့်တွေမှာအခက်ကြုံနေလို့ မင်းရဲ့အကူအညီကိုအရေးတကြီးလိုအပ်နေတယ်ခေါင်ဂျန်. . "

"ဆရာကြီးအတွက်ဆိုရင် အသက်တောင်ပေးဖို့ဝန်မလေးပါဘူးဆရာကြီးရယ်။ ဆရာကြီးရဲ့ကျေးဇူးတွေက ကျွန်တော့်အပေါ်မှာဆယ်သက်ဆပ်လို့မကျေအောင်ရှိနေတာပါလေ. . "

ခေါင်ဂျန်သည် အာသာဝတီရွှေမား၏နောက်မှလိုက်ပါလာသောတပည့်ရှစ်ယောက်အနက်မှ သတိလစ်မေ့မြောနေသောတပည့်နှစ်ဦးအားတစ်ချက်မျှအကဲခတ်ကြည့်ရှုလိုက်ပြီးလျှင်. .

"ဆရာကြီးရဲ့စာထဲမှာတော့ အခြေအနေတွေကိုအကြမ်းဖျင်းသိထားပြီးပါပြီ။ စာထဲမှာပါတဲ့. . မချင်သင်တိုင်းတောထဲကအဆိပ်ဒဏ်ထိသွားတယ်ဆိုတဲ့ ဆရာကြီးရဲ့တပည့်ကြီးလေးယောက်ဟာ ဘယ်လိုဖြစ်ပြီးနှစ်ယောက်တည်းကျန်နေရတာလဲခင်ဗျာ. . "

အာသာဝတီရွှေမား၏မျက်နှာမှာ ဒေါသအရောင်ကြောင့်နီရဲသွားပြီးလျှင်. .

"ဒီသင်တိုင်းတောကြီးထဲရောက်ပြီးမှ အခြေအနေတွေပြောင်းလဲကုန်တာပဲခေါင်ဂျန်ရေ။ မင်းကိုတော့ အစအဆုံးပြောပြဖြစ်မှာပါလေ. . "

www.burmeseclassic.com

ဤသို့ဖြင့်. . ရန်ကုန်တွင်ဖြစ်ခဲ့ကြသည့်အဖြစ်အပျက်များမှအစချီကာ မချင်သင်တိုင်းတောကြီးအတွင်းဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်များကိုပါအသေးစိတ်ပြောပြလိုက်လေသည်။

လှသူတော်သျှောင်တစောင်း၏အမည်ကိုကြားလိုက်ရချိန်တွင် ခေါင်ဂျန်၏မျက်နှာမှာဒေါသကြောင့်ရှုံ့မဲ့တွန့်လိမ်၍သွားပြီးလျှင် ဆရာဖြစ်သူအာသာဝတီရွှေမား၏စကားဆုံးသည်နှင့်. .

"မချင်သင်တိုင်းတောရဲ့အဆိပ်ဟာ ကြောက်စရာကောင်းတာအမှန်ပါပဲဆရာကြီး။ ဒီတောကြီးထဲမှာသာရှားရှားပါးပါးပေါက်ရောက်နေတဲ့ ပိန်းပန်းအနွယ်ဝင်အပင်တစ်မျိုးရဲ့အပွင့်တွေကနေအဆိပ်ကိုဖေါ်စပ်ရပြီး. . ဒီအပင်ရဲ့အမြစ်ဥတစ်မျိုးတည်းကသာအဆိပ်ဖြေဆေးကိုဖေါ်ဆပ်လို့ရတာပါ။ ကျွန်တော့်မှာအဆိပ်ဖြေဆေးအဆင်သင့်ယူလာပါတယ်။ ဆရာကြီးရဲ့တပည့်နှစ်ယောက်ကိုအခုချက်ခြင်းကုသပေးပါ့မယ်. . "

ခေါင်ဂျန်သည် အိတ်ထဲမှဆေးဘူးတစ်ဘူးကိုထုတ်ယူလိုက်ပြီးလျှင် သတိလစ်နေသောလူနာနှစ်ယောက်အားစမ်းသပ်ကြည့်လိုက်ပြီးနောက်. . ဆေးများကိုတိုက်ကျွေးကာဒဏ်ရာနေရာများတွင်လိမ်းဆေးများလိမ်းပေးလိုက်လေသည်။

"သူတို့နှစ်ယောက်ကတော့ မကြာခင်သတိပြန်ရလာမှာပါဆရာကြီး။ ကျန်တဲ့တပည့်ကြီးလေးယောက်ကိစ္စကိုဆရာကြီးကဘယ်လိုများစဉ်းစားထားပါသလဲ. . "



"အဲဒီကိစ္စမှာတော့. . ခေါင်ဂျန့်ဘက်ကအကူအညီနဲ့အကြံဉာဏ်ကိုယူရတော့မှာပဲခေါင်ဂျန်ရေ။ သူတို့ဟာ တောင်ပိုင်းတောနက်ကြီးထဲကိုဆက်တိုးဝင်သွားတာဆိုတော့ သူတို့ရဲ့အကြံအစည်ကို ခေါင်ဂျန်ဘယ်လိုယူဆသလဲ။ ကျုပ်အနေနဲ့. . တပည့်တွေကိုအချိန်မီပြန်ကယ်တင်နိုင်ဖို့မှာ ခေါင်ဂျန်ဘယ်လိုကူညီနိုင်မလဲ"

"သူတို့အကြံအစည်ကို ကျွန်တော်ကောင်းကောင်းရိပ်မိပါတယ်ဆရာကြီး။ သူတို့ဟာ. . မချင်သင်တိုင်းတောကြီးရဲ့တောင်ဘက်မှာအခြေချနေထိုင်ကြတဲ့ ရှာလူကြီးတူးနောင်တို့အုပ်စုဆီကိုအရောက်သွားကြမှာပါလေ. . "

အာသာဝတီရွှေမားသည်ခေါင်ဂျန်၏စကားကြောင့် တအံ့တသြဖြစ်သွားဟန်ဖြင့်. .

"ဟေ. . ။ ဟောဒီမချင်သင်တိုင်းတောကြီးထဲမှာ မင်းတို့အုပ်စုအပြင်နောက်ထပ်အုပ်စုကွဲတွေများရှိနေလို့လား။ ကျုပ်ကတော့တူးနောင်ဆိုတဲ့နာမည်ကို လုံးဝမကြားဖူးခဲ့ပါဘူး. . "

"မှန်ပါတယ်. . ဆရာကြီး။ ဆရာကြီးနောက်ဆုံးရောက်ခဲ့တဲ့အချိန်တုန်းက မချင်သင်တိုင်းတောကြီးမှာကျွန်တော်တို့အုပ်စုဟာအင်အားအကြီးဆုံးဖြစ်ပြီး ကျန်တဲ့အုပ်စုအားလုံးဟာကျွန်တော်တို့အမိန့်အတိုင်းနေထိုင်ခဲ့ကြရတာပါ။ ဒါပေမယ့်. . လွန်ခဲ့တဲ့နှစ်လောက်က သင်တိုင်းတောကြီးရဲ့တောင်ဘက်မှာနေထိုင်ကြတဲ့တူးနောင်ဆိုတဲ့လူခေါင်းဆောင်တဲ့အုပ်စုဟာ ကျွန်တော့်အမိန့်ကို

www.burmeseclassic.com

မလိုက်နာဘဲအာခံနေလို့. . သူတို့ကိုအပြတ်ရှင်းဖို့သွားတဲ့အခါမှာ အဲဒီလူသူတော်သျှောင်တစောင်းဆိုတဲ့လူဟာတူးနောင်ဘက်ကကူညီတိုက်ခိုက်ပေးလို့. . ကျွန်တော့်လူတွေဒဏ်ရာရကြပြီး. . ကျွန်တော်ကိုယ်တိုင်လည်း သူ့ရဲ့ဒေါင်းမြီးတပ်မြားချက်ကြောင့်ဒဏ်ရာတွေအကြီးအကျယ်ရပြီး ခြောက်လလောက်ဆေးကုခဲ့ရပါတယ်။ ကျွန်တော်ဒဏ်ရာတွေကုသနေတဲ့အချိန်တွေမှာ တူးနောင်ဟာ. . ကျွန်တော့်လက်အောက်ခံဖြစ်နေပြီး ကျွန်တော့်အပေါ် မကျေမနပ်ဖြစ်နေကြတဲ့လူတွေကိုပါစုဆောင်းနိုင်ခဲ့တာမို့ အင်အားအတော်တောင့်တင်းသွားတာပါ. . "

ခေါင်ဂျွန်၏မျက်နှာမှာ. . ဒေါသကြောင့်အလွန်တင်းမာခက်ထန်နေလေသည်။

"လူသူတော်သျှောင်တစောင်းဆိုတဲ့လူဟာ. . ရှီးမပြန်ရှင်ရသေ့ကြီးရဲ့တပည့်ရင်းခြာလို့သတင်းကြားရတာပဲဆရာကြီး။ သူ့ရဲ့တောတွင်းပညာရပ်တွေဟာ. . အလွန်ထူးခြားဆန်းကြယ်သလို အင်အားဂလည်းပြင်းထန်လွန်းတာမို့ သူ့ပညာတွေကိုရရှိသွားတဲ့တူးနောင်ကိုကျွန်တော်နှစ်ခါလောက်ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ပေမယ့် အရှုံးနဲ့ပဲရင်ဆိုင်ခဲ့ရတယ်ဆရာကြီး. . "

ခေါင်ဂျွန်၏မျက်နှာတွင် ကောက်ကျစ်သောအပြုံးတစ်ရပ်ပေါ်ပေါက်လာပြီးလျှင်လက်ခုပ်သုံးချက်ဆက်တိုက်တီးလိုက်ရာ သူ၏နောက်ဘက်ရှိခြုံပုတ်များအတွင်းမှ ဒူးလေး၊ မြားနှင့်ဓားရှည်



များကိုင်စွဲထားသည့် လူများစွာထွက်ပေါ်လာလေတော့သည်။

"ဆရာကြီးရဲ့တပည့်မောင်သစ်အောင်ဆီကစာကိုရရှိပြီးတဲ့နောက်မှာ. . တိုက်ပွဲပြီးမှတော့ သေချာပေါက်ဆင်နွှဲရတော့မယ်ဆိုတာကိုသဘောပေါက်လိုက်တာမို့ ကျွန်တော့်လက်ရွေးစင်တပည့်တွေအားလုံးကိုခေါ်လာခဲ့တယ်ဆရာကြီး။ ဒီလူတွေဟာ. . ကျွန်တော့်ရဲ့ရွာကြီးလေးရွာမှာရှိတဲ့ တိုက်ရည်ခိုက်ရည်အကောင်းဆုံးလူတွေပါပဲဆရာကြီး။ စုစုပေါင်းလူအင်အားတစ်ရာကျော်ပါလာပါတယ်. . "

အာသာဝတီရွှေဓားသည် ခေါင်ဂျွန်၏စိတ်ကူးကိုသဘောပေါက်လိုက်သဖြင့်ပြုံးရယ်လိုက်ပြီး. .

"ကျုပ်ကခေါင်ဂျွန့်ကို အားလုံးလွှဲအပ်တာဝန်ပေးထားတာပဲလေ။ ခေါင်ဂျွန်ရဲ့စိတ်ကူးနဲ့အစီအစဉ်ကိုသာပြောပါတော့။ အဲဒီအစီအစဉ်အတိုင်းပဲဖြစ်စေရပါမယ်. . "

"ဆရာကြီးနဲ့လူသူတော်သျှောင်တစောင်းတို့ရဲ့နောက်ဆုံးတိုက်ပွဲဟာ ကျွန်တော်နဲ့တူးနောင်တို့ရဲ့နောက်ဆုံးပွဲသိမ်းပဲဖြစ်ရတော့မှာပေါ့ ဆရာကြီးရယ်။ တူးနောင်တို့ရွာလေးကို ကျွန်တော်တို့ရဲ့လူတစ်ရာကျော်အင်အားနဲ့ဝိုင်းထားလိုက်ပြီး. . လူသူတော်သျှောင်တစောင်းကို ဆရာကြီးရဲ့တပည့်လေးယောက်ချုပ်ငြိမ်းလွှတ်ပေးဖို့တောင်းဆိုလိုက်မယ်။ ဆရာကြီးရဲ့တပည့်လေးယောက်ပြန်ရပြီးရင်တော့ ကျွန်တော့်စိတ်တိုင်းကျစီရင်ခွင့်ပြုပါဆရာကြီး။

www.burmeseclassic.com

လူသူတော်သျှောင်တစောင်းဟာအစွမ်းထက်တယ်ဆိုပေမယ့် တစ်ရွာလုံးကိုမီးရှို့ပြီး လူတစ်ရာကျော်ကအဆိပ်လူးမြားနဲ့ဝိုင်းပစ်တာကိုတော့ လွတ်အောင်မရှောင်နိုင်ပါဘူးလေ . . ”

အာသာဝတီရွှေဓားသည်လည်း မိမိအားအကြိမ်ကြိမ်လှည့်စားတစ်ပတ်ရိုက်ခဲ့သောလူသူတော်သျှောင်တစောင်းအား အပြီးအပြတ်တိုက်ခိုက်ရတော့မည့်အနေအထားကို အလွန်သဘောကျသွားသဖြင့် အားပါးတရရယ်မောလိုက်ကာ . .

“ဟား . . ဟား . . ခေါင်ဂျန့်အစီအစဉ်တွေကို ကျုပ်ကိုယ်တိုင်လည်းသဘောကျပါတယ်။ အမြန်ဆုံးသာ အကောင်အထည်ဖော်ပေတော့ . . ”

အာသာဝတီရွှေဓားကခွင့်ပြုလိုက်သဖြင့် ခေါင်ဂျန်သည် တူးနောင်၏ရွာလေးသို့ အမြန်ဆုံးသွားရောက်နိုင်ရန် စီစဉ်လိုက်လေတော့သည်။

♣ ♣ ♣

ဆရာကြီးသင်ကြားပေးခဲ့တဲ့ရှိုးမတောကြီးပညာကို . . .
ဒင်းမယှဉ်နိုင်လို့ နောက်ဆုံးမှာလက်လျှော့သွားခဲ့ပါတယ်။

ရွာလူကြီးတူးနောင်

www.burmeseclassic.com

## ရှာလူကြီးတူးနောင်နှင့်တွေ့ဆုံခြင်း

ကျွန်ုပ်တို့အုပ်စုသည် အလွန်အေးစိမ့်၍သားရဲတိရစ္ဆာန်ပေါများလှသောတောနက်ကြီးထဲတွင် ဆရာကြီးလူသူတော်သျှောင်တစောင်း၏ဦးဆောင်မှုဖြင့်ခရီးနှင်ခဲ့ကြရာ လမ်းခရီးတွင်အလွန်ထိတ်လန့်စရာကောင်းလှသောနွံအိုင်ကြီးများနှင့် ကျားသစ်ကြီးတစ်ကောင်တို့ကိုတွေ့ကြုံခဲ့ရသော်လည်း ဆရာကြီး၏အစွမ်းကြောင့်ကျွန်ုပ်တို့မှာခေါင်းနှင့်ကိုယ်အိုးစားမကွဲဘဲ၊ နွံအိုင်ကြီးများအတွင်းတစ်ဦးမျှကျရောက်ခြင်းမရှိဘဲ အန္တရာယ်ကင်းစွာခရီးဆက်နိုင်ခဲ့ကြပေသည်။

အချိန်မှာ. . ညနေငါးနာရီမျှသာရှိသေးသော်လည်းတောကြီး၏အတွင်းပိုင်းတွင်ကား နေရောင်ခြည်ကိုလုံးဝမမြင်ရဘဲ



အမှောင်ထုကလုံးဝဖုံးလွှမ်းလျှက်ရှိနေပေသည်။

ထိုအချိန်တွင်. . ကျွန်ုပ်တို့၏ရှေ့ဘက်ဆီမှမီးတုတ်များ၏အလင်းရောင်များကိုတွေ့မြင်လိုက်ရသဖြင့် ကျွန်ုပ်၏ရင်ထဲတွင်ထိတ်ကနဲဖြစ်သွားမိသော်လည်း. . ဆရာကြီး၏မျက်နှာမှအပြုံးကိုတွေ့မြင်လိုက်ရသဖြင့်စိတ်အေးသွားရပေသည်။

မကြာမီဝင်. . ကိုယ်လုံးပိန်ပိန်သွယ်သွယ်နှင့်စိတ်သဘောထားနူးညံ့သိမ်မွေ့ဟန်ရှိသည့်အသက်ငါးဆယ်ကျော်ခန့်ရှိသည့်လူကြီးတစ်ဦးကဦးဆောင်လာသော လူနှစ်ဆယ်ခန့်ပါဝင်သည့်အုပ်စုတစ်စုသည်ကျွန်ုပ်တို့ရှေ့သို့ရောက်ရှိလာလေသည်။

ခေါင်းဆောင်လူကြီးသည် ဆရာကြီး၏ရှေ့၌ဒူးထောက်လိုက်ပြီးလျှင်. .

"ဆရာကြီးလူသူတော်သျှောင်တစောင်းကို မချင်သင်တိုင်းတောမှတပည့်ကြီးတူးနောင်ကရှိသေစွာကြိုဆိုပါတယ်။ ဆရာကြီးအတွက်ဆိုရင် အသက်ကိုပင်ပေးစွန့်လှူပါ့မယ်လို့ကတိသစ္စာရှိခဲ့တာမို့ ဆရာကြီးလိုအပ်သမျှကိုအမိန့်ရှိပါခင်ဗျာ. . "

ဆရာကြီးသည် သူ့ရှေ့၌ဒူးထောက်နေသောဦးတူးနောင်အားလက်ဖြင့်ဖက်ပွေ့၍ထူပေးလိုက်ပြီးလျှင်. .

"ကွဲကွာနေကြတဲ့ငါးနှစ်ကျော်ကာလအတွင်း ဘာအရေးအရာတွေများထူးထူးခြားခြားဖြစ်ပျက်ခဲ့သေးလဲဦးတူးနောင်။ သင့်ရွာသားတွေရော. . အေးအေးချမ်းချမ်းရှိကြပါရဲ့လား"

www.burmeseclassic.com

"ဆရာကြီးပြန်သွားပြီးတဲ့နောက်ပိုင်းမှာ. . ခေါင်ဂျန်ဟာ နှစ်ကြိမ်တိတိလာရောက်တိုက်ခိုက်ပါသေးတယ်။ ဆရာကြီးသင်ကြားပေးခဲ့တဲ့ ရှိမတောကြီးပညာကို. . ဒင်းမယှဉ်နိုင်လို့ နောက်ဆုံးမှာလက်လျှော့သွားခဲ့ပါတယ်။ ဒီဘက်နယ်ကိုကျူးမလာတံ့တာ သုံးနှစ်လောက်ရှိပါပြီဆရာကြီး. ."

"ဒီတစ်ခါတော့. . ခေါင်ဂျန်ဟာ အာသာဝတီရွှေအားကိုးနဲ့နယ်ကျူးလာတော့မှာသေချာနေတာမို့ ရင်ဆိုင်ဖို့သာ ပြင်ဆင်ထားပေတော့ဦးတူးနောင်။ ကျုပ်ရဲ့စာထဲမှာ ရေးသားမှာကြားထားတဲ့အစီအစဉ်တွေကိုရော ပြုလုပ်ပြီးပြီလား. ."

"သေသေချာချာ၊ တိတိကျကျ ပြုလုပ်ထားပြီးပါပြီဆရာကြီး။ ကျွန်တော့်တပည့်တွေဟာ ဆရာကြီးမှာကြားလိုက်တဲ့အတိုင်း အချိန်ကိုက်ဆောင်ရွက်ကြမှာပါခင်ဗျာ. ."

ကျွန်ုပ်သည်. . အလွန်ထူးချွန်ကျွမ်းကျင်သောစစ်တုရင်ကစားသမားတစ်ဦးကဲ့သို့ ရန်သူ၏လှုပ်ရှားလာမည့်အခြေအနေများကိုကြိုတင်တွက်ချက်ကာ အကွက်ကျကျလှုပ်ရှားတုန့်ပြန်တတ်သောဆရာကြီး၏သဘောကို အကြိမ်ကြိမ်သိရှိတွေ့ကြုံခဲ့ဖူးပေသဖြင့် ဆရာကြီးသည်ရန်သူအားရင်ဆိုင်ရန်မည်ကဲ့သို့ကြိုတင်စီစဉ်ထားသည်ကို အလွန်သိချင်နေမိလေတော့သည်။

ဆရာကြီးသည်ကျေနပ်စွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီးလျှင်. .



"ကျုပ်တို့က တရားခံအာသာဝတီရွှေအားနဲ့သူ့တပည့်တွေကိုဖမ်းတဲ့ကိစ္စမှာ ဘာမှအပြစ်မရှိတဲ့ဟောဒီမချင်သင်တိုင်းတောကြီးထဲကရွာသူရွာသားတွေထိခိုက်နစ်နာသွားမှာ အလွန်စိုးရိမ်လှပါတယ်ဦးတူးနောင်။ ဒါကြောင့်လည်း. . တတ်နိုင်သမျှသင့်စိတ်ကိုထိန်းချုပ်ပြီးတိုက်ခိုက်ပါလို့ ကျုပ်ကမေတ္တာရပ်ခံပါတယ်. ."

"စိတ်ချပါ. . ဆရာကြီး။ ဆရာကြီးရဲ့သဘောဆန္ဒအတိုင်းပဲ ဖြစ်ရပါစေ့မယ်. ."

ထို့နောက်. . ဦးတူးနောင်၏တပည့်များကဦးဆောင်ကာ တောကြီးအတွင်း၌ဆက်လက်ခရီးနှင်လာခဲ့ကြရာ မီးတုတ်များ၏အလင်းရောင်ကြောင့် မြင်မြင်ထင်ထင်သွား၍ရနေသဖြင့်အလွန်ခရီးတွင်လှပေတော့သည်။

ညဆယ်နာရီခန့်တွင် အလွန်နက်ရှိုင်းလှသောတောအုပ်ကြီးအတွင်းမှလွန်မြောက်ကာ တောင်ကုန်းများကြားသို့ရောက်ရှိလာခဲ့ကြပြီး ကျွန်ုပ်တို့အားလာရောက်စောင့်ကြိုနေသောရွာသားများကိုထပ်မံတွေ့ရှိရလေသည်။

တစ်ညလုံးလည်းမအိပ်ခဲ့ရသည့်အပြင် တစ်နေ့လုံးခရီးကြမ်းကိုဆက်တိုက်နှင်လာခဲ့ရသဖြင့်. . မောပန်းလွန်းသောကြောင့် လမ်းလျှောက်ရာတွင်ပင် ဟတ်ထိုးဟတ်ထိုးဖြစ်နေသောကျွန်ုပ်အား ဆရာကြီးကပြုံး၍ကြည့်လိုက်ပြီးလျှင်. .

"အားတင်းထား. . ဦးသိန်းမောင်။ ရှေ့တောင်ကုန်းကို

www.burmeseclassic.com

ကျော်လိုက်ရင်. . ဦးတူးနောင်တို့ရွာကိုရောက်ပါပြီဗျ"

ဆရာကြီးကအားပေးစကားဆိုသည့်အတိုင်းပင် တောင်ကုန်းကြီးတစ်ခုကိုကျော်ဖြတ်လိုက်သည်နှင့် တောင်ခြေလွင်ပြင်နေရာတွင်ရွာကြီးတစ်ရွာအားတွေ့လိုက်ရလေတော့သည်။

ရွာထဲတွင်အစားအသောက်များဖြင့်တည်ခင်းဧည့်ခံကြရာ ကျွန်ုပ်မှာလွန်စွာဆာလောင်နေကြသဖြင့်. . ဟန်ပင်မဆောင်နိုင်တော့ဘဲအားပါးတရစားသုံးနေမိလေသည်။

"ဆရာကြီးရဲ့မိတ်ဆွေတွေလည်း ခရီးပန်းလာကြတာဆိုတော့အိပ်ရေးဝအောင်အနားယူပါစေဦး။ လုံခြုံရေးအတွက် ကျွန်တော်တို့တာဝန်ယူပါတယ်. . "

လမ်းခရီးတလျှောက်လုံး နောက်ဆုံးမှနေ၍အဖွဲ့သားများ၏လုံခြုံရေးအားစောင့်ရှောက်ပေးလာခဲ့သော စုံထောက်ကြီးဦးဇင်ယော်ကဆရာကြီးအားလှမ်းကြည့်လိုက်ရာ ဆရာ ကခေါင်းညိတ်ပြလိုက်သဖြင့် ကျွန်ုပ်တို့သည်အိပ်စက်အနားပ ပြင်ဆင်ပေးထားသောတဲကြီးအတွင်းသို့ဝင်ရောက်ခဲ့ကြကာ အဆင်သင့်ခင်းကျင်းပေးထားသောဖျာကြမ်းများတွင်လှဲအိပ်လိုက်ကြလေသည်။

ကျွန်ုပ်မှာအလွန်ပင်ပန်းနေပြီဖြစ်ရကား ဖျာပေါ်တွင်လှဲ၍ခေါင်းချလိုက်သည်နှင့်ပင် အိပ်မောကျသွားရလေတော့သတည်း။

♣ ♣ ♣

သင့်သတ္တိကို. . .ကျုပ်သိပါတယ်။
ဒီနေရာမှာစိန်ခေါ်ရတဲ့အကြောင်းရင်းက. . .
သင့်တပည့်တွေကို. . .တစ်ပါတည်းပမ်းဆီးနိုင်ဖို့ပါ။

ထူးသူတော်သျှောင်တစောင်း

www.burmeseclassic.com

## အာသာဝတီရွှေဓားနှင့်လူသူတော်သျှောင်တစောင်း

ကျွန်ုပ်သည်ပင်ပန်းလွန်းသဖြင့် တစ်ညလုံးတစ်နေ့ရေမျှပင် မနိုးဘဲအိပ်မောကျနေခဲ့ရာ ကျွန်ုပ်၏အနီးမှ[illegible]ပ်လှုပ်ရှားရှားအသံများကြောင့် အိပ်ပျော်နေရာမှလန့်နိုးလာ[illegible]။

စုံထောက်ကြီးဦးဇင်ယော်သည်.. သေ[illegible] နှင့်ကျည်ဆန် ခါးပတ်များကိုခါးတွင်စနစ်တကျချိတ်ဆွဲနေရာမှ ကျွန်ုပ်အားပြုံး၍ ကြည့်လိုက်ပြီးလျှင်..

“ရန်သူတွေတော့ရောက်လာကြပြီ ဦးသိန်းမောင်။ ခင်ဗျား ကအတော်ပင်ပန်းနေလို့ အေးအေးဆေးဆေးအိပ်ပါစေတော့ဆို ပြီး မနိုးဘဲထားခဲ့တော့မလို့ဗျ..”

ကျွန်ုပ်သည်နေရာမှလူးလဲထလိုက်ပြီးလျှင်.. ဦးဇင်ယော်



အားမကျေမနပ်ဖြင့်ဘုကြည့်ကြည့်လိုက်ကာ..

“ဒီတိုက်ပွဲကိုမျက်မြင်ကိုယ်တွေ့ကြည့်ချင်လွန်းလို့ ခင်ဗျားတို့လိုစီအိုင်ဒီစုံထောက်ကျော်တွေနဲ့ရင်ဘောင်တန်းပြီးလိုက်လာခဲ့တာ.. တိုက်ပွဲစချိန်ကျမှမနိုးဘဲထားခဲ့မယ်ဆိုတာကတော့ ရက်စက်လွန်းလှပါတယ်ဦးဇင်ယော်ရယ်..”

“လိုက်မယ်ဆိုရင်လည်း.. အမြန်သာပြင်ဆင်ပေတော့ဦးသိန်းမောင်။ ရန်သူတွေက.. တစ်ရွာလုံးကိုဝိုင်းမိနေပြီဗျ”

ဦးဇင်ယော်၏စကားကြောင့် ကျွန်ုပ်သည်ထိတ်လန့်တကြားဖြစ်မိကာ ဝါးကျည်တောက်ထဲမှရေများဖြင့်မျက်နှာကိုအမြန်သစ်လိုက်ပြီး ကျွန်ုပ်၏လွယ်အိတ်ကြီးကိုကောက်လွယ်လိုက်လေသည်။

ကျွန်ုပ်တို့တဲအပြင်ဘက်သို့ရောက်သောအခါ ဆရာကြီးလူသူတော်သျှောင်တစောင်းနှင့်ရွာလူကြီးတူးနောင်တို့သည် ဝါးလုံးများဖြင့်ပြုလုပ်ထားသောစားပွဲကြီးပေါ်တွင်.. အငွေ့တထောင်းထောင်းထနေသောကောက်ညှင်းပေါင်းပန်းကန်များနှင့်ရေနွေးကြမ်းအိုးများကိုချခင်းထားကာ စိတ်အေးလက်အေးပင်သုံးဆောင်နေကြသည်ကိုတွေ့မြင်ရလေသည်။

ကျွန်ုပ်တို့ရပ်နေသောနေရာမှာ ရွာထိပ်တောင်ကုန်းလေးပေါ်တွင်ဖြစ်ပေရာ.. ရွာအဝင်တောင်ကြားလမ်း၏တစ်ဘက်ထိပ်ကိုကောင်းစွာလှမ်း၍မြင်နေရပေသည်။ ထိုနေရာတွင်.. ကျွန်ုပ်တို့ရှိရာဘက်သို့မျက်နှာမူ၍တန်းစီရပ်နေကြသော လက်နက်ကိုင်များ

www.burmeseclassic.com

အပြည့်အစုံနှင့်လူတစ်ရာကျော်ကိုတွေ့မြင်နေရပြီး ထိုလူများ၏ သွင်ပြင်ဟန်မှာ. . ကျွန်ုပ်တို့အားတိုက်ခိုက်ရန်ရှာမည့်ပုံပေါ်နေသဖြင့် ဤမျှရန်သူများဝိုင်းနေသည့်အချိန်တွင် စိတ်အေးလက်အေးထိုင်၍စားသော က်နေကြသော ဆရာကြီးနှင့်ရွာလူကြီးဦးဘွားနောင်တို့အားလွန်စွာအံ့ဩနေမိလေသည်။

"ကောက်ညှင်းပေါင်းနဲ့ရေနွေးကြမ်းလေးကို ဗိုက်ဝအောင် သုံးဆောင်ထား ကြဦးလေ။ တော်ကြာဆို တိုက်ပွဲစကြတော့မှာမို့ အာဟာရဖြည့်ထားဖို့လိုတယ်ဗျ. . "

စီအိုင်ဒီစုံထောက်ကျော်များက ဝင်ထိုင်လိုက်ကြသဖြင့် ကျွန်ုပ်သည်လည်း. . ကောက်ညှင်းပေါင်းများကိုဝင်ရောက်စားသုံးလိုက်ရလေသည်။ ကျွန်ုပ်သည်မြင်တွေ့နေရသောအခြေအနေကို စိတ်ထဲ၌မရှင်းမလင်းဖြစ်နေသဖြင့် အောင့်မထားနိုင်တော့ဘဲ. .

"တောင်ကြားလမ်းဟိုဘက်ထိပ်ကလူတွေဟာ ရန်သူတွေလားဆရာကြီး. . "

ဟုမေးမြန်းလိုက်လေရာ. . ဆရာကြီးသည်သဘောက ရွှာရယ်မောလိုက်ပြီး. .

"ရန်သူတွေပဲပေါ့. . ဦးသိန်းမောင်။ ကျုပ်တို့ဘက်ကဘာမှမလှုပ်ရှားသေးလို့. . သူတို့လည်း ကျုပ်တို့အကြံအစည်ကိုမသိနိုင်ဘဲဆက်လှုပ်ရှားဖို့အကြံထုတ်နေကြတာပါ။ အေးအေးဆေးဆေးသာစားပါဦးဗျာ။ သူတို့ကိုဦးဆော လာတဲ့ အာသာဝတီရွှေအား



လိုလူမျိုးဟာတဇွတ်တိုးတိုက်ခိုက်တတ်တဲ့လူမဟုတ်ပါဘူး။ ပိုင်နိုင်မှသာတိုက်ခိုက်မှာပါ။ သူ့တပည့်ကြီးလေးယောက်ကလည်း ရွာထဲမှာပဲကျုပ်တို့နဲ့အတူရှိနေတယ်လို့ထင်ထားတော့ သူ့တပည့်တွေလွတ်မြောက်ဖို့အရေးကိုလည်းကြံစည်ရဦးမယ်လေ. . "

ဆရာကြီးသည် စုံထောက်ကြီးဦးဇင်ယော်အားစူးစိုက်၍ကြည့်လိုက်ကာ. .

"အင်အားခြင်းကတော့ အတော်ကွာနေတယ်ဦးဇင်ယော်။ အခုချိန်ကကောက်ရိတ်သိမ်းချိန်ဆိုတော့ ကျုပ်တို့ဘက်ကရွာသားတွေဟာကောက်ရိတ်တဲ့နေရာတွေမှာရောက်နေကြတာမို့ မနေ့ကအရေးပေါ်စုဆောင်းလိုက်တာ အင်အားသုံးဆယ်လောက်ရတယ်။ သူတို့ဘက်ကတော့. . အင်အားတစ်ရာကျော်လောက်တောင်ပါလာတဲ့ပုံစံပါပဲ. . "

"ကျုပ်တို့လူနှစ်ဆယ်ကို တောင်ကြားလမ်းရဲ့အပေါ်ဘက်တွေမှာနေရာယူခိုင်းထားပြီး ကျန်တဲ့လူဆယ်ယောက်ကိုဝှန်ရှိုင်းနဲ့တွဲပြီးတောထဲမှာလှုပ်ရှားခိုင်းထားတယ်။ ကျုပ်တို့ဘက်ကအချိန်ဆွဲပေးနိုင်လေ. . သူတို့ဟာဝေးဝေးရောက်အောင်သွားနိုင်လေမို့ဘတ်နိုင်သမျှအချိန်ဆွဲထားရမှာပဲ။ အာသာဝတီရွှေအားကလည်းကျုပ်တို့ဘက်ကအခြေအနေကိုမသိနိုင်သေးတော့ အခြေအနေကိုသိရဖို့ကြိုးစားလာမှာပဲ။ ကျုပ်စိတ်ထင်ကိုပြောရရင်တော့. . ကြာခင်မှာ ခေါင်ဂျန်ရဲ့စေတမန်အဖွဲ့ရောက်လာလိမ့်မယ်။ အဲဒီ

www.burmeseclassic.com

အဖွဲ့မှာ. . ခေါင်ဂျန် ဒါမှမဟုတ်အာသာဝတီရွှေဘား. . တစ်ယောက်ယောက်ကတော့ဦးဆောင်လာမှာပဲ။ သူတို့နှစ်ယောက်လုံးလည်းရောက်လာနိုင်ပါတယ်. . ”

ဆရာကြီးကရှင်းပြနေစဉ်မှာပင် တောင်ကြားလမ်းတစ်ဘက်ထိပ်မှလူလေးဦးကရှေ့သို့လျှောက်လှမ်းလာနေသည်ကိုမြင်လိုက်ရပြီး ထိုလူလေးယောက်အုပ်စု၏ရှေ့ဆုံးမှလူ၏လက်ထဲတွင် အလံဖြူတစ်ခု မြှောက်ယမ်းပြနေသည်ကိုမြင်လိုက်ရပေသည်။

ရွာလူကြီးတူးနောင်က ဆရာကြီး၏သဘောထားကိုစူးစမ်းသည့်သဘောနှင့်လှမ်းကြည့်လိုက်သဖြင့်. .

“ခွင့်ပြုတယ်လို့ အလံဖြူပြန်ပြပေးလိုက်ပါဦးတူးနောင်။ ဒီတစ်ခါတော့. . အာသာဝတီရွှေဘားနဲ့ ခေါင်ဂျန်ပါလာကြတာပဲ။ သူတို့ဘက်ကအသာစီးရနေတော့လည်း လာဝံ့ကြတာပေါ့လေ”

ရွာလူကြီးဦးတူးနောင်က. . အလံဖြူပြန်ပြလိုက်သည်နှင့် လူလေးယောက်အုပ်စုသည် အကာအကွယ်မဲ့နေသောတောင်ကြားလမ်းလေးအတိုင်းခပ်သုတ်သုတ်လျှောက်လာကြလေရာ မိနစ်[illegible]အတွင်းမှာပင်ကျွန်ုပ်တို့၏ရှေ့နားသို့ရောက်ရှိလာကြတော့သည်။

လွန်စွာဝဖိုးသောခန္ဓာကိုယ်နှင့် မည်းနက်သောအသားရောင်ရှိလူထွားကြီးသည် ဆရာကြီးလူသူတော်သျှောင်တစောင်းနှင့်ရွာလူကြီးတူးနောင်တို့အားစူးစူးရဲရဲစိုက်ကြည့်လိုက်ကာ. .

“မချင်သင်တိုင်းတောကြီး[illegible]ကြီးအမှူးဖြစ်သော ကျွန်ုပ်



ခေါင်ဂျန်ကအမိန့်ထုတ်ပြန်လိုက်သည်မှာ သင်တို့ထံတွင်ဖမ်းဆီးထားသော ဆရာကြီးအာသာဝတီရွှေဘား၏တပည့်ကြီးလေးဦးအားကျွန်ုပ်တို့နှင့်ပြန်ထည့်[illegible]က်ရန်နှင့် ထိုပြစ်မှုကို[illegible]သော့လူသူတော်သျှောင်တစောင်းနှင့်စီအိုင်ဒီမှစုံထောက်[illegible]လည်း ကျွန်ုပ်တို့၏လက်သို့အပ်နှံပေးရန်ဖြစ်သည်. . ”

“ကျွန်ုပ်၏အမိန့်ကိုမလိုက်နာပါက ကျွန်ုပ်၏တပည့်များတသင်တို့၏ရွာများကိုမီးရှို့ဖျက်ဆီးပြီး တွေ့မြင်သမျှရွာသူရွာသားများနှင့်သင်တို့အားလုံးကို. . သတ်ဖြတ်ကွပ်မျက်မည်ဖြစ်ကြောင်းသိစေလိုက်သည်. . ”

ခေါင်ဂျန်၏စကားဆုံးသွားသည်နှင့် ဆရာကြီးလူသူတော်သျှောင်တစောင်း၏အားပါးတရရယ်မောသံကြီးကထွက်ပေါ်လာလေသည်။ ဆရာကြီးသည် အာသာဝတီရွှေဘားအားလက်ညှိုးထိုး၍ထပ်မံရယ်မောလိုက်ပြန်ကာ. .

“ခင်ဗျားရဲ့တပည့်ကျော်လေးဦးဟာ ဒီနေရာမှာရှိနေမယ်လို့. . ဘာကြောင့်များထင်နေရတာလဲ။ ကျုပ်တို့ဟာ. . လူသတ်တရားခံလူနာလေးဦးကိုဖမ်းမိပြီးမှ ဒီလိုတိုက်ပွဲဝင်ရမယ့်နေရာမျိုးအထိထမ်းပြီးခေါ်လာရလောက်အောင်လည်း မမိုက်မဲကြသေးပါဘူးလေ။ ခင်ဗျားရဲ့တပည့်ကျော်လေးယောက်ဟာ ကျုပ်တပည့်မှဆိုးကြီးဘိုးသာရဲ့အစီအမံနဲ့ မချင်သင်တိုင်းတောကြီးထဲက[illegible]ပြီး ရန်ကုန်ကိုတောင်ရောက်သွားလောက်ပါပြီ. . ”

www.burmeseclassic.com

အာသာဝတီရွှေဓားသည် ဆရာကြီးလူသူတော်သျှောင်တစောင်း၏မျက်နှာကိုစေ့စေ့ကြည့်ကာ သဘောကျစွာဖြင့်ပြန်လည်ရယ်မောလိုက်ပြီး. .

"ကျုပ်ကဒီလှောက်လည်းမတုံးသေးပါဘူး. . လူသူတော်သျှောင်တစောင်းရယ်။ ခင်ဗျားတို့နောက်ကို အဆက်မပြတ်ခြေရာခံလိုက်ခဲ့ပြီး ဒီဘက်ကိုထွက်သွားတာသေချာတော့မှလမ်းခွဲထွက်သွားတာပါဗျ. . ဟား. . ဟား. ."

ဆရာကြီးသည် ရယ်မောနေသောအာသာဝတီရွှေဓား၏မျက်နှာအားသေချာစိုက်ကြည့်လိုက်ပြီးလျှင်. .

"အဲဒါကြောင့်လည်း. . ခင်ဗျားရဲ့တောတွင်းပညာဟာမပြည့်ဝသေးဘူးလို့သတ်မှတ်ပြီး မချင်သင်တိုင်းတောကြီးကိုသတ်ကွင်းအဖြစ် ကျုပ်ကရွေးချယ်ခဲ့တာပဲအာသာဝတီရွှေဓား။ ခင်ဗျားရဲ့တောတွင်းပညာလောက်နဲ့ တိဗက်လိုနယ်မျိုးမှာအသက်ရှင်သန်နေနိုင်ခဲ့တယ်ဆိုတာကတော့ အံ့သြစရာပဲ။ ကျုပ်တို့နောက်ကိုအဆက်မပြတ်ခြေရာခံလိုက်ခဲ့တယ်ဆိုတာမှာ ဝက်ဝံတွေကိုကျုပ်သတ်ပစ်လိုက်ပြီးတဲ့နောက်မှာတွေ့ရတဲ့စမ်းချောင်းလေးမှာကျုပ်တို့ခြေရာတွေကို ဘယ်လိုများခြေရာကောက်ခဲ့သလဲဆိုတာကိုပြန်စဉ်းစားလိုက်ပါဦးလေ။ ဒါဆိုရင်ဖြင့်. . ကျုပ်ရဲ့ရိုးမပြန်တောတွင်းပညာသဘောကို ခင်ဗျားနားလည်လောက်ပါပြီ. ."

အာသာဝတီရွှေဓားသည် ဆက်စပ်တွေးတောလိုက်မိပြီ



ဖြစ်၍ မျက်နှာအကြီးအကျယ်ပျက်သွားပြီးလျှင်. .

"မင်း. . မင်းဟာ. . အတော်ကောက်ကျစ်တဲ့ကောင်ပဲ။ မင်းကိုအသေသတ်ပစ်မ. . . တော့မှာပဲ. ."

"ခင်ဗျားဟာ. . တောတွင်းအတတ်မှာမကျွမ်းကျင်သလိုတောတွင်းဥပဒေသတွေကိုလည်း နားမလည်တော့ဘူးနဲ့တူတယ်အာသာဝတီရွှေဓား။ ခင်ဗျားတို့လေးယောက်ဟာ. . အလံဖြူပြပြီးသံတမန်သဘောနဲ့ ကျုပ်တို့ဆီကိုလာခဲ့ကြတာပါ။ တိုက်ပွဲအတွက်ခင်ဗျားတို့ကြိုက်သလိုဆွေးနွေးပိုင်ခွင့်ရှိပေမယ့်. . ရိုင်းစိုင်းကြမ်းတမ်းတဲ့စကားတွေပြောပိုင်ခွင့်မရှိပါဘူးလေ. ."

ဆရာကြီးသည်လေသံအေးအေးဖြင့်ပြောဆိုနေရာမှ ရွာသူကြီးခေါင်ဂျန်ဘက်သို့လှည့်လိုက်ကာ. .

"ခေါင်ဂျန်ရဲ့တောင်းဆိုချက်နဲ့ပတ်သက်ပြီး ဦးတူးနောင်ကိုယ်စားကျုပ်ကပဲအကြောင်းပြန်ပေးလိုက်ပါ့မယ်။ သင့်ဘက်ကနောက်လိုက်လူတစ်ရာကျော်အားကိုးနဲ့လာရောက်ခြိမ်းခြောက်တာကို ကျုပ်တို့ကလုံးဝငြင်းဆိုလိုက်ပါတယ်။ သင့်အနေနဲ့ ကျုပ်တို့ဘက်ကတုန့်ပြန်မယ့်အနေအထားကိုသိသွားအောင်တော့ ကြိုတင်ပြောပြလိုက်ပါ့မယ်လေ. ."

ဆရာကြီးက ဦးတူးနောင်ဘက်သို့လှည့်၍ မျက်ရိပ်ပြလိုက်သည်နှင့် ဦးတူးနောင်သည်ကွဲချိုကြီးတစ်ခုကိုမှုတ်လိုက်ရာ. .

ခေါင်ဂျန်၏လူများနေရာယူထားကြသော တောင်ခြေ

www.burmeseclassic.com

လမ်း၏တစ်ဘက်တစ်ချက်ဆီမှ ရောမကျောက်တုံးကြီးများကိုတွန်းလှိမ့်ရန်အဆင်သင့်ပြင်ထားကြပြီး. . ဒူးလေး၊ မြားနှင့်လှံတံများကိုကိုင်စွဲထားကြသောလူနှစ်ဆယ်ကျော်ထွက်ပေါ်လာကြလေသည်။

"ကျုပ်တို့လူတွေကသာတိုက်ခိုက်လိုက်ရင်. . ခင်ဗျားရဲ့လူထက်ဝက်ကျော်ဟာ တောင်ကြားထဲမှာမိနစ်ပိုင်းအတွင်းအသက်သေဆုံးသွားကြမှာပါခေါင်ဂျန်။ နောက်ပြီး. . ခင်ဗျားပြောသွားတဲ့ကျုပ်တို့ရွာတွေကိုမီးရှို့ဖျက်ဆီးပြီး ရွာသူရွာသားတွေကိုသတ်ဖြတ်မယ်ဆိုတဲ့ကိစ္စအတွက်လည်း ကျုပ်တို့ကကြိုတင်ပြင်ဆင်ထားပြီးသားပါ. . "

မျက်နှာအကြီးအကျယ်ပျက်နေကြသော အာသာဝတီရွှေမားနှင့်ခေါင်ဂျန်တို့အားကြည့်လိုက်ကာ ဆရာကြီး၏မျက်နှာတွင် အပြုံးတစ်ချက်လက်ကနဲဖြစ်ပေါ်သွားပြီးလျှင်. .

"ကျုပ်တို့ဘက်က. . တိုက်ရည်ခိုက်ရည်အရှိဆုံးရွာသားငါးဆယ်ကျော်ဟာ ယခုချိန်ဆိုရင်မဟူရာတောင်မည်းကြီးနားမှာအဆင်သင့်ရောက်နေကြပြီး. သင့်ရွာတွေကိုမီးရှို့ဖျက်ဆီးဖို့စောင့်နေကြပါပြီ။ သင်ကကျုပ်တို့ရွာသူရွာသားတွေကိုသတ်ဖြတ်မယ့်အချိန်မှာ. . သူတို့ကလည်း သင့်ရဲ့ရွာသူရွာသားတွေကိုတွေ့မြင်သမျှသတ်ဖြတ်ကြပါလိမ့်မယ်။ ဒီရွာမှာ. . ကျုပ်တို့ဘက်ကခုခံတိုက်ခိုက်ဖို့အင်အားရှိနေပေမယ့် သင့်ရွာမှာခုခံတိုက်ခိုက်နိုင်သူနည်းပါးလွန်းတာမို့. . သင့်မိသားစုအားလုံး သေဆုံးကြရပါလိမ့်မယ်။



သင့်ရဲ့အသိဉာဏ်နည်းပါးမှုကြောင့်. . သင်တို့ခေါင်ဂျန်မျိုးနွယ်ဟာမချင်သင်တိုင်းတောကြီးအတွင်းကပျောက်ဆုံးရတော့မှာပါ. . "

မျိုးရိုးအနွယ်ကိုတန်ဖိုးထားသည့် ခေါင်ဂျန်တစ်ယောက်သွေးပျက်ခြောက်ချားနေချိန်တွင်. . အာသာဝတီရွှေမားက ဒေါသတကြီးဖြင့်. .

"ဒါတွေဟာ. . သင့်ရဲ့ဆင်လုံး ထွင်လုံးတွေပါလူသူတော်သျှောင်တစောင်း။ သင့်ဘက်မှာအင်အားမရှိတော့လို့ ကျုပ်တို့ကိုလိမ်လည်ခြောက်လှန့်နေတာပါ။ သင်တို့အနေနဲ့ မဟူရာတောင်မည်းလိုနေရာမျိုးကို ဒီအချိန်လောက်နဲ့မရောက်နိုင်ပါဘူးလေ"

ဆရာကြီးသည် ရွာလူကြီးတူးနောင်အားလက်ဖြင့်အချက်ပြလိုက်မြန်ရာ. . ရွာလူကြီးတူးနောင်ကမြောက်အရပ်ဘက်သို့တွဲချိုပြောင်းကိုလှည့်၍ အသံတစ်မျိုးပြောင်းမှုတ်လိုက်လေသည်။

တောင်တုန်းလေးပေါ်ရှိ ကျွန်ုပ်တို့အားလုံး၏အာရုံသည်မြောက်အရပ်ဘက်သို့ရောက်နေကြလေရာ. . ဆယ်မိနစ်ခန့်ကြာသောအခါမြောက်ဘက်လေးမိုင်ခန့်အကွာရှိတောင်တန်းများပေါ်မှမီးခိုးလုံးကြီးများကိုတွေ့မြင်လိုက်ရပြီး မကြာမီမှာပင်အခြားနှစ်နေရာမှမီးခိုးမည်းများထွက်ပေါ်လာသည်ကိုတွေ့လိုက်ရပြန်သည်။ ဝွန်ရှိုင်းဦးဆောင်သောရွာသားဆယ်ယောက်တို့သည် ထိုတ်ထိုး တန်တန်ပင်အစွမ်းပြနေကြပြီဖြစ်ပေသည်။

"ဒီမီးခိုးတွေဟာ ကျွန်ုပ်တို့လူတွေရောက်ကြောင်းဆိုတာပဲ

သက်သေပြတာပဲရှိသေးတယ်။ နောက်တစ်ကြိမ်ထပ်မှတ်ရင်တော့ ဖိုမှာစတိုက်ကြတော့မှာပဲ. . "

ဆရာကြီး၏လှည့်ကွက်မိသွားရှာသော ခေါင်ဂျန်၏မျက်နှာတွင်သွေးဆုတ်ဖြူယော်လျက်ရှိနေပြီး အာသာဝတီရွှေမားသည် ရှေ့သို့တစ်လှမ်းတိုးထွက်လိုက်ကာ. .

"သင့်ဘက်က. . တစ်ကွက်ကျော်သွားပြန်ပြီပဲလူသူတော်သျှောင်တစောင်း။ ဒီလုပ်ရပ်တွေနောက်မှာ သင့်ရဲ့ရည်ရွယ်ချက်ကဘာလဲ။ ပွင့်ပွင့်လင်းလင်းသာပြောစမ်းပါလေ. . "

"မချင်သင်တိုင်းတော်ကြီးထဲမှာ အေးအေးဆေးဆေးနေထိုင်ကြတဲ့လူတွေသွေးမြေမကျစေဖို့ ကျုပ်တို့ပြဿနာကိုကျုပ်တို့နှစ်ယောက်ပဲရင်ဆိုင်တိုက်ခိုက်ဖြေရှင်းကြဖို့ ကျုပ်ကစိန်ခေါ်လိုက်ပါတယ်အာသာဝတီရွှေမား။ တိုက်ပွဲမှာကျုပ်ရှုံးခဲ့ရင်. . ခင်ဗျားနဲ့ခင်ဗျားတပည့်ဆယ်ယောက်ကို မချင်သင်တိုင်းတော်ကြီးကထွက်ခွာခွင့်ပေးပါ့မယ်။ ကျုပ်နိုင်ခဲ့ရင်တော့. . ခင်ဗျားအပါအဝင်ကျန်တဲ့တပည့်ဆယ်ယောက်ဟာ မေဂျာဒါနန်းတို့စစ်ရဲအဖွဲ့ကိုတိုက်ခိုက်တဲ့အမှုအတွက်ဖမ်းဆီးခံကြရပါမယ်။ ခေါင်ဂျန်တို့ရွာတွေကိုတိုက်ခိုက်မယ့်အစီအစဉ်ကိုလည်း ကျုပ်ရဲ့စိန်ခေါ်ခြင်းကိုခင်ဗျားသက်ခံတဲ့အချိန်ကစပြီးပြန်လည်ရုပ်သိမ်းပေးလိုက်ပါ့မယ်. . "

ဆရာကြီးသည်ခေါင်ဂျန်အားစူးစိုက်ကြည့်လိုက်ကာ. .

"ကျုပ်နိုင်ခဲ့ရင်. . တရားခံဆယ်ယောက်ကိုစီအိုင်ဒီအရာ



ရှိကြီးများထံအပ်နှံဖို့ကိုတော့ ခေါင်ဂျန်ကတာဝန်ယူရပါမယ်. . "

"ဟား. . ဟား. . ဟား. . "

အာသာဝတီရွှေမားက အားပါးတရအော်ဟစ်ရယ်မောလိုက်သဖြင့် ရယ်မောသံကြီးသည်တောင်ကုန်းများ၌ပဲ့တင်ထပ်၍သွားလေတော့သည်။

"သင့်ကိုယ်သင် သိပ်အထင်ကြီးလွန်းနေပြီပဲလူသူတော်သျှောင်တစောင်း။ ကျုပ်လိုလူကိုကိုစိန်ခေါ်နိုင်ဖို့. . ဒီနေရာအထိအဝင်ပန်းခံပြီးလာနေစရာမလိုပါဘူးလေ။ ကျုပ်ဟာ စိန်ခေါ်လာရင်ဘယ်လိုလူမျိုးကိုမှငြင်းတတ်တဲ့လူမဟုတ်ပါဘူး. . "

"သင့်သတ္တိကို. . ကျုပ်သိပါတယ်။ ဒီနေရာမှာစိန်ခေါ်ရတဲ့အကြောင်းရင်းက သင့်တပည့်တွေကိုထုတ်ပါတည်းဖမ်းဆီးနိုင်ဖို့ပါ။ အခုစိန်ခေါ်ပွဲမှာသင်ရှုံးခဲ့ရင်. . သင်အပါအဝင်တရားခံတစ်ဆယ့်ငါးယောက်ကို လက်ရဖမ်းဆီးနိုင်တော့မယ်လေ. . "

အာသာဝတီရွှေမား၏မျက်နှာမှာ ဒေါသကြောင့်နီရဲလာကာ ကျောတွင်လွယ်ပိုးထားသည့်အနီရောင်ကတ္တီပါအိတ်ကိုဖြည်ချလိုက်ပြီးလျှင်. . ရွှေရောင်ဝင်းဝင်းတောက်နေသည့်မားရှည်နှစ်ချောင်းကိုဆွဲကိုင်လိုက်လေတော့သည်။

"သင့်စိန်ခေါ်ချက်ကို. . ကျုပ်လက်ခံလိုက်ပြီ။ အနိုင်အရှုံးနဲ့ပတ်သက်ပြီး. . သင့်ဘက်ကကတိတည်ပါစေ။ ကျုပ်ဘက်ကလည်း. . ကတိတည်ရပါစေမယ်။ တူးနောင်နဲ့ခေါင်ဂျန်တို့လည်း

BURMESE CLASSIC
www.burmeseclassic.com

အားလုံးကြားပြီးပြီပဲ။ ကတိစကားအတိုင်း ဆောင်ရွက်ကြပါ”

အာသာဝတီရွှေဓားသည်. . မြေကွက်လပ်ထဲသို့လှမ်းဝင်လိုက်ပြီးဓားနှစ်စင်းကိုဝှေ့ယမ်းလိုက်ရာ. . ရွှေနှရောင်များလှုက်ဖြာသွားလျှက် ဓားစက်ဝိုင်းများအထပ်ထပ်ဖြစ်ပေါ်လာလေသည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည်လည်း ခါးတွင်ချည်နှောင်ထားသည့်ပိုးကြိုးလေးကိုဖြည်ချလိုက်ကာ မြေကွက်လပ်ထဲသို့လှမ်းဝင်ရင်းပိုးကြိုးလေးကိုဝှေ့ယမ်းလိုက်ရာ ထိပ်နှစ်ဖက်တွင်တပ်ဆင်ထားသောခဲသီးများကြောင့် လေတိုးသံများကတဝှီးဝှီးဖြင့်ထွက်ပေါ်လာလေသည်။

“အမာကျောဆုံးအရာတွေကိုအနိုင်ယူဖို့ အပျော့ပြောင်းဆုံးပိုးကြိုးနဲ့တိုက်ခိုက်တဲ့ပညာကို. . ကျုပ်ရဲ့ဆရာသခင်ရှိုးမပြန်ရှင်ရသေ့ကသင်ကြားပေးခဲ့ပါတယ် အာသာဝတီရွှေဓား. ,”

အာသာဝတီရွှေဓားသည် မျက်နှာတစ်ချက်မျှပျက်သွားပြီးမှ ဟန်ဆောင်ရယ်မောလိုက်ကာ. .

“ကောင်းပြီလေ. . သင့်ပိုးကြိုးကိုကျုပ်ကဖြတ်တောက်ပြလိုက်ပါ့မယ်. . ”

လျှပ်တစ်ပြက်အတွင်း ရွှေရောင်ဓားစက်ဝိုင်းတစ်ခုသည်ဆရာကြီးအနီးသို့ရောက်ရှိလာကာ. . ဆရာကြီး၏ခန္ဓာကိုယ်အားဝိုင်းဖြတ်သွားတော့မည့်အလား သုံးကြိမ်တိတိပင်တိုးဝင်လာသော်လည်း. . ဆရာကြီးကဆက်တိုက်ပင်ခုန်၍ နေရာပြောင်းရွှေ့သွား



သောကြောင့် ဓားစက်ဝိုင်းမှလွတ်မြောက်သွားရလေသည်။

အာသာဝတီရွှေဓားသည် ရှုတ်တရက်မာန်သွင်းအော်ဟစ်လိုက်ပြီး. . ဓားနှစ်လက်ကိုလှုပစ္စာဝှေ့ယမ်း၍သိုင်းဟန်ခင်းလိုက်ပြန်သောကြောင့် ရွှေရောင်ဓားစက်ဝိုင်းတစ်ခုဖြစ်ပေါ်လာချိန်တွင်လေထဲသို့ရှုတ်တရက်ခုန်တက်လိုက်ကာ ဆရာကြီးအားဆက်တိုက်မနားတမ်းလိုက်လံတိုက်ခိုက်သောကြောင့် ဆရာကြီးသည်လည်းဓားစက်ဝိုင်းမှလွတ်မြောက်နိုင်ရန်အဆက်မပြတ်ရှောင်တိမ်းပေးနေရင်း မြေပေါ်တွင်ပင်နှစ်ကြိမ်ခန့်လူးလိမ့်၍ရှောင်တိမ်းလိုက်ရသဖြင့် ကျွန်ုပ်၏စိတ်ထဲတွင်အာသာဝတီရွှေဓား၏ကြမ်းတမ်းရက်စက်စွာတိုက်ခိုက်နေသောဓားချက်များအား ဆရာကြီးအနေနှင့်တုန့်ပြန်တိုက်ခိုက်နိုင်စွမ်းမရှိဘဲဖြစ်နေပြီလားဟုပင် တွေးထင်လိုက်မိလေတော့သည်။

ဓားနှစ်လက်ကို အဆက်မပြတ်ဝှေ့ယမ်း၍တိုက်ခိုက်နေသောအာသာဝတီရွှေဓားသည်. . ရှုတ်တရက်နောက်ဘက်သို့ခုန်ဆုတ်လိုက်သဖြင့် ဆရာကြီးအတွက်စိတ်ပူနေသောကျွန်ုပ်မှာစိတ်သက်သာရာရသွားမိလေသည်။

အာသာဝတီရွှေဓားသည် ဆရာကြီးအားနီရဲနေသောမျက်လုံးအစုံဖြင့်စူးစိုက်ကြည့်လိုက်ပြီးလျှင်. .

“သင့်ပညာကောင်းလှပေတယ်. . လူသူတော်သျှောင်တစောင်း။ ကျုပ်သာအရှောင်မမြန်ခဲ့ရင် ခဲသီးဒဏ်ကြောင့်အူမိုးတိုး

သွားမှာပဲ။ ဒီတစ်ကွက်မှာတော့ သင်အသာရသွားပါတယ်လေ. .

အာသာဝတီရွှေမား၏စကားကြောင့် ကျွန်ုပ်မှာအံ့သြတကြီးဖြစ်သွားကာအသေအချာကြည့်လိုက်သောအခါတွင်မှ အာသာဝတီရွှေမား၏ဘောင်းဘီပွတွင် ဒူးနေရာ၌အပေါက်နှစ်ပေါက်ဖြစ်ပေါ်နေသည်ကိုတွေ့လိုက်ရလေသည်။

"သင့်ဓားကွက်တွေကလည်း ရေပက်မဝင်လောက်အောင်သွက်လက်လွန်းတာမို့. . ကျုပ်ကဒေါင်းမြီးတပ်မြားနှစ်စင်းနဲ့တိုက်ခိုက်တော့မယ်ဆိုတာကို ကြိုတင်အသိပေးလိုက်ပါရဲ့. . "

ဆရာကြီးသည်. . အိတ်ထဲမှဒေါင်းမြီးတပ်မြားနှစ်စင်းကိုထုတ်ယူလိုက်ပြီး ခါးကြား၌အဆင်သင့်ထိုးထားလိုက်လေသည်။

အာသာဝတီရွှေမားကဓားနှစ်လက်ကိုဝှေ့ယမ်းပြီးခုန်ဝင်တိုက်ခိုက်ရန်အားယူလိုက်ချိန်တွင် ဆရာကြီး၏ လက်တစ်ဖက်ရိပ်ကနဲလှုပ်ရှားသွားသည်ကိုမြင်လိုက်ရပြီးလျှင် အာသာဝတီရွှေမား၏ဘယ်ဘက်ခြေကျင်းဝတ်မှာ ပိုးကြိုး၏ရစ်ပတ်ဆောင့်ခွဲမှုကြောင့်ရုတ်တရက်ဟန်ချက်ပျက်ကာယိုင်သွားပြီး အာသာဝတီရွှေမားကညာလက်မှဓားဖြင့်. . ပိုးကြိုးအားရုတ်တရက်ပိုင်းချလိုက်ချိန်တွင်လစ်ဟာသွားသောခန္ဓာကိုယ်အပေါ်ပိုင်းသို့ ဆရာကြီးကဒေါင်းမြီးတပ်မြားနှစ်စင်းကို လျှပ်တစ်ပြက်ပစ်လွှတ်လိုက်တော့သည်။

"ဦး. . ဝှစ်. . "

"ဟိတ်. . ယောက်ျား. . "



အာသာဝတီရွှေမားသည်. . ဆရာကြီးကဘယ်ဖက်လက်ဖြင့်ဒေါင်းမြီးတပ်မြားနှစ်စင်းပစ်လွှတ်လိုက်သည်ကိုမြင်သည်နှင့်မာန်သွင်းအော်ဟစ်လိုက်ကာ ဒေါင်းမြီးတပ်မြားနှစ်စင်းကိုလေထဲတွင်ခုတ်ချပြီး ဆရာကြီးကိုပါအပိုင်တိုက်ခိုက်ရန်ခုန်ဝင်လာလေတော့သည်။

"ဦး. . ဝှစ်. . "

"ဒုတ်. . "

"အင့်. . အား. . "

အဖြစ်အပျက်မှာလျှင်မြန်လွန်းသဖြင့် နံဘေးမှရပ်ကြည့်နေကြသောကျွန်ုပ်တို့သည်ပင် ရုတ်တရက်ဧဧကြောင်သွားကြရပေတော့သည်၊ အမှန်မှာ. . ဆရာကြီးကဘယ်လက်ဖြင့်ပစ်လွှတ်လိုက်သောမြားနှစ်စင်းအားဓားဖြင့်အပိုင်ခုတ်ချပြီး ဆရာကြီးအားတစ်ဆက်တည်းတိုက်ခိုက်ရန်ခုန်ဝင်လာသောအာသာဝတီရွှေမားသည် ဒေါင်းမြီးတပ်မြားနှစ်စင်းကပြိုင်တူရောက်မလာဘဲ မြားတစ်စင်းကလျှင်မြန်စွာရောက်ရှိလာကာ. . ဒုတိယမြားသည်နောက်မှရောက်ရှိလာသဖြင့် လေထဲတွင်ခုန်ပျံဝဲရင်းပထမမြားအားဓားဖြင့်ခုတ်ဖယ်လိုက်ချိန်တွင် ဒုတိယမြားကဘယ်ဘက်ရင်အုံသို့စိုက်ဝင်သွားသဖြင့် နောက်ဘက်သို့လန်ထွက်သွားခြင်းဖြစ်ပေတော့သည်။

အာသာဝတီရွှေမားသည် ဘယ်ဘက်ရင်အုံကိုလက်ဖြင့်ဖိ၍လဲကျနေရာမှလူးလဲထလိုက်ပြီး ညာဘက်လက်တွင်ဆုပ်ကိုင်ထား

www.burmeseclassic.com

သောဘားရှည်ဖြင့်ဆက်လက်တိုက်ခိုက်ရန်ဟန်ပြင်လိုက်သော်လည်း ဆရာကြီး၏လက်မှပိုးကြိုးသည် ညာဘက်လက်ကိုရှတ်တရက်ရစ်ပတ်လာကာဆောင့်ဆွဲယူခြင်းခံလိုက်ရပြန်သဖြင့်. . ဘေးဘက်သို့ ယိုင်ထွက်သွားစဉ် ဆရာကြီးသည်လေ၏လျှင်မြန်ခြင်းမျိုးဖြင့်ပြေးဝင်လာကာ. . လည်ပင်းနေရာကို လက်ညှိုးဖြင့်ထိုးနှက်တိုက်ခိုက်လိုက်သဖြင့် အာသာဝတီရွှေဘားမှာမည်သို့မျှခံနိုင်ရည်မရှိတော့ဘဲ နောက်ပြန်လဲကျကာသတိလစ်မေ့မျောသွားလေတော့သည်။

"တရားခံအာသာဝတီရွှေဘားကို. . လက်ထိပ်ခတ်လိုက်ပါဦးဇင်ယော်။ ကျုန်တရားခံဆယ်ယောက်ကိုဖမ်းဆီးဖို့ကတော့. ."

ဆရာကြီးသည်စုံထောက်ကြီးဦးဇင်ယော်အားလှမ်းပြောလိုက်ရင်း ရွာလူကြီးခေါင်ဂျန်အားအဓိပ္ပါယ်ပါပါဖြင့်လှမ်းကြည့်လိုက်ရာ. .

"ကျုပ်ဘက်က ကတိတည်ရပါစေ့မယ်ဂု ဓတော်သျှောင်တစောင်း။ သူတို့ကိုဖမ်းဆီးပြီး. . ကျုပ်ကိုယ်တိုင် ငှဲ့ရှေ့မှောက်အရောက်ပို့ပေးပါ့မယ်. ."

ဟု ရွာလူကြီးခေါင်ဂျန်က အကြောင်းပြန်ပြောကြားလိုက်လေတော့သတည်း။

ဤတွင်ပြီး၏။

ရာဇဝတီ

BURMESE CLASSIC
www.burmeseclassic.com